

# ညီတော်အာနန္ဒာ၏
# ဘဝလက်တွေ့မှတ်တမ်း

အရှင်ဝဏ္ဏသီရိ

ရွှေတော်
စာပေ

အမှတ် ၄၀၊ ၁၀၉ လမ်း၊
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

ပထမ အကြိမ်

၁၉၇၇-ခု၊ အောက်တိုဘာလ

●

အုပ်ရေ–၃၀၀၀

●

တန်ဖိုး–ဘဆယ့်ငါးကျပ်

●

ပန်းချီ–မျိုးမြင့်

●

ဘလောက်–သောင်းလှ

●

အဖုံးရိုက်–ချင်းတွင်းပုံနှိပ်တိုက်

●

ပုံနှိပ်သူ.... ဒေါ်ခင်နု၊ တိုးတက်စန်း ပုံနှိပ်တိုက်၊
( မြဲ--၀၁၆၁၇ )
အမှတ် ၁၀၇၊ ၂၉-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ.... ဦးထွန်းလှိုင်၊ ချစ်စရာစာပေ
( မြဲ--၀၅၄၇ )
အမှတ် ၇၅၊ ဝေပုလ္လ ၂ လမ်း၊
ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။

# အပြင်အဆင်

မျက်နှာဖုံး။ ။အိန္ဒိယနိုင်ငံ၊ နာဂါဇုနကောဏ္ဍမှ။ နှစ်ရာစုနှစ်လက်ရာ ကျောက်ရုပ်ကြွဓာတ်ပုံဖြစ်ပါသည်။ ညီတော် အာနန္ဒာအပါအဝင် သကျမင်းသားခြောက်ဦးနှင့် ဆတ္တာသည် ဥပါလိတို့ ဘုရားရှင် ရှေ့တော်မှောက်တွင် ရဟန်းပြုခန်းကို သရုပ်ဖော်ထားပါသည်။

(ဤဓာတ်ပုံကို သာသနာရေးဦးစီးဌာန၏ခွင့်ပြုချက်အရ ကမ္ဘာ့အေးပြတိုက်မှ ကူးယူဖော်ပြပါသည်)။

နောက်ကျောဖုံး။ ။မြန်မာ့ရှေးရိုးပန်းချီ၊ ရောင်စုံဗုဒ္ဓဝင် ပုရပိုက်မှ အလောင်းတော်မင်းသားဥယျာဉ်တော်ထွက်ခန်းဖြစ်သည်။

ထိုရောင်စုံပုရပိုက်ကို ဘိုးတော်ဘုရား၏ မုံရွေးဇေတဝန်ဆရာတော် အရိယာဝံသ အာဒိစ္စရံသီ

အရှင်သူမြတ်အား လှူဒါန်းထားခဲ့ရာ ဇေတဝန်ကျောင်းတိုက်၊ ယခုလက်ရှိ ဆရာတော်အရှင် ဇာနဝမ္မ၏ ခွင့်ပြုချက်အရ ပုံတူကူးယူဖော်ပြပါသည်။

ကျွန်ုပ်တို့၏သွေးချင်းများ။ ။အလောင်းတော်မြတ် ဖွားမြင်ရာ လုမ္ဗိနီအင်ကြင်းတော၌ သိရှိဓမ္မာသောကမင်းကြီး၏ အမှတ်တရ စိုက်ထူထားခဲ့သော ကျောက်တိုင်ပုံဖြစ်ပါသည်။

ပြည့်စုံသူနှင့်မပြည့်စုံသူ။ ။အလောင်းတော်မင်းသားဥယျာဉ်တော်မှာ စံနေခိုက် ယသော်ဓရာ မိဖုရားထံ သားတော်လေး ဖွားမြင်ကြောင်း အမတ် တစ်ယောက် လျှောက်ထားလာပုံ ဖြစ်ပါသည်။

ထွက်တော်မူနန်းကခွာသည်။ ။အနော်မာ မြစ်ဆိပ်ကမ်းပါးကသောင်ခုံထက်တွင် အလောင်းတော်မင်းသား ရဟန်းပြုရန် ဆံတော်ပယ်နေပုံ ဖြစ်ပါသည်။

တရားဦးဓမ္မစကြာ။ ။ဣသိပတန မိဂဒါဝုန်တော၊ ဓမ္မစကြာတရား ဟောခဲ့ရာဌာနတွင် အမှတ်တရ တည်ထားသော ရှေးဟောင်း စေတီတော်ဆူပုံဖြစ်ပါသည်။

**သာသနာပြုမိန့်ခွန်းတော်ကြီး။** ။ရဟန္တာ ပုဂ္ဂိုလ် ငါးရာ ဆယ်ပြည့်သောနေ့တွင်သာသနာပြုခရီးထွက်ကြရန် ဘုရားရှင်မိန့်မြွက်တော်မူနေပုံ ဖြစ်ပါသည်။ ရောင်စုံ ဗုဒ္ဓဝင်ပုရပိုက်မှ ပုံများကို ပန်းချီကိုမျိုးမြင့် ပုံတူကူးယူပါသည်။

**ယသော်ဓရာ့ ခန်းမဆောင်သို့။** ။ရသော်ဓရာ မင်းသမီးက ဘုရားရှင့် ခြေတော်အစုံဝယ် မျက်နှာအပ်၍ ကန်တော့နေပုံဖြစ်ပါသည်။ ဆရာကြီး ဦးအုန်းလွင်၏ လက်ရာဖြစ်သော ဤပုံကို စာရေးဆရာ သုတေသီမြင့်ထွန်းထံမှ ရရှိပါသည်။

**ဇေတဝန်ကျောင်းတော်သို့။** ။အိန္ဒိယနိုင်ငံမှ ကျောက်ရုပ်ကြွ ခေတ်ပုံဖြစ်ပါသည်။ အနာထပိဏ် သူဌေးသည် ဇေတမင်းသား၏ ဥယျာဉ်ကို ရွှေဒင်္ဂါးအပြည့်ခင်းပေး၍ ဝယ်ယူသော ရွှေကားရုံမှ ရေစက်သွန်း၍ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းနေပုံကို သရုပ် ဖော်ထားပါသည်။

အတွင်းပုံ အပြင်ပုံများကို ကူးယူ ဖော်ပြခွင့်ပြုကြသော ပုဂ္ဂိုလ်အပေါင်းအား ကျေးဇူးတင်ပါသည်။

# သာသနာပြု ပုဂ္ဂိုလ်ကျော်

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ
ဧဝံ မေသုတ မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကော။

**ဂေါတမ** နွယ်ဘွား ရှင်တော်မြတ်ဘုရား၏ တပည့် (အရှင် အာနန္ဒာသည်) ဧဝံ မေသုတံ အစချီလျှက် ထံတော်ပါးမှ ကြားနာ မှတ်သား ထားခဲ့လေသမျှ ကို သေချာဂဏ တင်ပြသော အားဖြင့် သာသနာ တော်ကြီး၌ မယုံကြည်ခြင်းကို ပယ်ဖျက်လျှက် ယုံ ကြည် သဒ္ဓါတိုးပွားအောင် အကျိုးဆောင်လိုက်ပေ သတည်း။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ

# ကန့် ဘော့ ပန်း

ပရိယတ်၊ ပဋိပတ်နယ်ပယ် နှစ်ရပ်တို့မှ ကျေးဇူးရှင်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအား
ဤစာအုပ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

ဝဏ္ဏသီရိ

# မာတိကာ


၁။ အရုပ်တော် နောက်ကွယ်အရိပ်
၂။ ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့မျိုးနွယ်
၃။ ကျွန်ုပ်တို့၏ သွေးချင်းများ
၄။ ရွှေစိတ်ငြင်ပြီ သံဝေပိုက
၅။ ပြည့်စုံသူနှင့် မပြည့်စုံသူ
၆။ ထွက်တော်မူ နန်းစာခွာသည်
၇။ ရာဇဂြိုဟ်တွင် ဆွမ်းခံဝင်
၈။ အိုဘယ့်....ယသော်ဓရာ
၉။ ခမည်းတော်ကြီး အလွမ်းဖြေ
၁၀။ တောရပ်မှိုင်ပေါ် ခြောက်နှစ်ပျော်၍
၁၁။ ဓါတော်တဖုံ ပွင့်ချိန်ကြုံလာ
၁၂။ ဘုရားဖြစ်ခါ မိဂဒါဝုန်သို့

## မာတိကာ


၁၃။ တရားဦး ဓမ္မစကြာ ၈၇
၁၄။ သာသနာပြု မိန့်ခွန်းတော်ကြီး ၉၇
၁၅။ ဝေဠုဝန်ကျောင်းတော် ၁၀၄
၁၆။ လာခြင်းကောင်းသော အဂ္ဂသာဝကများ ၁၁၃
၁၇။ နေပြည်တော်က မြွော်ကြပြီ ၁၂၂
၁၈။ အရှင်ကာဠုဒါယီ၏ တောလားကဗျာများ ၁၂၉
၁၉။ နေပြည်တော်တွင် ဆွမ်းခံဝင် ၁၃၅
၂၀။ ယသော်ဓရာ ခန်းမဆောင်သို့ ၁၅၀
၂၁။ ညီတော်နန္ဒ၏ မင်္ဂလာပွဲ ၁၅၅
၂၂။ ယသော်ဓရာ၏ စစ်မျက်နှာသစ် ၁၆၁
၂၃။ အမွေရသူ ရာဟုလာ ၁၆၆
၂၄။ ဆက္ကာသည်နှင့် မင်းညီမင်းသားများ ၁၇၃
၂၅။ ကျွန်ုပ်၏ အကျွတ်တရား ၁၁၈
၂၆။ ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ ၁၉၃
၂၇။ ကျွန်ုပ်၏ တရားပြဆရာ ၂၀၃
၂၈။ အရှင်ဘဒ္ဒိယ၏ ချမ်းသာချင်း ၂၁၀
၂၉။ တရားမြင်သော ဒိဗ္ဗစက္ခု ၂၁၃
၃၀။ စိတ်တူကိုယ်တူ လှမ်းခဲ့ကြသူများ ၂၂၁
၃၁။ ဇေတဝန် ကျောင်းတော်သို့ ၂၂၇
၃၂။ အရှင်မဟာသာရိပုတ္တရာ၏ ကျေးဇူးသိစိတ် ၂၄၇
၃၃။ သူမတူသော သည်းခံစိတ်ဓါတ် ၂၅၆
၃၄။ ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံး ၂၆၇
၃၅။ ညာလက်ရုံးကြီး ဆန့်လိုက်ပြီ ၂၇၇
၃၆။ ပြောရှုမကုန် ဆိုရှုမခမ်း ၂၈၄

မာတိကာ

၃၇။ အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးပြဒ္ဒါဟာ
၃၈။ ဗုဒ္ဓမြတ်စွာ၏ ကိုယ်စားလှယ်
၃၉။ ညီတော်နန္ဒနှင့် နတ်သမီးများ
၄၀။ အောင်နိုင်သူ အရှင်သင်္ဂါမဇိ
၄၁။ အရှင်ရဋ္ဌပါလ၏ တရားလေးပုဒ်
၄၂။ အာဇာနည် အရှင်ပုဏ္ဏ
၄၃။ အရှင်တိဿနှင့် ပဋ္ဌာန်ပြားခိုးမှု
၄၄။ ရတနာစစ် ရတနာမှန်
၄၅။ ခမည်းတော်ကြီးအား နှုတ်ဆက်ခြင်း

# စကားဦး

ဗုဒ္ဓဘုရားရှင်၏ ဖြစ်တော်စဉ်များနှင့် သာဝကကြီးငယ်တို့၏ အတ္ထုပ္ပတ္တိများကို ညီတော် အာနန္ဒာအတ‌ဆင့် ပြောပြသော ပုံစံဖြင့် ဤစာအုပ်ကို ရေးသားထားပါသည်။ ဤသို့ရေးသား ရခြင်းမှာ ဘုရားအမှူးရှိသော သံဃာတော်များကို အနီးကပ် ဖူးမြင် ကြည်ညိုစေလိုသောကြောင့် ဖြစ်ပါသည်။

"ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း" ဟု ခေါင်း ခတ်ထားသည့်အတိုင်း ဤစာအုပ်တွင် ညီတော် အာနန္ဒာ၏ တသက်တာအတွေ့အကြုံနှင့် ခံစားချက်များကို အဓိကထား၍ တင်ပြပါသည်။ ထို့ကြောင့်ရှေးရှေးဘာဝများက ပါဠိမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ဆည်းပူးခဲ့ပုံများ မပါနိုင်တော့ပါ။ သို့သော် စာအားဖြင့် မပါခြင်းသာဖြစ်ပါသည်။ အဝေးတနေ

# စကားဦး

ရာ၌ တလိပ်လိပ်တက်နေသော မီးခိုးများကို မြင်ရခြင်းအားဖြင့် သူ့အောက်မှာ မီးဖိုကြီး ရှိနေသည်ကိုသိကြရသကဲ့သို့ ဘုရားရှင်နှင့် တပည့်သာဝကများ ဤအချိန် ဤအခါ ထွန်းလင်းပေါ်ပေါက် အရှိန်တောက်သောပုံကို ထောက်သောအားဖြင့် လုံလုံလောက်လောက် ဖြည့်ကျင့်လာခဲ့သော ပါရမီခန်းများကိုလည်း သဘောအဓိပ္ပါယ်အားဖြင့် ပညာရှင်ကြီးများ ရှုမြင်သုံးသပ်နိုင်ကြပါလိမ့်မည်။

စာရှုသူတို့အား တခုသတိပေးထားလိုပါသည်။ ဘုရားရှင်နှင့်တကွ သာဝကကြီးများ၏ ဖြစ်စဉ်များနှင့်အတူ တရားသဘောများလည်း ပါဝင်နေပါသည်။ ဘုရားရှင်နှင့် သာဝကကြီးတို့ ဟောကြားခဲ့၊ ဆွေးနွေးခဲ့ကြသော တရားသဘောများလည်း ပါဝင်နေပါသည်။ တသက်တာမှတ်တမ်းသည် တနည်းအားဖြင့် ဓမ္မမှတ်တမ်းလည်း ဖြစ်နေသည်ကို တွေ့ကြရပါလိမ့်မည်။

စာရေးသူဘက်ကတင်ပြရသော်ဤသို့ဖြစ်ရခြင်းမှာ သဘာဝကျသည်ဟု ဆိုရပါမည်။ ဤကမ္ဘာမြေပြင်၌ ဗုဒ္ဓတဆူပွင့်တော်မူခြင်းမှာ ဤတရားသဘောကို ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် သိမြင်တော်မူခြင်းပင်ဖြစ်၏။ ထို့နောက် လေးဆယ့်ငါးဝါတိုင်တိုင် သာသနာပြုတော်မူခဲ့ခြင်းမှာလည်း မိမိကိုယ်တိုင်သိမြင်တော်မူခဲ့သော တရားသဘောကို ဆင့်ကူးဆင့်ကမ်းဉာဏ်သက်လှမ်းတော်မူခြင်းသာ ဖြစ်ပေသည်။

အရှင်မဟာသာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် စသောသာဝကကြီးများသည် လှမ်းလင့်သောထိုဉာဏ်တော်ကို မိမိရရ

# စကားဦး

ကိုင်တဲ့ကာ ဘုရားရှင်နှင့်အတူတကွ ခေမာသောင်ကမ်းထဖက်သို့ လှမ်းတက်သွားကြ လေကုန်ပြီ။

ဤသို့အားဖြင့် ဗုဒ္ဓသည် ဓမ္မနှင့်ဆက်စပ်နေသကဲ့သို့ သံဃာသည်လည်း ဓမ္မနှင့်မကင်းကွာပေ။ ဓမ္မနှင့် မကင်းကွာသော သံဃာသည် ဗုဒ္ဓနှင့်လည်း အကြောင်းဆက် လျက်ပင်ရှိပေသည်။ အမှန်အားဖြင့် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတို့သည်ခွဲခြား၍မရ၊ တကွနက်တွဲဖက်သီကုံး၍ ထားသော ရတနာပုလဲလုံးများပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓနှင့်သံဃာတို့၏ ဖြစ်တော်စဉ်များနှင့် အတူတရားသဘောသွား ပါဝင်နေရခြင်း ဖြစ်ပါသည်။

ဤသို့ဗုဒ္ဓနှင့် သံဃာတို့ကို တသီးတခြားခွဲခွာ၍မရနိုင်ခြင်းကို အခြေပြုကာ သံဃာတို့၏ဖြစ်စဉ်များကိုလည်း ဗုဒ္ဓဖြစ်တော်စဉ်မှာပင် တပေါင်းတည်း ဆက်စပ်ဖော်ပြထားပါသည်။ ဘုရားရှင်၏ ဖြစ်တော်စဉ်ကို ကျောရိုးအဖြစ်ထားကာ သံဃာတို့၏ ဖြစ်စဉ် အသီးသီးကို သူ့အခန်းနှင့်သူ စုစည်းရေးသားထားပါသည်။ ကျောရိုးနှင့် လိုက်လျောညီထွေ ဖြစ်စေရန် သံဃာဖြစ်စဉ်များကို ရှေ့ပိုင်းနောက်ပိုင်း ခွဲခြား၍ နေရာချပေးထားပါသည်။ သို့ရာတွင် အချို့ဖြစ်စဉ်များကို တခန်းတည်းနှင့် အပြည့်အစုံ ရေးသားရန် လိုအပ်လာသဖြင့် အချိန်ကာလ ခုန်ကျော်မှုများ ရှိလာရပါသည်။

ဤမှတ်တမ်း၌ အခန်းပေါင်းများစွာ ဖွဲ့စည်းထားရာတွင် အချို့အခန်းများမှာ ပုဂ္ဂိုလ်တပါးပါး၏ ဖြစ်စဉ်ကို အဓိကထားထားသော ထိုဖြစ်စဉ်နှင့်ပတ်သက်သည့် အကြောင်းခြင်းရာများကို

ဥပုနာသွင်း၍ ထား၏။ တချို့အခန်းများမှာကား ကြောင်းခြင်းရာကို အဓိကထားတော ထိုကြောင်းခြင်းရာထဲမှာ အကျုံးဝင်လာသော ပုဂ္ဂိုလ်တို့၏ဖြစ်စဉ်အသီး သီးကို တပေါင်းတည်း စုစည်း၍ ထားပါသည်။

ဤသို့ သူ့အခန်းနှင့်သူအစုလိုက်အစည်းလိုက် ပေါ်ပြူနိုင်ရန် ပါဠိတော် အဋ္ဌကထာ ကျမ်းပေါင်း မြောက်များစွာတို့ထဲမှ ဟိုတစသည်တစပြန့်ကျဲနေသော ပုဂ္ဂိုလ်ရေးဖြစ်စဉ်နှင့် ကြောင်းခြင်းရာများကို တခုချင်းတခုချင်း ရှာဖွေစုဆောင်း ရပါသည်။ စုဆောင်းရရှိထားသော ဖြစ်စဉ်နှင့် ကြောင်းခြင်းရာ များကိုမှ တဖန် အကျိုးအကြောင်းဆက်စပ် ညီညွတ်မှုရှိစေရန် အစီအစဉ်ပြုကာ အနုသန္ဓေဆက်ပေးရပါသည်။ တချို့နေရာများ၌သရုပ်သကွာန်ပေါ်လွင်စေရန် စာပေသဘောဖြင့် အခြယ်အမှုံးများ ထည့်ပေးရပါသည်။

ဘုရားရှင်၏ ဖြစ်တော်စဉ်များတွင် တောမထွက်မီ ကာလသည် ညီတော်အာနန္ဒာနှင့် သက်ဆိုင်ပါ၏၊ ကပိလဝတ်မြို့တော် ပြန်ကြွတော် မူလာသည်မှစ၍ တလျှောက်လုံးမှင် ညီတော် အာနန္ဒာနှင့် တ့ကြောင်းမဆက် တကြောင်းဆက်၍နေပါသည်။ တောယွက်ခန်းမှစ၍ နေပြည်တော် ပြန်ကြွလာသည် အထိ ဘုရားရှင်၏ ဖြစ်တော်စဉ်များကား ညီတော် အာနန္ဒာနှင့် ပတ်သက်ခြင်းမရှိပါ ထိုဖြစ်တော်စဉ်များ မပါဘဲနှင့်လည်း ဘယ်နည်းနှင့်မျှ ရေး၍မရပါ။ ထို့ကြောင့် ညီတော်အာနန္ဒာက မိမိသင်ကြားထားရသော ဒေသနာတော်များဖြင့် တဆင့်ခံ

## စကားဦး

တင်ပြပုံကို အသုံးပြုလိုက်ရပါသည်။ တခြားနေရာ အနည်းငယ်မှာလည်း ဤပုံစံမျိုး တွေ့ကြရပါဦးမည်။

အမှန်အားဖြင့် ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာစသော ကျမ်းကြီးများအားလုံးသည် ရတနာသုံးပါးတို့၏ ဖြစ်စဉ်နှင့် ကြောင်းခြင်းရာတို့သာ ဖြစ်ကြ၏။ ဤကျမ်းကြီးများမှ လိုအပ်ရာရာကို ထုတ်နှုတ်တင်ပြခြင်းဖြင့် ဤစာအုပ် တအုပ်တည်းဖြင့် မလုံလောက်သေးပါ။ ညီတော်အာနန္ဒာ ပရိနိဗ္ဗာန် ပြုတော်မူသည်အထိ ဆက်လက် ရေးသားရပါဦးမည်။

အတွဲမည်မျှရေးရသည်ဖြစ်စေ ဤစာအုပ်များမှာ အထက်ပါကျမ်းကြီးများ၏စာမြည်းသဘောမျှသာရှိပါလိမ့်မည်။ စာမြည်းမှတဆင့် အရင်းခံ ကျမ်းစာကြီးများကို ကိုယ်တိုင် လေ့လာနိုင်ကြမှသာ ရတနာသုံးပါးနှင့်ပတ်သက်သမျှ သိစရာအလုံးစုံကို အကုန် သိနိုင်ကြပါလိမ့်မည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန
ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်အဖွဲ့
၏

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၉၉၇၈) အရ
ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိပါသည်။

# အရပ်တော်နောက်က အရိပ်

## ကမ္ဘာမြေပေါ်က သမ္မာသမ္ဗုဒ္ဓ၊

လောက၌ အရပ်ရှိလျှင် အရိပ်ထွက်မြဲဖြစ်၏။ အရပ်၏ အတိုင်းအတာ ပမာဏကိုလိုက်၍ အရိပ်မှာလည်း တိုရှည် ကြီးငယ် သွယ်သွယ်ဝဝ အရွယ်ပမာဏ အမျိုးမျိုး ရှိနိုင်ပေသည်။

ဤကမ္ဘာမြေပြင်၌ ဂေါတမဟူသော ဘွဲ့နာမံတော်ဖြင့် သမ္မာသမ္ဗုဒ္ဓ တဆူပွင့်ထွန်းတော်မူခဲ့၏။ ငြိမ်းအေးခြင်း ချမ်းသာခြင်းကို လက်ငင်းလက်တွေ့ ခံစားနိုင်၊ မျက်မှောက်ပြုနိုင်သော တရားတော်များကို ဟောကြားတော်မူခဲ့၏။ ထိုတရားတော်များကို ဆင့်ကူးဆင့်ကမ်း ဉာဏ်လက်လှမ်း၍ သွားနိုင်ရေး အတွက် သံဃာ့ အဖွဲ့အစည်းကြီးကို တည်ထောင်တော်မူခဲ့၏။

တရားလမ်းစဉ် ကြည်လင်ထင်ရှားရေးနှင့် သံဃာ့အဖွဲ့အစည်း ကြီး ကြီးပွားခိုင်မာရေးအတွက် လေးဆယ့်ငါးဝါ ကာလ ပတ်လုံး ကြီးမြတ်သောလုံ့လ ဥဿာဟဖြင့် သာသနာပြုတော် မူခဲ့၏။

## မနှိုင်းယှဉ်အပ်သော အရပ်တော်

ထိုသမ္မာသမ္ဗုဒ္ဓ ဂေါတမအရှင်မြတ်ကြီး၏ အရပ်တော် သည် မည်၍မည်မျှ ရှိသေသနည်း။ ဤကမ္ဘာလောက ဓာတ် အတွင်း၌ ဘုရားရှင်၏အရပ်တော်ကို တိုင်းတာရန် ဝတ္ထုပစ္စည်း တစုံတခုမရှိပါ။ ကမ္ဘာလောကဓါတ်၏ အပြင်ဘက်မှာလည်း မရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်တို့ မည်သည် အတိုင်းအတာ ပမာဏပြု၍ မရနိုင်သောကြောင့် ဖြစ်ပေသည်။

## အရိပ်ကိုတော့ တိုင်းတာပါ

ဤသို့အားဖြင့် ဘုရားရှင်၏ အရပ်တော်ကို ဤမျှဤမျှရှိ၏ ဟုတိုင်းတာ၍မရနိုင်။ တိုင်းတာစရာ ဝတ္ထုပစ္စည်းကို ရှာ၍ မရနိုင်။ သို့ရာတွင် အတိုင်းအတာပမာဏပြု၍ မရနိုင်လောက် အောင် ကြီးကျယ် မြင့်မြတ်လှပေသော ထိုအရပ်တော်၏ အရိပ်ကိုကား ကျွန်ုပ် ရဲရဲဝံ့ဝံ့ တိုင်းတာနိုင်ပါသည်။ အရိပ်ကို တိုင်းတာရာ၌ ကျွန်ုပ်အဖို့ အားနာပါးနာ ဖြစ်နေစရာမရှိပါ။ ဟုတ်မှဟုတ်ပါမည်လောဟု တွေးတောစရာ မရှိပါ။ ပတ်ဝန်း ကျင်၏ ထင်မြင်ချက်ကို တောင်းဆိုနေစရာလည်းမလိုပါ။ ဤသို့ မလိုခြင်း မရှိခြင်း၏ အကြောင်းကား အခြားမဟုတ်ပေ။ မနှိုင်းယှဉ်အပ်သော အရပ်တော်၏အရိပ်မှာ ကျွန်ုပ်အာနန္ဒာ ကိုယ်တိုင်ပင် ဖြစ်နေသောကြောင့်တည်း။

## အရိပ်သို့မဟုတ် ကျန့်ပ်

မှန်ပါသည်။ စိတ်နှလုံးကို ပွားစေတတ်သော သီတင်းသုံးဖော် သံဃာတော်များက ကျန့်ပ်ကို ဘုရားရှင်၏ အရိပ်ဟု တင်စား၍ ပြောဆိုကြပါသည်။ အရိပ်ဟု တင်စားရလောက်အောင် ကျန့်ပ်ကလည်း ဘုရားရှင်နှင့်မကွေမကွာ နေလာခဲ့သည်။ အမြဲတမ်း အလုပ်အကျွေးတာဝန်ကို ရလာခဲ့သည့် အချိန်မှစ၍ ဘုရားရှင်သွားလေရာပါခဲ့သည်။ ဘုရားရှင်၏ သပိတ်သင်္ကန်းကို လက်လှမ်း၍ ယူလာခဲ့သည်။ တနေရာရာရပ်နားလျှင် ဦးစွာပဌမ နေစရာထိုင်စရာ ခင်းပေးခဲ့သည်။ ရေပူရေချမ်း ကမ်းလှမ်းခဲ့သည်။ ခြေဆုပ်လက်နယ်ပြုခဲ့သည်။ တပါးတည်း အေးချမ်းစွာ နေသည့်အခါ 'အာနန္ဒာ' ဟု ခေါ်လျှင် ချက်ခြင်းကြားနိုင်ဘို့ အနီးအပါးမှ နားစွင့်၍နေခဲ့သည်။ ဘုရားရှင်နှင့် ပတ်သက်လေသမျှ ကျန့်ပ်၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် မေတ္တာဓါတ် လွှမ်းခြုံလျက်သာ ရှိခဲ့ကြပါသည်။

## နှစ်သိမ့်ဆု၊

ပစ္ဆိမဗောဓိဟု ဆိုအပ်သော နောက်ပိုင်း-၂၅- ဝါတာလတွင် ဤတာဝန်ကို တောက်လျှောက် ထမ်းဆောင်လာခဲ့ရာ နောက်ဆုံးအချိန်အထိ တစုံတရာ ပျက်ကွယ်မှုမရှိခဲ့။ ဘက်ပေါင်းစုံမှ ကျေပွန်ခဲ့သော တာဝန်များကို အသိအမှတ်ပြုတော်မူသောအားဖြင့် ရွှေပန်းတိမ်သည်၏သား စုန္ဒလုလ္လဒါန်းသော သင်္ကန်းအစုံမှ တထည်ကို ဘုရားရှင်ပေးတော်မူခဲ့၏။ အလုပ်အကျွေး တာဝန်ယူခဲ့သည့်နေ့က ကျန့်ပ်ပယ်ခဲ့သည့် အထဲတွင်

ဤလို သက်န်းပေးခြင်းလည်း ပါခဲ့၏။ သို့ရာတွင် ယနေ့ကား ပြုစုလုပ်ကျွေးမှုအစုစု၏ အထွဋ်အထိပ်သို့ ရောက်ခဲ့ပြီ။ နောက်တခုက ကျနိုပ်အပေါ် ဘုရားရှင် ကျေနပ်နှစ်သိမ့်တော်မူသည်ကို သိတင်းသုံးဖော်တို့ သိပါစေတော့ဟု ကျနိုပ် ဤသက်န်းကို လက်ခံခဲ့ပေသည်။

## ကျနိုပ်၏ ဘဝဆည်းစျာ

ယခုတော့၊ ဤသို့ပေးတော်မူခဲ့သည့် ဘုရားရှင်မရှိတော့ပြီ။ ကုသိန္နာရုံ ရဂ္ဂသာမော အင်ကြင်းတောဝယ် သက်တော်ရှစ်ဆယ်တွင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီ။ ကျနိုပ်ကိုယ်တိုင်မှာလည်း (ဘုရားရှင်ထက် အသက်လေးဆယ်စွန်း၍ ယခုအသက် အရွယ် တရာ့နှစ်ဆယ် ရှိခဲ့ပြီ) နေခွင့်ရှိသေးသည့် အသက် အပိုင်းအခြားကို ကြည့်လိုက်ပြန်တော့ သည်ကနေ့မှ နောက် ခုနှစ်ရက်မြောက်မှာ ခန္ဓာဇာတ်သိမ်းဘို့ ရှိနေပေပြီ။

## ကျောသား ရင်သား မခွဲခြားလို၊

သက်ကြီးရွယ်အိုအဖြစ်ဖြင့် ကျနိုပ် အခြေတကျ နေခဲ့သည့် ဤရောဟနီ မြစ်နားဝယ် တပည့် တကာတကာမတို့ ပေါမျှား လှပါ၏။ သူတို့ကိုးကွယ်ရာ ဆရာသမား ပရိနိဗ္ဗာန် ပြုတော်မူတော့မည်ဟု ကြားသိကြသည်နှင့် ရောဟိနီမြစ်ဝဲယာမှ တကာ တကာမများ အလုပ် မျှားကြတော့သည်။ နှစ်ဖက်စလုံးက မိမိတို့ဘက်မှာသာ ပရိနိဗ္ဗာန် ပြုစေချင်ကြသည်။ နှစ်ဖက်စလုံးမှ တပည့် တကာ တကာမများမှာ ကျေးဇူးများသူချည်းဖြစ်သည်မို့ သူတို့အားလုံး စိတ်ကျေနပ်စေမည့် နည်းကို သုံးရပါလိမ့်မည်။

ဆောင်းပါပြီ။ နှစ်ဖက်စလုံးမှ တပည့်တစ္စာတကာမများ ကျေနပ်စေမည့်နည်းကို စဉ်းစား၍ ရပြီးပါပြီ။ ခုနှစ်စေ့ မြောက်အချိန်ရောက်ခါမှ ထပ်တူထပ်မျှ ငှဲညာတတ်၊ ချီး မြောက်တတ်သော ဆရာသမ္မားများ၏ စိတ်ဓါတ်ကို သူတို့ဘာ သာ သဘောပေါက်၍ လာကြပါလိမ့်မည်။

## တရားသိလေ ကျေးဇူးတင်လေ

စိတ်သွားရာ ကိုယ်မပါနိုင်တော့သည့် အိုမင်းရွတ်တွ အချိန် ပိုင်းတွင် ပူဆာငြိမ်းရာ မြတ်ချမ်းသာတရားကြီးကို လက်ဆုပ် လက်ကိုင် ရရှိထား၍သာ တော်တော့သည်။ ဤတရားကြီးကို မျက်မှောက်ပြု၍ အေးငြိမ်းချမ်းသာသည့် အရသာကို ခံစား ရလေလေ ဤချမ်းသာကို ပေးတော်မူခဲ့သည့် ကျေးဇူးရှင် ကြီးကို သတိရလေလေ။

## အရိပ်ရှေ့က အရပ်တော်

စောစောက ပေါ်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် ဘုရား ရှင်၏ အရိပ်ဖြစ်ပါ၏။ အရိပ်သည် အရပ်မှာ အကြောင်းရင်း ခံလာခဲ့သဖြင့် အရပ်နှင့်မကင်းနိုင်ပါ။ ထို့အတူပင်၊ အရပ် ကိုလည်း အရိပ်မပါဘဲ တသီးတခြား ထုတ်ယူ၍ မဖြစ်နိုင်ပါ။ အကြောင်းမှာ အရပ်သွားရာ အရိပ်က ထက်ကြပ်မကွာ ပါနေ သောကြောင့် ဖြစ်ပါသည်။

ဘုရားရှင် ဝါ ၂၀ ကျော်မှ ကျွန်ုပ်အမြဲတစေ လုပ်ကျွေး ခဲ့ရသည်မှန်ပါ၏။ သို့သော် ဝါနှစ်ဆယ် အတောအတွင်း မှာလည်း ဘုရားရှင်နှင့် အတူနေအများဆုံးမှာ ကျွန်ုပ်ပင်ဖြစ် ပါသည်။ ကျွန်ုပ်နှင့်အတူရှိစဉ် ပေါ်ပေါက်ခဲ့သော အတ္တုပ္ပတ္တိ

များ၊ ဟောကြားခဲ့သော ဒေသနာတော်များ အမြောက်အမြား ရှိခဲ့ပါသည်။ အမြဲတမ်း လှည့်လည်ကျွေးလာခဲ့သည်တွင် ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ စသော မထေရ်ကြီးများစာတဆင့် ပြန်လည်ဟောပြခဲ့သဖြင့် ကျွန်ုပ်မျက်ကွယ်တာ ဖြစ်တော်စဉ်နှင့် တရားတော်များမှာလည်း ကျွန်ုပ်မျက်မှောက် ရောက်လာကြပေသည်။

## ကောင်းသတင်းအဖုံဖုံ ဇာတ်လမ်းစုံ

ထို့ကြောင့် ကျေးဇူးရှင်ကြီး၏ ဖြစ်တော်စဉ်ကို တင်ပြလျှင် အရိပ်တည်းဟူသော ကျွန်ုပ်အာနန္ဒာ ပါပါမည်။ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်တိုင်း၏ နောက်ခံတားပေါ်တွင် ကျွန်ုပ်၏ ရုပ်သွင်ကို တွေ့မြင်ကြရပါလိမ့်မည်။ ထိုအခါ၊ ကျွန်ုပ်နှင့်အတူ ကျေးဇူးရှင်ကြီး၏ ထံတော်ပါး၌ နေခိုလှုံခဲ့ကြသော သာဝက အသီးသီးတို့၏ ရုပ်သွင်များကိုပါ ရှုမြင်ကြရပါလိမ့်မည်။

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်၊ နှစ်သိမ့်တတ်သော အို... သူတော်သူမြတ် အပေါင်းတို့၊ လာခြင်းကောင်းသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ တပည့် သာဝကအပေါင်း၏ ကောင်းသောလာခြင်း၊ ကောင်းသတင်းအဖုံဖုံကို ယခု ကျွန်ုပ်က ဇာတ်စုံခင်း၍ ပြပါတော့မည်။

သဒ္ဓါခြွေ၊ ပညာခြွေ နှစ်ထွေနှစ်ဝ မျှတသော စိတ်ထားဖြင့် နာသောတ ဆင်ကြပါကုန်လော့။

(မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ ဓွေပန်းတိမ်သည်၏သား စုန္ဒဝတ္ထု။ ဓမ္မပဒ အဋ္ဌကထာ၊ တောကျောင်းနေ တိဿသာမဏေ ဝတ္ထု၊ အာနန္ဒထေရဂါထာ)။

*　　*　　*

## ကျွန်ုပ်တို့နိုင်ငံ ကျွန်ုပ်တို့ မျိုးနွယ်

### နှစ်ထပ်ကွမ်း သကျမျိုးနွယ်

ဖြစ်ပေါ်လာလေသမျှသော ခြင်းရာကိစ္စဟူဟူသမျှကို ပတ်ဝန်းကျင် အကြောင်းတရားများနှင့်ကင်း၍ သူ့ဘာသာ တသီး တခြား ပေါ်ပေါက်လာသည်ဟုဆိုလျှင် အဝိစ္စသမုပ္ပန္နဒိဋ္ဌိ ဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူခဲ့၏။

ထို့ကြောင့် ကျွန်ုပ်၏ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း၍ တင်ပြခွင့် ကြုံလာခိုက်မှာ ပတ်ဝန်းကျင် အကြောင်း တရား များနှင့်တကွ ဖော်ပြရပေလိမ့်မည်။

ဘုရားရှင်၏ သာသနာတော်တွင်းသို့ရှင်ရဟန်းပြုလာသူတိုင်းကို သကျမျိုးနွယ်ဟု ခေါ်ဝေါ်ကြ၏။ မျိုးရိုးဇာတိ အားဖြင့် သကျမျိုးနွယ် မဟုတ်စေကာမူ သကျတို့၏အထွဋ်အမြတ် ဘုရားရှင်နှင့်ပတ်သက်လာကြ၍ ဤအမည်ကို ခံယူနိုင်ခွင့်ရှိလာကြ၏။ ကျွန်ုပ်အား သကျမျိုးနွယ်နှစ်ထပ်ကွမ်း ဖြစ်ပေသည်။ အများနည်းတူ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တပါး အဖြစ်ဖြင့် သကျ

မျိုးနွယ် ဖြစ်ရုံမက မျိုးရိုးဇာတိကပါ သကျမျိုးနွယ် ဖြစ်ခဲ့ရပေသည်။

## သကျ အမျိုးသားအားလုံး၏ နိုင်ငံတော်

မဂဓ၊ ကောသလ စသော နိုင်ငံကြီးများမှာကဲ့သို့ ကျွန်ုပ်တို့ သကျနိုင်ငံတွင် ဘုရင် ကောရာဇ်ဟူ၍မရှိပါ။ တနိုင်ငံလုံး၏ အချုပ်အချာ အာဏာကို တဦးတယောက်တည်းက မပိုင်ပါ။ သကျမျိုးနွယ်အားလုံးက စုပေါင်း၍ ပိုင်ဆိုင်ကြသည်။ သကျ အမျိုးသား အမျိုးသမီးဟူသမျှ နယ်မြေ ပိုင်စိုးသည့် မင်းမျိုး မင်းနွယ်များသာ ဖြစ်ကြပါသည်။

## နိုင်ငံတော်၏ အချုပ်အချာ အာဏာ

နိုင်ငံတော်၏ အချုပ်အချာအာဏာကို အသုံးပြုရာ၌ သကျတို့သည် သန္ထာဂါရခေါ် လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း အသုံးပြုကြရ၏။ သကျမျိုးနွယ်အရွယ်ရောက်သည့် ယောကျ်ားတိုင်း လွှတ်တော်သို့ တက်ခွင့်ရကြ၏။ နိုင်ငံ၏ အရေးအခင်းများနှင့်ပတ်သက်၍ မိမိတို့ သဘောဆန္ဒကို လွတ်လပ်စွာ တင်ပြခွင့် ရကြ၏။ ဤသို့တင်ပြ၍ အများထောက်ခံချက်ကို ရကာ ဥပဒေအရာ မြောက်လာသည့် အဆိုများရှိသကဲ့သို့ အချို့အဆိုများကား အများထောက်ခံချက် မရသဖြင့် တိမ်မြုပ်၍ သွားကြရပေသည်။ မိမိသဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ အများ ဆုံးဖြတ်ရာနောက်၌ အတူတကွလက်တွဲ၍ လာနိုင်ခဲ့ခြင်းမှာ ကျွန်ုပ်တို့ သကျအမျိုးသားများ၏ ဂုဏ်ကြက်သရေပင် ဖြစ်ပေသည်။

## ကျန္နိပ်တို့၏ 'ရာဇာ'

လွှတ်တော် အစည်းအဝေး များတွင် သဘာပတိ အဖြစ် ဆောင်ရွက်၍ တိုင်းပြည်အုပ်ချုပ် ကိစ္စအရပ်ရပ် ဆောင်ရွက်နေရသော ပုဂ္ဂိုလ်များမှာ 'ရာဇာ' အမည်ခံယူကြရ၏။ အခြားသော သူများမှာ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ စသည့် ကိုယ်ပိုင် လုပ်ငန်းဆောင်တာများ ရှိနေကြ၏။ ဤနေရာ၌ သကျများသည် မလ္လများနှင့် ခပ်ဆင်ဆင် ဖြစ်ကြ၏။ မလ္လတို့သည် မိမိတို့ တိုင်းပြည်ကို အလှည့်ကျ အုပ်ချုပ် ကြရ၏။ အုပ်ချုပ်နေစဉ် ကာလမှာ ရာဇာဟုအမည်ခံကြရ၏။ အလှည့်မကျသောသူများမှာ ရပ်တကာ နယ်တကာလှည့်၍ ကုန်သွယ်နေတတ်ကြပေသည်။ (မဇ္ဈိမ နိကာယ်၊ သေခသုတ် အဋ္ဌကထာ)

## သုဒ္ဓေါဒန မဟာရာဇာ

မလ္လများထက် ကျန္နိပ်တို့ သကျ မျိုးနွယ် တို့က တခုတော့ ထူးခြား၏။ ကျန္နိပ်၏ဘကြီးတော် သုဒ္ဓေါဒနသည် လွှတ်တော် သဘာပတိဝန်နှင့် အုပ်ချုပ်ရေး အာဏာများကို လက်ခံဆောင်ရွက်ခဲ့ရာတွင် သကျမျိုးနွယ်အားလုံး၏ တခဲနက် ထောက်ခံမှုကို အစဉ်ထာဝရ ရရှိခဲ့၏။ ထို့ကြောင့် သူ့ကိုအထူးဝိသေသပြုကာ 'မဟာရာဇာ' ဟု ဂုဏ်ပြုကြရ၏။ ကျန္နိပ်နှင့်အတူ ရဟန်းပြုလာသော ဘဒ္ဒိယသည် သုဒ္ဓေါဒန မဟာရာဇာ၏ လက်အောက်၌ အုပ်ချုပ်ရေးတာဝန်များ ထမ်းဆောင်နေရသည့် ရာဇာတဦးပင် ဖြစ်ပေသည်။ (ဝိနည်း၊ စူဠဝဂ်၊ သံဃဘေဒက ခန္ဓက၊ ဆသကျပဗ္ဗဇ္ဇာကထာ)

* * *



## ကျွန်ုပ်တို့၏ သွေးချင်းများ

### ဆွေဂုဏ် မျိုးဂုဏ်

ကျွန်ုပ်၏ သွေးချင်းသားချင်းများ အကြောင်းကို ဖော်ပြ ရာတွင် ကိုယ့်ဂုဏ်ကိုပင်ဖော်သည့် မသူတော်ဂိုဏ်းဝင် ဖြစ်သွား လေမလားဟု တွေးမိပါ၏။ သို့ရာတွင် သည်ဆွေသိုက်မျိုးသိုက် ထဲမှာ ဘုရားရှင်ကိုယ်တော်တိုင်ပါဝင်နေတာမို့ ရှိသည့် ဂုဏ်ကို ဟုတ်မှန်တိုင်း ဖော်ပြခွင့်ကား ရှိနေပါသည်။

သကျတို့သည် ဗြဟ္မဏတို့၏ အမျိုးဇာတ်ကို ဦးမညွတ်ကြ၊ ဗြဟ္မဏတို့၏ ဝေဒကျမ်းဂန်များကို မကိုးကွယ်။ သူတို့ကိုးကွယ် သည်မှာ သူတို့၏ ထုံးတမ်းစဉ်လာများပင်ဖြစ်၏။ သူတို့အားလုံး အလေးတမူ အရေးယူကြသည်မှာ သကျတို့၏ မဟာရာဇာများ ပင် ဖြစ်၏။

### သြဒန ညီအကိုများ

သကျအမျိုးသားအားလုံး၏ ဦးညွတ်ခြင်းကိုခံယူတာ တမျိုး တနွယ်လုံး၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သူများမှာ သြဒန ညီအကိုများပင်ဖြစ်ပေသည်။ နောင်တော်အကြီးဆုံးမှာ သုဒ္ဓေါ ဒနဖြစ်၍ သူ့အောက်သုက္ကောဒန၊ ဓောတောဒန၊ အမိတောဒန ဟူ၍ အစဉ်အတိုင်း ပေါ်ထွန်းကြတာ နောက်ဆုံး ညီမထွေး တော် အမိတာ ဖြစ်ပေသည်။

### ခမည်းတော်နှင့် မယ်တော်များ၊

သုဒ္ဓေါဒန မဟာရာဇာသည် အလောင်းတော် သိဒ္ဓတ္ထ မင်းသားနှင့် နန္ဒမင်းသားတို့၏ ခမည်းတော် ဖြစ်ပေသည်။ သိဒ္ဓတ္ထမင်းသားကို မဟာမာယာဒေဝီတော်ဖွားမြင်၍၊ နန္ဒမင်းသား

ကိုကား ညီမတော် မဟာပဇာပတိဂေါတမီက ဖွားမြင်ခဲ့ပေသည်။ အလောင်းတော်မင်းသား ဖွားမြင်ရာ လုမ္ဗိနီအင်ကြင်းတောဥပင် မဟာမာယာဒေဝီ ကွယ်လွန်ခဲ့သဖြင့် မိထွေးတော်ဂေါတမီက တူတော်မင်းသားအား နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရပေသည်။

ဒုတိယဖြစ်သည့် သုက္ကောဒနသကျသည် မဟာနာမ်နှင့် အနုရုဒ္ဓါတို့ညီအကို၏ ဖခင်ဖြစ်၏။ ကျွန်ုပ်ကား ငါးယောက်မြောက်အမိတောဒန၏သား ဖြစ်ပေသည်။ သာသနာတော်ကြီး စည်ကားလာသည့်အချိန်တွင် သိဘင်းသုံးဖေါ်များနှင့် မတွဲရခဏတိုင်း ပြဿနာဖြစ်ရသော တိဿမှာ ညီမထွေးအမိတာ၏သား ဖြစ်ပေသည်။

ကျွန်ုပ်တို့ တဝမ်းကွဲညီအကိုများ၌ မဟာနာမ်သည် သိဒ္ဓတ္ထထက်ကြီး၏။ နန္ဒ၊ အနုရုဒ္ဓါ၊ တိဿနှင့် ကျွန်ုပ်တို့ကားသူ၏ညီများ ဖြစ်ကြပေသည်။ (မူလပဏ္ဏာသ၊ စူဠဒုက္ခက္ခန္ဓသုတ် အဋ္ဌကထာ)

## သာသနာ့မိခင်ကြီး

ကျွန်ုပ်တို့ သာသနာ့နယ်မြေတွင် နာမည်ကျော်ကြား လူသိများသည့် အမျိုးသမီးကြီးများ ရှိခဲ့ကြပါသည်။ စေတနာသဒ္ဓါတရားထက်သန်ခြင်း၊ တရားမြင်လွယ်ခြင်း စသဖြင့် အရာဌာနအားလျော်စွာ စံနမူနာပြုကြရသော တပည့်မကြီးများ ရှိကြပါ၏။ မဟာပဇာပတိဂေါတမီကား ထိုကဲ့သို့ နာမည်ကျော်ကြား လူသိများရုံမျှသာမဟုတ်ပါ၊ အရာဌာန တခုခုမှာသာစံနမူနာ အပြုခံရသူမဟုတ်ပါ။ ဘက်ပေါင်းစုံမှ စံပြုထိုက်သော

အမျိုးသမီးကြီး ဖြစ်ပါ၏၊ သာသနာတော်ကြီး တရပ်လုံးက အလေးအမြတ်ပြုအပ်သော သာသနာ့မိခင်ကြီးပင် ဖြစ်ပေသည်။

## မေတ္တာစိမ့်စမ်း မခန်းလေ

သူတို့ မိထွေးတော်ဟု ခေါ်ကြရခြင်းမှာ အလောင်းတော် သိဒ္ဓတ္ထအဖြစ်ဖြင့် မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်ဝယ် ကိန်းအောင်းနေရသည့် အချိန်များနှင့် သင့်လျော်၏။ အမိဝမ်းမှ ဖွားမြောက်ပြီးသည့် အချိန်များမှာကား မိခင်ရင်းပင် ဖြစ်လာတော့သည်။ အမတော်ဘုရား မျက်နှာလွှဲ၍ ထားရစ်ခဲ့သော သားသည်းချာကို သူကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူခဲ့၏။ မှက် ခြင် ယင်မှမသန်းရအောင် စောင့်ရှောက်ခဲ့၏။ တနေ့တနေ့တွင် ရေမိုးသန့်စင်၍ အမွှေးနံ့သာ လိမ်းပေးရတာက နှစ်ခါသုံးခါ။ စားနိုင်သောက်နိုင်သည့် အရွယ်ရောက်ပြန်တော့လည်း အထိန်းတော် အချီတော် များနှင့်ချည်း စိတ်ချမထားနိုင်။ ကောင်းနိုးရာရာကို ကိုယ်တိုင်ကိုယ်ကျ ကျွေးရမှ ကျေနပ်၏။ တစတစနှင့် ကြီးထွားလို့ လူလားမြောက်လာသည့် အချိန်တိုင်အောင်ပင် သည်မိခင်ကြီး၏ အနန္တမေတ္တာရေများက မခန်းနိုင် မခြောက်နိုင်ပါ။ အသက် နှစ်ဆယ့်ကိုးနှစ် ရှိလာသည့်တိုင်အောင်ပင် သူ့စိတ်ထဲမှာတော့ သားယော်ရွှေသွေး ပုလုကွေးဟု ထင်နေဆဲဖြစ်၏။ သားသည်မိခင် အဖြစ်ဖြင့် ပြုစု၍ယုယ၍ နေဆဲသာဖြစ်၏။ (ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် အဋ္ဌကထာ)။

## မေတ္တာပေါ် ကရုဏာဆင့်

မိဘတို့၏ အနန္တမေတ္တာဂုဏ်ဖြင့် သားတော်ကြီး သိဒ္ဓတ္ထကို သားတော်ငယ်နန္ဒနှင့် ထပ်တူထပ်မျှ ချစ်မြတ်နိုးမည်ကို ယုံမှားစရာမရှိပါ။ သစ်သီးတလုံး၊ မုန့်တခုမှစ၍ သားတော်နှစ်ပါးကို အညီအမျှ ပေးခဲ့ကျွေးခဲ့ကြမည်သာဖြစ်၏။ သို့သော် နောင်တော်ကြီး သိဒ္ဓတ္ထအနေနှင့် ညီတော်နန္ဒထက် တခုသာလွန်သည်ကား ရှိပေသည်။ သားတည်းဟူသော ချစ်ခြင်းမေတ္တာအပေါ်ဝယ် မိတဆိုးလေးပါကလားဟူသော အသိဖြင့် မိဘနှစ်ပါးတို့က ကရုဏာပိုကြရခြင်း ဖြစ်ပေသည်။ ကရုဏာပိုလာသည့်အလျှောက် ပြုစုရာအလိုလိုက်ရာ၌လည်း သားတော်ငယ်ထက် သာကြပေတော့မည်။

## စည်းစိမ်ရှင် သိဒ္ဓတ္ထ

ဤအကြောင်းရာပေါ်တွင် ထင်ရှားစေရန် ဘုရားဖြစ်တော်မူပြီးချိန်တွင် နောက်ကြောင်းပြန်၍ ဟောကြားတော်မူသော ဒေသနာတပုဒ်နှင့် ဆက်စပ်ပေးလိုပါသည်၊

"မာဂဏ္ဍိယ၊ လူအဖြစ်နှင့်နေခဲ့စဉ် ရှေးယခင်တုန်းက ငါသည် အလိုရှိအပ်ကုန်သော၊ နှစ်သက်အပ်ကုန်သော၊ မြတ်နိုးအပ်ကုန်သော၊ ချစ်ခင်အပ်သော သဘောရှိကုန်သော၊ ကာမဂုဏ်ခံစားမှုနှင့် စပ်လျဉ်းကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိ၊ ဟူသော ကာမဂုဏ် အာရုံငါးမျိုးတို့ဖြင့် ပြည့်စုံလုံလောက်စွာ ခံစားလာခဲ့၏။

"မာဂဏ္ဍိယ၊ ထိုစဉ် စိမ်ရှင်ဖြစ်ခဲ့သော ငါအား နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးအလိုက် လှည့်လည်ခံစားရန် အလို့ငှာ

ရမ္မ၊ သုဘ၊ သုရမ္မ၊ ဟူ၍ပြသာဒ်ဆောင် သုံးဆောင်ရှိပေသည်။

"မာဂဏ္ဍိယ၊ ထိုစည်းစိမ်ရှင်ဖြစ်ခဲ့သော ငါသည် မိုးဥတုလေးလတို့ပတ်လုံး ယောကျ်ားမနှောသည့် မိန်းမတောဝယ်တူရိယာသံများ နာခံစံပျော်၍နေခဲ့၏။ ပြသာဒ်ထက်မှ အောက်သို့ လုံးဝမဆင်းခဲ့ပေ။" (မဇ္ဈိမပဏ္ဏာသ၊ မာဂဏ္ဍိယသုတ်)

ကျွန်ုပ်တို့ နောင်တော်မှာ ပြတ်ချင်တော့လည်း ရှင်းရှင်းလင်းလင်း မပြတ်ချင်တုန်းကလည်း ကျပ်ပြည့်တင်းပြည့် ခံစားခဲ့သူပင်ဖြစ်ပါ၏။ သို့သော် ဤသို့သော လောကီစည်းစိမ်ခံစားခွင့်ရသူမှာ ကျွန်ုပ်တို့နောင်တော် တပါးတည်းမဟုတ်ပါ။ အခြားတိုင်းပြည်များမှ မင်းညီမင်းသားများ၊ သူဌေးသူကြွယ်သားများလည်း ဤသို့ပင် ခံစားနိုင်ကြပါသည်။

## အစွန်းတဖက်ဖက်သို့

ဤခေတ် ဤကာလကား ကာမဂုဏ် ခံစားသူတို့ကလည်း မီးကုန်ယမ်းကုန် တံခါးပိတ်၍ ခံစားနေကြ၏၊ လောကထဲကလွတ်မြောက်ရာမှာ ကြံကြသူတို့ကလည်း မိမိတို့ ကိုယ်ခန္ဓာကို မီးကုန်ယမ်းကုန် နှိပ်စက်ညှင်းပမ်း၍ နေကြ၏။ အစွန်းနှစ်ဖက်သို့ အရှိန်ပြင်းစွာ ပြေးသွားနေကြသော အချိန်ကာလပင်ဖြစ်ပါ၏။

နောင်တော် သိဒ္ဓတ္ထကဲ့သို့ တခန်းတနား မစံစားခဲ့ရသော်လည်း အရှိန်အဝါကြီးသော သကျမိဘများ၏ သားအဖြစ်ကျွန်ုပ်တို့၏ ဘဝ နံနက်ခင်းပိုင်းသည်လည်း ပျော်ရွှင်စရာ၊ ကျေနပ်စရာပင် ကုန်လွန်လာခဲ့၏။

## ချိန်တန်ရွယ်ရောက် လူလားမြောက်သော်

အချိန်တန် အရွယ်ရောက်လာသည့်အခါ မင်းသားတို့တတ်အပ်သည့် တိုင်းပြည်ကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေး ပညာရပ်များသင်ကြားကြရ၏၊ ကျွန်ုပ်ကား အချို့သောမင်းသားများနည်းတူ ကုန်သွယ်ရေးပညာရပ်များကိုပါ ဝါသနာအလျှောက်သင်ကြားခဲ့၏။ သည်ပညာကို တတ်မြောက်လာသဖြင့် ကျွန်ုပ်သည် အိမ်မှာအမြဲအစွဲ မနေနိုင်တော့ပါ။ ကပိလဝတ်၏နယ်နိမိတ်ကို ကျော်ကာ အခြားတိုင်းနိုင်ငံများသို့ ရောက်ခဲ့ရ၏။ နိုင်ငံရပ်ခြား တိုင်းပြည်များထဲမှ အရောက်အပေါက် အများဆုံးမှာ မလ္လတိုင်းဖြစ်ပေသည်။ မလ္လတိုင်းသည် ကျွန်ုပ်တို့သကျတိုင်းနှင့် အနေအထားဆင်တူသည်။ ထို့ပြင်ကျွန်ုပ်၏ အရင်းနှီးဆုံးသောမိတ်ဆွေ မလ္လမင်းသား ရောဇလည်း ရှိနေသည် မဟုတ်ပါလား။ (ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓကာ)

* * *

## ရွှေစိတ်ငြင်ငြို သံဝေပိုက

### ဝတ်ကျေတန်းကျေ အပြုံး

မိဘများ၏ စီးပွားရေးလုပ်ငန်းကို လက်လွှဲယူငင်ရာ နိုင်ငံတကာ လျှောက်သွားနေရ၍ ကပိလဝတ်မြို့တော်မှ အရေးအခင်းများကိုပင် တခါတခါ မျက်ခြေပြတ်ခဲ့ရ၏။ နိုင်ငံရပ်ခြားမှ ကောင်းပေ့ဆိုသော အစားအစာ၊ အဆင်ဆန်းရှိ

အဖိုးထိုက်တန်သော ပိုးထည်များ၊ လူသုံးကုန်ပစ္စည်း အသစ် အဆန်းများ ပေါ်လေတိုင်း ကျွန်ုပ်ချစ်သော နောင်တော် သိဒ္ဓတ္ထအတွက် သယ်ဆောင်လာခဲ့၏။ စောစောပိုင်းတုန်းက ဤလက်ဆောင်များကို လိုလိုချင်ချင် လက်ခံခဲ့၏။ ထိုစဉ်က ယသော်ဓရာနှင့် လက်ထပ်ပြီးခါစမို့ အထည်သစ်၊ အသုံး အဆောင်သစ်ရလာတိုင်း သူတို့နှစ်ဦးလုံး ပျော်တပြုံးပြုံး ရှိခဲ့ ကြ၏။

ယခု နောက်ပိုင်းမှာတော့ တစနှင့်တစ နောင်တော်၏ အမူအရာများက ထူးခြားရှိလာသည်။ ကျွန်ုပ် ယူလာလော လက်ဆောင်ကို ခါတိုင်းလို ပြုံးပြုံးရွှင်ရွှင် လက်ခံသော်လည်း သူ့ပြုံးပုံက ဝတ်ကျေတန်းကျေ နိုင်လွန်းလှသည်။ လက်ခံပြီး သည့်နောက်မှာလည်း အမြတ်တနိုးဝတ်ဆင်ခြင်း၊ အသုံးပြုခြင်း မရှိ။

သူတို့၏စိတ်ဗျာပါ။

လိုအပ်သမျှ လောကစည်းစိမ်တွေ ပုံပေးထားပါလျက် မရွှင် ရှုပ်ပေါ်နေသော သားတော်အတွက် ခမည်းတော်နှင့် မယ် တော်ကြီးတို့မှာ ဗျာများ၍ နေကြရ၏။ ဒေဝဒဟပြည်မှ တမျက်နှာ တကမ္ဘာပြု၍ လိုက်လာရသည့် ယသော်ဓရာမှာ အနိုင်နိုင် ဟန်ဆောင်၍ နေရရှာသည်။ ဘကြီးတော်ဘုရား ကြီးက နောင်တော်သိဒ္ဓတ္ထ စိတ်လက်ရွှင်ပြလာစေဘို့ အတူ လာနေဘို့ ပြောဘူးပါ၏။ အကယ်၍သာ နောင်တော်ကိုယ် တိုင်ကပါ သဘောတူလျှင် ကျွန်ုပ်ကလည်း ရှိသမျှအလုပ်တွေ ပစ်ပြီး အတူလာ၍နေနိုင်ပေသည်။ သို့သော် နောင်တော်က ဤအစီအမံကို လုံးဝလက်မခံ။

## မင်းသားမှ ကုန်သည်သို့

ကျွန်ုပ်တို့မှာ ညီအကိုရင်းများက ပေါက်ဖွားရ၍ လာကြ သော်လည်း၊ သဘောကတမျိုးစီ။ ကျွန်ုပ်မှာ ကုန်သွယ် နေရသူ ဖြစ်၍ လူပေါင်းစုံနှင့် ဆက်ဆံနေရ၏။ ဆက်ဆံရသမျှ လူတန်း စားပေါင်းစုံကို ကျေနပ်အောင် ပြောဆိုလုပ်ကိုင် ရ၏။ စော စောပိုင်းတုန်းကတော့ တာဝန်ဘာခု ဖြစ်၍သာ လုပ်ကြားတဲ တိုးရ၏။ ကိုယ့်ကိုယ်ကို မင်းသားခတ္တိယမျိုးနွယ် ဟူသော အသိ ကပေါက်လာသဖြင့် ဒေါင့်မကျိုးချင်။ နောက်တော့ အလုပ် ကပင် သင်ကြားပေးသဖြင့် လူတန်းစားပေါင်းစုံ၏ ခင်မင်မှုကို ရယူနိုင်ခဲ့ပေသည်။

### သူ့ရုပ်သွင်၊ သူ့အမူအရာ၊ သူ့မျက်နှာ

နောင်တော် သိဒ္ဓတ္ထမှာသည်း လူတန်းစားပေါင်းစုံ၏ ခင်မင် မှုရှိနေပါသည်။ သို့သော် ကျွန်ုပ်ကဲ့သို့ တမင်တကာ လိုက်လံ သိမ်းသွင်းနေရသည် မဟုတ်ပါ။ မြင်သူတိုင်းက ချစ်စရာခင်စရာ သူ့ရုပ်သွင်လက္ခဏာ၊ တည်တည်ငြိမ်ငြိမ် ထူးခြားရလှသော သူ့ အမူအရာ ဆက်ဆံရသူလူအပေါင်းကို မေတ္တာစိတ်ဓာတ်ဖြန့်လျှက် ထားသည့် သူ့မျက်နှာထား၊ ဤလက္ခဏာ၊ ဤအမူအရာ၊ ဤမျက်နှာထားများကြောင့် သူ့ကို အလိုလို ညွှတ်လာကြရ သည်။ ခင်မင်မှုထက် လေးစားမှုကပိုသည်ဟု ဆိုရပါလိမ့်မည်။

### နောင်တော်စိတ်နှင့် ကျွန်ုပ်ဝါသနာ

ဤသို့အားဖြင့် ကျွန်ုပ်တို့ညီနောင်မှာ သဘောခြင်း တမျိုးစီ ဖြစ်ကြ၏။ ကျွန်ုပ်ကလူပေါင်းစုံနှင့် ရောရောနှောနှော နေရမှ ကျေနပ်၏။ ကျွန်ုပ်ရှိရာတွင် လူပေါင်းစုံ တရုန်းရုန်းရှိနေ၏။

နောင်တော်က တဦးတည်း နေတတ်သူ။ အားလုံးအပေါ် မေတ္တာထားပါလျှက် ပတ်ဝန်းကျင်ကို သူကမေ့ချင်ချင် ဖြစ်၏။ တွေးမိတွေးရာ ငေးမိငေးရာနှင့် အချိန်ဖြုံးတတ်၏။ နောင်တော် ၏နေပုံထိုင်ပုံကို အားမရသဖြင့် ကျွန်ုပ်တခါက ပြောကြည့်ဘူး ပါ၏။ သို့သော် အကြောင်းကားမထူးခဲ့။

ညီနောင်တသိုက် ရှိသည့်အနက် နောင်တော်ကို ကျွန်ုပ် ထူးထူးခြားခြား ချစ်ခင်ပါ၏။ ကျွန်ုပ်အပေါ် ထားရှိသော နောင်တော်၏ ချစ်မေတ္တာလည်း ထို့ထက် မလျှော့နိုင်ပါ။ သို့သော် နောင်တော်ကား ကျွန်ုပ်ကို အထင်မကြီးပါချေ။ ညီတယောက်အဖြစ် ချစ်ရုံသာချစ်၍ ဤသို့ အထင်ကြီးမခံရ ခြင်းမှာ ကျွန်ုပ်၏ချို့တဲ့ချက် ပေါ့ညံ့ချက်များ ကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ကမ်းပါးကထိုင် တမှိုင်မှိုင်

နောင်တော်က အထင်မကြီးလှသော်လည်း ကျွန်ုပ်ကတော့ စိတ်မပျက်ပါ။ ကပိလဝတ်မှာ ရှိနေစဉ်များ၌ နောင်တော်နှင့် သွားအတူ လာအတူဖြစ်အောင် နေလာခဲ့ပါ၏။ နောင်တော်၏ စိတ်နှလုံး ရွှင်ပြုံးသာလေမည်လား ကြိုးစားမြဲ ကြိုးစားခဲ့ပါ၏။ သို့သော် နောင်တော်၏ အမူအရာများကား ထူးခြား၍မလာ ပေ။ ဂျမ်းထိုးမှောက်ခုန်၊ အဟုန်ပြင်းစွာ စီးဆင်းနေသော ရေလျှင်ကြီးအတွက် စိတ်မသက်မသာ ဖြစ်၍သာ နေရပေ သည်။

အဟုန်ပြင်းသည့် ရေလျှင်

အမှန်အားဖြင့် ကျွန်ုပ်တို့အပါအဝင် သက်ရှိသတ္တဝါအားလုံး သည် ဘဝတခု အစပြုသည်မှစ၍ အဟုန်ပြင်းသည့် သည်ရေ

လျှင်မှာ မျောပါနေကြရ၏။ သို့သော်ကျနုပ်တို့က ဤအဖြစ်မျိုး လောက်တော့ ထိမထင်ပေ။ ငယ်စဉ်တောင်ကျေး ကလေးဘဝ ကလည်း ပျော်ရွှင်စွာကျေနပ်စွာ နေလာခဲ့သည်။ တစတစနှင့် ကလေးငယ်ဘဝမှ လူပျိုလူရွယ် ဖြစ်လာသည်။ ကိုယ်အားစိတ် အား နှစ်ပါးစုံပြည့်ဖြိုးလာသည့် အချိန်တွင် မိဘများ၏ တာဝန် ကို ပခုံးပြောင်း၍ထမ်းဆောင်ရသည်။ ထို့နောက်တဖြည်းဖြည်း နှင့် ကျလူဖြစ်လာမည်။ အိုပြီဆိုမှတော့ တနေ့ရွေ့၊ တနေ့ငွေ့ ဆိုသလို ဖြစ်ရမည်။ ရောဂါအထူးအထွေ မရှိဘူးဆိုတောင် မှ အနည်းဆုံး အိုနာအိုရောဂါတော့ တွေ့ရဦးမည်၊ အိုသို့နာလို့ အားရတော့ သွားပေတော့ သုသာန်မြေ။

လူတကိုယ် စိတ်တမျိုး

ကိုယ့်ရှေ့မှာ ဖြစ်နေကျ ပျက်နေကျ။ မျက်ဝါးထင်ထင် မမြင်ချင်အဆုံး ဖြစ်နေသည့်ကိစ္စများ၊ သည်ကိစ္စများအတွက် ကျနုပ်တို့အဖို့ စိတ်ညစ်နေစရာ အချိန်မရှိပါ။ အချိန်အရွယ် ရှိခိုက်မှာ သူများနည်းတူ ပျော်မည်ပါးမည်။ ရသမျှအခွင့်အ ရေးကိုယူမည်။ ပစ္စည်းဥစ္စာစုဆောင်းမည်။ သူများထက် မသာ ယော်ရှိစေ၊ တန်းတူရည်တူတော့ လိုက်နိုင်ရမည်။ နေရသည့် တသက်တာတွင် ဂုဏ်သရေရှိစွာ မကြောင့်မကျ မတောင့်တဘဲ နေသွားမည်။ ကိုယ့်ပတ်ဝန်းကျင်က အများစုကြီး၏ ရည်မှန်း ချက်က ဤအတိုင်းရှိနေရာ ကျနုပ်ကသူတို့ထက် ဘာများ ထူးထူးခြားခြား အတွေးခေါင်နေဘို့လိုသနည်း။ အများတကာ ထက် ထူးထူးခြားခြား အတွေးအခေါ်မျိုး မရှိ၍လည်း ကျနုပ် တသက်တာတွင် ချစ်သူခင်သူ ကြည်ညိုသူ ပေါများခဲ့လေ သလားမဆိုနိုင်ပါ။ သို့သော် အတွေးသမား သိဒ္ဓတ္ထမှာလည်း

ကျွန်ုပ်နှင့် မနိုင်းယှဉ်လောက်အောင် ချစ်သူခင်သူတွေ ပေါ များသည်ကို သတိမမေ့ပါ။ လူတကိုယ်စိတ်တမျိုးဖြစ်ကြောင်း ကို ဖေါ်ပြလိုရင်းသာ ဖြစ်ပါသည်။

## အတွင်းရှိက အပမဆောင်နိုင်

ကျွန်ုပ်တို့တတွေဟာ ပရမ်းပတာ ရေလျင်ထဲမှာ ဘေးတ ကျော်ကျော်နှင့် မျောနေချိန်တွင် နောင်တော် သိဒ္ဓတ္ထမှာတော့ တွေးလျှက် မှိုင်လျှက် ငေးလျှက် ငိုင်လျှက်။ စိတ်သက်သာစရာ လေးများ ရမလားဟု ဥယျာဉ်တော်ပျော်ပွဲစား ထွက်လာပြန် တော့လည်း ပါလာသမျှ အခြွအရံများဟာသာ ပျော်နိုင်ပါနိုင် သည်။ သူကတော့ သူ့မှုနှင့်သူ။ အတွင်းအတွေတွေသန္တာန်မှာ အခြေတည်၍ တစတစပွားစည်းခိုင်မာလာသော စိတ်ဓာတ်ကို ပြင်ပအခြံရံများဖြင့် ပြုပြင် ပြောင်းလဲပေးလို့ မလွယ်အောင် ဖြစ်နေပုံရပါသည်။ တကမ္ဘာလုံးကို ဖြန့်ကျက်၍ ကိုယ်စီကိုယ်ငှ ရရှိနေကြသော အိုနာ သေဆင်းရဲဒုက္ခအားလုံးကို သူတယောက် တည်းက စုပြုံခံစားနေရသည်ဟု ယူဆနေသလား မဆိုနိုင်ပါ။ ထို့ကြောင့်ပင်ထင်ပါ၏။ ဥယျာဉ်တော်က တခေါက်ပြန်လာ တိုင်း သူမျက်နှာမကြည်သာမှုက တိုး၍သာ လာခဲ့သည်။ သူ့ မျက်နှာ မကြည်သာလျှင် ခမည်းတော်ကြီး မနေတတ်ပြီ။ မိထွေးတော် ဂေါတမီ စားမဝင်ပြီ။ သက်ထားကြင်ယာ ယသော်ဓရာမှာလည်း ပန်းနှံ့သာလိမ်းချယ်၍ မရတော့ပြီ။

## ပရိယာယ်မပါ၊ မာယာမနှော

မိသားစုတခုလုံး မိမိအတွက် စိတ်မသက်မသာဖြစ်နေရသည် ကိုနောင်တော် သိဒ္ဓတ္ထမသိဘဲ မနေနိုင်ပါ။ သို့သော် ကျွန်ုပ်၏

နေ့ခင်းတော်ကား ဟန်ဆောင်တတ်သူ မဟုတ်ပါချေ။ မရိုယာသယ် မ းယာသုံးသော အလုပ်များကို သူကိုယ်တိုင်မလုပ်သလို သူ့ကို သူတပါးကလုပ်၍လည်း မရပါ။ သူစိတ်တွင်း အခြေအနေကို သူ့အမူအရာ သူ့မျက်နှာများတွင် ဖုံးကွယ်မှုမရှိ။ ပကတိ အတိုင်းသာ ပေါ်ပြလာခဲ့၏။

(ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝင်။ အပဒါန် အဋ္ဌကထာ အဝိဒူရေနိဒါန်း)



## ပြည့်စုံသူနှင့် မပြည့်စုံသူ

### ဤနှစ်၊ ဤလ၊ ဤရက်၊ ဤအချိန်

ဤသာသနာ့သမိုင်းစဉ်အတွင်း အရေးပါ အရာရောက်ဆုံးဖြစ်သော ဤနေ့ဤရက်ကိုတော့ ခုနှစ်သက္ကရာဇ်နှင့်တကွ အတိကျ မှတ်တမ်းတင်ရပါလိမ့်မည်။ ကျန်ုပ်တို့ဘိုးတော် အဥ္စနမင်းကြီး၏ ဖိုကြွင်းသက္ကရာဇ် ၂ ခုနှစ်မှဆက်လက်၍ ရေတွက်လာခဲ့သောမဟာသက္ကရာဇ်အားဖြင့် ၆၇ ခုနှစ်။ လကား ဝါဆို။ ရက်ကား လပြည့်နေ့အကုန် ညအကူး မုတ်သုန်လေတဖြူးဖြူးတိုက်ခတ်နေသော ထိုအချိန်တွင် နောင်တော်သိဒ္ဓတ္ထ ဥယျာဉ်တော်မှ ပြန်လာခဲ့ပေသည်။

## ကံကောင်းသလော၊ ကံဆိုးသလော

ဤနေ့ ဤရက်တွင်မှ ကပိလဝတ်မြို့တော် ပြန်ရောက်လာခဲ့၍ ကျွန်ုပ်တသက်တာတွင် မမေ့ပျောက်၍ မရနိုင်သော ဤဖြစ်ရပ်များကို မျက်ဝါးထင်ထင် မြင်ခွင့်ရခဲ့၏။ ဖြစ်ပြီးလျှင်ပြီးခြင်း ရှိုက်ကြီးတငင်ငို ကြွေးသံများကို ကြားခဲ့ရ၏။ ထို့ကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကံကောင်းသည်ဟု ဆိုရမလား၊ ကံဆိုးသည်ဟုဆိုရမလား ထိုစဉ်ကခွဲခြား၍မရနိုင်ခဲ့ပါ။ သို့သော် သာသနာတော်၏ အရိပ်အာဝါသကို ခိုလှုံလာခဲ့သည်မှစ၍ ဤဖြစ်ရပ်များအတွက် ကုသိုလ်ကံ ကောင်းသည်ဟု တထစ်ချ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ငိုသံကြွေးသံ သောသောညံခဲ့ကြရသော ဤဖြစ်ရပ်ကို ကျွန်ုပ်တဝမ်းမြောက် ဝမ်းသာ ဖေါ်ပြရပါတော့မည်။

## လဝန်းမျက်နှာ သူ့မျက်နှာ

မကြာမကြာ ရွာချထားသော မိုးများကြောင့် ကပိလဝတ်၏ မင်းလမ်းမကြီးများမှာ ဖုံသိပ်၍နေကြ၏။ မင်းလမ်းမကြီး၏ ဝဲယာတခွင်မှ ဥယျာဉ်ပန်းမာလ်များသည် ရွှန်းရွှန်းစို၍ နေကြ၏။ အနောက်ဖက်မှ ကြည့်လိုက်တော့ နေမင်း၏ ဆည်းဆာ ရောင်ခြည် အကျင်းအကျန်များ။ အရှေ့ဘက်မှာတော့ ထွက်ပြူခါစ ငွေလဝန်းကြီး။ ထိုငွေလဝန်းကြီးနှင့်အတူ ပူဆာမရှိ ပကတိသော ကျက်သရေဖြင့် ထွန်းတင့် ဝေနေသည်ကား သိဒ္ဓတ္ထမင်းသား၏ မျက်နှာပင်ဖြစ်ပေသည်။

ဥယျာဉ်တော်ကအပြန် ယခင်အခေါက်များတုန်းက မရွှင်မပြဖြစ်ခဲ့ရ၏။ ယခုတော့ ထိုအခေါက်များနှင့် ပြောင်းပြန်။

ဟိုတုန်းက ညှိုးခဲ့လေသမျှ မျက်နှာတို့ကို ပုံတူထုကာ စုဆောင်းထားသည်ဆိုပါတော့။ ထိုပုံတူတို့ကို ချိန်ခွင်တဖက်မှာ ထဲ့၍ ချိန်ကြည့်သည်ဆိုပါတော့။ ထိုမျက်နှာ ထိုမျက်နှာအားလုံး၏ အလေးချိန်သည် ယနေ့ကြည်လင်ရွှင်ပြသည့်မျက်နှာ၏ အလေးချိန်ကို မှီလိမ့်မည်မဟုတ်ပါ။

ယနေ့ကား နောင်တော်သိဒ္ဓတ္ထနှင့်တကွ ကျွန်ုပ်တို့အားလုံးအတွက် နေ့ကောင်းရက်သာဖြစ်ပါ၏။ ဘယ်နေ့ ဘယ်ရက်နှင့်မှမတူအောင် ထူးခြားသည့်ရက်လည်း ဖြစ်၏။ ဤနေ့ဤရက်ဉယျာဉ်တော်အသွားတွင် ထူးခြားသော ကောင်းမြတ်သောရှုပ်သွင်ကို နောင်တော်သိဒ္ဓတ္ထ မြင်ခဲ့ရပေသည်။

## အမွဲဆုံး အချာဆုံး အစုတ်ဆုံး သို့သော်

သည်ပုဂ္ဂိုလ်မှာယဉ်ရထားမရှိ။ ပကတိသောခြေထောက်များဖြင့် မင်းလမ်းမမှ ဣန္ဒြေရရလှမ်းကြွ၍နေ၏။ အဖိုးထိုက်အဖိုးတန် ဝတ်စားတန်ဆာမပါ။ ဖန်ရေဆိုးသော အဝတ်တစုံသာလျှင် သူ့ကိုယ်ပေါ် လွှမ်းခြုံလျှက်ရှိ၏။ သူအရေးတယူကိုင်စွဲလာခဲ့သည်ကား စိန်မဟုတ်၊ ရွှေမဟုတ်၊ ဖလ်မဟုတ်၊ မြမဟုတ်။ မဲပုတ်ပုတ် ညစ်ထေးထေး နှုတ်ခမ်းမပါသည့် မြေအိုးတလုံး။ တွေ့ရဘူးလေသမျှ မနုဿလူသားများထဲတွင် အမွဲဆုံး အချာဆုံး၊ အနုတ်ဆုံး လူသားတယောက်ပါကလား။

သို့သော် အမွဲအချာဆုံးအဆင့်ရောက်အောင် စုတ်၍နုတ်၍နေသော ဤပုဂ္ဂိုလ်သည် အပြည့်စုံဆုံး၊ အကြွယ်ဝဆုံး မဟာရာဇာ၏ သားတော်ကို အလေးပြုခြင်းမရှိ။ ဦးညွှတ်ခြင်းမရှိ။ အပြည့်စုံဆုံး၊ အကြွယ်ဝဆုံး ပုဂ္ဂိုလ်ကသာလျှင် သူ့သွားရာ

မျက်ခြေမပြတ်လိုက်၍ ကြည့်နေရ၏။ ကြည့်ရင်းကြည့်ရင်းက လောကမှာ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတို့၏ သဘောကို ရိပ်မိလာတော့သည်။

## မရှိ၍ပြည့်စုံခြင်း

မင်းမျိုးမင်းလွင် တယောက်အတွက် လိုအပ်သမျှစည်းစိမ်ဥစ္စာများ၊ လင့်အလိုကိုလိုက်၍ အကြိုက်ဆောင်တတ်သည့်ဇနီးမယား၊ အရှင့်မျက်နှာကို ထာဝစဉ်ရှု၍ အရှင်စိတ်တိုင်းကျဆောင်ရွက်ပေးကြသော အခြွေအရံများ။ ဤသို့အားဖြင့် လူသားမန်တို့၏ စိတ်ကူးရုံမျှ မဝံ့လောက်သော စည်းစိမ်ကြီးပေါ်က ပုဂ္ဂိုလ်မှာ မပြည့်စုံမှုကြောင့် ကိုယ်ရောစိတ်ပါ ညှိုးနွမ်းခဲ့ရ၏။ အောက်ထစ်ဆုံး လူသားထက်ပင် နုံချာမွဲညစ်လှသော ဤပုဂ္ဂိုလ်မှာကား လိုအပ်သမျှ အားလုံးကုန် ပြည့်စုံ၍နေသည်။ တောင့်တမှု ကြောင့်ကျမှုမပါသော သူ့မျက်နှာက ပကတိကြည်လင်အေးမြ၍ နေဘိ၏။

## ရဟန်း သို့မဟုတ် တမူထူးသည့် လူသားတဦး

ရွှေပုံငွေပုံပေါ်မှ ပုဂ္ဂိုလ်မှာ သတ္တဝါတိုင်းကို မလွတ်တမ်းဖမ်းစား၍နေကြသော အို နာ သေ ဘီလူးကြီးများကြောင့် တအုံနွေးနွေး ဖြစ်ခဲ့ရ၏။ ဤပုဂ္ဂိုလ်ကား အိုမှုကြောင့်လည်း ပူပန်မရှိ။ နာမှုကိုလည်း ငြူစူပုံမပေါ်။ သေမည့်ဘေးကို တွေး၍လည်း ဆွေးနေဟန်မရှိ။

"သူများနှင့်မတူ တမူထူးခြားသည့် လူသားပါကလား။"

နောင်တော်၏နှုတ်မှ အံ့ဩသံ ထွက်ပေါ်၍လာခဲ့၏။

"မှန်ပါ။ဤပုဂ္ဂိုလ်ကို ရဟန်းဟုခေါ်ကြပါသည်။ ဤကမ္ဘာမြေပြင်ပေါ်၌ အတားအဆီးမရှိ၊ လွတ်လပ်စွာ သွားလာနိုင်သူ တဦးပင်ဖြစ်ပါသည်။ ငှက်များ၏ ဥစ္စာသည် သွားလေရာ ပါသော အတောင်သာဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ် ပိုင်ဆိုင်သော ပစ္စည်းမှာလည်း ကိုယ်နှင့်မကွာ အတူပါလာသော ပရိက္ခရာများပင် ဖြစ်ပါသည်"

"သြော်....ကောင်းလေစွ၊ ကောင်းလေစွ"

## 'ရာဟု' လာပြီဖမ်းတော့မည်

ရဟန်း၏ရုပ်သွင်ကို ရှုမြင်ရသည်မှစ၍ နောင်တော်၏ မျက်နှာသည် လမ်းတလျှောက်လုံး ကြည်လင်ရွှင်ပြ၍ လာခဲ့၏။ သည်မျက်နှာထားမျိုးကို ကြာတောင့်ကြာရှည် တောင့်တနေခဲ့ကြရသော ကျွန်ုပ်တို့အဖို့ နေ့ကြောင်ဘောင် လမင်းကြီး ထွက်ပြူလာခြင်းပင် ဖြစ်ပေသည်။ သို့သော် ထိုလမင်းကြီးမှာ ဥယျာဉ်တော် ရောက်၍မှမကြာမီ ရာဟုဖမ်းစားခြင်း ခံရပါတော့သည်။

မှန်ပါသည်။ ယသော်ဓရာမိဖုရားက သားတော်လေး ဖွားမြင်ကြောင်း သတင်းကောင်း ပါးလာသည်နှင့် နောင်တော်သိဒ္ဓတ္ထ၏ နှုတ်ဖျားမှ "သြော်.... ငါ့ကိုဖမ်းဆီးမည့် ရာဟုပါတာလား" ဟု ရေရွတ်သံ ကြားရပေတော့သည်။ ဤသို့ရေရွတ်လိုက်ခြင်းတပင်လျှင် သားတော်လေးအတွက် ရာဟုလာဟု အမည်ရွေးပြီး ဖြစ်သွားစေပေသည်။

## ရာဟုဖမ်း၍ လွတ်လမ်းရှာ

ရာဟုဖမ်းစား၍ ကြည်လင်ရွှင်ပြခြင်း တင်းသွားခဲ့ရသော လမင်းကြီးသည် ဥယျာဉ်တော်၏ ချောင်းကြို ချောင်းကြား များ၌ လူးလာတုန့်ပြန်လျှက်ရှိနေ၏။ သစ်ပင်ရိပ်မှာ တခါတခါ ရပ်နား၏။ ရေကန်ထဲသို ဆင်းသည်လည်းရှိ၏။ ကျုန်ုပ်နှင့်တကွ ပါလာသမျှ အခြွေအရံများမှာ ခပ်လှမ်းလှမ်းမှသာ သူ့အရိပ် အခြေကို ကြည့်နေကြရပေသည်။

အနောက်ဖက် တောင်းတင်မှာ နေလုံးကြီး ပျောက်ကွယ် သွားပါပြီ။ သူ၏ကိုယ်စား နေရောင်ခြည်များ ထားခဲ့သေး သော်လည်း ထိုရောင်ခြည်များကလည်း သူတို့ ဖခင်ကြီးနှင့် အကြာအရှည် ခွဲနေရစ်ချင်ဟန်မတူပါ။ သူတို့ဖခင်ကြီး သွားရာ နောက်သို့ တကောက်ကောက်လိုက်ပါ၍ နေကြပါသည်။ ဥယျာဉ်တော်မှ ပြန်ချိန် ရောက်လာပါသော်လည်း သည်ကနေ့ အဘို့မှာတော့ ညီတော်ဖြစ်သည့် ကျုန်ုပ်ကပင် မဝံ့မရဲဖြစ်နေ လေရာ အခြားအခြွေအရံများ ဆိုဖွယ်ရာမရှိပြီ။

## လမ်းစပေါ်ပြီး လွတ်တော့မည်

သို့နှင့် အရှေ့လောကဓါတ်မှ လမင်းကြီးသည် တိမ်တိုက် ကြားမှ ဘွားကနဲပေါ်၍လာ၏။ ထို့အတူပင် မဟာပထဝီ မြေပြင်ထက်မှာလည်း ငွေလဝန်းကြီးတဆူ ထွန်းတင့်၍ လာ ပါပြီ။ ကန်ရေစပ်မှပြန်တက်၍လာသော နောင်တော်၏မျက်နှာ မှာ ညစ်ကြေးမထင်သော ကြည်လင်ခြင်းဖြင့် ထက်တောင်း ကင်မှ လမင်းကြီးကို စေ့စေ့ကြည့်၍ နေပါသည်။ ရာဟုဖမ်း စားရာက လွတ်လာ၍ပင် ဖြစ်ပါလိမ့်မည်။

ရာဟုခံတွင်းအာ ရှင်းရှင်းကျွတ်ကျွတ် လွတ်လာခဲ့သော လမင်းကြီးသည် ရထားဆီသို့ ဖြေးညှင်းသာယာ ချဉ်းကပ်၍ လာခဲ့၏။ သူ့အလာကို အရှိန်သင့်စောင့်ကြို၍ နေကြသော ကျွန်ုပ်တို့တတွေက ရထားပေါ် နေရာတကျထိုင်မိသည်နှင့် တပြိုင်နက် ဥယျာဉ်မှ ထွက်ခွာလာခဲ့ကြပါသည်။

## ရွှန်းပပ လရောင်အောက်ဝယ်

ကျွန်ုပ်တို့ အပြန်ခရီးမှာ မြင်းခွာသံ၊ ရထားဘီးသံများသာ မင်းမူ၍နေကြ၏။ ရထားပေါ်ပါလာသူများအားလုံးနှုတ်ဆိတ်၍နေကြ၏။ နောင်တော် သိဒ္ဓတ္ထကိုယ်တိုင်က ရွှန်းရွှန်းပပသာ၍နေသော လရောင်တွင် အေးချမ်းငြိမ်သက်သည့် အရသာကိုခံစားရင်း လိုက်ပါ၍နေသည်ဖြစ်ရာ ကျွန်ုပ်တို့လည်း အလိုက်သိစွာနေခဲ့ရ၏။ ရထားမှူးဆန္နအား ရထားကို ခပ်ဖြည်းဖြည်းလေးမောင်းဖို့ အချက်ပေးရ၏။ ကျွန်ုပ်က ရထားမှူးနှင့် ဘေးချင်းယှဉ်၍ လိုက်ပါခဲ့၏။ အခြွေအရံများကား ခြေလျင်သမားများပေမို့ နောက်မှ ကျန်ရစ်ကြပေသည်။

အေးချမ်းသာယာသည့် လရောင်အောက်တွင် ငြင်ငြင်သာသာ တိတ်တိတ်ဆိတ်ဆိတ် မောင်းနှင်၍လာခဲ့သော ရထားသည် တခုသောပန်းဥယျာဉ်ရှေ့မှာ ရပ်တန့်၍သွားခဲ့၏။ ထိုဥယျာဉ်သည် ခန့်ငြားထည်ဝါသော တိုက်ကြီးတခု၏ ဆင်ဝင်ရှေ့မှာဖြစ်၏။ ထိုတိုက်ကြီး၏ ဆင်ဝင်ထက်မှ ပွင့်ဟနေသော လေသာပြတင်းတွင် သကျမင်းသမီးတဦးက ဂါထာတပုဒ်ကို ရွတ်ချည်းသီကုံးကာ အသံသာသာဖြင့် ရွတ်ဆို၍နေပေသည်။

ထိုကဗျာရှင်ထံသို့ နောင်ဘော်၏မျက်နှာ စောင်းငဲ့၍ သွားသည်ဖြစ်၍ ကျွန်ုပ်တို့က အလိုက်သင့်ရပ်၍ ပေးလိုက်ရခြင်း ဖြစ်ပါသည်။

(သုတ်မဟာဝဂ်၊ မဟာပဒါနသုတ်နှင့် ဗုဒ္ဓဝင် အဋ္ဌကထာ ဂေါတမဗုဒ္ဓဝင်၊ အပါဒါန်အဋ္ဌကထာ အဝိဒူရေနိဒါန်း)။

## သကျနွယ်ဝင် ကဗျာရှင်

သည်မင်းသမီးလေးကို ကျွန်ုပ်ကောင်းကောင်းသိပါသည်။ သူတို့အိမ်သည်ကျွန်ုပ်တို့အိမ်နှင့်မဝေးလှပါ။ သူ၏ဖခင်မှာသုဒ္ဓေါဒနမဟာရာဇာ၏ ညာလက်ရုံးအမတ်ကြီး ဖြစ်ပါသည်။ တဦးတည်းသောသမီးပေမို့ သူဝါသနာပါသည့် တေးဂီကဗျာလင်္ကာများကို လွတ်လပ်စွာ လေ့လာလိုက်စားခွင့် ရထားပါသည်။ သူ့အမည်ရင်းက ဂေါတမီ။ ကျွန်ုပ်တို့သကျမျိုးရိုး၏ အမည်ကိုမိန်းမသားများနှင့် လျှောက်ပတ်အောင် ပြုပြင်ကာ အမြတ်တနိုး မှည့်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားဘုရားဖြစ်တော်မူသည့် နောက်ဝယ် အယူအဆ မတူမျှကြသော တိတ္ထိများ၊ ပြဟ္မဏာများ၊ ပုရဗိုဇ်များက အနွယ်အမည်အတိုင်း 'ဂေါတမ' ဟု တရင်းတနှီး ခေါ်ကြပေသည်။ ကျွန်ုပ်တို့တပည့်သာဝကများကတော့ 'ဘဂဝါ' ဟု တရိုတသေ ခေါ်ဝေါ်ကြရ၏။ 'ဘဂဝါ'ဟူသည်မှာ လေးစားအပ်သောဆရာဟု အဓိပ္ပါယ်ရှိပေသည်။

## တယောက်သော ကိသာဂေါတမီ

ဂေါတမအနွယ်ဝင်မို့ ဂေါတမီအမည် မှည့်ထားသော သည်မင်းသမီးလေးမှာ ကိုယ်ခန္ဓာ ပါးပါးလျှားလျှား ဖြစ်၏။

ထို့ကြောင့် သူ့ကိုယ်ခန္ဓာနှင့်လည်း လိုက်လျောစေ၊ မဟာပဇာပတိ ဂေါတမီနှင့်လည်း ကွဲပြားစေဟူ၍ ရင်းနှီးသူများက ကိသာတလုံးတိုး၍ ခေါ်ဝေါ်ကြ၏။ ထို့ကြောင့် ဂေါတမီမှ ကိသာဂေါတမီ ဖြစ်လာပေသည်။ သားသေကို အသက်သွင်းရန် လူမသေဘူးသောအိမ်မှ မုန်ညင်းစေ့မရသော ကိသာဂေါတမီနှင့် တခြားစီဖြစ်ပါသည်။

## ရွှေပေါ်မြတင် ဆင်တိုင်းယဉ်

ကိသာဂေါတမီ အမည်တွင်သည့် သည်မင်းသမီးသည် ကိုယ်ခန္ဓာပါးပါးလျားလျားဖြစ်သော်လည်း သူ့အထိုက်အလျောက် ကြည့်ပျော်ရှုပျော်ကား ရှိပါ၏။ ပြည့်စုံကုံလုံသော မိဘများကြောင့် စိတ်တိုင်းကျ ပြင်နိုင်ဆင်နိုင်ပါ၏။ ကောင်းပေ့ သည့်ပေ့၊ ယဉ်ပေ့ဆိုသော အဝတ်တန်ဆာများကို ဝတ်ဆင်နိုင်ပါ၏။ သို့သော် သူ၏ဂုဏ်သတင်း ကျော်ဇောခြင်းမှာ ဤအကြောင်းများကြောင့်သာ မဟုတ်ပါ။ ကဗျာလင်္ကာ သီကုံးဖွဲ့ခြင်း၊ တေးဂီတသီဆို တီးခတ်ခြင်းတို့တွင် ဂုဏ်မြောက်အောင် စွမ်းဆောင်နိုင်မှုများက အဓိကအကြောင်းများ ဖြစ်ကြပါသည်။

## ဆင်တိုင်းယဉ်၏ ပဟေဠိတပုဒ်

ဂုဏ်သတင်း ကျော်ဇောသည့် မင်းသမီး ဖြစ်သည့်အတိုင်း သက်တူရွယ်တူ၊ ဂုဏ်ရည်တူ မင်းညီမင်းသားများက ချဉ်းကပ်ကြပါ၏။ မေတ္တာလွှာများ ပေးဆက်ကြပါ၏။ သို့ပါလျှက်ကိသာဂေါတမီဆိုသည့် သည်မိန်းကလေး၏ မေတ္တာရေစဉ်က ဘယ်သူ့ပေါ်မှာမှ ယိုဖိတ်၍မလာချေ။ ကမ်းလင့်လာသူ များကို

ငြင်းပယ်ရာ၌လည်း တစုံတရာတိကျပြတ်သားသော အကြောင်းပြချက်များမပေါ။ “မောင်မောင်တို့ မေတ္တာကို မတုန့်ပြန်နိုင်သောကြောင့်”ဟုသာ ခြေငံစွာပြန်ကြားခဲ့၏။ ကမ်းလင့်လာသူတို့၏ မေတ္တာကို ဤသို့မတုန့်ပြန်နိုင်ဆို၍လည်း ဤမိန်းကလေးသည် လူ့ဘောင်လောကမှာ ငြိးငွေ့နေသည်လည်း မဟုတ်။ ဝတ်စားဆင်ယင် အလှပြင်၍ ကောင်းတုန်း။ တေးကဗျာတူရိယာတွေနှင့် တီးခတ်သီဆို၍ ကောင်းတုန်း ဖြစ်၏။ ထို့ကြောင့်သည်မိန်းကလေး၏ အတွင်းစိတ်ဓာတ်ကို ၂၂မျိုးစီ တဖုံစီ အတွေးကြွယ်၍ နေကြရ၏။ တွေးလိုက်တိုင်း အသိရခက်လှသော ပဟေဠိ တပုဒ်ပါပေ။

ဤနေ့တော့ဤပဟေဠိသည်၊ သူ့အလိုအလျှောက်အဖြေထွက်လာချေပြီ။ သို့သော် ဤအဖြေကိုမတင်ပြမီ သူကလေး၏သန္တရသာကဗျာကို ဦးစွာဖေါ်ပြပါရစေ။

လာ့ပါ နားပါ ငှက်ကဗျာ

ဟင်းလင်းဖွင့်ထားသော လေသာပြတင်းများမှ မုတ်သုန်လေတဖြူးဖြူး တိုက်ခတ်လျှက်ရှိ၏။ လရောင်ရွှန်းရွှန်း ထွန်းလင်းနေသည့် အောက်ဝယ် ဥယျာဉ်ထဲရှိ ပန်းမျိုးစုံတို့က ဖူးပွင့်ဝေဆာ၍နေကြ၏။ ထိုဥယျာဉ်ရှေ့မှာကား ဖုံသိပ်နေသည့် မင်းလမ်းမကြီး။ ထိုမင်းလမ်းမကြီးပေါ်မှာလည်း လမင်းကြီးတဆူ ထွက်ပြူ၍နေဘိ၏။

ကိသာဂေါတမီ၏ ကဗျာသည် ဤပတ်ဝန်းကျင် အခြေနှင့်တကွ သူ၏စိတ်တွင်းမှာ ရှိလာခဲ့သော ခံစားချက်များကြောင့်ဖွင့်အံထွက်ကျ၍ လာ၏။ စိမ်းလမ်းစိုပြေ ခက်လက်ဝေသောသစ်ပင်ထက်သို့ တေးသီဘတ်သော ငှက်ကလေး ဝင်နားလိုက်

သက်သို့ဖြစ်ပေသည်။ ဤကဗျာ၏ ဦးတည်ချက်မှာ ကျနုပ်တို့ ရထားပေါ်မှ လမင်းကြီးပင်ဖြစ်၏။ သို့သော် ဤကဗျာ၏ အရသာကို ကျနုပ်တို့ဘေးလူများပါ ဝေစုခံ၍ ရရှိနိုင်ပါသည်။

သန္တရသကဗျာ

ကောင်းကင်မိုးထက်၊
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ သားရွှေစင်ကို
ရှုမြင်ရပါ၊ မိမာတာသည်
ပူဆာသိမ်း၍ ငြိမ်းပေလိမ့်။ ။

ကောင်းကင်မိုးထက်
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ သားရွှေစင်ကို
ရှုမြင်ရပါ၊ ဖပီတာသည်
ပူဆာသိမ်း၍ ငြိမ်းပေလိမ့်။ ။

ကောင်းကင်မိုးထက်
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ ရွှေရုပ်သွင်ကို
ရှုမြင်ရမူ၊ အိမ်နေသူသည်
ပူဆာသိမ်း၍ ငြိမ်းပေလိမ့်။
“ပူဆာသိမ်း၍ ငြိမ်းပေလိမ့်”

ကျနုပ်တို့အားလုံးက ကဗျာအချပိုဒ်ကို တညီတညွတ်တည်း လိုက်ဆိုမိကြ၏။ ကဗျာနားကြားသူများ ကိုယ်တိုင်က လိုက်မဆိုဘဲမနေနိုင်အောင် ကောင်းလှသော ကဗျာတပုဒ်ပါတကား။

အချိန်အခါနှင့်လည်း ညီညွတ်သည်။ ပတ်ဝန်းကျင် အခြေအနေနှင့်လည်း ဟပ်မိသည်။ ကဗျာရှတ်သူ၊ ကဗျာနားကြားသူတို့၏ ထိုစဉ်ကခံစားရရှိထားသည့် ငြိမ်းအေးမှုကိုလည်း ထိထိမိမိ ပေါ်ကျူး၍ ထားပေသည်။

## ကဗျာအတွက် ရတနာလည်ဆွဲ

"ဆန္ဒ.... ဟောသည် လည်ဆွဲရတနာကို ကဗျာရှင် မလေးဆီ သွားပေးလိုက်ပါဘိ"

အမိုးအနွဂ္ဂ ထိုက်တန်သော လည်ဆွဲရတနာကို သန္တရသ ကဗျာတပုဒ်အတွက် ဆုအဖြစ် ပေးအပ်လိုက်၏။ ဆန္ဒ ပြန်ဆင်းလာသည်နှင့် ကျနုပ်တို့ ဆက်လက်တွက်ခွာခဲ့ကြပေသည်။

(ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝင်၊ အပဒါန်အဋ္ဌကထာ၊ အဝိဒူရေနိဒါန်း)

* * *



ထွက်တော်မူ နန်းကခွာသည်

ယူကျုံးမရ ထိုတည

ဤနေ့ဤရက်တွင်မှ ကပိလဝတ်သို့ ပြန်ရောက်လာသဖြင့် ကိုယ့်ကိုယ်ကို ကံဆိုးလေသလား၊ ကံကောင်းလေသလား မခွဲခြားနိုင်ကြောင်း စောစောက တင်ပြခဲ့ဘူး၏။

ယခုအခါ တရားသဘောဖြင့်ရှုမြင်၍ ဝမ်းသာစရာသာ ဖြစ်ခဲ့သော အဖြစ်အပျက်များမှာ ထိုစဉ်တုန်းကတော့ ယူကျုံးမရ

ကံဆိုးလှသည်ဟု ထင်စရာဖြစ်ခဲ့ရပါသည်။ ကိုယ့်နောင်တော် တယောက်ဟူသော အစွဲအလန်းဖြင့် ကျနုပ်တို့က သည်းအသိုက် အဝန်းထဲမှာပင် ထာဝစဉ် နေသွားစေချင်သည်။ သို့သော် သူကား ကျွနုပ်နှင့်တကွ ရှိရှိသမျှ ဆွေတော်မျိုးတော် အားလုံး၏လိုလားချက်ကို မဖြည့်စွက်ပါ။ အကာလ ညသန်းခေါင်ဝယ် တကျကမြင်းကိုစီးလျှက် ဆန္နတယောက်တည်း နောက်ပါခေါ်ကာ တိတ်တဆိတ် ထွက်သွားချေပြီတည်း။

ဤအဖြစ်မှန်ကို သိသည်နှင့်တပြိုင်နက်တဆွေလုံး တမျိုးလုံး အုံးအုံးကြွက်ကြွက် ငိုကြွေးကြောင်းကို အထူးဖေါ်ပြနေရန်မရှိပါ။ သို့သော် စောစောက စကားကြွေးကလေး ရှိခဲ့သည် ကိုကား အခွင့်သင့်ခိုက် ပေးရဆပ်ရပါဦးမည်။

## အုံ့ပုံးမလေး ကိသာဂေါတမီ

ကိသာဂေါတမီ မင်းသမီးလေးသည် ချဉ်းကပ် လာသမျှ သကျမင်းညီမင်းသားတို့ကို မေတ္တာမတုန့်ပြန်။ သို့သော် ရှုမုန်းနေသူလည်း မဟုတ်သဖြင့် သူ့အတွက် ပဟေဠိဖြစ်ခဲ့ရကြောင်း စောစောက တင်ပြခဲ့၏။ သိဒ္ဓတ္ထမင်းသားကို ပို၍ ပြန်အလာတွင် ဤပဟေဠိ၏အဖြေမှန်က အချပ်ထဲမှာ ပြန့်နှံ့၍ လာပါတော့သည်။

နောင်ဆော် သိဒ္ဓတ္ထသည် သန္တရသ ကဗျာတပုဒ်အတွက် ထိုက်တန်သောဆုကို ပေးခဲ့၏။ ဤသို့သို့ပေးရာ၌ ငြိမ်းချမ်းသာယာ၍နေသော အချိန်ကာလတွင် ငြိမ်းချမ်းသာယာသော ကဗျာကလေးကို ကြားရကာ စိတ်နှလုံး ကြည်လင်အေးမြလှ

သဖြင့် ကျေးဇူးသိတတ်စွာ ပေးခဲ့ခြင်းသာဖြစ်၏။ သည်ထက်ပို၍ ဘာအဓိပ္ပါယ်မှ မရှိပါချေ။

## အထင်လွဲလျှင် ငိုပွဲဆင်

သို့သော် ဤအပြုအမူသည် ကိသာဂေါတမီ အဖို့မှာကား အဓိပ္ပါယ် တမျိုးရှိ၍နေပေသည်။ သိဒ္ဓတ္ထမင်းသား၏ ဇနီး ကြင်ယာ ယသော်ဓရာသည် ယခုသားတယောက် ဖွားမြောက် ရပေပြီ။ သားသည်မအောဖြစ်လာပြီမို့ သူ့ဆီမှာ မက်မောစရာ ဂုဏ်အင်္ဂါတွေ မရှိနိုင်တော့ပြီ။ သည်တော့ လက်ရှိဇနီးကို စိတ်ကုန်နေသည့် မင်းသားသိဒ္ဓတ္ထသည် ပျိုပျိုလွင်လွင် သူ့ရုပ်သွင်ကို စိတ်ဝင်စား၍ သွားချေပြီတဲ့။ အုံပုံးချစ် မိန်းကလေး တယောက်၏ အတွေးခေါင်မှု တခုပါတကား။

နှောင်တော့ သိဒ္ဓတ္ထအပေါ် အုံပုံးချစ် ချစ်လာခဲ့သဖြင့် ချဉ်းကပ်လာခဲ့သမျှ သက်တူ ရွယ်တူ ဂုဏ်ရည်တူ မင်းညီမင်းသားများကို ပယ်လှန်ခဲ့ပြီ။ ယခုတော့ သူအုံပုံးချစ် ချစ်ခဲ့ရသူ ကိုယ်တိုင်က တမျိုးတဆွေလုံးကို စွန့်ပစ်၍သွားလေပြီ။

ငိုပေဦးတော့ ကိသာဂေါတမီ။ သူများထက် နှစ်ဆတိုးပြီး သာ၍ ငိုလိုက်ပေတော့။ (ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝင် တောထွက်ခန်း။ အပဒါန် အဋ္ဌကထာ၊ အဝိဒူရေနိဒါန်း)

## ရာဇဂြိုဟ်တွင် ဆွမ်းခံဝင်

### ဆန္နအမတ် ပြောပြလေသမျှ

နောင်တော် သိဒ္ဓတ္ထနှင့် မြင်းထိန်းအမတ် ဆန္နတို့သည်တညတာကာလအတွင်း အနောမာမြစ်ကမ်းသို့ ဆိုက်ရောက်သွားကြသည်ဆို၏။ အနောမာဟူသည်မှာ ယုတ်ညံ့မှုမရှိ၊ မြင့်မြတ်သောမြစ်ဟု အဓိပ္ပါယ်ရပေသည်။ မြင့်မြတ်သော မြစ်မင်းအနောမာ၏ ငွေရောင်လက်သည့် သဲသောင်ခုံထက်ဝယ် ကျွန်ုပ်တို့နောင်တော်သိဒ္ဓတ္ထ၏ ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်ခဲ့ပေသည်။

"ပြန်ပေတော့ ဆန္န။ ကဏ္ဍကမြင်းနှင့်တကွ တိုင်းတော်ပြည်တော်ကို ပြန်ပေတော့"

ရဟန်းပြုပြီးသည်နှင့် တပြိုင်နက် အရှင်မြတ် နှုတ်တော်မှအမိန့်တခု ထွက်ပေါ်လာပေသည်။

တချက်လွှတ်အမိန့်တော်ဖြင့် နှင်ထုတ်လိုက်ပြီမို့ ဆန္နခမြာမည်သို့မျှ ပြန်ရှုမလျှောက်သာ။ ရောင်းရင်းကြီး ကဏ္ဍကနှင့်အတူ မလှမ်းချင်လှမ်းချင်နှင့် ပြန်လာကြရ၏။ သည်အထဲတွင်ကဏ္ဍကမြင်းက အနောမာ သဲသောင်ခုံမှာပင် သေလွန်ခဲ့ပြန်သဖြင့် တယောက်တည်း နှစ်ပူဆင့်၍ လာရပေသည်။

ဤသည်မှာ ဆန္နအမတ်၏ပြန်လည်တင်ပြချက်များမှ အချို့အဝက်ဖြစ်ပါသည်။

ဆန္နအမတ်၏ မျက်မြင်ကိုယ်တွေ့တင်ပြချက်များကို ကျွန်ုပ်၏ကြားနာမှတ်သားရသမျှ သုတစကားတို့ဖြင့် ဖြည့်စွက်တင်ပြရပါဦးမည်။

## အေးချမ်းလှသည့် သမဏစည်းစိမ်

အနော်မာ မြစ်မင်း၏ ငွေသဲသောင်ခုံထက်ဝယ် ရဟန်း အသွင် ခံယူခဲ့သော အရှင်မြတ်သည် အနုပိယ အမည်ရသော သရက်တော၌ ရဟန်းတို့၏စည်းစိမ်ကို အေးချမ်းငြိမ်သက်စွာ ခံစားရ၍နေခဲ့၏။ ထို့နောက် တစတစနှင့် ခရီးနှင်ကာ မဂဓ တိုင်း၏မြို့တော် ရာဇဂြိုဟ်သို့ ဆိုက်ရောက်လာ တော့သည်။ (ဗုဒ္ဓဝင်အဋ္ဌကထာ ဂေါတမဗုဒ္ဓဝင်၊ အပါဒါန် အဋ္ဌကထာ၊ အဝိဒူရေနိဒါန်း)။

## ငြိမ်သက်သူနှင့် ကြည်ညိုသူ

တောင်ငါးလုံး ကာခိုသည့် ရာဇဂြိုဟ်မြို့တော်တွင်းဝယ် အလောင်းတော် ရဟန်းသည် အိမ်ပေါက်စေ့ ဆွမ်းခံဝင်၍ နေပေသည်။ ငြိမ်သက်သောဣန္ဒြေဖြင့် ကြည်ညိုဘွယ်ဆွမ်းခံ၍ နေသောရဟန်းတော်ကို မဂဓတိုင်းကြီး ရှင်ဘုရင်ဗိမ္ဗိသာရသည် နန်းပြသာဒ်ထက်မှ မမှိတ်မသုံ ဖူးမျှော်၍နေပေသည်။ သည် ပုဂ္ဂိုလ်၏ ဦးဆောင်မှုဖြင့် မြင့်မြတ်သော သာသနာတော်ကြီးကို နောင်အခါ ပြုရတော့မည်ဟု သူ့စိတ်ထဲက သိနှင့်နေသလား မဆိုနိုင်ပါ။

သည်ရဟန်းမှာ မိမိနှင့် အသက်အရွယ် သိပ်ကွာလှမည် မဟုတ်ပေ။ အလွန်ဆုံးဖြစ်နိုင်လျှင် မိမိထက် ငါးနှစ်လောက် သာ ကြီးပေလိမ့်မည်။ ကြည့်ရင်းကြည့်ရင်းနှင့် သည်ရဟန်း တော်၏ အပေါ်ဝယ် သူ့စိတ်များက ညွတ်၍ညွတ်၍ ဝင်လာ ကြ၏။ သို့သော်သူ့အဖို့ သာမန် တိုင်းသူပြည်သားများကဲ့သို့ အလွယ်တကူ မဆုံးဖြတ်သာ။ အဝှန်းကျယ်လှသော တိုင်းနိုင်ငံ

ကြီးကို ဦးဆောင်ဦးရွက်ပြုနေရသည်မို့ ကိုစ္စဟူသမျှကို ချင့်ချင့်ချိန်ချိန်သာ လုပ်ရပေလိမ့်မည်။ ထို့ကြောင့် ရဟန်းတော်ရှိရာ ချက်ချင်းလက်ငင်း မသွားသေးဘဲ အမှုထမ်းသုံးဦးကို လွှတ်လိုက်ရ၏။

"အချင်းတို့၊ ဤရဟန်းကိုလိုက်ပြီးစုံစမ်းကြ။ ဤရဟန်းသည် ရုပ်နိကာယ် သပ္ပါယ်လှ၏။ အလုံးအရပ် ဖွံ့ထွားမြင့်မား၏။ ကိုယ်နေကိုယ်ထား သပ်ယပ်သန့်ရှင်း၏။ အကျင့် သိက္ခာနှင့်လည်းပြည့်စုံ၏။ တောင်ပြောက် ဝဲယာ အရပ်လေးမျက်နှာကို လေးတောင်ခန့်မျှသာကြည့်၏။ မျက်လွှာချ၍ သွားခြင်းတမာန်မာနကင်းခြင်းကို ဖေါ်ပြလျှက်ရှိ၏၊ သွားချေကြ မောင်မင်းတို့။ ဤရဟန်းသွားရာကိုကိုယ်တိုင်သိအောင် စုံစမ်းချေကြ"

ဗိမ္ဗိသာရမင်းက စိတ်ရှည်လက်ရှည် အမိန့်ပေးလေသည်။ ကိုယ်နှုတ်နှလုံး သုံးပါးစုံ စောင့်စည်းလျှက် ဆွမ်းခံ၍နေသော အလောင်းတော်၏ သပိတ်တွင် မကြာခင် ဆွမ်းများပြည့်၍ လာ၏။ ရလေသမျှ ဆွမ်းများကိုသယ်ဆောင်ကာ ပဏ္ဍဝ တောင်ခြေသို့ လှမ်းကြွ၍လာခဲ့၏။

## ဗိမ္ဗိသာရမင်း လိုက်လာပြီ

တောင်ခြေရှိ ရေအိုင်တခုအနီးဝယ် ရလာသမျှ ဆွမ်းများကို မျှတစွာ ဘုဉ်းပေးပြီးချိန်တွင် ဗိမ္ဗိသာရမင်းကြီး၏ ရထားသံကို ကြားလိုက်ရ၏။ အလောင်းတော်ကို လှမ်းမြင်ရသော နေရာမှာပင် ရထားကိုရပ်ကာ ဗိမ္ဗိသာရမင်းကြီးသည် ခြေလျှင်လျှောက်လာခဲ့၏။ မင်းမှုထမ်းများ၏ စုံစမ်းချက်အရ ဤသူမှာ အယောင်ဆောင် သူတော်ကောင်းမဟုတ်။ ပရိယေသန ဝမ်းစာ

ရေးကြောင့် ရဟန်းပြုလာသူလည်းမဟုတ်။ ဤသူ၏ သွားပုံ သာပုံ ကြည့်ပုံ ရှုပုံတို့ ဣန္ဒြေရလှသည်ကိုထောက်၍ အောက်တန်းစားလည်းမဖြစ်နိုင်။ ဤသို့ပြည့်စုံတိကျစွာ သိရသဖြင့် အဆောတလျင် လိုက်လာရခြင်း ဖြစ်ပေသည်။

မပွင့်ခင်က ပန်နှင့်သည်

ဗိမ္ဗိသာရမင်းသည် ရဟန်းတော်၏အထံသို့ ရိုသေစွာ ချဉ်းကပ်၍ နှုတ်ဆက်စကားများပြောဆိုကာ ရိုသေစွာ လျှောက်ထား၏။

"အရှင်ဘုရား၊ အရှင်ဘုရားသည် ပျိုမြစ်နုနယ်၊ ပထမအရွယ်၌သာ ရှိပါသေးသည်။ အသားအရေ လှပတင့်တယ်ရုံမက လုံးရပ်သဏ္ဌာန်လည်း ပြည့်စုံသူဖြစ်ပါသည်။ ခတ္တိယမျိုးနွယ် ထဲကနှင့်တူပါသည်။ အရှင်ဘုရား ခံစားနိုင်ဘို့ တပည့်တော်က စည်းစိမ်ဥစ္စာများ ပေးအပ်ပါ၏။ အမျိုးအနွယ်ကို အမိန့်ရှိပါဦး အရှင်ဘုရား"

အထက်တန်းစား မိသားစုမှ ဆင်းသက်လာသူမှန်းတော့ သိပြီးဖြစ်ပါ၏။ သည်အထဲက ဘယ်အမျိုး ဘယ်အနွယ် ဖြစ်ကြောင်း အတိအကျသိလို၍ မေးလျှောက်ရခြင်း ဖြစ်ပေသည်။

သိလိုရေးနှင့် မေးလျှောက်သည်ကို အလောင်းတော်ကလည်း အပြည့်အစုံ ဖြေကြားပါ၏။ သို့သော် ကမ်းလင့်လာသောစည်းစိမ်များကိုကား လက်မခံပါချေ။

"မင်းကြီး၊ ငါကား ကာမဂုဏ်ကိုအလိုမရှိ။ ကာမဂုဏ်မှ လွတ်မြောက်ရေး အတွက်သာလျှင် ရဟန်းပြု၍လာခဲ့၏။ ကာမဂုဏ်မှ ထွက်မြောက်ရာကို မျက်မှောက်ပြုနိုင်သော ဤအကျင့်မှာ ငါ့စိတ် မွေ့လျော်ပျော်ပိုက်၍ နေပေပြီ"

"ကောင်းလှပါပြီ အရှင်ဘုရား။ အရှင်ဘုရား အလိုရှိရာ ပန်းတိုင်သို့ ရောက်သည့်အခါမှသာ တပည့်တော်တို့ တိုင်းနိုင်ငံသို့ ကြွလာတော်မူပါ"

သမဏဘောင်ရောက်လာချိန်တွင် ပဌမဦးစွာ လျှောက်လာသော ဒါယကာတဦးအား အလောင်းတော်က ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံကတိပေးလိုက်ပြီး ဖြစ်ပေသည်။

(သုတ္တနိပါတ်၊ မဟာဝဂ်၊ ပဗ္ဗဇ္ဇာသုတ်)။

* * *

## အိုဘယ့် ယသော်ဓရာ

### ကျေနပ်သော ကျမျက်ရေ

ရဟန်းတော် သိဒ္ဓတ္ထသည် မဂဓတိုင်းကြီးရှင်ဘုရင် ဗိမ္ဗိသာရ၏ ကမ်းလှမ်းချက်ကိုပင် ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ချေပြီ။ ဤသတင်းကိုကြားရသဖြင့် နောင်တော်သိဒ္ဓတ္ထ နောက်ကြောင်းတပန် ပြန်လာလေဦးမည်လား ဟူသော မျှော်လင့်ချက်များ ဆုံးခန်းတိုင်သွားကြပြီ ဖြစ်ပေသည်။

သုဒ္ဓေါဒန် မဟာရာဇာ၊ မဟာပဇာပတိ ဂေါတမီတို့သည် သားတော်အတွက် ကျမျက်ရည်ကို အနိုင်နိုင် သိမ်းဆည်းကာ နိုင်ငံတော်၏ တာဝန်များကို ဂရုမပျက် ဆက်လက်ဆောင်ရွက်ကြရ၏။ သည်လိုနေရင်းက သားတော်၏ သတင်းစကားများကို

နားစွင့်၍ နေကြရ၏။ ဘုရင်ဗိမ္ဗိသာရ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်စဉ်က မိမိတို့မြော်လင့်ချက် ပျက်ပျယ်ခဲ့ရသည်မို့ ဝမ်းနည်းရသည် မှန်ပါ၏။ သို့သော် သကျတိုင်း နိုင်ငံငယ်မှ မင်းသားတပါးသည် အဝှမ်းကျယ်စွာသော တိုင်းပြည်ကြီးမှ ကမ်းလှမ်းချက်ကိုလည်း လက်မခံပါချေ။ ဤသည်မှာ မိမိတို့ နိုင်ငံနှင့် အမျိုးကို ဂုဏ်ဘင်ပေးရာရောက်သဖြင့်မျက်ရေစက်လက် နှင့် ကျေနပ်မိ၏။ သားတော်အတွက် မျက်ရေကြားမှ ဂုဏ်ယူရ ဆကဲ့သို့ ချွေးမတော် ယသော်ဓရာ အတွက်လည်း ကျမျက်ရေ တွေတွေစီးလျှက်ပင် ဂုဏ်ယူကြရပါချေ၏။

မပိုင်ချင်သူနှင့် ဆိုင်ချင်သူ

လင်ပစ်မလေးတယောက်အဖြစ်မျက်နှာမငယ်ပါစေနှင့်တော့ ဟု ဒေဝဒဟမိဘဆွေမျိုးများက မိဘရပ်ထံပြန်လာဘို့ကမ်းလှမ်း ကြပါ၏။ လူကိုယ်တိုင်လာ၍ ခေါ်ကြပါ၏၊ ယသော်ဓရာကား ကပိလဝတ်က လုံးဝမခွာလို။ မောင်တော်သိဒ္ဓတ္ထက မိမိနှင့်တကွ သားတော်လေးကိုပါ မတွယ်မတာ စွန့်ခွာသွားခဲ့သော်လည်း မိမိကိုယ်ကိုကား မောင်တော်သိဒ္ဓတ္ထ ပိုင်ဆိုင်သူ တယောက်ဟူ၍သာ သတ်မှတ်ထား၏။

တဦးသောသူစာ မပိုင်ချင် မဆိုင်ချင်တော့၍ လွတ်ရာကျွတ် ရာသို့ မျက်နှာလွဲ၍ သွားခဲ့၏။ တယောက်သော သူကတော့ ထိုသူရှိရာသို့ မျက်နှာမူကာ ထိုသူနှင့်တစုံတရာ ပတ်သက်နေသေး သကဲ့သို့ ရှိဘိ၏။

အလေ့ာင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ် စွန့်စာ ဖန်ရည်ဆိုးအဝတ်များ ဝတ်ဆင်ပြီဟု ကြားသည့်အချိန် မှစ၍ သူကလည်း ဖန်ရည်ဆိုးအဝတ်များကို ဝတ်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမစား နံနက်စာ တထပ်တည်းသာ စားတော့ကြောင်း သိရသည်တွင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲ၍ နေခဲ့၏။

အလောင်းတော် မင်းသားက ကုတင် ညောင်စောင်းမပါ မြေပေါ်မှာ အိပ်ခနေတော့သည် ဆိုသဖြင့် သူကလည်း ကြမ်းပေါ်မှာ အိပ်ခဲ့၏။

အလောင်းတော်မင်းသားသည် ပန်းနံ့သာ လိမ်းကျံခြင်း မရှိတော့သဖြင့် မိန်းမသားတို့၏ သည်းခြေကြိုက် လိမ်းစရာခြယ်စရာများကို ပယ်စွန့်၍ ထားလိုက်၏။

မျက်ရေကြားမှာ ဂုဏ်ယူရသည် ယသော်ဓရာ။ သည်လိုဂုဏ်ယူစရာ လင့်အပေါ် တွယ်တာလှသော ယသော်ဓရာကြောင့် ပင်လျှင် လူကြီးမိဘများ ရင်ထုမနာဖြစ်ကြရပေသည်။

အိုဘယ့် ယသော်ဓရာ အိုဘယ့် လွမ်းဆွတ်သူ

သူ့အတုကိုလိုက်ပြီး ယခုလို အဆင်းရဲ အပင်ပန်းခံခြင်းဖြင့် သူနှင့် တစုံတရာ အဆက်အသွယ် ရှိနေသေးသည်ဟု ထင်မိ၏။ သည်အထင်ဖြင့် ကိုယ့်စိတ်ကို ဖြေဘိ၏။ စွန့်ခွာသူက ဥရုဝေလတောကြီးတွင် ယခုသဲကြီးမဲကြီး ကြိုးစားအားထုတ်၍ နေချေပြီ။ ဤသို့ကြိုးစားခြင်းမှာ သင်နှင့်တကွ လောကကြီးတခုလုံးကို အပြီးအပိုင် ပယ်စွန့်နိုင်ရန်ဖြစ်၏။ ဤအချက်မှာတော့ သင်အတုလိုက်၍ ကျင့်နိုင်ပါဦးမည်လော။

(အပဒါန်း အဋ္ဌကထာ သန္တိကေနိဒါန်း။ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝင်)

* * *

## ခမည်းတော်ကြီး အလွမ်းပြေ

### မရေရာသော သတင်းစကားများ

ဥရုဝေလတောကြီးသို့ အလောင်းတော် ဝင်သွားပြီးနောက် ရံဖန်ရံခါမှသာ သတင်းများ ရောက်လာပါတော့သည်။ အချို့သတင်းများမှာ အလောင်းတော် စကြံဦးမှာ အားပြတ်၍အနေသည်ဟု ဆိုကြ၏။ အချို့သတင်းများကတော့ လဲနေခြင်းမဟုတ် ရဟန္တာဖြစ်သွား၍ မလှုပ်မယှက်နေသည်ဟု ဆို၏။ အချို့သတင်းများကတော့ လဲရာက ပြန်မထလာတော့ဘဲ သေဆုံးပြီဟု ဆို၏။

ခမည်းတော် သုဒ္ဓေါဒန မဟာရာဇာကတော့ ရည်မှန်းထားသည့် ပန်းတိုင်မရောက်မချင်း သူ့သားတော် မသေနိုင်ဟု ယုံကြည်ထား၏။ သို့သော် သေလုမျောပါး အခြေအနေထိအောင် အပြင်းအထန် ဒုက္ခခံ၍ ကျင့်နေကြောင်းကား ပေါ်လွင်၍ နေပါပြီ။

ကပိလဝတ်မှာ ကျန်ရစ်ကြသော ကျွန်ုပ်တို့ ညီတော်နောင်တော်များမှာ အလောင်းတော်ဆီ လိုက်သွားဘို့ တကဲကဲဖြစ်နေကြရ၏။ တောထဲတောင်ထဲမှာ ဆွေမရှိမျိုးမရှိ အတိဒုက္ခခံစားနေရမည့် မိမိတို့နောင်တော် မိမိတို့ညီတော်အား ဝိုင်းဝန်းပြုစုနေကြဘို့ စီမံကြ၏။

### စိတ်ချမ်းသာသလို နေပါစေ

သို့ စီမံလိုက်တိုင်းပင် သုဒ္ဓေါဒန မဟာရာဇာက တားမြစ်ခဲ့ပေသည်။

"ငါ၏ တူတော် သားတော်တို့၊ သားတော် သိဒ္ဓတ္ထ တဦး ဘည်း ထွက်ခွာသွားခြင်းမှာ လွတ်လပ်စွာ တရားရှာလို၍ပင် ဖြစ်ပေသည်။ တရားပေါက်ပိုင် သိမြင်နိုင်ရေးကို အလေးထား သဖြင့်သာလျှင် ဆွေမျိုးမိဘများနှင့် ဝေးရာသို့သွားခဲ့ခြင်းဖြစ် သည်။ တိုင်းပြည် မြို့ရွာ သံယောဇဉ်ကင်းရာသို့ တမင်တကာ ရွေးချယ်၍ သွားခဲ့ခြင်းဖြစ်သည်။ သည်က သွေးချင်းသားချင်း သံယောဇဉ် မကင်းသူများက သွား၍ပူစုကြလျှင် သူ့စိတ်မှာ အနှောက်အယှက်ဖြစ်နိုင်သည်။ သည်တော့ သည်အသိုက်အဝန်း က လူဆိုလျှင် သူလုံးဝလက်ခံမည်မထင်၊ မောင်ဆန့်ကို အမိန့် သံ ပြင်းပြင်းနှင့် နှင်လွှတ်ခဲ့ပြီ မဟုတ်ပါလား"

## ပဥ္စဝဂ္ဂီရဟန်းများ

"သို့သော်လဲ တူတော် သားတော်တို့ သင်တို့ နောင်တော် သင်တို့ ညီတော်အတွက် စိတ်သက်သာစရာတခု ယခုပြောပြနိုင် ပါပြီ။ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိဟု အမည်တွင်သော ပဥ္စဝဂ္ဂီရဟန်းများက သားတော် ရဟန်းနှင့် အတူရှိနေကြောင်း သတင်းကောင်းတခု ရောက်၍ လာပါပြီ။ ပဥ္စဝဂ္ဂီရဟန်းများက သားတော်ကို ဆွမ်းခံ၍ ကျွေးကြသည်။ ရေပူရေချမ်း ကမ်းလှမ်း ကြသည်။ ခြေဆုတ် လက်နယ် ပြုကြ သည်။ ဆွေမတော် မျိုးမဆက် တရားနာရန် မြော်လင့်ချက်ဖြင့် ပြုစုနေကြခြင်း ဖြစ်ပေသည်။

"ငါတို့ အသိုက်အဝန်းကို သူစွန့်ခွာသွားသည့်အခါ ငါတို့ မှာ ဟာလာဟင်းလင်းဖြစ်နေရစ်ရ၏။ စွန့်သူခွာသူကိုယ်တိုင်မှာ တော့ သံယောဇဉ်မဖက်သည့် အသိုက်အဝန်းက ရှိမြဲပင်ရှိ၍နေ

ခဲ့သည်။ သည်တော့ ခမည်းတော်ကိုယ်တိုင်လည်း သားတော် အပေါ် သဘောပေါက်လာပြီ။ နားလည်လာပြီ တူတော် သားတော်များ”

ကမ္ဘာ့လူသား အားလုံးအတွက်

“ငါ၏သားတော် သိဒ္ဓတ္ထသည် ငါတို့ သကျများအတွက် သက်သက်မဟုတ် ငါတို့၏ အမျိုးအနွယ် နယ်နိမိတ်ကို ကျော် လွန်၍ သွားချေပြီ။ ကမ္ဘာမြေပြင်ပေါ် ရှိလူသားမျိုးနွယ် အား လုံး အတွက် ဖြစ်နေချေပြီ။ ယခုလက်ရှိ လူသားမျိုးနွယ်များ လာလတံ့သော လူသားမျိုးနွယ်များအတွက် အတိုးမဖြတ်နိုင် သည့် ကျောက်မြက်ရတနာတဆူကို ငါတို့များ ပေးလိုက်ကြရ ချေပြီ။

“သည့်အတွက် ငါတို့သကျများ ဂုဏ်ယူကြပါစို့၊ သား တော်၏ သတင်းများကို နားစွင့်၍နေကြပါစို့”

(မဇ္ဈိမ ပဏ္ဏာသ၊ မောဓိရာဇကုမာရသုတ်)

*　　*　　*

## တောရပ်မြို့ပေါ် ခြောက်နှစ်ပျော်၍

ဇာတ်ကြောင်းပြန် ဒေသနာ

ဥရုဝေလတောကြီးသို့ ကျွန်ုပ်တို့တတွေ လိုက်ပါခွင့်မရှိတော့ ပြီ။ ထိုအရပ် ထိုနယ်မြေမှာလည်း ကျွန်ုပ်၏ မိတ်ဆွေ ရင်းချာ များမရှိပြီ။ ထို့ကြောင့် နောင်တော် ဘုရား တရားကျင့်ပုံ အတိ ဒုက္ခ ခံစားရပုံများကို ကျွန်ုပ်တို့ ကပိလဝတ်မြို့တော်မှ တိကျ

ခိုင်လုံသောသတင်းများ မရနိုင်တော့ပါ။ ဘုရားအဖြစ် ရောက်တော်မူပြီးနောက် ဗောဓိမင်းသား၏ အိမ်တော် မင်္ဂလာတွင် ကိုယ်တော်တိုင်က ဇာတ်ကြောင်းပြန် ဟောကြားတော်မူခါမှ ကျွန်ုပ်တို့ ပြည့်ပြည့်စုံစုံ သိခွင့်ရကြပေသည်။

"မင်းသား တောထွက် လာစဉ်က ငါ၏ အသက် အရွယ် ငယ်ငယ်သာ ရှိသေး၏။ ငါ၏ ဆံပင်များသည် ဖြူ နီ ကြောင်ကျား မရှိ၊ နက်မှောင်၍ နေကြ၏။ တသက်တာ၏ ပထမပိုင်း အချိန်အရွယ် ကောင်းတုန်းဝယ် မျက်ရည်စက်သက် ရှိကြသော မိဘဆွေမျိုးများကို စွန့်ခွာ၍လာခဲ့၏။ ဆံမုတ်ဆိတ်ကို ပယ်ကာ ဖန်ရည်ဆိုးသည့် အဝတ်သင်္ကန်းများဝတ်ဆင်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏"

## ပထမဆရာ အာဠာရ

"လူ့ဘောင်စွန့်ခွာ လွတ်ကြောင်းရှာ၍လာခဲ့သော ငါသည် ပထမဦးစွာ အာဠာရ ကာလာမ ထံ ချဉ်းကပ်ခဲ့၏။ သူ၏ တရားလမ်းစဉ်အတိုင်း ကျင့်သုံးခွင့်ပြုပါရန် ပန်ကြားခဲ့၏။ အာဠာရ ကာလာမက ငါ့ကို လိုလိုချင်ချင် ဖိတ်ခေါ်ကာ သူ၏ တရားလမ်းစဉ်များကို သင်ကြားစေ၏။ အတန်အသင့် သင်ကြားရုံဖြင့်ပင် အာဠာရ ကာလာမသည် အပြောမဟုတ်၊ ဤတရား လမ်းစဉ်ကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်ထားသူဖြစ်ကြောင်း ငါယုံကြည်စိတ်ချခဲ့၏။

"အာဠာရ ကာလာမ၏ အထွတ်အမြတ်ဆုံး တရားသည် အာကိဉ္စညာယတနစျာန်ဖြစ်၏။ အရူပစျာန်လေးပါးမှ တတိယစျာန် ဖြစ်၏။ ဤစျာန်သို့ ဆရာဖြစ်သူနှင့်ထပ်တူဆပ်မျှ ရောက်

ရှိလာသော ငါသည် ဆရာဖြစ်သူထံ ဤအကြောင်း ပြောကြားခဲ့၏။ အာဠာရ ကာလာမ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေသည်’

“ငါ့ရှင်၊ ငါ့မှာ အရတော်လေစွ၊ သီတင်းသုံးဖော်တဦးကို အရထူးလေစွ။ ငါသိသောတရားကို သင်သိ၏။ သင်သိသောတရားကို ငါသိ၏။ ငါသည် သင်နှင့်တူဘိ၏။ သင်သည်လည်း ငါနှင့် တူဘိ၏။ ကောင်းပြီ၊ သည်အချိန်မှစ၍ သည် တပည့်ပရိသတ်ကို ငါတို့ နှစ်ပါး အတူ ပေါင်းပြီး ဦးဆောင်ကြပါစို့”

“ဆရာတဆူဖြစ်ခဲ့သော အာဠာရ ကာလာမက သူ့တပည့်ဖြစ်ခဲ့သော ငါ့ကို သူနှင့်ထပ်တူ ပြုခဲ့ပေသည်။ နေရာတကာ ငါ့ကိုသာ ဦးစားပေးခဲ့ပေသည်။

“မင်းသားထိုသို့ဦးစားပေးခဲ့သော်လည်း အာဠာရကာလာမထံမှ ငါသည် စွန့်ခွာ၍လာခဲ့၏။ ငါရှာနေသည့်တရားက ချုပ်ငြိမ်းရာ နိဗ္ဗာန်တရား၊ သည်မှာ အလွန်ဆုံးရနိုင်လျှင် အာကိဉ္စညာယတနစျာန် မျှသာ၊ ထိုစျာန်မျှဖြင့် အားမရ မတင်းတိမ်၍ တရားရှာ ထွက်လာခဲ့ပြန်လျှင် ဥဒကရာမပုတ္တနှင့် တွေ့ရပြန်၏”

## ဥဒကကိုလည်း ခွါခဲ့ပြန်သည်

“မင်းသား၊ ဥဒကရာမပုတ္တ ထံမှလည်း ငါသည် နေဝသညာနာ သညာယတနစျာန်ကို ရခဲ့ပြန်၏။ အရူပစျာန် လေးပါးမှ နောက်ဆုံးစျာန်ဖြစ်၏။ လောကီစျာန် ဟူသမျှတို့၏ အထွတ်အထိပ်လည်းဖြစ်၏။ သို့ရာတွင် ချုပ်ငြိမ်းရာတရားကို ရှာလိုသေးသဖြင့် ဥဒကရာမပုတ္တကိုလည်း စွန့်ခွာ၍ လာခဲ့၏။

## ဘူမိနက်သန် နေရာမှန်

"ဟိမဝန္တာ တောင်ခြေ၌ တောင်တန်းကြီးများ တည်ရှိ၏။ ငါသည် မဂဓတိုင်းတခွင် လှည့်လည်၍နေရာ တနေ့သောအခါ ဥရုဝေလ တောအုပ်သို့ ဆိုက်ရောက်လာခဲ့၏။ သေနာနိဂုံးသို့ ချဉ်းကပ် လာခဲ့၏၊ သည်အရပ် သည်မြေအနေအထားက မွေ့လျော်ဘွယ် ရှိ၏။ တောအုပ်ကလည်း တင့်တောင့်တင့်တယ်ရှိ၏။ ငြိမ်းငြိမ်း သာသာစီးဆင်းနေသော မြစ်ငယ်တွင် ရေသည်သန့်ရှင်း ကြည် လင်၏။ ဆိပ်ကမ်းသည်ပြေပြေလျောလျောရှိ၏။ ပတ်ဝန်းကျင် တဝိုက်မှာလည်း ဆွမ်းခံရာများရှိနေကြ၏။သည်နေရာကားတရား အားထုတ်ဘို့ အကောင်းဆုံးပေတည်း။

"မင်းသား။ ဤသို့တရားအလုပ် အားထုတ်စဉ်ဝယ် ဥပမာ သုံးမျိုးထင်မြင်လာကြ၏။ ရှေးယခင်က တခါမျှ မထင်လာ ခဲ့သော ဥပမာများဖြစ်ကြ၏။

## ထင်းစိုစို ရေစိုစို

"မင်းသား၊ သင့်ကိုဥပမာတခု မေးပါရစေ။ လူတယောက် သည် စိုလည်းစို၍ ရေထဲမှာနှစ်ထားခဲ့သော ထင်းချောင်း၌ ပွတ်ကျည်ကိုတင်၍ ပွတ်လျှင် မီးထွက်လာမည်လား"

"မလာနိုင်ပါဘုရား။ ပင်ပန်းရုံသာ ဖြစ်ပါလိမ့်မည်"

"မင်းသား၊ အကြောင်းမည်သို့ရှိသနည်း"

"အရှင်ဘုရား၊ သူမီးပွတ်သောထင်းချောင်းသည် စိုလည်း စိုပါ၏။ ရေထဲမှာလည်းနှစ်ထားခဲ့ပါ၏။ ထိုအကြောင်း နှစ်ပါး စုံကြောင့် ဖြစ်ပါသည်ဘုရား"

"မင်းသား၊ များလှစွာသော သမဏ ဗြာဟ္မဏ တို့သည် ထို အတူသာပင်ဖြစ်၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ် မှာကပ်ငြိ၍ နေကြ၏။ ကာမဂုဏ်အာရုံ ဆာလောင်မွတ်သိပ် ခြင်းကိုလည်း ကိုယ်ပိုင်အသိဉာဏ်ဖြင့် မပယ်နိုင်။ မငြိမ်းနိုင် ဖြစ်နေကြ၏။ ထိုသူတို့သည် ပြင်းထန်စွာကြိုးစားကြ၍ ဒုက္ခ ကြီးစွာခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာ အသိဉာဏ်ကို မရနိုင်"

ရေကမစို ထင်းကစို

"မင်းသား၊ နောက်ဥပမာတခု ပေးပါရစေ။ လူတယောက် သည် ရေထဲမှာမထားခဲ့သော ထင်းစိုစိုတွင် ပွတ်ကျည်ကိုတင်၍ မီးပွတ်လျှင်ကော မီးထွက်လာမည်လား"

"မလာနိုင်ပါဘုရား။ ပင်ပန်းရုံမျှသာ ရှိပါလိမ့်မည်"

"မင်းသား၊ အကြောင်းမည်သို့ ရှိသနည်း"

"အရှင်ဘုရား သူမီးပွတ်သော ထင်းချောင်းသည် ရေထဲမှာ မထားခဲ့သည်ကားမှန်ပါ၏။ သို့သော် ထင်းစိုဖြစ်၍နေပါသည်။ ထိုအကြောင်းကြောင့် ဖြစ်ပါသည် ဘုရား"

"မင်းသား များစွာသော သမဏ ဗြာဟ္မဏတို့သည် ထို အတူ သာ လျှင်ဖြစ်၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ်တို့မှ ခွာရှဲ၍ နေကြ၏။ သို့သော် ကာမဂုဏ်အာရုံ ဆာလောင် မွတ် သိပ်ခြင်းကိုကား ကိုယ်ပိုင်အသိဉာဏ်ဖြင့် မပယ်နိုင် မငြိမ်းနိုင် ဖြစ်နေကြ၏။ ထိုသူတို့သည် ပြင်းထန်စွာ ကြိုးစား၍ ဒုက္ခကြီး စွာ ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ၊ လောကုတ္တရာ အသိဉာဏ်ကို မရနိုင်။

## ထင်းခြောက်ခြောက် ရေခြောက်ခြောက်

"မင်းသား၊ နောက် ဥပမာတခုအတွက် မေးပါရစေ။ လူတယောက်သည် ရေမစိုသောထင်းခြောက်ပေါ်တွင် ပွတ်ကျည်ကို တင်၍ မီးပွတ်လျှင် မီးထွက်လာမည်လား"

"မှန်ပါ၊ ထွက်လာပါလိမ့်မည်ဘုရား"

"မင်းသား၊ အကြောင်းမည်သို့ ရှိသနည်း"

"အရှင်ဘုရား၊ သူမီးပွတ်သော ထင်းချောင်းသည် ခြောက်လည်း ခြောက်သွေ့နေပါသည်။ ရေနှင့်လွတ်ရာဝေးရာမှာလည်း ထားခဲ့ပါသည်။ ထိုအကြောင်း နှစ်ပါးစုံကြောင့် ဖြစ်ပါသည်ဘုရား"

"မင်းသား ထို့အတူသာ ဖြစ်သော သမဏ ဗြာဟ္မဏတို့ မြောက်မြားစွာရှိကြ၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ်တို့မှ ခွာရှဲ၍ နေကြ၏။ ကာမဂုဏ်အာရုံ ဆာလောင် မွတ်သိပ်ခြင်းကိုလည်း ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပယ်ပြီး ငြိမ်းပြီး ဖြစ်ကြ၏။ ထိုသူတို့သည် ပြင်းထန်စွာ ကြိုးစား၍ ဒုက္ခကြီးစွာ ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာ အသိဉာဏ်ကို ရနိုင်ကြ၏။

## ထွက်သက် ဝင်သက် ချုပ်တည်းခြင်း

"မင်းသား ထိုသို့စဉ်းစားခဲ့ပြီးသော ငါသည် သွားကိုသွားဖြင့် ကြိတ်ကာ အာခေါင်ကို လျှာဖျားထောက်လျက် အကုသိုလ်စိတ်များကို ဖိနှိပ်ကျိတ်ချေခဲ့၏။ အကုသိုလ်များ ခြောက်ခန်းသွားအောင် ကြိုးစားခဲ့၏။ ထိုအခါ အားဆောင်းမောင်းသန်

ယောက်ျားတယောက်က အားမရှိသော ယောက်ျားတယောက်ကို ဖိနှိပ်ကျိတ်ချေ ပူလောင်စေသကဲ့သို့ ဝေဒနာပြင်းစွာ ခံစားရ၏။ ချိုင်းကြားမှ ချွေးများ ထွက်လာ၏”

“မင်းသား ထို့နောက် ငါသည် အသက်မရှူဘဲ ချုပ်တည်း၍ နေခဲ့၏။ ထွက်လေ ဝင်လေများ မထွက် မဝင် နိုင်အောင် ပါးစပ်ရော နှာခေါင်းပါပိတ်ပင်ထားခဲ့၏။ ထိုအခါ ဖားဖိုကြီးမှ ကြီးစွာသော လေသံထွက်သကဲ့သို့ နားထဲမှ အသံကြီးစွာ ထွက်၍လာ၏”

“မင်းသား၊ ငါသည်ထိုအကျင့်ကိုပင် ဆက်လက်၍ ကျင့်ခဲ့၏။ ပါးစပ်နှင့် နှာခေါင်းပါမက နားကိုပါ ပိတ်ပင်၍ထားလိုက်၏။ ထိုအခါ ဆောက်သွားထက်ထက်ဖြင့် ဦးခေါင်းကို ထိုးဆွသကဲ့သို့ အတွင်းလေတို့က ဦးခေါင်းကို ထိုးဆွ၍လာကြ၏”

“မင်းသား၊ ငါသည်ထိုအကျင့်ကိုပင် ဇွဲလုံ့လကြီးစွာ ဆက်လက်၍ ကျင့်ခဲ့၏။ ပါးစပ်နှာခေါင်းနှင့် နားများကို ပိတ်မြဲတိုင်းပိတ်ပင်၍ ထားခဲ့၏။ ထိုအခါ အားကောင်းမောင်းသန် ယောက်ျား တယောက်က အခြားတယောက်၏ ခေါင်းတွင် သားရေကြိုးဖြင့် အလွန်အမင်းတင်းကြပ်စွာ ချည်နှောင်ရစ်ပတ်သကဲ့သို့ ဦးခေါင်းဝေဒနာများ ခံစားလာရ၏”

“မင်းသား၊ ငါသည်ထိုမျှဖြင့်ပင် အလျှော့မပေးသေးပေ။ ၎င်းအကျင့်ကို ဆက်လက်၍ကျင့်၏။ လေထွက်ပေါက် များကို ပိတ်မြဲပိတ်ပင်ထားခဲ့၏။ ထိုအခါ နွားသတ်သမား၏ ဓားထက်ထက်သည် ဝမ်းတွင်းသားများကို လှီးဖြတ်သကဲ့သို့ အတွင်းလေတို့က ဝမ်းဗိုက်ကို ထိုးကျင့်ကြကုန်၏”

"မင်းသား၊ ထိုမျှဖြင့် မဆုတ်မနစ်သော ငါသည် ဤအကျင့်ကို ဆက်လက်၍ကျင့်၏။ လေထွက်ပေါက်များကို ပိတ်မြဲတိုင်း ပိတ်ပင်ထားခဲ့၏။ ထိုအခါ အားကောင်းမောင်းသန် ယောကျ်ား နှစ်ယောက်က အားသေးသော ယောကျ်ားတယောက်ကို လက်မောင်းမှကိုင်ဆွဲကာ မီးကျီးတွင်းရဲရဲမှာ ကင်ကြသကဲ့သို့ ငါ၏ တကိုယ်လုံး အလွန်အမင်း ပူလောင်၍နေပေသည်"

## အစားအစာ လွန်မင်းလျှော့ချခြင်း

"မင်းသား၊ ငါသည်ထိုမျှဖြင့်အားမရသေးဘဲ အစားအစာကိုလျှော့၍ လျှော့၍သာစားလာခဲ့၏။ ပဲပြုတ်ရေ၊ဟင်းရွက်ပြုတ်ရေတလက်ခုတ်စာမျှသာ စားသုံး၏။ ထိုသို့အစားအစာ နည်းပါးစွာစားသုံးလာသဖြင့် ငါ၏ ခန္ဓာကိုယ်သည် အလွန့်အလွန် ပင်ပန်းလှ၏။ ငါ၏အင်္ဂါကြီးငယ်တို့သည် နွယ်ပုပ်နွယ်ငန်း၏ အဆစ်ကဲ့သို့ ဖြစ်ကုန်၏။ ငါ၏တင်ပါးတို့သည် ကုလားအုပ်ခြေထောက်ကဲ့သို့ တွန့်လိမ်ရှုံ့တွ၍နေကြ၏။ ငါ၏ခါးရိုးဆစ်တို့သည် ပုတီးလုံးများကဲ့သို့ နိမ့်မြင့်မညီဖြစ်နေကြ၏။ ငါ၏နံရိုးတို့သည် ဇရပ်ပျက်၏အခြင်ရန်ယ်များကဲ့သို့ ဖရိုဖရဲဖြစ်နေကြ၏။ ငါ၏ မျက်လုံးတို့သည် ရေတွင်းထဲမှ ကြယ်တာရာ အရိပ်ကဲ့သို့ လွန်မင်းစွာ နက်ရှိုင်း၍နေကြ၏။ ငါ၏ဦးခေါင်းသည် နေ ခြောက်လှမ်းထားသော ဗူးသီးနုကဲ့သို့ မြင်မကောင်း ရှုမကောင်း ဖြစ်၍နေ၏။

"မင်းသား၊ ထိုမျှအပြင်းအထန် လေ့ကျင့်ခဲ့သော ငါသည် ဝမ်းဗိုက်ရေဟူ၍ သုံးသပ်သည့်အခါ ခါးရိုးကို သုံးသပ်မိ၏။ ခါးရိုးဟူ၍ သုံးသပ်သည့်အခါ ဝမ်းဗိုက်ရေကို သုံးသပ်မိ၏။

ဝမ်းဗိုက်ရေသည် ခါးရိုးမှကပ်၍နေချေပြီ။ ကျင်ကြီးကျင်ငယ်စွန့်မည်ပြုသောအခါ ထိုနေရာမှာပင် မှောက်လျက် လဲကျလေတော့သည်။ ထိုမှမိမိဘာသာ သက်သာအောင်ပြု၍ ကိုယ်ပေါ်မှာ လက်နှင့်စမ်းလိုက်သောအခါ အမြစ်ဆွေးနေသော အမွေးများ ကျွတ်ပါလာကြလေတော့သည်”

(မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်)

* * *

ခါတော်တပုံ ပွင့်ချိန်ကြိုက

ထင်သာထင် မမြင်

ခန္ဓာကိုယ်တခုလုံး ညက်ညက်ကျေ၍ သေလုမျောပါး ခံစားခဲ့သော ဒုက္ခဝေဒနာများမှာ ထိုစဉ်ကအထင်မှားခဲ့မှု၏ ရလာဒ်ဖြစ်ပေသည်။ ချမ်းသာသည့်အကျိုးတရားကို ချမ်းသာသော အကျင့်ဖြင့်မရနိုင်။ ဆင်းရဲပင်ပန်းစွာ ပင်ပန်းခြင်း တကာတို့ထက် လက်လွမ်းမမှီနိုင်လောက်အောင် အဆင်းရဲ အပင်ပန်းခံနိုင်မှ ရနိုင်မည်ဟု ထင်မှားခဲ့၍ ဖြစ်ပေသည်။

ဤအမှားလမ်းစဉ်ကြီးကို ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့သဖြင့် ဤအခြေအနေသို့ ရောက်လာခဲ့၏။ သည့်ထက်သည်တို့၏ ကျင့်

လိုက်လျှော်တော့ တရားမှမြင်ဘဲ သေပွဲဝင်ရသော မှီတော့သည်။ ရှေ့သို့အသေခံကာ ဇွတ်မှိတ်၍ တိုးမည်လော။

## အမှားကိုမြင် အမှန်ဝင်

အလောင်းတော်အတွက်မှာ၊ ကမ္ဘာလောကကြီး အတွက် ပါ၊ ကုသိုလ်ကံ ထောက်မလိုက်သည်ဟု ဆိုရပါတော့မည်။ အဆင်းရဲအပင်ပန်းခံသည့် လမ်းစဉ်မှားကြီးကို လက်စွမ်းကုန် ကျင့်ခဲ့ပြီး၍ မသေရုံတမည် ကျန်နေသော အလောင်းတော်သည် ထိုနေ့ထိုရက်တွင် စိုက်လိုက်မတ်တတ် ကျင့်လာခဲ့သော အကျင့်များကို ပြန်လည်သုံးသပ်မိပေသည်။ ဤအကြောင်း များကို ဘုရားရှင်က ဗေါဓိမင်းသားအား ဆက်လက်၍ ဟောကြား တော်မူသည့်အတိုင်း တင်ပြလိုက်ပါသည်။

## သဘောထား ပြောင်းသွားကြသူများ

ဤအထဲက မှတ်သားစရာ ကောင်းသည်မှာ ပဉ္စဝဂ္ဂီငါးဦး တို့၏ သဘောထားပင်ဖြစ်ပါ၏။ အစက ပဉ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်ကို ဝိုင်းငန်း၍ပြုစုခဲ့ကြ၏။ ဒုက္ကရစရိယာ ကျင့် စဉ်များကို စံချိန်တိုး၍ ကျင့်လေတိုင်း တရားပေါက်ခါနီးပြီ ထင်ကာ ကျေနပ်အားရ၍နေကြ၏။ သို့သော် အလောင်းတော် က မိမိအမှားကို မိမိဘာသာသဘောပေါက်၍ လမ်းစဉ်ပြောင်း လိုက်သောအခါ အလောင်းတော်ကို ကျောခိုင်း၍ သွားကြ လေတော့သည်။ ဤအကြောင်းများကို ဘုရားရှင်က ဤသို့ ဆက်လက်၍ ဟောတော်မူပေသည်။

## ကျွတ်ချိန်တန်သော်

"မင်းသား၊ ထိုသို့မသောရုံဘမည် ကျန်ခဲ့သော ငါသည် ဤသို့စဉ်းစားမိ၏။ အတိတ်ကာလက မိမိဘာသာ လုံ့လပြု၍ ဒုက္ခဝေဒနာကြီးကျယ်စွာ ခံစားခဲ့ရသော သမဏ ဗြာဟ္မဏတို့သည် ယခုငါခံစားခဲ့ရသသောက်သာရှိနိုင်၏။ အနာဂါတ်ကာလမှာလည်း ဤမျှလောက်သာ။ ယခု လောလောဆယ်မှာလည်း သည့်ထက်မပိုနိုင်။ သို့ပါလျှက် ဆင်းရဲပင်ပန်းလှသော ဤအကျင့်ဖြင့်လောကုတ္တရာတရားထူးကို မရနိုင်ခဲ့၊ သည်တော့တခြားလမ်းများ ရှိပါသေးသလား"

"မင်းသား၊ ဤသို့ ငါစဉ်းစားလိုက်သောအခါ ငါသည် ခမည်းတော် လယ်ထွန်မင်္ဂလာ ကျင်းပခဲ့စဉ်က အဖြစ်တခုကို သတိရမိလိုက်မိ၏၊ ထိုစဉ်ကငါသည် သပြေပင်ရိပ်ဝယ် နေထိုင်ရင်း ပထမစျာန်ကို ဝင်စား၍နေခဲ့၏။ သည်စျာန်သည် လောကုတ္တရာဉာဏ်ရရေးအတွက် လမ်းကြောင်းများ ဖြစ်လေမလားဟု တွေးလိုက်မိ၏။ ဤစျာန်ကိုအခြေခံသော လမ်းသာလျှင် အမှန်ဖြစ်ကြောင်း ငါဆက်လက် သိမြင်လာ၏။ ထို့နောက် ငါသည် သည်စျာန်ချမ်းသာကို ကြောက်များ နေလေသလားဟု ကိုယ့်ကိုယ်ကိုပြန်၍ မေးလိုက်၏။ "မကြောက်ပါ" ဟု ငါဘာသာ ပြန်၍ဖြေလိုက်၏။

## ပြန်လည်ထူထောင်ရေး

"မင်းသား၊ ဤသို့အမေးအဖြေ လုပ်ပြီးနောက် ငါ့ခန္ဓာကိုယ်၏အခြေအနေကို ငါပြန်၍သုံးသပ်မိ၏။ ဤတွင် "မတန်တဆဒုက္ခခံစား၍ လာခဲ့ရသော ဤခန္ဓာကိုယ်ဖြင့် ထိုစျာန် ချမ်း

သာကို ခံစား၍မရနိုင်” ဟု သဘောပေါက်၍လာ၏။ ထို့ကြောင့်ငါသည် ဆွမ်းနှင့်မုန့်များကိုစားသောက်ကာ ခန္ဓာကိုယ်အားကို တစတစ မွေးယူရ၏”

သူတို့ သွားကြလေပြီ

“မင်းသား၊ ထိုစဉ်က ပဉ္စဝဂ္ဂီငါးပါးတို့သည် ငါ့ကို လုပ်ကျွေး၍နေကြ၏။ “ရဟန်းဂေါတမတရားထူးရလျှင် ငါတို့ကို ပြောကြားလိမ့်မည်” ဟု သူတို့မြော်လင့်ထားခဲ့ကြ၏။ ယခုကဲ့သို့ အစားအစာ စားသောက်လိုက်သော အခါမှာကား ပဉ္စဝဂ္ဂီ ရဟန်းများက ငါ့ကို စွန့်ခွာသွားကြလေတော့သည်။ ရဟန်းဂေါတမ တရားအကျင့်ကထွက်လာခဲ့ပြီ။ လပ်လှာဘပေါများဘို့ ရှာတကာ ရပ်တကာလှည့်နေပြီ” ဟု သူတို့ယူဆ၍ သွားကြပေသည်”

ဝိဇ္ဇာဉာဏ် ၂ ခု

“မင်းသား၊ အစားအစာ စားသောက်၍ ခန္ဓာကိုယ်အားကို မွေးမြူယူပြီးနောက် ငါသည် ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ကို ဝင်စား၏”

“ထိုနောက်၊ ထိုည၏ပဌမယံတွင် ပုဗ္ဗေနိဝါသဉာဏ်ကို ရခဲ့၏။ ဘဝများစွာ ကျင်လည်ခဲ့ရသမျှကို ပြန်၍အောင့်မေ့နိုင်လေပြီ။ ထိုည၏ မဇ္ဈိမယံတွင်ဒိဗ္ဗစက္ခုဉာဏ်ကို ရခဲ့၏။ သတ္တဝါအနန္တ ထိုထိုဘဝသို့ ကံအားလျော်စွာ သွားရရောက်ရပုံများကို မျက်ဝါးထင်ထင် သိမြင်နိုင်လေပြီ”

## အာသဝက္ခယဉာဏ်

ဤသို့ လောကီချာန်များကို အခြေပြုကာ စိတ်သည် တည်ကြည်၏။ စင်ကြယ်၏။ ဖြူစင်၏။ ညစ်ညမ်းခြင်း နှောက်ယှက်ခြင်း ကင်း၏။ နူးညံ့၏။ အမှုခံနိုင်၏။ တည်ငြိမ်၏။ တုန်လှုပ်ခြင်း မရှိသည့်အဆင့်သို့ ရောက်၏။ ထိုအခါ၌ ငါသည် အာသဝတို့ ကုန်ရာ ဉာဏ်အလို့ငှာ စိတ်ကိုညွတ်ပေးလိုက်၏။ ငါသည် ဤကားဒုက္ခဟူ၍ ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။ ဤကားဒုက္ခ၏ အကြောင်းဟူ၍ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။ ဤကားဒုက္ခချုပ်ရာဟု ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။ ဤကားဒုက္ခချုပ်ရာချုပ်ကြောင်း လမ်းကြောင်းဟူ၍ ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။

### ပထမဆုံး မီးရှူးတန်ဆောင်

"ဤသို့သိသော၊ ဤသို့မြင်သော ငါ၏စိတ်သည် ကာမာသဝမှလည်းလွတ်ခဲ့လေပြီ။ ဘဝါသဝမှလည်း လွတ်ခဲ့လေပြီ။ အဝိဇ္ဇာသဝမှလည်း လွတ်ခဲ့လေပြီ။ လွတ်မြောက်ရာတရား၌ လွတ်မြောက်ပြီဟူ၍ အသိဉာဏ်ဖြစ်ခဲ့လေပြီ"

"ဇာတိကုန်ပြီ။ မြတ်သောအကျင့်ကိုကျင့်သုံးပြီးပြီ။ ပြုအပ်သောကိစ္စကိုပြုပြီးခဲ့ပြီ။ ဤနိဗ္ဗာန်ကိုရရေးအတွက် နောက်ထပ်ကျင့်စရာ၊ပြုစရာမရှိတော့ပြီ။ဤသို့ကိုယ်ပိုင်ကိုယ်တိုင်သိခဲ့လေပြီ"

"မင်းသား၊ ဝိဇ္ဇာဉာဏ် သုံးပါးရှိသည့်အနက် တတိယဖြစ်သောဤဝိဇ္ဇာဉာဏ်ကို ထိုည၌၏ ပစ္ဆိမယာမ်တွင်ရရှိခဲ့၏။ အဝိဇ္ဇာကိုပယ်ခဲ့ပြီ၊ ဝိဇ္ဇာဖြစ်ပေါ်လာပြီ။ အမိုက်မှောင်ကို ပယ်ခဲ့ပြီ။ အလင်းရောင်ထွက်ပေါ်လာပြီ။ မမေ့မလျော့ လုံ့လကြိုးကုတ်ဟုတ်တိုင်းမှန်စွာ ကျင့်သုံးမှု၏ အကျိုးတရားပေတည်း"

ကမ္ဘာလောကကြီး ဘခုလုံးအတွက် ဦးစွာပထမ ထွန်းညှိ တော်မူခဲ့သော ဆီမီးတန်ဆောင်ကို ဘုရားရှင်က ဤသို့ပြည့်ပြည့် စုံစုံ ဟောကြားတော်မူလိုက်ပေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ပေါဓိရာဇကုမာရသုတ်)

## ကဆုန်လပြည့် ဗုဒ္ဓနေ့

"ထိုညဥ့်၏" ဟူ၍ ဘုရားရှင် ရည်ညွှန်းတော်မူသည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ပင်ဖြစ်ပါ သတည်း။

ကျွန်ုပ်တို့ သာသနာ့ ဝေါဟာရအရ နေ့ကူပြောင်းမှုမှာ အရုဏ်တက်ချိန်မှာ ဖြစ်ပါသည်။ လောက အသုံးများကဲ့သို့ သန်းခေါင်ဖြင့် မသတ်မှတ်ရပါ။ ထို့ကြောင့် ထိုည၏နောက် ဆုံးအချိန် အရုဏ်မတက်သေးမီ ကာလကို ထိုကဆုန်လပြည့်နေ့ ထဲမှာပင် ထည့်သွင်းရေတွက်ရပေသည်။

## အမြတ်ဆုံးဆွမ်းတနပ်

ထိုနေ့နံနက်က သေနာနိဂုံးမှသူဌေးသမီးသုဇာတာ၏ အစေ ခံမသည် ဘုရားအလောင်းတော် ထိုင်နေရာ ပေါဓိညောင်ပင် အောက်သို့ စောစောစီးစီး ဝင်လာသည်ဆို၏။ ညောင်ပင် အောက်တွင် အမှိုက်သလင်း လှည်းကျင်းရင်း ဘုရားအလောင်း တော်ကိုမြင်ကာ အိမ်သို့ကမန်းကတန်း ပြန်၍သွား၏။ မကြာမီ သူ့သခင်မ သုဇာတာပါ နှစ်ယောက်သား ပေါ်လာကြပြန်၏။

သုဇာတာသည် အမွန်မြတ်ဆုံးသော အစီအရင်တို့ဖြင့် ချက် ထားသော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ဘုရားလောင်း သက်တော်သို့ ကပ်လှူလိုက်ပေသည်။

မိမိကပ်လှူသည့် ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးကာ အတုမရှိ မြတ်လှစွာသော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကို ရတော်မူကြောင်း သတင်းကောင်းကိုကြားရလျှင် သူ့စည်းမျှ ဝမ်းမြောက်ပေမည်နည်း။

"အာနန္ဒာ၊ အတုမရှိ မြတ်လှစွာသော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကို ရသောနေ့၊ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံသောနေ့၊ ဤနေ့ နှစ်နေ့၌ လှူဒါန်းအပ်သော ဆွမ်းနှစ်မျိုးတို့သည် တူညီမျှသော အကျိုးကျေးဇူး ရှိကြကုန်၏။ အခြားတပါးသောဆွမ်းတို့ထက် ထူးကဲသာလွန်သော အကျိုးကျေးဇူး ရှိကြကုန်၏"

ဤသို့ နောက်ဆုံးနေ့၌ အမှတ်ဘာရ ဘုရားရှင် မိန့်မှာတော်မူခဲ့သည်ကား ဤသုတ္တာ၏ ဃနာ နို့ဆွမ်းပင် ဖြစ်ပါသတည်း။

(မဟာပရိနိဗ္ဗာနသုတ်၊ စုန္ဒကမ္မာရပုတ္တာဝတ္ထု၊ အပါဒါန် အဋ္ဌကထာ၊ အဝိဒူရေ နိဒါန်း)

## ဘုရား ဖြစ်ခါ မိဂဒါသို့

### ရှုံးလေသူ နှစ်ဦး

ဗုဒ္ဓမြတ်စွာ၏ ဖြစ်တော်စဉ် များ၌ ဘုရား ဖြစ်တော်မူခန်းသည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့ ဓမ္မစကြာ တရား ဟောတော် မူခန်းလည်း ထပ်တူထပ်မျှ အရေးကြီးလှပါသည်။ ထို့ကြောင့် ဘုရားရှင် ကိုယ်တော်တိုင်က ဗောဓိမင်းသားကို ထိုအကြောင်းများ ဆက်လက်၍ ဟောတော်မူပါသည်။

အကယ်၍လောကီစျာန်အရာ၌ဆရာဖြစ်ခဲ့ကြသောအာဠာရ၊ ဥဒက ရသေ့ကြီးများ သက်ရှိထင်ရှား ရှိနေကြသေးလျှင် ဤဒေသနာကို သူတို့ဦးစွာ နာကြားရမည်ဖြစ်ပါ၏။ သို့သော်သူတို့ကား တေ့လွဲ လွဲ၍သွားကြရသည်။ အာဠာရမှာ လွန်ခဲ့သော ခုနှစ်ရက်က ကွယ်လွန်ခဲ့၏။ ဥဒကမှာကား ယမန်နေ့ ညဦးပိုင်းတွင်မှ ဖြစ်၏။ သူတို့ နှစ်ဦးအတွက် ဘုရားရှင်က "သြော်.... အရှုံးကြီး ရှုံးလေစွ" ဟု ရေရွတ်တော်မူခဲ့ရပေသည်။

ဗောဓိမင်းသားအား ဟောကြား၍ ကျနုပ်ကိုယ်တိုင် နာကြားခဲ့ရသော ဖြစ်တော်စဉ် များကို ဆက်လက် တင်ပြပါဦးမည်။

### ပဉ္စဝဂ္ဂီတို့ ရှိရာသို့

"မင်းသား၊ အာဠာရ ဥဒကတို့ ကွယ်လွန် သွားကြောင်း သိရသောအခါ ငါသည် ဘယ်သူ့အား ဦးစွာပထမ တရားဟောရပါမည်နည်း။ ဤတရားကို ဘယ်သူသည် လျင်မြန်စွာ သိနိုင်မည်နည်းဟု စဉ်းစားမိ၏။ ထိုနောက် "ပဉ္စဝဂ္ဂီ ရဟန်း

တို့သည် ငါ့အပေါ် ကျေးဇူးများခဲ့ကြ၏။ ပဥ္စဝဂ္ဂီရဟန်းတို့အား ပထမဦးစွာ တရားဟောရသော်ကောင်းလေစွ” ဟုတွေးမိ၏။ ထို့ကြောင့် ပဥ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီအနီး ဣသိပတန အမည်ရသော မိဂဒါဝုန်တောသို့ ငါကြွချီလာခဲ့၏။

## ရှင်ဆိုင်တွေ့လျှက် လွဲခဲ့သူ

“မင်းသား၊ ဥပကအမည်ရှိသော အာဇီဝကသည်ဂယာနှင့် ဗောဓိပင်အကြား ခရီးသွားနေစဉ် ငါနှင့်တွေ့သဖြင့် “ငါ့ရှင် သင်၏ဣန္ဒြေတို့သည် အထူးကြည်လင်ကုန်၏။ အရေအဆင်း သန့်ရှင်းစင်ကြယ်ပါပေ၏။ သင်သည် မည်သူ့ကိုရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ဆရာမည်သူပါနည်း။ မည်သူ၏တရားကို သင်နှစ်သက်ပါသနည်း” ဟု မေးမြန်း၏။

“ထိုအခါ ငါကပြန်ပြောရ၏”

“ဥပက၊ ငါသည် အလုံးစုံကိုသိအပ်ပြီးပြီ။ အလုံးစုံကို စွန့်အပ်ပြီးပြီ။ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ကိလေသာမှ လွတ်မြောက်လေပြီ။ ကိုယ်တိုင် အထူးသိမြင်ပြီး ဖြစ်၍ ဘယ်သူ့ကိုဆရာဟူ၍ ညွှန်ရပါအံ့နည်း”

“ဥပက၊ ငါ့အား ဆရာမရှိ။ လောက၌ငါသည် ရဟန္တာ တည်း။ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိသော တဆူ တည်းသော ဘုရားတည်း။ ကိလေသာမီး ငြိမ်းသည်ဖြစ်၍ ချမ်းမြ၏။ ငါသည် ဓမ္မစကြာတရားဟောရန် ကာသိတိုင်း ဗာရာဏသီသို့သွားအံ့။ လောက၌တရားတည်းဟူသော အမြိုက် စည်ကြီးကို တီးခတ်ပေအံ့”

"ယင်းသို့ ငါဆိုသောအခါ ဥပကအာဇီဝက မေးခွန်းထုတ်လာ ပြန်ပေသည်"

"ငါ့ရှင်၊ သင်ဝန်ခံသည့်အတိုင်း သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ဘုရားဖြစ်ထိုက်ပါသလား"

"ဥပက၊ အာသဝတရားကုန်ခြင်းသို့ရောက်ကုန်သော ငါကဲ့သို့သောပုဂ္ဂိုလ်တို့သည် စင်စစ်ဇိနမည်ကုန်၏။ ငါသည်ယုတ်ညံ့သော အကုသိုလ်တရားတို့ကို အောင်အပ်ပြီး ဖြစ်သောကြောင့် ဇိနမည်ပေ၏"

"ယင်းသို့ ငါကမိန့်ဆိုလိုက်သောအခါ ဥပက အာဇီဝကလည်း "ဟုတ်ကောင်းဟုတ်ပေရာ၏" ဟု ခေါင်းတငြိမ့်ငြိမ့်နှင့်ပြောဆို၏။ ထို့နောက် ရင်ဆိုင်တွေ့နေရသော ငါ့ကို ကွေ့ရှောင်ကာ ခရီးဆက်လက် ထွက်ခွာသွားပေသည်"

## ကာအိမတည်နိုင်သူများ

"မင်းသား၊ ငါသည် ခရီးစဉ်အတိုင်းမိဂဒါဝုန်သို့ ရောက်ခဲ့၏။ ပဉ္စဝဂ္ဂီရဟန်းများရှိရာ ချဉ်းကပ်လာခဲ့၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် အဝေးမှငါ့ကို လှမ်းမြင်ကြသည်တွင် "ရဟန်းဂေါတမငါတို့ဆီလိုက်လာပြီ။ သူသည် ဇရားအလုပ် အားထုတ်ခြင်းမှထွက်လာခဲ့၏။ လပ်လာဘပေါများရန် ရှာဘကာ ရပ်တကာလှည့်နေဘိ၏။ သူ့ကိုငါတို့များရှိမခိုးကြစတမ်း။ ခရီးဦးကြိုမဆိုကြစယမ်း။ သူ့သပိတ်သင်္ကန်းကို လှမ်းမယူကြစတမ်း။ နေရာကိုကား ခင်းထားသင့်၏။ သူထိုင်ချင်လျှင် ထိုင်ပေလိမ့်မည်" ဟု အချင်းချင်းတိုင်ပင်ကာ ကတိပြုထားခဲ့ကြ၏"

"မင်းသား၊ ထိုသို့ကတိပြုခဲ့ကြသော်လည်း ငါရောက်သွားသောအခါတွင်မူကား မိမိတို့ပြုထားခဲ့သော ကတိအတိုင်း မတည်နိုင်ကြပေ၊ တချို့ကငါ့ကို ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းများ လှမ်းယူကြ၏၊ တချို့ကနေရာခင်းကြ၏။ တချို့က ခြေဆေးရေ ခပ်ပေးကြ၏။ သို့ရာတွင် အခေါ်အဝေါ်ကား မပြောင်းကြသေးပေ၊ ယခင်က နှုတ်ကျိုးနေကြသည့် အတိုင်း "ရဟန်းဂေါတမ" ဟု ခေါ်သည့်အခါ ခေါ်ကြ၏။ "ငါ့ရှင်" ဟူ၍ ခေါ်ချင်လည်းခေါ်ကြ၏။ တန်းတူရည်တူ ခေါ်ဝေါ် ဆက်ဆံခဲ့ကြသည့် အရှိန်က ယခုအချိန်အထိ ရိုက်ခတ်နေခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ငါကပြောင်းလဲလာသည့် အခြေအနေကို အမှန်အတိုင်းဖွင့်ဟ၍ ပြောရပေတော့သည်"

## ရှေးကနှင့် မတူတော့ပြီ

"ရဟန်းတို့၊ ငါဘုရားကို ရှေးကခေါ်ဝေါ်ခဲ့သော နာမည် ဖြင့်၎င်း၊ "ငါ့ရှင်" ဟူ၍၎င်း၊ မခေါ်ကြနှင့်တော့။ ရဟန်းတို့ ငါဘုရားသည် ကိလေသာအားလုံးမှ ဝေးကွာခဲ့ပြီ ဖြစ်၏။ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍သိခဲ့၏။ ရဟန်းတို့ နား စိုက်၍ထားကြလော့။ ငါကိုယ်တိုင် သိမြင်ပေါက်ပိုင်၍ ထားခဲ့ သော "အမတ" တရားကို ငါဆုံးမမည်။ ငါတရားဟောမည်။ ငါဘုရား ဆုံးမသွန်သင်သည့်အတိုင်း လိုက်နာ ကျင့်သုံးကြပါ လျှင် မကြာမီမှာပင် အမျိုးကောင်းသားတို့၏ ရဟန်းပြုရကျိ

နုပ်စေမည်။ တရားကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာ တရားကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက် ပြုနိုင်ကြပါလိမ့်မည်”

## အပြောကားဟုတ်ပါ၏ အလုပ်ကံမပါ

“မင်းသား၊ ငါကဤသို့ ဖိတ်ခေါ်လိုက်သောအခါ ပဥ္စဝဂ္ဂီ ရဟန်းများက–

“ငါ့ရှင်ဂေါတမ၊ ဒုက္ကရစရိယာ အကျင့် ကျင့်စဉ်ကပင် လောကုတ္တရာ တရားထူးကို မရခဲ့။ ယခုလို၊ တရားအကျင့်စာ တွက်လာခါမှ၊ လပ်သာဘပေါများတို့ ရှာတကာ ရပ်တကာ လှည့်နေခါမှ ဘယ်မှာရနိုင်လိမ့်မည်နည်း” ဟု ဆိုကြ၏။

## ရှင်းသမျှကို ငြင်းကြသူများ

“မင်းသား၊ ငါက သူတို့ထင်သည့်အတိုင်း မဟုတ်ကြောင်း ရှင်းပြကား၊ ဒုတိယအကြိမ် ထပ်မံ၍ ဖိတ်ရ၏။ ဒုတိယအကြိမ် ဖိတ်ခေါ်သည်ကိုလည်း ထပ်မံ၍ ငြင်းနေပြန်သဖြင့် တတိယ အကြိမ်ထပ်မံ၍ ရှင်းရပြန်၏။ ဤတွင် ငါက သူတို့ကိုပြန်၍မေးရ တော့သည်”

“ရဟန်းတို့၊ ရှေးအခါများတုန်းက ငါဘုရားသည် ဤသို့ သော စကားများ ပြောကြားဘူးပါသလား၊ သင်တို့သတိများ ထားမိကြသလား”

"မကြားမိပါဘုရား။ သတိမထားမိကြပါ"

သည်မေးခွန်းကိုတော့ ဟုတ်တိုင်းမှန်ရာ ဖြေကြားကြပေသည်။ ဤတွင်မှ ပဥ္စဝဂ္ဂီရဟန်းတို့ စိတ်ချယုံကြည်လာကြတော့သည်။

## ကျွတ်တမ်းဝင်ကြပြီ

မြတ်စွာဘုရားတော်ကို နေ့စဉ်ရက်ဆက် ရှင်းလင်းဝေဖန်၍ ဟောကြားခဲ့ရာ ရဟန်းနှစ်ပါး တရားနာနေကြလျှင် ရဟန်းသုံးပါး ဆွမ်းခံသွားကြရ၏။ ရဟန်းသုံးပါး တရားနာနေကြလျှင် ရဟန်းနှစ်ပါး ဆွမ်းခံကြွကြရ၏။ ဤသို့အားဖြင့် ခြောက်ပါးသောငါတို့ တင်းတိမ်စွာ စားသောက်၍ နေကြရပေသည်။

"မင်းသား- ပဥ္စဝဂ္ဂီရဟန်းတို့သည် ငါ၏ဩဝါဒအဆုံးအမကို ခံယူရသဖြင့် အမျိုးကောင်းသားတို့၏ ရဟန်းပြုရကျိုးနပ်ကြကုန်၏။ တရားကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာတရားကို ကိုယ်တိုင်ကိုယ်ကျမျက်မှောက်ပြုနိုင်ကြကုန်၏"

အမှားကို အမှန်ထင်ခဲ့တုန်းက ပင်ပန်းကြီးစွာ ခံစားခဲ့ရပုံ၊ အမှားလမ်းကို စွန့်ခွါကာ မှန်ကန်သည့်လမ်းစဉ်အတိုင်း လိုက်လာပြီးနောက် မိမိကိုယ်တိုင် တရားပေါက်လာပုံ၊ ပေါက်လာသောတရားကို ပဿမဦးစွာ ပဥ္စဝဂ္ဂီတို့အား ဟောကြားပုံအပြည့်အစုံကို ဘုရားရှင်က ဆွမ်းဒါယကာ ဗောဓိမင်းသားအား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## မယုံတဝက် ယုံတဝက်

ဘုရားရှင်ထံမှအဆုံးမဩဝါဒကိုခံယူရသဖြင့် ပဥ္စဝဂ္ဂီတို့တရား ထူးရသွားကြပုံကို ဗေဒမိမင်းသား ကျေနပ်၍ သွားပါ၏။ သို့သော် ဤသို့သော တရားပေါက်သွားစေရန် ရက်ပေါင်း လပေါင်း မည်မျှကြာအောင် ဟောကြားနေရသည်ကိုတော့ ဘုရားရှင်က အတိအလင်း ဟောတော်မမူ၍ မသိရသေးပေ။ တနည်းဆိုရလျှင် ဘုရားရှင်၏ စွမ်းအားသတိနှင့် တရားတော်ကို ယုံကြည်ပါသော်လည်း ပဥ္စဝဂ္ဂီတို့အတွက် ဝေဘန်ရခက်နေပုံ ရပါသည်။ ဤ၍ ဤမျှ နက်နဲသိမ်မွေ့လှသော လောကုတ္တရာ တရားထူးကို နေ့ရက်အနည်းငယ် နာရုံမျှဖြင့် ရသွားကြခြင်းကို ယုံရခက်ခက် ဖြစ်နေပုံရပါသည်။ ထို့ကြောင့်—

“အရှင်ဘုရား၊ ဦးဆောင်ညွှန်ပြသည့် ဘုရားရှင်ထံ ဆည်းကပ်ကြားနာရသော် မည်မျှကြာမှ အမျိုးကောင်းသားတို့၏ ရဟန်းပြုရကျိုးနပ်ပါသနည်း” ကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာတရားထူးကိုရပါသနည်းဟု မင်းသားကထုတ်ဖော် လျှောက်ထားပေသည်။ အရည်အချင်းထက် အချိန်ကို အဓိက ထားနေကြောင်း သူ့မေးခွန်းမှာ ပေါ်လွင်နေပါသည်။

## အင်္ဂါစုံလျှင် ချက်ချင်းမြင်

ဤတွင် ဘုရားရှင်က မင်းသားထံ ဆင်အတတ်သင်လာကြသူများ ရှိသင့်ရှိထိုက်သော အရည်အချင်းများကို နမူနာထားကာ ဤအရည်အချင်းများပြည့်စုံပါက အချိန်အနည်းအများ ပဓာနမဟုတ်ကြောင်း၊ လွယ်ကူစွာသိမြင်နိုင်ကြောင်း ဟောကြားတော်မူပါသည်။

လောကုတ္တရာတရားထူးကို လွယ်လင့်တကူ သိမြင်နိုင်ရေးအတွက် ဘုရားရှင်ဟောတော်မူခဲ့သော အရည်အချင်းများကို ပဓာနိယင်္ဂတရားငါးပါးဟု ခေါ်ပေသည်။ ပဓာနိယသိရေးမြင်ရေး လုံ့လပြုသူ၏ အင်္ဂါအစိတ်အပိုင်း၊ ဝါ၊ အရည်အချင်းများပင် ဖြစ်ပေသည်။

ပဓာနိယင်္ဂတရား ငါးပါးတို့မှာ

၁။ သဒ္ဓါလက်ကိုင် ခိုင်မြဲရမည်။

၂။ ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်။

၃။ မာယာမရှိ ဟုတ်တိုင်းပြောရမည်။

၄။ မပျင်းမရိလုံ့လရှိရမည်။

၅။ ကိုယ်ပိုင်အသိဥာဏ်ထက် သန်ရမည်။

(မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇ ကုမာရသုတ်)

* * *



## တရားဦး ဓမ္မစကြာ

### အယုတ်တရားနှစ်ပါး

ဘုရားရှင်၏ တရားဘဏ္ဍာတော်များကို ထိန်းသိမ်းရသော ပုဂ္ဂိုလ်တပါးအဖြစ်ဖြင့် ရာသက်ပန် ထိန်းသိမ်းလာခဲ့ရသော တရားရတနာများတွင် ဤဓမ္မစကြာဒေသနာတော်လည်း အပါ အဝင်ဖြစ်ပါ၏။ ဘုရားရှင်၏ တရားဦးဖြစ်၍ ကျွန်ုပ်တို့သာဝကာ များ အထူးလေးစားရသော ဒေသနာတော် ဖြစ်ပါသည်။ ထို့ကြောင့် သည်ဒေသနာတော်မှ လိုရင်း အချက် များကို ကောက်နှုတ်ဖော်ပြလိုက်ပါသည်။

"ရဟန်းတို့ ရဟန်းသည် အယုတ်တရားနှစ်ပါးတို့ကို မမှီဝဲ အပ်ကုန်။ အဘယ်နှစ်ပါးတို့နည်းဟူမူကား-

"ယုတ်ညံ့ လစွာ ရွာသူတို့၏ဥစ္စာဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျက်ဖြစ်သော အရိယာတို့၏ဥစ္စာမဟုတ်သော စီးပွား ချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော ကာမဂုဏ်ချမ်းသာ အဖန် တလဲလဲ ခံစားခြင်းသည် တခုသောအယုတ်တရားဖြစ်၏။ဆင်းရဲ ကြီးစွာ အရိယာတို့၏ ဥစ္စာမဟုတ်သော စီးပွားချမ်းသာဖြစ် ကြောင်းနှင့် မစပ်သော မိမိကိုယ်ကို ပင်ပန်းအောင် အဖန် တလဲလဲ နှိပ်စက်ခြင်းသည် တခုသော အယုတ်တရား ဖြစ်၏။ ဤတရားနှစ်ခုလုံးကို အယုတ်တရားဟု ခေါ်ပေသည်"

## ကိုယ်တွေ့ဖြစ်စဉ် သက်သေတင်

ဓမ္မစကြာဒေသနာတော်ကို စလျှင်စခြင်း အယုတ်တရား၊ အမှားလမ်းစဉ်နှစ်ခုကို ထုတ်ဖော်တော်မူလိုက်ပေသည်။ ဤသို့ ထုတ်ဖော်ခြင်းမှာ ဘုရားရှင်၏ ဖြစ်တော်စဉ်များနှင့် အလွန် အံကိုက်လှပါသည်။ မင်းသားတပါးအဖြစ်ဖြင့် ကာမဂုဏ်အာရုံ တွေကို တဝကြီး ခံစားခဲ့သည်။ သို့သော် အကျိုးတရား တစုံ တရာမရခဲ့၊ မရှိခဲ့၊ တဖန် လူတကာတို့ကျင့်နိုင်ခဲသော ဆင်းရဲခံ အကျင့်များကို ကျင့်ပြန်ပါတော့လည်း တရားသိရေး၊ ပေါက် ပိုင်ရေးနှင့် တခြားစီသာဖြစ်ခဲ့သည်။ အချိန်မီ သတိတရားလေး ရလိုက်၍သာ တော်တော့သည်။ ဤသို့အားဖြင့် လောကုတ္တရာ အသိဥာဏ်ရရေးအတွက် နှမ်းစေ့ခန့်မျှ အကျိုးကျေးဇူးမပြုနိုင် သော အယုတ်တရားနှစ်ပါးကို ထုတ်ဖော်တော်မူပြီးနောက် ဆက်လက်၍-

"ရဟန်းတို့ အယုတ်တရားနှစ်ပါးတို့သို့ မကပ်မရောက်မူ၍ ငါဘုရားသည် မဇ္ဈိမပဋိပဒါအကျင့်ကို ထိုးထွင်း၍ သိတော် မူခဲ့၏။ ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန်သိတော်မူခဲ့၏။ ထိုအကျင့်သည် ပူဆာသိမ်း၍ ငြိမ်းခြင်းငှာ၊ ထူးသောဉာဏ်ဖြင့် ကောင်းစွာသိ ခြင်းငှာ နိဗ္ဗာန်အကျိုးငှာဖြစ်၏။ ထိုမဇ္ဈိမ ပဋိပဒါသည် အ ဘယ်နည်း"

| | |
|---|---|
| သမ္မာဒိဋ္ဌိ၊ | ကောင်းစွာမြင်ခြင်း |
| သမ္မာသင်္ကပ္ပ၊ | ကောင်းစွာကြံခြင်း |
| သမ္မာဝါစာ၊ | ကောင်းစွာဆိုခြင်း |
| သမ္မာကမ္မန္တ၊ | ကောင်းစွာပြုခြင်း |

သမ္မာအာဇီဝ။ ကောင်းစွာအသက်မွေးခြင်း
သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း
သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း
သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း

ဤအင်္ဂါ၈ပါးနှင့် ပြည့်စုံသော အရိယာမဂ်သာလျှင် ဖြစ်ပေသည်။

## မဂ္ဂင်ရှစ်ပါး၏ သဘောအဓိပ္ပါယ်

ရှစ်ပါးသော ဤမဂ္ဂင်များကို သီလ၊ သမာဓိ၊ ပညာဟူ၍ သိက္ခာသုံးပါးဖြင့် စုပေါင်းပေးနိုင်ပါသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် သီလမဂ္ဂင်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပတို့ကား ပညာမဂ္ဂင် ဖြစ်ကြပေသည်။

သီလမဂ္ဂင် ၃ပါးတို့၌ သမ္မာဝါစာကို ကောင်းစွာဆိုခြင်းဟု အဓိပ္ပါယ်ဖွင့်ကြရသည်။ သို့သော် ကောင်းသောစကားကို ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ၊ မကောင်းစကားများ ပြောဆိုခြင်းမှ ရှောင်ကြဉ်လျှင် မဂ္ဂင်ထိုက်သည်သာဖြစ်၏။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့မှာလည်း ထို့အတူသာဖြစ်၏။ သီလဟူသည် မကျူးလွန်ခြင်း အနက်ရှိ၍ ဖြစ်ပေသည်။

သမာဓိမဂ္ဂင် ၃ပါးတို့၌ သမ္မာဝါယာမသည် မဆုတ်မနစ်အားသစ်ခြင်းကိုစွဲရှိ၏။ သမ္မာသတိသည် မမေ့မလျော့သောအားဖြင့် တရားသဘော သက်ဝင်ကြည်လင်ရန် အထောက်အကူပြု၏။ သမ္မာသမာဓိကား တရားအသိအမြင် တည်ငြိမ်ခိုင်ခံ့ခြင်းပင် ဖြစ်ပေသည်။

ပညာမဂ္ဂင် ၂ပါးတို့၌ သမ္မာသင်္ကပ္ပကား သမ္မာဒိဋ္ဌိနှင့် ထပ်တူထပ်မျှဖြစ်၏။ ကောင်းစွာကြံခြင်းဟု ဆိုရာ၌ ကောင်းနိုး ရာရာ ထွေထွေလာလာ ရှာကြံတွေးတောနေခြင်းမဟုတ်။ ရာဂ ဒေါသ၊ မောဟဖြစ်စရာ မကောင်းသော အတွေးအကြံကို မကပ်လာသော သဘောပင် ဖြစ်ပေသည်။

## သမ္မာဒိဋ္ဌိ ဦးဆောင်ရာသို့

အသီးအခြား ဂပါးအပြားအားဖြင့်ရင်း၊ သိက္ခာ၃ပါးမှာ ထည့်သွင်းရေတွက်၍ရင်း၊ မည်ကဲ့သို့ ဖေါ်ပြသည်ပင် ဖြစ်စေ နောက်ပိုင်းမဂ္ဂင်၏ ၇ပါးသည်၊ သမ္မာဒိဋ္ဌိတည်း ဟူသော ရှေးဦးမဂ္ဂင်၏ နောက်လိုက်များပင် ဖြစ်ပေသည်။ သမ္မာဒိဋ္ဌိ တည်းဟူသော မဂ္ဂင်နှင့်အတူဘက္ခ ပေါင်းစပ်ရသောကြောင့် သူတို့ပါ မဂ္ဂင်ထိုက်လာရပေသည်။ သူတို့သည် သန့်သန့်ဆိုပါ လျှင် မဂ္ဂင်မထိုက်နိုင်ပေ။

သို့ဖြစ်လျှင် သမ္မာဒိဋ္ဌိကား အဘယ်နည်း။

နိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်ပင် ဖြစ်၏။

နိဗ္ဗာန်သည် မည်သို့ဟုတ်၍ မည်သို့မှန်သနည်း။

ဒုက္ခချုပ်ရာအားဖြင့် ဟုတ်၏။ ဒုက္ခချုပ်ရာအားဖြင့် မှန်၏။ ထို့ကြောင့် နိရောဓသစ္စာဟု တနည်းအားဖြင့် ခေါ်ဝေါ်ရ ပေသည်။

## ဒုက္ခသစ္စာ

နိရောဓသစ္စာအမှန်တရားက ဟုတ်တိုင်းမှန်စွာ ချုပ်၍ငြိမ်း၍ နေပါလျှက် အမှန်အတိုင်း မသိမြင်နိုင်ကြခြင်းမှာ ဒုက္ခကိုဒုက္ခ ဟူ၍ မသိကြသောကြောင့်ဖြစ်၏။ ဒုက္ခကို အနိစ္စဟူ၍ မသိကြ

သောကြောင့်ဖြစ်၏၊ ဒုက္ခကို အနတ္တဟူ၍ မသိကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် လက္ခဏာသုံးတန် ဆက်ဆံ၍နေသော ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောခတော်မူရလေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့ သိအပ်သော ဒုက္ခသစ္စာဖြစ်၏။"

အသစ်တဖန် ဖြစ်ပေါ်ရခြင်းသည် ဆင်းရဲ၏။

အိုခြင်းသည် ဆင်းရဲ၏။

နာခြင်းသည် ဆင်းရဲ၏။

သေခြင်းသည် ဆင်းရဲ၏။

"မချစ်ခင် မနှစ်သက်သော သက်ရှိသက်မဲ့ သင်္ခါရတို့နှင့် ပေါင်းယှဉ်ရခြင်းသည် ဆင်းရဲ၏"

"ချစ်ခင်နှစ်သက်အပ်သော သက်ရှိသက်မဲ့ သင်္ခါရများနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏"

"တောင့်တတိုင်း မပြည့်စုံခြင်းသည် ဆင်းရဲ၏"

"အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဆင်းရဲကုန်၏"

ဘုရားရှင် ဝေဘန်ပြတော်မူသော ဆင်းရဲဒုက္ခ တရားများဖြစ်ပါ၏။ အခြားအခြေအနေများ၌ အကျယ်တဝင့် ပြဆိုချက်များရှိသော်လည်း ဤဒေသနာတော်မှာမူ လိုရင်းမျှသာ တင်ပြပေသည်။ ကမ္ဘာအနှံ့ပြန့်ကျက်၍ အတောမသတ်နိုင်အောင် များပြားလှသော ဒုက္ခတရားများသည် ဤအခန်းငယ်မှာ အားလုံး ပါဝင်နိုင်ပေသည်။

ဒုက္ခသစ္စာခန်းမှာ ပြဆိုခဲ့သော ဤဒုက္ခတရားတို့တွင် ကိုယ်နှင့်ပတ်သက်သော ကာယိက ဒုက္ခများပါ၏။ စိတ်နေစိတ်ထား

နှင့်ပတ်သက်သော စေတသိကဒုက္ခများပါ၏။ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်၍ လက်ငင်းလက်တွေ့လွတ်နိုင်သော ဒုက္ခသည် အဘယ်နည်း။ ဘုရားရဟန္တာများသော်မှ မလွတ်နိုင်သော ဒုက္ခကား အဘယ်နည်း။ ဤမေးခွန်းများ၏ အဖြေသည် နိရောဓသစ္စာခန်းမှာ ပါလာပါလိမ့်မည်။

## သမုဒယသစ္စာ

ယခုပြဆိုခဲ့သော ဒုက္ခတို့သည် အကြောင်းနှင့်ကင်း၍ သူ့အလိုအလျောက် ဖြစ်ပေါ်မလာနိုင်ကြပေ။ အကြောင်းတရားတို့ဖြင့် ပြုပြင်ပေး၍သာ ဖြစ်ပေါ်၍လာကြရ၏။ ထို့ကြောင့် ဒုက္ခ၏အကြောင်း သမုဒယသစ္စာကို ဆက်လက်၍ ဟောကြားတော်မူပေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့ သိအပ်သော ဒုက္ခသမုဒယသစ္စာ ဖြစ်၏"

"ဤတဏှာသည် အသစ်အသစ်သောဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွဖြစ်၏။ ထိုထိုအာရုံ ကာမဂုဏ်ဘုံ၌ ခုံမင်တတ်၏၊ ဤတဏှာသည် အဘယ်မျှရှိသနည်း"

"(ကာမတဏှာ) အဆင်း၊ အသံ အစရှိသော ပြင်ပအာရုံများကို တပ်မက်တတ်သောတဏှာ၊ (ဘဝတဏှာ) စိတ်ဝိညာဉ် အစဉ်အဆက် ခိုင်မြဲသည်ဟု စွဲလန်းခြင်းနှင့် ယှဉ်သောတဏှာ၊ (ဝိဘဝတဏှာ) သေလျှင်ကိုယ်စွတ်တုံးသည်ဟု စွဲလန်းခြင်းနှင့် ဖြစ်သောတဏှာ၊ ဤသို့အားဖြင့် သုံးပါးရှိပါသည်"

## နိရောဓသစ္စာ

ကမ္ဘာမြေပြင်နှင့်အမျှ ဒုက္ခတွေဟူသမျှ များပြား၍ နေသော်လည်း ၎င်းတို့၏အရင်းခံအကြောင်းမှာ ဤတဏှာသုံးပါးသာဖြစ်ပေသည်။ ဤတဏှာ အကြောင်းများကို ပယ်နိုင်လျှင် အတိုင်းမသိ များပြားလှသော ဆင်းရဲဒုက္ခ ချုပ်ငြိမ်း၍သွားကြပေလိမ့်မည်။ ထို့ကြောင့် သမုဒယသစ္စာအပြီးတွင် နိရောဓသစ္စာကို ဆက်လက်၍ ဟောတော်မူပေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့သိအပ်သော ဒုက္ခနိရောဓသစ္စာ ဖြစ်၏"

"ထိုဒုက္ခ၏ အကြောင်းရင်းဖြစ်သော တဏှာ၏ သာလျှင် အကြွင်းမဲ့ တတ်ခြင်း ကင်း၍ ချုပ်ရာငြိမ်းရာ၊ စွန့်ရာလွှတ်ရာ၊ ကပ်ငြိခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည် ဒုက္ခနိရောဓသစ္စာ ဖြစ်ပေသည်"

ဒုက္ခချုပ်ရာ နိရောဓသစ္စာကို ဟောတော်မူရာ၌ အကြောင်းသမုဒယ ချုပ်ငြိမ်းခြင်းဖြင့် ဟောတော်မူခြင်းကို သတိပြုသင့်ပေသည်။

ဒုက္ခသစ္စာအခန်း၌ပြဆိုခဲ့သော ဒုက္ခတရားများတွင် ကာယိကဒုက္ခများသည် ဘုရားရဟန္တာ အရိယာများသော်မှ မလွတ်နိုင်ပေ။ စေတသိက ဒုက္ခများကား အကြောင်းသမုဒယသစ္စာနှင့်တကွ နက်ဆက်ထပ်လျှက်သာရှိ၏။ ထို့ကြောင့် သမုဒယကို ပယ်လျှင် ထိုစေတသိက ဒုက္ခများပါ ငြိမ်း ပြီး သွား ဖြစ်ကြ၏။

## မဂ္ဂသစ္စာ

ဤသာသနာတော် နောက်ပိုင်းမှာ လာသည့်အတိုင်း ဒုက္ခချုပ်ရာ ဤနိရောဓသစ္စာကို သစ္ဆိကရဏကိစ္စဖြင့် မျက်မှောက်ပြုရမည်ဖြစ်၏။ ဤသို့ မျက်မှောက်ပြုခြင်းကိစ္စ ဆောင်ရွက်နိုင်ခြင်းမှာလည်း သက်ရှိထင်ရှား ရှိနေဆဲတွင်သာဖြစ်၏။ သက်ရှိထင်ရှား ရှိနေသူတိုင်းအဖို့ ကာယိကဒုက္ခကား ရှိမြဲရှိ၍နေမည်သာ။ ဘုရားရဟန္တာများသော်မျှ ရှောင်၍ လွှဲ၍မရနိုင်သောရင်းဒုက္ခများအတွက်၊ သောကပရိဒေဝတို့ မဖြစ်လာမူ၍ ပူပန်မှုဟူသမျှ ကင်းနေသောသဘောကို လက်ငင်းလက်တွေ့ မျက်မှောက်ပြုနိုင်သော နိရောဓသစ္စာဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

ဤသို့ နိရောဓသစ္စာ၏ သဘောကို ဟုတ်တိုင်းမှန်စွာ သိသောအခါ ထိုအသိများတွင် မဇ္ဈိမပဋိပဒါခေါ် လမ်းမှန်အတိုင်းကျင့်သုံးခြင်း ကိစ္စများ ပါလာကြပြီဖြစ်၏။ ထို့ကြောင့် နိရောဓသစ္စာအပြီးတွင် မဂ္ဂသစ္စာကို ဆက်လက်၍ ဟောတော်မူလေ၏။ မဇ္ဈိမပဋိပဒါ ဖေါ်ပြစဉ်က ၎င်းတို့ကို ရှင်းလင်းတင်ပြပြီးပေပြီ။

## ဉာဏ်သုံးပါး ခြင်းရာနှစ်ဆယ်

ဤသို့ သစ္စာလေးပါးကို သူ့အခန်းနှင့်သူ ဝေဘန်တော်မူပြီးနောက် သစ္စာလေးပါးလုံးကို ပေါင်း၍ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဟူ၍ ဉာဏ်သုံးပါးဖြင့် ဝေဘန်တော်မူပြန်သည်။

သစ္စာဉာဏ် ဆိုသည်မှာ သစ္စာလေးပါး တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ဖြစ်၏။ ကိစ္စဉာဏ်မှာ သစ္စာလေးပါး အပေါ်ပြုအပ်သည့် ပြုရမည့်ကိစ္စများကို သိသောဉာဏ် ဖြစ်၍ ကတဉာဏ်မှာ ပြုပြီးဖြစ်သည်ကို သိသောဉာဏ်ဖြစ်၏။ ကိစ္စဉာဏ်နှင့် ကတဉာဏ်တို့ သဘောအားခြင်း မတူခြားပါ။ သစ္စာလေးပါးတို့အပေါ် ပြုရမည့် ကိစ္စများမှာ—

ဒုက္ခသစ္စာ၊ ပရိညာကိစ္စ၊ ပိုင်းခြားသိရန်။

သမုဒယသစ္စာ၊ ပဟာနကိစ္စ၊ ပယ်စွန့်ရန်။

နိရောဓသစ္စာ၊ သစ္ဆိကရဏကိစ္စ၊ မျက်မှောက်ပြုရန်။

မဂ္ဂသစ္စာ၊ ဘာဝနာကိစ္စ၊ ပွားများရန်

ဤသို့ သူ့သစ္စာနှင့် သူ့ကိစ္စ အသီးသီးတွဲလျှက် ရှိကြပါသည်။

## လိုရင်းကိစ္စ

ဤကိစ္စလေးပါးတွင် လိုရင်းမှာ နိဗ္ဗာန်ကို သစ္ဆိကရဏကိစ္စဖြင့် မျက်မှောက်ပြုခြင်းသာဖြစ်၏။ ထိုကိစ္စ ပြုလိုရင်းသည်နှင့် တပြိုင်နက် ကျန်သောကိစ္စ သုံးပါးတို့လည်း ထပ်တူထပ်မျှ ပြုပြီးသားဖြစ်ကြ၏။ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုသည်မှာ နိရောဓသစ္စာတပါးမျှသာ ကျန်သောသစ္စာများက ပြုရမည့် ကိစ္စပြုပြီးဖြစ်သောသဘောဖြင့် အကျုံးဝင်လာကြခြင်း ဖြစ်ပေသည်။

သစ္စာလေးပါးကို ဤဉာဏ် သုံးပါးဖြင့် သုံး ပြန်သုံးခါ ပွားယူသည်တွင် ခြင်းရာ ၁၂ ပါး ဖြစ်လာကြပေသည်။ ဤခြင်းရာ ၁၂ ပါး သည်လည်းကောင်း၊ သစ္စာလေးပါးသည် လည်းကောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုသော သမ္မာဒိဋ္ဌိနှင့်

တကွ နက်ဆက်စပ်အကျုံးဝင်၍နေပေသည်။ ထို့ကြောင့် ဘုရားရှင်က ဤဓမ္မစကြာ ဒေသနာတော်မှ၊ ဘုရားစင်စစ် ကေန်ဖြစ်ကြောင်း ဝန်ခံတော်မူခန်းတွင် ဤသို့ ဟောကြားတော်မူခဲ့ပေသည်၊

"ရဟန်းတို့၊ အကြင်အခါ၌ ဤသစ္စာလေးပါးတို့၌ ဉာဏ်သုံးပါး အခြင်းအရာ ဆယ့်နှစ်ပါးရှိသော ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်သည် ငါဘုရားအား ကောင်းစွာစင်ကြယ်၏၊ ထိုအခါတွင်မှ ငါသည်လောကတလွှား၌ ဘုရားဖြစ်ကြောင်း လူသိနတ်ကြား ဝန်ခံခဲ့ပေသည်။

"ငါ့အား ပြန်လည်သုံးသပ်သော ပစ္စဝေက္ခဏာဉာဏ် ထင်ရှားခဲ့ပြီ။ ငါ၏အရဟတ္တဖိုလ်ကို ဆန့်ကျင်ဘက်တရားတို့ ဖျက်ဆီး၍မရနိုင်ပြီ။ ဤကိုယ်၏အဖြစ်သည် နောက်ဆုံးဖြစ်၏။ တဖန်ဖြစ်စရာမရှိတော့ပြီ။ ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင် ထင်ရှား၍ လာပြီတည်း"



## သာသနာပြု မိန့်ခွန်းတော်ကြီး

### နေ့စဉ် ရက်ဆက် ဆွေးနွေးပွဲများ

ဒီဃနိကာယ်မှာ ပါရှိသော သုတ္တန် ဒေသနာတော်ကြီး များနှင့် နှိုင်းစာလျှင် ဤဓမ္မစကြာသုတ်မှာ အရွယ်ပမာဏ အငယ်စား ထဲက ဖြစ်၏။ သို့ရာတွင်ဤသုတ်ကလေး၏ တရားသဘောများ ထဲတွင် ပိဋက သုံးပုံ အကုန်လုံးကို လွှမ်းခြုံ၍ထား၏။ ထို့ကြောင့်ဒေသနာကိုကျေကျေ ညက် ညက် နားလည် သဘော ပေါက်ရန်ငါးရက်တိတိဟောကြား တော်မူရ၏။

တရက်တာကာလတွင် ညကျိန်းစက်ချိန် အနည်းငယ်ကို ချန်လှပ်ကာ ကျန်သမျှအချိန်များတွင် ဤတရားသဘောများကိုသာ အပြန်အလှန်ဝေဖန်ဆွေးနွေး၍ နေကြရ၏။ နံနက်ခင်း ဆွမ်းခံဝင်ချိန်မှာပင် သူတို့၏ ဆွေးနွေးပွဲက ရပ်ဆိုင်းခြင်း မရှိပေ။

ရဟန်းနှစ်ပါး ဆွမ်းခံကြွလျှင် ကျန်သုံးပါးနှင့် ဆွေးနွေးတော်မူ၏။ ရဟန်းသုံးပါး ဆွမ်းခံကြွလျှင် ကျန်နှစ်ပါးနှင့် ဆွေးနွေးတော်မူ၏။

ဤဒေသနာတော်ကို ဝါဆိုလပြည့်နေ့က စ၍ဟောခဲ့ရာ လပြည့်ကျော် ၄ရက် အရောက်တွင် အားလုံးက ကျေနပ်စွာ လက်ခံကြ၏။ လပြည့်ကျော်ငါးရက်တွင်ကား ထိုရဟန်းတို့အား အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူ၏။ သခ်ာနယ် ပယ်မှာ ရှိရှိသမျှငါးဝသော ခန္ဓာတို့တွင် အတ္တဟူ၍ ယူစရာ စွဲစရာမရှိပုံကို ဝေဘန်ဟောကြားသော တရားတော် ဖြစ်ပေသည်။

## အဦးဆုံးတို့၏ အဦးဆုံး

ဤသာသနာတော်၌ ဘုရားရှင်ကို ပထမဦးစွာ ဖူးမြင်ခဲ့ရသော မနုဿလူသားမှာ ဥပကအာဇီဝကကြီးပင် ဖြစ်၏။ သို့သော် သူကား ဦးစွာကျွတ်တမ်းဝင်ရန် ခွင့်မသာခဲ့၊ ဘုရားရှင်အပေါ် ယုံကြည်စိတ်၊ အထင်သေးစိတ်များက ထိုအခွင့်အရေးကို တားဆီးပိတ်ပင်ထားကြ၏။ ပဥ္စဝဂ္ဂီတို့၏ ထိုကဲ့သို့သော အတားအဆီးများကို ဘုရားရှင် စိတ်ရှည်လက်ရှည်ပယ်ရှား၍ ပေးတော်မူခဲ့ရ၏။ သို့ပေးတော်မူခဲ့သဖြင့် ပဥ္စဝဂ္ဂီငါးဦးတို့ ဤသာသနာ့စာရင်းတော်ကြီးထဲမှာ ဦးစွာပထမပါဝင်ခွင့်ရခဲ့ကြ၏။ သူတို့အထဲက ဦးစွာသဘောပေါက်သူကား အရှင် ကောဏ္ဍည ဖြစ်ပေသည်။

"အညာသိကောဏ္ဍညော၊ ကောဏ္ဍည သဘောပေါက်ပေပြီ" ဟု ဘုရားရှင် ဥဒါန်းကျူးရင့်တော်မူသည်ကို အကြောင်း

ပြု၍ အရှင်ကောဏ္ဍညဟူသော ဘွဲ့မည်ရှေ့မှာ 'အညာသိ'ဟူသော နာမဝိသေသနပုဒ်တို့၍ လာပေသည်။

သုံးပါးရတနာ စုံသည့်ခါ

အရှင်အညာသိကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂီတို့ ကျွတ်တမ်းဝင်ပြီးနောက် ဒုတိယအသုတ် လိုက်ပါခွင့်ရသူများမှာ ဗာရာဏသီသူဌေးသားယသ၊ သူ၏ဖခင်သူဌေးကြီး၊ ယသ၏သူငယ်ချင်းများဖြစ်ကြသော ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝံပတိဟူ၍ သူဌေးသားလေးယောက် ထို့နောက် ဗာရာဏသီပတ်ဝန်းကျင်မှ ယသ၏ သူငယ်ချင်းငါးဆယ်။ ပေါင်း ငါးဆယ့်ငါးယောက် တိတိ ရဟန္တာအဆင့်ဖြင့် သာသနာတော်ကို ထမ်းဆောင်ခွင့်ရကြပေသည်။ ပဉ္စဝဂ္ဂီငါးပါးနှင့်ပေါင်းသော် ရဟန္တာခြောက်ဆယ်ရှိခဲ့ပေပြီ။

လောကဌ်ဘုရားဟူ၍ ပွင့်တော်မူပြီ။ တရားတော်လည်း ထင်ရှားခဲ့ပြီ၊ သံဃာတော်များလည်း အပါးခြောက်ဆယ်ရှိလာခဲ့ပြီ။ ကမ္ဘာမြေပြင်ဝယ် မည်သည့်ရတနာနှင့်မျှ တိုင်းတာ၍ မရနိုင်အောင် အဖိုးထိုက်တန်သည့် ရတနာမြတ်သုံးပါး ပေါ်ထွန်း၍ နေကြပေပြီ။ ထိုရတနာမြတ်သုံးပါးလုံးကို ဦးစွာပထမ ကိုးကွယ်ဆည်းကပ်ခွင့်ရသူကား ယသ၏ ဖခင်သူဌေးကြီးပင် ဖြစ်ပေသည်။

သာသနာပြု သွားကြစို့

ဤသို့ရတနာသုံးပါးစုံစေ့လာသောနေ့၊ သာသနာပြုရဟန္တာပုဂ္ဂိုလ်ခြောက်ဆယ် ရရှိလာသောနေ့တွင် ဘုရားရှင်ကိုယ်တော်မြတ်သည် သာသနာပြုမိန့်ခွန်းတော်ကို ပြွက်ဆိုတော်မူပေသည်။

“ရဟန်းတို့၊ နတ်နှောင်ကြိုး လူ့နှောင်ကြိုးတို့မှ ငါဘုရား လွတ်ခဲ့လေပြီ။ သင်တို့လည်း ထိုနှောင်ကြိုးတို့မှ လွတ်ကြလေပြီ။ လူများစု၏ အကျိုးစီးပွားအလို့ငှာ၊ လူအများ၏ ချမ်းသာသုခ အလို့ငှာ၊ လောကကို သနားခြင်းငှာ ဒေသစာရီ လှည့်လည် ကြကုန်လော့။ လမ်းကြောင်းတခုတည်းဖြင့် ရဟန်းနှစ်ပါး မသွားကြကုန်လင့်။ စသယ်အဆုံး သုံးပါးသောကောင်း ခြင်းနှင့် ပြည့်စုံသောတရားကို ဟောချေကြ။ သဘောတရားနှင့် အပြော စကားနှစ်ပါးလုံး ပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော သာသနာတော်ကို ထင်ရှားအောင် ပြချေကြ၊ ငါဘုရားကိုယ်တိုင် လည်း ဥရုဝေလတော သေနနိဂုံးသို့ တရားဟောရန် ကြွခဲ့ တော့မည်”

ကြိုးစားမှု၏ ရလဒ်များ

သာသနာပြု အမိန့်တော်မြတ်ကြီးကို ဦးထိပ်ရွက် ပန်ဆင်၍ သာသနာပြု အရှင်မြတ်များ ဒေသစာရီကြွချီသွားကြ၏။ ရွာကြီး ရွာငယ် မြို့နယ်မရွေး ရောက်လေရာအရပ်ဝယ် သာသနာ့ အသိ၊ သာသနာ့အမြင်၊ သာသနာ့ယဉ်ကျေးမှုများကို ဖြန့်ဝေပေးကြ၏။ သာသနာပြု အရှင်မြတ်များ၏ ကြိုးစားပမ်းစား ဆောင်ရွက်မှုကြောင့် သာသနာတော်ကြီး၏ အဆုံးအမကို ခံယူကြရသော ထိုအရပ်ဒေသများမှ သာသနာ့ဘောင်သို့ တက်လိုသူများ ပေါ်ပေါက်၍ လာကြပေသည်။

ထိုစဉ်က ရဟန်းပြုလိုသူ၊ ပြုထိုက်သူများကို ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းပြု၍ ပေးတော်မူခဲ့၏။

“ဟေိဘိက္ခု၊ လာလော့ရဟန်း။ ဆင်းရဲဒုက္ခ၏ အဆုံးသတ်ရေးအတွက် မြတ်သောအကျင့်ကို ကောင်းမွန်စွာ ကျင့်လော့”

ဤသို့ မိန့်မြွက်တော်မူသော စကားတော်များဖြင့်ပင် ရဟန်းပြုခြင်းကိစ္စ ပြီးပြောက်ကြ၏။ အရှင်ကောဏ္ဍည အစရှိသော ရှေးဦးသာဝကများ၏ ရဟန်းခံပွဲ အခန်းအနားမှာ ဤစကားတော်များသာ ဖြစ်ဘိ၏။

ရဟန်းခံရေး အခက်အခဲ

ဤကဲ့သို့သော အခန်းအနားဖြင့် ဘုရားရှင်ထံတော်ပါးဝယ် ရဟန်းအဖြစ် ခံယူနိုင်ရန် ထိုထိုအရပ်ဒေသများမှ ရဟန်းလောင်းရှင်လောင်းများကို ခေါ်ဆောင်၍ လာကြရ၏။ လမ်းကြောင်းတခုတွင် ရဟန်းနှစ်ပါး မသွားကြနှင့်ဟု မိန့်တော်မူထားသည့်အတိုင်း သာသနာပြုပုဂ္ဂိုလ်များမှာ တခြားစီတနယ်စီ သာသနာပြုကြရ၏။ ကိုယ့်သာသနာပြုရာအရပ်မှ ရရှိလာသော ရှင်လောင်းရဟန်းလောင်းများပါ အားခဲ၍ လာကြရ၏။ လာခဲ့၍ ဘုရားရှင်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရသော် တော်ပါသေး၏။ ဘုရားရှင်နှင့် လွဲရသော်ကား သတင်းနားခံ၍ လိုက်ပေဦးတော့။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း သည်ဘုန်းက ကျောင်းနှင့်ကန်နှင့် မဟုတ်သေးပေ။ ကြုံရာမှာဆွမ်းခံကာ ဖြစ်သလိုနေထိုင်ရင်း သာသနာ့အုတ်မြစ်များ လိုက်လံချပေးနေရဆဲ ဖြစ်၏။

အာဏာတော် ခွဲဝေပေးခြင်း

ရဟန်းဘဝ ခံယူနိုင်ရေးအတွက် မိမိ၏ တပည့်များ ခရီးပန်း၍ မရှင်မလန်းဖြစ်ရဖန်များလှချေပြီ။ ရှေ့မှာ သည့်ထက်ပင် များလာစရာရှိနေသည်။ ဤသို့ တွေးတောတော်မူပြီးလျှင် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏”။

"ရဟန်းတို့ ယခုအခါမှစ၍ ထိုထိုအရပ်မျက်နှာ၊ ထိုထိုမြို့ရွာ ဇနပုဒ်တို့၌ သင်တို့ဘာသာ ရှင်ပြုပေးကြရန် ရဟန်း ပြုပေးကြရန် ငါဘုရားခွင့်ပြုတော်မူ၏"

ဗိမ်ဆီမှာသာ ရှိနေခဲ့သော အာဏာတော်ကို သာဝကများအား ခွဲဝေပေးတော်မူခြင်း ဖြစ်ပေသည်။ ပင်ပန်းခြင်း နှောင့်နှေးခြင်းမရှိဘဲ သာသနာတော်ကြီး တိုးတက်စည်ပင်စေ ဘို့ဖြစ်ပေသည်။

## ရဟန်းပြု ရှင်ပြုအစီအစဉ်

ဤသို့ အာဏာတော်ကို ခွဲဝေအပ်နှံပြီးလျှင် ဆက်လက်၍-

"ရဟန်းတို့ ရှင်ပြုရန်၊ ရဟန်းပြုရန် အစီအစဉ်မှာ ဤသို့ ဖြစ်၏ ရှေးဦးစွာ ဆံမုတ်ဆိတ်တို့ ပယ်ရမည်။ သင်္ကန်းများဝတ်ဆင်ပေး၍ ရဟန်းတို့၏ ခြေရင်းမှာ ရှိခိုးစေရမည်။ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီစေကာ သရဏဂုဏ်သုံးပါးကို လိုက်ဆိုစေရမည်။

။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ သံဃံ သရဏံ ဂစ္ဆာမိ။

"ဤသရဏဂုဏ်သုံးပါးကိုသုံးကြိမ်တိတိ လိုက်ဆိုစေရမည်"

"ရဟန်းတို့ သရဏဂုဏ်သုံးပါးတို့ကို ချပေးခြင်း၊ လိုက်ဆိုခြင်းဖြင့် ရှင်ပြုပေးရန် ရဟန်းပြုပေးရန် ငါဘုရားခွင့်ပြုတော်မူ၏"

ရှင်ပြုရဟန်းခံ အစီအစဉ်များနှင့်တကွ ပြုပေးရမည့် ဝိနည်းပညတ်တော်ကိုပါ ထုတ်ဆင့်၍ ပေးတော်မူလိုက်ပေသည်။ ပထမဦးစွာ ခွဲဝေပေးတော်မူသော အာဏာနှင့် ပထမဦးစွာ ထုတ်ဆင့်တော်မူသော ဝိနည်းပညတ်ချက်ပင် ဖြစ်ပေသည်။

သာသနာတော်ကြီးတခုလုံး၏ အရင်းအမြစ်ဘို စိစစ်ကြည့်လျှင် ဓမ္မနှင့် ဝိနယကိုသာ တွေ့ကြရမည်ဖြစ်၏၊ တသက်တာကာလတွင် ဆက်ကာဆက်ကာ ဟောတော်မူရမည့် ဓမ္မတို့ကို မိဂဒါဝုန်တွင် အခြေခိုင်ခိုင်ချ၍ ပေးတော်မူခဲ့ပြီဖြစ်၏။ ယခုပထမဆုံးသော ဝိနည်းပညတ်ချက်ကို ထုတ်ဆင့်တော်မူလိုက်လေပြီ။

ဤဓမ္မနှင့် ဝိနယသည် ကမ္ဘာပတ်လုံး တည်ပါစေသတည်း။ (မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇ ကုမာရသုတ်၊ ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ပဥ္စဝဂ္ဂိယနှင့် ပဗ္ဗဇ္ဇာကထာ)

## ဝေဠုဝန် ကျောင်းတော်

### ဤနေရာ ဤဌာန

ဝေဠုဝန် ကျောင်းတော်ကား ဘုရားရှင်၏ ပထမကျောင်းတော်ဖြစ်၏။ ကျွန်ုပ်ဘသက်ဘာဝတွင် မမေ့ပျောက်ရှိမရနိုင်သော ဌာနများတွင် ထိပ်ဆုံးက ပါဝင်ပေသည်။ နောက်ပိုင်းအချိန်များ၌ ကျွန်ုပ်တို့စိတ်နှလုံး ထိခိုက်ရသော အရေးအခင်းများပေါ်ပေါက် လာရခြင်းမှာလည်း သည်ကျောင်းတော် မှာပင်ဖြစ်၏။ ထို့ကြောင့် ယခုကျွန်ုပ်တင်ကာ ဤကျောင်းတော်၏ အကြောင်းခြင်းရာကို ကျွန်ုပ်ကြားနာမှတ်သားမိသမျှ တင်ပြရပါဦးမည်။

မဂဓဘုရင် ဗိမ္ဗိသာရ၏ ကြိုတင်လျှောက်ထားချက် အတိုင်း ရာဇဂြိုဟ်သို့ ကြွတော်မူလာစဉ်က ဤကျောင်းကို မဆောက်ရသေးပေ။ ထို့ကြောင့် ဘုရားရှင်နှင့်တကွ နောက်ပါရဟန်း တထောင်ကျော်မှာ ထန်းတောဥယျာဉ်၌ ခိုဝင်နေကြရ၏။ အရိပ်ကောင်းရာ သစ်ပင်များကို ကျောင်းအမှုပြုကာ သီတင်းသုံးတော်မူရ၏။

### ရသေ့ဝတ်မှ ရဟန်းဘောင်သို့

နောက်တော်ပါ ရဟန်းတထောင်ကျော်မှာ အားလုံးရသေ့ဘဝမှ လာခဲ့ကြသူများချည်း ဖြစ်၏။ ပွေလိမ်ရှုပ်ထွေးသည့် ဆံပင်ဆံကျစ်၊ ထမ်းပိုး၊ မီးမွှေယောက်မှ အစရှိသောရသေ့တို့

ပရိက္ခရာများကို နေရဥ္စရာမြစ်ထဲမျှောကာ ရဟန်းပြုလာသူများ ဖြစ်၏။

သည်ရဟန်းများမှာ အစက မီးကိုအသုပ်အကျွေး ပြုလာသူ များဖြစ်၏။ မီးကို မြတ်တနိုး ပူဇော်လာသူများဖြစ်၏။ ဤသို့ ပူဇော်သောအားဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ ဟူသမျှ ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏။ ထိုမျှော်လင့်ခဲ့ကြသည့် အတိုင်း ရခဲ့သည်လည်းမှန်ပါ၏၊ မီးပူဇော်ခြင်းဖြင့် လိုအင်ဆန္ဒဟူသမျှ ပြည့်စုံသည်ဟု အယူအစွဲရှိနေသော လောကအလယ်တွင် သူတို့ တတွေမျက်နှာ ပွင့်ခဲ့ကြပါ၏။ လူသူဘန်းသူ ပေါများခဲ့ပါ၏။ သို့ပေါလေ၊ မီးကိုတိုး၍ ပူဇော်လေ၊ မီးတောက်မီးလျှံများတိုး လေလေ လှူဘွယ်တန်းရန်များက ပေါလာလေ။ သူတို့၏အကြီး အမှူးဥရုဝေလကဿပကြီးသည် သည်နယ်တဝိုက်တွင် နေတဆူ လတဆူပါတည်း။

ယခုတော့ ဤကဲ့သို့သော လပ်လာဘတို့ထက် ရာထောင်မက အဆသာသည့် ဆုလပ်ကြီးများကို ရရှိထားကြပေပြီ။ ဆုတော် လပ်တော် ပေးသနားတော်မူခဲ့သည့် ကျေးဇူးရှင်ကြီး နောက် တော်ပါး၌ ငြိမ်သက်စွာ ထိုင်နေကြပေပြီ။

## ဆရာအရှင်နှင့် တကာဘုရင်

မကြာမီ ထိုဥယျာဉ်သို့ ဗိမ္ဗိသာရမင်း ဆိုက်ရောက်လာ၏၊ လိုအပ်သည့် ပန်းတိုင်ရောက်သည့်အခါ ရာဇဂြိုဟ်သို့ ကြွဖြစ် အောင် ကြွခဲ့ပါဟု လျှောက်ထားခဲ့၏။ ယခုသည်အရှင်ကြွတော် မူလာပြီ။ သည်အရှင်၏ကြည်လင်အေးမြသော မျက်နှာတော်ကို

ရှုရခြင်းဖြင့် လိုအပ်သောပန်းတိုင် ရောက်ခဲ့ကြောင်း အကဲခတ်နိုင်ပါပြီ။ မိမိလိုအင်ဆန္ဒ ရှိခဲ့လေသမျှ သည်တခါ တလုံးတဝတည်း ပြည့်တော့မည့် ဖြစ်အင်ကို ကြိုတင်မြင်ယောင်နေ၍နေ၏။

မိမိထံ ကာင်ါ နှစ်သာကြီးသော ဘုရာ ရှင်အား ဗိမ္မိသာရမင်းက အားပါးတရ ဖူးမျှော်၍နေ၏။ ဘုရားရှင်နှင့် ပတ်သက်၍ ပေါ်ပေါက်သမျှသော သူစိတ်ကူးများကို သူ့ဘာသာ ကြည်နူး၍ နေပေသည်။

## ဆရာနှင့်တပည့် တပည့်နှင့်ဆရာ

ကိုယ်ရံတော် မူးမတ်ဗိုလ်ပါများ၊ မဂဓ မြို့သူမြို့သားများကတော့ သူတို့အရှင်သခင်ကဲ့သို့ မဟုတ်ချေ။ ဘုရားရှင်မျက်နှာတခုတည်းကိုသာ မဟုတ်ပဲ ဥရုဝေလကဿပ ရဟန်းကြီးဆီသို့လည်း ထပ်တူထပ်မျှ အာရုံစိုက်မိကြ၏။ သည်ကိုယ်တော်ကြီးသည် သည်နယ်မှာ နေတဆူလတဆူ မဟုတ်ပါလား။ နှစ်ပေါင်းများစွာ ကိုးကွယ်ဆီးကပ်လာခဲ့သည့် ဆရာဟောင်း သမားဟောင်း မဟုတ်ပါလား။

ယခုလောလောဆယ် ဟိုးလေးတကျော် ဖြစ်လာသူ မဟာသမဏဂေါတမ၊ မိမိတို့နှစ်ပေါင်းများစွာ ကိုးကွယ်လာခဲ့သည့် ဥရုဝေလကဿပ။ နာမည်ကြီး ပုဂ္ဂိုလ်ကြီးနှစ်ဦး ယခုလိုကြုံတောင့်ကြုံခဲ၊ ဆုံတောင့်ဆုံခဲ ကြုံ၍ဆုံ၍လာစဉ်ခိုက်ဝယ် မည်သူ့ကို အရေးထား၍ လေးစားရမည်နည်း။ မည်သူက မည်သူ့ဆီက နည်းနာခံယူ၍ ကျင့်သုံးရသနည်း။ မည်သူဆရာဖြစ်၍ မည်သူ တပည့်ဖြစ်လေသနည်း။

ရောက်လာသူအပေါင်းက သို့လောသို့လော တွေးခတာနေကြ၏။ တီးတိုးတီးတိုးမေးမြန်းနေကြ၏။ ထိုစဉ်ခိုက်တွင် ဘုရားရှင်၏ မိန့်ကြားသံ ထွက်ပေါ်လာပေသည်။

"ဥရုဝေလတောမှာ နေလေ့ရှိခဲ့သော ကဿပ၊ ရှေးယခင်က သင်သည် ရသေ့တို့လမ်းစဉ်အတိုင်း မီးကိုလုပ်ကျွေးပူဇော်ခဲ့သူဖြစ်၏။ ယခုဘယ်တရားကိုမြင်၍ မီးလုပ်ကျွေးမှု၊ ပူဇော်မှုကို စွန့်လွှတ်ဘိသနည်း"

မဂဓပရိသတ်၏ သံသယလည်းပြေပျောက်စေ၊ တပည့်ကြီးတပါး၏ အသိအမြင် ပြောင်းလဲနေခြင်းကိုလည်း သိသာထင်ရှားစေဘို့ မေးတော်မူလိုက်ခြင်း ဖြစ်ပေသည်။

## ကာမဂုဏ် အညစ်အကြေး

ဥရုဝေလကဿပသည် သကိန်းများကို ပြုပြင်ကိုင်ယမ်းကာ ရှေ့တော်မှောက်ဝယ် ရိုသေစွာလက်အုပ်ချီလျှက် ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ ယဇ်ပူဇော်ခြင်းကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာတို့သည်၎င်း၊ မိန်းမတို့ကို၎င်း၊ ရနိုင်သည်။ ပြည့်စုံနိုင်သည်ဟု ဆိုကြပါကုန်၏။ ထိုကာမဂုဏ်တို့သည်ခန္ဓာဟူသော ဥပဓိ၌ အညစ်အကြေးတို့သာတည်း။ ဟုတပည့်တော် သိမြင်ပါပြီ။ ထို့ကြောင့်ပင် ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းတို့၌ တပည့်တော် မမွေ့လျော်တော့ပါဘုရား"

"ကဿပ။ သင်၏စိတ်နှလုံးသည် ထိုထိုအာရုံ ကာမဂုဏ်တို့၌မမွေ့လျော်သည်ရှိသော် အဘယ်မည်သောလူ့ပြည်၊ နတ်ပြည်၌ မွေ့လျော်ပါသနည်း"

## ကြောင့်ကျမှုမရှိရာ

နောက်ထပ်မေးခွန်းတခုကိုလည်း ဥရုဝေလကဿပက အချက်ကျကျ ပင် ဖြေဆိုပေသည်။

"အရှင်ဘုရား၊ အကြင်နိဗ္ဗာန်သည် ငြိမ်သက်၏၊ ခန္ဓာစသော ဥပဓိလည်းမရှိ၊ ရာဂစသော ကြောင့်ကျမှုလည်း မရှိ။ ကာမဘုံတို့၌လည်း မကပ်ငြိ။ ပဋိသန္ဓေတည်နေဖြစ်ပွားရခြင်း၊ အိုရ၊ နာရ၊ သေရခြင်းဟူသော ဖောက်ပြန်မှုလည်း မရှိ။ မဂ်မှတပါး အခြားသောတရားဖြင့်လည်း မသိနိုင်။ ထိုနိဗ္ဗာန်ကို သိမြင်ပြီးဖြစ်သောကြောင့် တပည့်တော်၏ စိတ်သည် ယဇ်ကြီးယဇ်ငယ်ပူဇော်ခြင်းတို့၌ မမွေ့လျော်တော့ပါဘုရား"

ထို့နောက် အရှင်ဥရုဝေလကဿပသည် မြတ်စွာဘုရား၏ ခြေတော်အစုံ၌ ဦးခိုက်ရှိခိုးလျက်—

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်ကား မြတ်စွာဘုရား၏ တပည့်ပါတည်း"

နှစ်ကြိမ်နှစ်ခါ ရိုသေစွာ လျှောက်ထားပါပေသည်။ ဤတွင်မှ ပရိသတ်ကြီး၏ တီးတိုးတီးတိုးသံများ ပျောက်ကွယ်၍ သွားကြပေသည်။

## လက်ရင်းတရား လက်ငင်းတရား

ထို့နောက် ဘုရားရှင်သည် ဒါနကထာ၊ သီလကထာ စသည်၍ သိသင့် သိထိုက်သော တရားစကားများ ဟောကြားတော်မူကာ တရားနာသူတို့၏ စိတ်နှလုံးများ နူးညံ့သိမ်မွေ့၍ ငြိမ်သက်တည်

ကြည်လာသောအခါ သစ္စာလေးပါးတရားကို ဟောတော်မူပေသည်။

သစ္စာလေးပါးတရားကား အခြားဘာသာရေးခေါင်းဆောင်များထံမှ ဆင့်ကူးလာသော တရားမဟုတ်။ ဘုရားရှင်တို့ ကိုယ်တော်တိုင် ထုတ်ဆောင်အပ်သော တရားဖြင်၏။ ဘုရားရှင်တို့၏ လက်ရင်းတရား လက်ငင်းတရားဖြစ်၏။ လက်ငင်း လက်တွေ့ကြုံနေကြရသည့်အပေါ်တွင် အခြေခံ၍ ဝေဖန်ဉာဏ်ထွက်စေသော တရားလည်းဖြစ်ပေသည်။ ထို့ကြောင့် တရားနာပရိသတ်များနှင့်တကွ ဗိမ္ဗိသာရမင်းသည် ထိုတထိုင်တည်းဖြင့် အရိယာဉာဏ်စဉ် သက်ဝင်လာပေသည်။

## တောင့်တမှု ငါးမျိုး

အရိယာဉာဏ်စဉ်ဖြင့် အမှန်မြင်၍ အမှန်ကို ကြည်ညိုတတ်ပြီဖြစ်သော ဗိမ္ဗိသာရမင်းသည် ဘုရားရှင်အား ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော် အိမ်နိမ့်စံ မင်းသားဘဝက တောင့်တမှုကြီးငါးခု ဖြစ်ပေါ်ခဲ့ပါသည်။ တောင့်တမှုကြီးငါးမျိုးမှာ ဤသို့ဖြစ်ပါသည်"

"ငါသည် မင်းစကြာ အဖြစ်ကို ရ၍ အဘိသိက်ရေစင်သွန်းလောင်းခြင်းခံရလျှင် ကောင်းလေစွ"

"ငါမင်းအဖြစ်သို့ ရောက်သောအခါ ငါ၏တိုင်းနိုင်ငံသို့ မြတ်စွာဘုရား ကြွတော်မူလျှင် ကောင်းလေစွ"

"ငါသည် ကြွလာတော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ခွင့်ရလျှင် ကောင်းလေစွ"

"ထိုမြတ်စွာဘုရားသည် ငါ့အား တရားဟောလျှင်ကောင်း လေစွ"

"ဟောကြားအပ်သော တရားကိုသိနားလည်ရလျှင် ကောင်း လေစွ"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့ကြံစီခဲ့၊ တောင့်တခဲ့ပါသည်။ ယခုအခါ တပည့်တော်၏ကြံစီမှု၊ တောင့်တမှု အားလုံး ပြည့်စုံခဲ့ပါပြီ၊ မြတ်စွာဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေသည်။ တပည့်တော်အား အသက် ထက်ဆုံး ကိုးကွယ်သော ဥပါသကာ တပည့်ရင်းဟု အသိအမှတ် ပြုတော်မူပါဘုရား။ နက်ဖြန်နံနက် နောက်ပါရဟန်းအပေါင်း နှင့် တကွ တပည့်တော်၏ ဆွမ်းအလှူကို ခံယူတော်မူပါဘုရား"

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်ပေ သည်။

## ကျောင်းနေရာ ကန်နေရာ

နောက်တနေ့နံနက်၌ အတင့်အတယ် ဖွယ်ဖွယ်ရာရာ ခင်း ကျင်းပြင်ဆင်ထားအပ်သော နန်းတော်ထက်တွင် ဘုရားအမှူး ရှိသော ရဟန်းများကို ဖူးတွေ့ကြရ၏။ မွန်မြတ်သော ဆွမ်း ခဲဘွယ်များကို ဘုန်းပေးပြီးကြ၍ မိမိနေရာထက်တွင် ငြိမ်ငြိမ် သက်သက် ထိုင်နေတော်မူစဉ်ဖြစ်၏။ ဗိမ္ဗိသာရမင်းသည် မြတ် စွာဘုရားနှင့် ရဟန်းတော်တို့အား ကြည်ညိုသဒ္ဓါ တစိမ့်စိမ့်ပွား လျက်ရှိရာမှ 'မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် မည်သည့် နေရာ၌ အစဉ်သဖြင့် သီတင်းသုံးသင့် သနည်း"ဟု တွေးတော မိ၏။

"ဤသို့သော အရှင်မြတ်များ၏ နေရာဌာနသည် လူတွေ သူတွေနှင့် ရောထွေးယှက်တင် မဖြစ်သင့်။ ဘုရားဖူးလိုသူ တရားနာလိုသူတို့ လွယ်လင့်တကူ သွားနိုင်ဘို့လည်း လို၏။ သွားလမ်း လာလမ်းကောင်းမွန်သင့်၏။ နေ့မှာလူတွေနှင့် မရောယှက်၊ ညမှာ အသံဗလံနှောင့်ယှက်မှုကင်းသော နေရာလည်း ဖြစ်သင့်၏။ ဤနေရာမျိုးကို ဘယ်မှာရှာရမည်နည်း"

ဤသို့ မိမိဘာသာ မေးခွန်းထုတ်ပြီး၍ တလေအကြာတွင် "ဪ...ငါ၏ ဝေဠုဝန်ဥယျာဉ်သည် ဤအင်္ဂါရပ်များနှင့် ပြည့်စုံနေပါပကော"ဟု အဖြေထွက်လာ၏၊

## ပထမဆုံး ကျောင်းရာမြေ

သံဃာတော်များအတွက် သင့်တင့်လျောက်ပတ်သော ကျောင်းရာမြေကို ရှာဖွေတွေ့ရှိသည်နှင့် တပြိုင်နက်-

"အရှင်ဘုရား၊ ရဟန်းသံဃာတော်တို့ သီတင်းသုံးရန် သင့်လျော်သော ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာအား တပည့်တော်လှူဒါန်းပါ၏ ဘုရား"

ဗိမ္ဗိသာရမင်းက ရွှေကရားဖြင့် ရေစက်သွန်းချ၍ လှူဒါန်းလိုက်ပေသည်။

ဘုရားရှင်သည် ပထမဆုံး ကျောင်းရာမြေဒကာအား တရားစကားများ ချီးမြှောက်တော်မူရာ သံဃာတော်များနှင့် ဝေဠုဝန်ဥယျာဉ်သို့ ကြွတော်မူ၏။

ယခင်က ဤဥယျာဉ်သည် မင်းညီမင်းသား မင်းမိဖုရားတို့၏ ပျော်မြူးရာဖြစ်၏။ ကာမဂုဏ် အာရုံတို့ဖြင့် မူးယစ်ရာဌာန ဖြစ်၏။ ယခုသံဃာတော်များ၏ ကျောင်းရာမြေ ဖြစ်လာချေပြီ။

ကာမဂုဏ်အာရုံတို့ကို ပယ်စွန့်ရာဌာနဖြစ်လာချေပြီ။ဤကျောင်းရာမြေကို အစပြုကာ အခြားကျောင်းရာမြေများလည်း သာသနာတော်တွင်းသို့ တခုပြီးတခု သက်ဝင်၍ လာကြပေတော့မည်။ ထို့ကြောင့် ဘုရားရှင်က–

"ရဟန်းတို့၊ ကျောင်းရာမြေ အလှူခံခြင်းကို ငါဘုရားခွင့်ပြုတော်မူ၏"ဟုဝိနည်းပညတ်ချက်တခု ထုတ်ပြန်တော်မူလိုက်ပေသည်"

ပထမဆုံးသော ဝိနည်းပညတ်ချက်မှာ ရဟန်းများကို ကိုယ်တိုင်တာဝန်ယူ၍ ရဟန်းပြုပေးနိုင်သော အခွင့်အာဏာတော်ခွဲဝေပေးခြင်းဖြစ်၏၊ ယခုထိုရဟန်းများအားလုံး၏ နေစရာကျောင်းရာမြေကို ခွင့်ပြုတော်မူရပေပြီ။

သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင် ဖွဲ့စည်းထားပြီမို့ လိုအပ်သမျှ ဝိနည်းပညတ်ချက်များကို အဆက်မပြတ် ထုတ်ပြန်တော်မူရပါတော့မည်။

## အထောက်အကူ လိုနေပြီ

သို့ရာတွင် ဤသို့သော ဝိနည်းပညတ်ချက်တွေ အဆက်မပြတ်ထုတ်ပြန်ရုံသက်သက်ဖြင့် သံဃာ့အဖွဲ့အစည်းကြီးအတွက် စိတ်ချဖွယ်မရှိသေးပါ။ လက်ရုံးနှစ်ဖက်ကဲ့သို့ အားကိုးအားထားပြုလောက်သော သာဝကကြီးများ လိုအပ်နေပါသည်။

သာဝကကြီးများက မိမိနှင့်အတူ ဝိုင်းကူစောင့်ရှောက်ပေးပါမှ ဤအဖွဲ့အစည်းကြီး အရှည်တည်တန့်ပါလိမ့်မည်။

ယခုရှိပြီးသော သာဝကရဟန်းများတွင် တရားအမြင် စင်ကြယ်ပြီးသူ၊ ရဟန်းကိစ္စ ပြီးပြည့်စုံသူတွေ ပေါလှပါ၏။ သို့သော်

သံဃာ့အဖွဲ့အစည်းကြီးကို ထိထိရောက်ရောက် အထောက်အကူ ပြုနိုင်သူကား မရှိသေးပေ။ တနေ့သောအခါ အထောက်အကူ ပြုနိုင်လာနိုင်လိမ့်မည်ဟု မျှော်လင့်စရာလည်း မရှိပါ။ လက်ရှိ ပုဂ္ဂိုလ်များကို မျှော်လင့်၍ မဖြစ်နိုင်လျှင် လာလတံ့သော ပုဂ္ဂိုလ်များကို မျှော်လင့်ရပါတော့မည်။ (ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ သာရိပုတ္တမောဂ္ဂလာနကထာ)

* * *

## လာခြင်းကောင်းသော အဂ္ဂသာဝကများ

### ဇာတိရပ်ရွာနှင့် ငယ်နာမည်

### မျှော်တုန်း မျှော်ဆဲတွင် အရံသင့်ဆိုက်ရောက်

လာကြသော အရှင်မြတ်ကြီးနှစ်ပါးအနက် တပါးမှာဘုရား ရှင်၏ လက်ျာတော်ရံ၊ ပညာအရာ (ဧတဒဂ်) အထူးမြတ်ဆုံး ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ဖြစ်၏။ နောက်တပါးမှာ လက်ဝဲတော်ရံ တန်ခိုးအရာ (ဧတဒဂ်) အထူးမြတ်ဆုံး ဂုဏ်ထူးဆောင် ပုဂ္ဂိုလ် ဖြစ်၏။

ပညာဂုဏ်ထူးဆောင် ပုဂ္ဂိုလ်၏ ငယ်နာမည်မှာ ဥပတိဿ ဖြစ်၏။ ရာဇဂြိုဟ်အနီးအပါးက ဥပတိဿရွာတွင် ဖွားမြင်ခဲ့၏။ တန်ခိုးဂုဏ်ထူးဆောင် ပုဂ္ဂိုလ်၏ ငယ်နာမည်မှာ ကောလိတ ဖြစ်၏။ သူဖွားမြင်ရာရွာမှာလည်း သူ့နှင့်နာမည်တူပင် ဖြစ်၍ ရာဇဂြိုဟ်အနီးတဝိုက်မှာ ရှိပေသည်။

## အတွေးတခု အစပြု

ဥပတိဿ ကောလိတ သူငယ်ချင်း နှစ်ယောက်တို့သည် သွား အတူ လာအတူဖြစ်ကြ၏၊ တနေ့သ၌ အခြွေအရံများနှင့် အတူ ပွဲသဘင် ဆင်နွှဲခဲ့ကြရာက "ယခုပွဲသဘင်မှာ အပျော်ကြီးပျော် ၍ နေကြသူများသည် နောင်နှစ်တရာကြာလျှင် အားလုံး တ ယောက်မှ ရှိကြတော့မည်မ ဟုတ်တော့ပါကလား" ဟူသော အတွေးဆန်းတခု ပေါ်ပေါက်လာခဲ့၏။ ထိုအတွေးဆန်းကြောင့် သူငယ်ချင်း နှစ်ယောက်မှာ သူများပျော်သလို မပျော်နိုင်၊ သူများရယ်သလို မရယ်နိုင်ကြတော့ပေ။ လူသူကင်းသည့် တနေ ရာတွင် ထိုအတွေးဆန်းကိုပင် အခြေပြုကာ နှစ်ယောက်သား ဆက်လက် တိုင်ပင်နေကြရ၏။

"သူငယ်ချင်း၊ အမိဝမ်းကဖွားလာသူမှန်သမျှ သေကြရမည် မှန်၏။ သို့သော် သေသောသဘောတရားရှိသလို မသေသော သဘောတရားတော့ မရှိကြပြီလား"

"ရှိနိုင်ပါသည် သူငယ်ချင်း"

"ရှိနိုင်သည့်အရာကို ငါတို့များရှာကြပါစို့"

"မသေသောသဘောတရားကို ဦးစွာရသောသူက ကျန်တ ယောက်ကို ပြန်ပြောရမည်။ ကတိကို ပြုနိုင်ပါသည်လား"

"ပြုနိုင်ပါသည် သူငယ်ချင်း။ သည်တရားကိုရှာရာတွင် လောကလူ့ဘောင်မှ ရဟန်းဘောင်တက်ပြီး ရှာလျှင် ပိုပြီးလွယ်ကူလိမ့်မည်"

"ကောင်းပြီ။ ငါတို့များ ရဟန်းပြုကြစို့"

## သိဥ္စည်းဆရာကြီး အထံတွင်

ဥပတိဿနှင့် ကောလိတတို့မှာ သူတို့ရပ်ရွာ နယ်ပယ်တွင် ထင်ရှားသူကျော်ကြားသူများ ဖြစ်ကြလေရာ သူတို့နှစ်ဦးရဟန်းပြုလျှင်ပင် ငါးရာသော သတို့သားတို့လည်း ရဟန်းပြုလာကြကုန်၏။ သို့သော်သူတို့က သာသနာတော်တွင်းသား ရဟန်းများမဟုတ်ကြသေး။ သိဥ္စည်းဆရာကြီး၏ အဆုံးအမခံ ပရိဗိုဇ်ရဟန်းမျိုးသာဖြစ်ကြပေသည်။ ပရိဗိုဇ်ရဟန်း အမျိုးမျိုး ရှိသည့်အနက် သူတို့ဆရာကြီးမှာ အဝတ်ဝတ်သော အမျိုးအစားထဲက ဖြစ်၍ တော်သေးသည်ဟု ဆိုရပါမည်။

ဉာဏ်ပညာ ထက်မြက်ကြသူများဖြစ်၍ သူငယ်ချင်းနှစ်ပါးတို့သည် မကြာမီမှာပင် သိဥ္စည်းဆရာကြီး၏ အဆုံးအမအားလုံးကို နှုတ်ငုံရ၏။ ခွဲခြမ်းစိတ်ဖြာ ဝေဖန်နိုင်ကြ၏။ သို့သော်သူတို့ ရှာဖွေသော မသေတရားကား အရိပ်အရောင်မျှ မပါရှိသေး။ မတွေ့ရသေးချေ။

သို့နှင့် ဆရာသမားအထံမှ မတွေ့ရလျှင် တခြားကရှာမည်ဟု မျက်စေ့ကိုဖွင့် နားကိုစွင့်၍နေကြ၏။ တွေ့သမျှ ပုဂ္ဂိုလ်များကို မသေတရား ပေးနိုင်လောက်၊ မပေးနိုင်လောက် အကဲခတ်၍ နေကြရ၏။

## အရှင်အဿဇိနှင့် တွေ့ဆုံခြင်း

သူတို့အတွက် ကုသိုလ်ကံကောင်းရှိမက သာသနာတော်ကြီး တခုလုံးအတွက်လည်း ကံကောင်းသည်ဟု ဆိုရပါမည်။ သူတို့ မသေတရားရှာနေစဉ်မှာပင် အရှင်အဿဇိသည် ဘုရားရှင်ရှိရာ ပြန်လာခိုက်နှင့် ကြုံနေ၏။ သာသနာပြုကြရာအရပ်မှ ခေတ္တ ပြန်ကြွလာခြင်း ဖြစ်ပေသည်။

ရာဇဂြိုဟ်မြို့တော်တွင်းဝယ် ကြည်ညိုဖွယ်ရာ ကြွလှမ်းကာ မျက်လွှာချလျက် ဆွမ်းခံ၍နေသော အရှင်အဿဇိအား ဥပတိဿ ပရိုဗ်ရဟန်းက ဦးစွာဖူးတွေ့ရ၏။ အရှင်အဿဇိကို ကြည်ညိုစွာ ဖူးမြင်ရင်း အကဲခတ်၍နေ၏။

"လောက လူ့ပြည်ဝယ် ရှိရှိသမျှ ရဟန္တာ ပုဂ္ဂိုလ်မျိုးတွင် ဤပုဂ္ဂိုလ်တပါး အပါအဝင်ဖြစ်နိုင်၏။ သည်ပုဂ္ဂိုလ်ကိုချဉ်းကပ်ပြီး သူ့ဆရာ၏ အမည်နာမနှင့် တရားသဘောကို မေးရလျှင် ကောင်းလိမ့်ထင်၏။ သို့သော် ယခုမေး၍ မတော်သေးချေ။ အိမ်ပေါက်စေ့မျှ ဆွမ်းခံနေဆဲဖြစ်သည်။ သည်ရဟန်း နောက်တော်ပါးက ထက်ကြပ်မကွာ လိုက်ပါသွားမှ ဖြစ်ချိမ့်မည်။ ဤသို့လိုက်ခြင်းမှာ စောန်မုချရှိနေသော မသေတရားကို ရှာခြင်းပင် ဖြစ်ပေသည်တကား"

## အကျယ်တဝင့် မဟောတတ်

ဤသို့စဉ်းစားရင်း အရှင်အဿဇိ နောက်ပါးက လိုက်လာခဲ့ရာ ရာဇဂြိုဟ်မြို့ပြင်သို့ ရောက်လာခဲ့ကြ၏။ ဤတွင် ဥပတိဿ ပရိဗိုဇ်က အရှင်အဿဇိအား နှုတ်ဆက်စကား ဆိုလိုက်လေသည်။

"ငါ့ရှင်၊ သင်၏မျက်နှာ ကြည်လင်လေစွ။ သင်၏အဆင်းရောင် ဝင်းပြောင်လေစွ။ မည်သည့်ဆရာကိုရည်စူး၍ ရဟန်းပြုပါသနည်း။ သင့်ဆရာ မည်သူပါနည်း။ မည်သည့်ဆရာ၏ တရားကို သင်နှစ်သက်ပါသနည်း"

ဥပတိဿ၏အမေးကို အရှင်အဿဇိက အဖြေပေးလေသည်။

"ငါ့ရှင်၊သကျမျိုးမှရဟန်းပြုလာသောမဟာသမဏဂေါတမ ဘုရားရှင်ကို ရည်စူး၍ ရဟန်းပြုလာခဲ့၏။ ထိုဘုရားရှင်သည် ငါ၏ဆရာဖြစ်၏။ ထိုဘုရားရှင်၏ တရားကို ငါနှစ်သက်၏"

"သို့ဖြစ်လျှင် တဆိတ် အမိန့်ရှိပါဦးငါ့ရှင်၊ ငါ့ရှင်၏ဆရာသည် မည်သို့မည်ပုံ မိန့်ဆိုလေ့ရှိပါသလဲ"

"ငါ့ရှင်၊ ငါရဟန်းပြုသည်မှာ မကြာသေးချေ။ မကြာမီကမှ သာသနာတော်တွင်း ရောက်ခဲ့ရ၏။ သို့ဖြစ်၍ သင့်အား အကျယ်တဝင့် မဟောကြားနိုင်ပါ။ အကျဉ်းချုပ်မျှသာ ဟောနိုင်ပါမည်"

"ရှိစေတော့ငါ့ရှင်၊ အကျဉ်းဖြစ်စေ အကျယ်ဖြစ်စေ ဟောသာဟောပါ။ ဟောခြင်းဟောလျှင် သဘောအဓိပ္ပါယ်ကိုသာ ဟောပါ သဘောအဓိပ္ပါယ်ကိုသာ အလိုရှိပါသည်။ စကားလုံးတွေများနေ၍ ဘာအသုံးကျမည်နည်း"

"သို့ဖြစ်လျှင် နာလေလော့ငါ့ရှင်"

## သစ္စာလေးပါး အကျဉ်းချုပ်တရား

ဤသို့စကားခံကာ မသေတရားရှာနေသော ဥပတိဿပရိဗိုဇ်အား အရှင်အဿဇိစာ သာသနာတော်ကြီး တည်တန့်နေသည်နှင့်အမျှ ဥဒါန်းတွင်နေရစ်မည့် ဤဂါထာကို ဟောတော်မူလိုက်လေသည်။

ယေဓမ္မာဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတောအာဟ။
တေသဉ္စ ယောနိရောဓေါ၊
ဧဝံဝါဒီ မဟာသမဏော။

"အကြင်တရားတို့သည် အကြောင်းလျှင် အမှန်အစ ရှိကြကုန်၏။ အကြောင်းကြောင့် ဖြစ်ကြကုန်၏
ထိုအကျိုးတရားတို့၏ အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူ၏။
ထိုအကျိုးအကြောင်း နှစ်ပါးပေါင်း၏ ချုပ်ငြိမ်းရာကိုလည်း ဟောတော်မူ၏။
ငါတို့ဆရာ မဟာသမဏသည် ဤသို့ ဟောတော်မူလေ့ ရှိပေသည်"

ပထမအပိုဒ်၌ အကြောင်းပြုပေး၍ ပေါ်လာကြရသော ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ကို ပြဆိုထား၏။ ဒုတိယပိုဒ်မှာ အကျိုးတရားတို့ ပေါ်ပေါက်လာအောင် အကြောင်းပြုပေးသော သမုဒယသစ္စာကို ပြဆိုပေသည်။ တတိယအပိုဒ်ကား ကြောင်းကျိုးချုပ်ငြိမ်းရာ နိရောဓသစ္စာကို ပြဆို၏။ မဂ္ဂသစ္စာ မပါသော်ငြားလည်း သဘောအားဖြင့် နိရောဓသစ္စာနှင့် အတူပါပြီး ဖြစ်ပေသည်။ နိရောဓသစ္စာ နိဗ္ဗာန်တရားသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာ မျက်မှောက်ရသော တရားဖြစ်ရာ အာရုံဖြစ်သောနိဗ္ဗာန်ကိုဖော်ပြသည်နှင့် အာရုံပြုသောမဂ်ဉာဏ် ဖိုလ်ဉာဏ်များပါ ပါပြီးဖြစ်ရပေသည်။

ဥပတိဿမှ ကောလိတသို့

သစ္စာလေးပါး အကျဉ်းချုပ် တရားကို နာလိုက်ရသဖြင့် ထိုတခဏမှာပင် ဥပတိဿပရိဗိုဇ် အရိယသစ္စာဉာဏ်ရှိသွားလေသည်။ ထို့နောက် အရှင်အဿဇိအား ရိုသေစွာ ရှိခိုးဦးတင်ကာ

"တပည့်တော် သဘောပေါက်ပါပြီဘုရား။ အရှင်ဘုရား၏ ကျေးဇူး ကြီးမားလှပါပေသည်။ ယခုအရှင်ဘုရား ဘုရားကိုယ်တော်မြတ်ဆီ ကြွတော်မူနိုင်ပါ။ တပည့်တော်မှာ သူငယ်ချင်း တယောက် ရှိပါသေးသည်။ သူ့ကိုပါခေါ်၍ လာခဲ့ပါမည် ဘုရား"

အရှင်အဿဇိ ဟောကြားလိုက်သော ဂါထာကို ဝမ်းသာအားရ အထပ်ထပ်အခါခါ ရွတ်ဖတ်ရင်းဥပတိဿသည် ပရိဗိုဇ် အရံသို့ ပြန်လာခဲ့၏။ သူ၏မျက်နှာ အထူးကြည်လင်ရွှင်ပြနေသည်ကို မြင်ကတည်းက ကောလိတက ရိပ်မိလိုက်ပေပြီ။

"သူငယ်ချင်း၊ မသေတရားကိုသည်ကနေ့ ရခဲ့ပြီမဟုတ်လား"

"ရခဲ့ပြီသူငယ်ချင်း၊ ရခဲ့ပြီ"

ဥပတိဿက အရှင်အဿဇိနှင့်တွေ့ရပုံ၊ တရားနာခဲ့ရပုံ အားလုံးကို ပြန်ပြောပြလိုက်၏။ ဤသို့ပြောပြလိုက်ခြင်းဖြင့် ဥပတိဿ ရရှိခဲ့သောအသိဉာဏ်သည် ကောလိတထံသို့ပါ ကူးစက်သွားစေတော့သည်။ မသေတရားကို ရှာဖွေကြသော သူငယ်ချင်း နှစ်ယောက် ရှာရကျိုး နပ်ခဲ့ကြပေပြီ။

ပရိဗိုဇ်အဝတ်အစားနှင့် ရဟန်းများ။

သူငယ်ချင်းနှစ်ယောက်မှာ အသွင်အပြင်အားဖြင့် ပရိဗိုဇ်တို့၏အဝတ်အဆင်။ သို့သော် အတွင်းသန္တာန်မှာမူကား ဘုရားရှင်၏ တပည့်သားဖြစ်နေကြချေပြီ။ အတွင်းသန္တာန် ရှိသည့်

အတိုင်း အပြင်အပက ပြောင်းလဲကြရပေတော့မည်။ မသေတရားကို စတင်ဟောပြသည့် ဆရာသခင်ကျေးဇူးရှင်ထံ တပည့်ခံဝင်ကြမှုဖြစ်တော့မည်။ ဤအရေးကို သူငယ်ချင်းနှစ်ယောက်လုံးက သဘောတူကြပါ၏။ သို့သော်သူတို့၏အခြံအရံ ပရိဗိုဇ်များထားရှိကြပေသေးသည်။

"သူတို့ကို ပထမဦးစွာအကြောင်းကြားကြစို့ အကြောင်းကြားပြီးသည့်အခါ သူတို့သဘောကျရာ ပြုကြပါစေ"

"သည်အတိုင်း ကောင်းပါ၏ သူငယ်ချင်း"

နှစ်ယောက်သား တိုင်ပင်ထားကြသည့်အတိုင်း ပြောပြကြရာ ပရိဗိုဇ်များကလည်း ခေါင်းဆောင်များသွားရာ လိုက်မည်ဟု ဆိုကြ၏။ စကတည်းက သူတို့မျက်နှာဖြင့် ဝင်လာခဲ့ကြသည် မဟုတ်ပါလား။

နောက်ဆုံး သိဉ္စည်းဆရာကြီးထံ ခွင့်ပန်ဘို့သာ ရှိတော့သည်။

"ဆရာကြီးထံပန်ကြားပါသည်။ ကျနုပ်တို့သည် ဘုရားရှင်ထံ သွားကြပါတော့မည်။ ဘုရားရှင်သည် ယခုကျနုပ်တို့၏ ဆရာဖြစ်နေပါပြီ"

ဘပည့်တော်တို့ ဝတ္တရားရှိသည်အတိုင်း ရှိသေစွာ ပန်ကြားကြရပေသည်။

"မတော်ဘူးတပည့်တို့ မသွားကြနှင့်။ ငါတို့သုံးဦးလုံးသည် ဂိုဏ်းကြီးကို ညီတူညီမျှ ဦးဆောင်ကြပါစို့"

တားရှဲ ဆီးရှဲ မရတော့ပါပြီ

ဆရာကြီးက တားရှဲဆီးရှဲရဦးမည်လားဟု မိမိထပ်တူ နေရာပေးပါ၏။ သို့ရာတွင် သူ့တပည့်ဟောင်းများက ဤနေရာကို မမက်မောကြတော့ပေ။ ထင်ရှားကျော်ကြားသော ဂိုဏ်းဆရာ

ကြီးတဆူနှင့် ပုခုံးချင်းယှဉ်၍ နေရမည့်အခွင့်ထူးကို ဘုရားရှင် ခြေရင်း ဝပ်စင်းရခြင်းလောက် တန်ဘိုးမထားနိုင် တော့ပေ။ ထို့ကြောင့် သုံးကြိမ်တိုင်တိုင် တားမြစ်နေသော သိဥ္စည်းဆရာ ကြီးကို ခွဲခွာ၍သာ ဘုရားရှင်ရှိရာ လျှောက်လာကြပေတော့သည်။ ကိုယ့်နယ်နှင့်ကိုယ် တွင်ကျယ်၍ နေခဲ့ကြသော ပရဗိုဇ်ဂိုဏ်း ဂဏများ၏ ပြိုကွဲခန်းသည် ဤနေ့တွင် အစပြုခဲ့ပေသတည်း။

"ရဟန်းတို့ ရှုကြလော့။ ဉပတိဿ ကောလိတတို့ သူငယ်ချင်း နှစ်ယောက်လာခဲ့ကြပြီ။ သူတို့နှစ်ယောက်သည် ငါ၏ သာဝက အစုံ၊ ကောင်းမြတ်သော သာဝကအစုံ ဖြစ်လတံ့တည်း"

အဝေးကလာသည်ကို မြင်လျှင်ပင် ဘုရားရှင်က ကြိုတင် မိန့်တော်မူလိုက်ပါချေသည်။

ဘုရားရှင့်ခြေတော်ရင်းကို ခိုဝင်မိသည်နှင့်တပြိုင်နက် သူတို့၏ ငယ်နာမည်များပျောက်ကာ သာသနာ့အမည်များဖြင့် ခေါ်တွင် လာကြပေသည်။

တပါးကား အရှင်မဟာသာရိပုတ္တရာ။

ကျန်တပါးကား အရှင်မဟာမောဂ္ဂလာန်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ သာရိပုတ္တ မောဂ္ဂလာန ဂါထာ ပါဠိတော်နှင့် အဋ္ဌကထာ)

## နေပြည်တော်ကမြော်ကြပြီ

### ခမည်းတော်ကြီး အိုမင်းပြီ

''အာနန္ဒာ၊ သင့်နောင်တော်က ဗို့မျိုးများဆီ လာမှလာပါ့ဦး မလား''

နန်းတော်သို့ အခစားရောက်သည့်အခါတိုင်း ဘကြီးတော် မဟာရာဇာက ဤမေးခွန်းများဖြင့် ဆီးကြိုနှုတ်ဆက်တတ်ပါ၏။ နောင်တော်ဘုရား၏ ခမည်းတော်ကြီးမှာ အသက်အရွယ် အိုမင်း၍နေပါပြီ။ မဟာရာဇာစိတ်ဓါတ်ဖြင့် တိုင်းပြည်၏တာဝန် များကို ထမ်းဆောင်နေခဲ့သော်လည်း ယခုတော့ သူ့စိတ်ဓါတ် များ ကျချင်သလိုလို ဖြစ်လာရပေပြီ။

အရွယ်အိုပိုင်း ဝင်လာခါမှ သူအချစ်ဆုံး၊ သူအမြတ်နိုးဆုံး သားတော်က သူ့ကိုကျောခိုင်းကာ ထွက်သွားခဲ့၏။ မင့်မကွက် လုပ်ရက်လေခြင်းဟု ရုတ်တရက် ထွက်ပေါ်ခဲ့မိသော နာကျည်း စိတ်များနှင့် သားတော်အပေါ်ထားရှိခဲ့သော မေတ္တာစိတ်များ အကျိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၏။ သားတော်၏ မွန်မြတ်သော ရည်ရွယ်ချက်ကို သဘောပေါက်လာ သဖြင့် မေတ္တာဘက်က အနိုင်ရရှိခဲ့ပါ၏။ သားတော်အပေါ် ထားရှိမြဲထားရှိနိုင်ခဲ့သော မေတ္တာဖြင့် သားတော်၏ရည်ရွယ်ချက်များ မြန်မြန်ကြီးအောင် မြင်ပါစေဟု ဆုတောင်းပတ္ထနာပြုခဲ့ရ၏။ ဤမေတ္တာ ဤပတ္ထနာ များဖြင့်ပင် မိမိ၏စိတ်ဓါတ်များ ကျဆင်းမသွားစေရန် ကျား ကန်၍ ထားရပေသည်။

ယခုတော့ ခမည်းတော်ကြီး၏ ဆုတောင်း ပတ္ထနာများ ည့်ဝကြပါပြီ။ သားတော်၏ မှန်မြတ်သော ရည်ရွယ်ချက်များ က အားရဖွယ်ရာ အောင်မြင်လာကြပါပြီ။ သဘာဝရင့်ပြီးသော ကြီးခေါင်းဆောင်ကြီးထက်ပင် ကျော်လွန်ကာ သူ့ဂုဏ်သတင်း များက အရှိန်အဟုန်ပြင်းစွာ ပျံ့နှံ့လာကြပါပြီ။

ဤသို့အားဖြင့် ဖက်ပေါင်းစုံမှ အမျိုး ကိုဆောင်ခဲ့သော သားတော်ကြီးအတွက် အားတက်သရော ဖြစ်ရမည့် ဒီခါတွင်မှ ခမည်းတော်၏ စိတ်ဓါတ်များက ကျဆင်း၍လာရ၏။ ထိုအခါ တ်ဖြင့် ထောက်ကူထားရသော ကိုယ်ခန္ဓာကြီးလည်း ယိုင်နဲ့၍ သာရတော့မည်သာ။

## မယ်တော်ကြီး၏ ဝမ်းနည်းစကား

"သူ့သာသနာကို သူနှင့်အတူပြုနိုင်မည့် ပုဂ္ဂိုလ်များစာရင်း ှာ ဒို့တမျိုးလုံး တဆွေလုံး စာရင်းသွင်းခံရသေးဟန် မတူပါ ကလား အာနန္ဒာ"

နို့တိုက်မယ်တော် မဟာပဇာပတိ ဂေါတမီကလည်း ဝမ်း ည်းစကားဆိုဘိ၏။ ဆိုသင့်၍ ဆိုသောစကားပင် ဖြစ်ပါပေ သည်။

မနိုင်းယှဉ်အပ် မြတ်လှစွာသော အသရေတော်ကို ဆောင် ျက် တလောကလုံးဝယ် တရားစည်မောင်း ရိုက်ညောင်း ာန်ဟီး၍ နေစေသော သားတော်သည် ကပိလဝတ်ကိုကား ရှောင်မြဲတိုင်းပင် ရှောင်၍နေပေသည်။ မိဂဒါဝုန်ဝယ် ဝါကပ် သည်ဆိုတုန်းကလည်း ဝါကျွတ်တော့ ကြွလာလိမ့်မည် ထင်ခဲ့ကြ ၏။ ဝေဠုဝန်ကျောင်းကြီးသာ ပေါ်ထွန်းလာသည်၊ ကပိလ

ဝတ်နဲ့ကား ဝေးမြဲဝေးလျှက်ရှိသေး၏။ တဖန် ဝေဠုဝန်မှာ သီတင်းဝါလ ကျွတ်ပြန်ပါတော့လည်း ကပိလဝတ်ကို စကား စပ်၍မျှ မိန့်တော်မူသေးဟန် မတူပေ။

## သွားသူသာရှိ ပြန်သူမရှိ

မတုန်မလှုပ်သော "တာဒိ" ဂုဏ်ရှင်က သည်ကဲ့သို့ နေနိုင်ခဲ့ သော်လည်း ခမည်းတော် မယ်တော်ကြီးများကတော့ အောင့် အည်း၍ မနေနိုင်ကြတော့ပါ။ ယခုအခြေအနေမှာ သူတို့လို သက်ကြီးရွယ်အိုများ အောင့်မည်းနိုင်သည့်အဆင့်ကို ကျော်လွန် ၍နေချေပြီ။ ထို့ကြောင့် သားတော်မြတ်စွာ ကြွလာတော်မူစေ ကြောင်းဖြင့် အမတ်တယောက်ကို လွှတ်ခဲ့ပါ၏။ အခြေအရံ များပါ တပါတည်း မပေါ်လာကြတော့။ ဘုရားရှင်ထံတော် ပါးဝယ် ရဟန္တာအရှင်မြတ်များ ဖြစ်ကုန်ကြပြီမို့ နောက်ပိုင်း ဆ လူမှုရေးရာ မင်းမှုရေးရာများကို အရေးတယူ လုပ်မနေကြ တော့ပေ။ ကိုးကြိမ်တိုင်တိုင် စေလွှတ်ပါလျှက် ခမည်းတော် မယ်တော်များ၏ တောင့်တချက်ကို ရွှေနားတော် ရောက် ပေါက်ကြားအောင် လျှောက်မေးသူ မပေါ်လာ။ သည်တော့ ဇရာဖိလာသည့် မဟာရာဇာ ကိုယ်ရောစိတ်ပါ နွမ်းရိသျှိုးခွေ၍ လာရတော့သည်။ မယ်တော်ကြီးမှာ အားလျှော့စကားများ ကိုချည်း ပြောနေတော့သည်။

## ကာဠုဒါယီ ရှိပါသေးသည်

"အားလျှော့တော်မမူပါနှင့် ဘကြီးတော်ဘုရား။ ရွှေနား တော်ကြား လျှောက်ထားရေးအတွက် ကာဠုဒါယီ တယောက် ရှိပါသေးသည်။ သူကသားတော်ဘုရားနှင့်လည်း အကျွမ်းတဝင်

ရှိပါသည်။ သားတော်ဘုရား မကြွချင် ကြွချင်လာအောင် သူ နားသွင်းနိုင်ပါလိမ့်မည်”

နောက်ဆုံး မြှော်လင့်ချက်တခု ရှိနေသေးကြောင်း ကျွန်ုပ်က လျှောက်တင်ရ၏။ ကာဠုဒါယီအမတ်သည် ကျွန်ုပ်တို့ဦးရီး တော်ဘုရား၏ နန်းတော် အမှုထမ်းများ၌ အရေးအပါဆုံးပင် ဖြစ်၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ငယ်ဘဝတုန်းက အတူတကွ မြေမှုန့်ကစားဖက် ဖြစ်ကာ၊ လူလားမြောက်လာကြ တော့လည်း အကျွမ်းတဝင် ဖြစ်မြဲဖြစ်ခဲ့ကြ၏။ သားတော်နှင့် ရင်းနှီးကျွမ်းဝင်မှုကို အကြောင်းပြုလျှက် သုဒ္ဓေါဒန မဟာ ရာဇာ၏ ညာလက်ရုံးတဆူ ဖြစ်လာခဲ့၏။ အတွင်းရေးကိစ္စများ အတွက် စိတ်အချရဆုံးသော မင်းတိုင်ပင် အမတ်ပါပေ။

“ကာဠုဒါယီအမတ်ကို လွှတ်လိုက်ရလျှင် တနန်းတော်လုံး ချောက်သွေ့သွားတော့မည် အာနန္ဒာ။ သည်နန်းတော်၏အမှု ထမ်းတွေကို သူကပင် ကြီးကြပ်စီမံနေရသည်။ သို့သော်လည်း သူ့ကိုမလွှတ်လျှင်လည်း ငါတို့များသားတော်ကို ငါတို့ဖူးရမည် မထင်။ သည်တော့ ကာဠုဒါယီကိုသာ ခေါ်ခဲ့ကြပါတော့”

## မလွှတ်ခင်က သွားချင်သူ

မဟာရာဇာ၏ အမိန့်ဖြင့် အမတ်ကာဠုဒါယီ ရှေ့တော်မှောက် ရောက်ရှိလာပေသည်။ ဤအမိန့်တော်ကို စောစော ကတည်းက မြှော်လင့်ထားကြောင်း သူ့မျက်နှာမှာ ပေါ်ပြ လျှက်ရှိ၏။ မင်းမိန့်ဖြင့်သွားရခြင်းထက် သူ့ကိုယ်ပိုင် စိတ်ဆန္ဒ ဖြင့် ဝမ်းသာအားရ သွားလိုခြင်း၏ ပို၍ပေါ်လွင်နေပေသည်။

ကာဠုဒါယီသည် သုဒ္ဓေါဒန မဟာရာဇာ၏ မိန့်မှာချက်များကို ရိုသေစွာ မှတ်သားနာယူကာ—

"ခိုင်းစေသည့် တာဝန်ကို ထမ်းရွက်ရန် အသင့်ပါဘုရား။ ဘုရားကျွန်တော် ဤအမှုတော်ထမ်းရွက်ရခြင်းအတွက် ဆုတဆု ချီးမြှင့်တော်မူပါ"

## ရယူလိုသောဆု

ကာဠုဒါယီ၏ မျက်နှာကို ကျုနုပ်လှမ်း၍ကြည့်မိ၏။ ကာဠုဒါယီ၏ မျက်လုံးများကတော့ ကျုနုပ်ထံမရှိပါ။ သုဒ္ဓေါဒန မဟာရာဇာထံမှာသာ စူးစိုက်လျှက် ရှိနေကြ၏။ မဟာရာဇာ မိန့်တော်မူမည့် စကားများအတွက် အရံသင့် နားစိုက်၍ ထားလင့်၏။

သည်နန်းတော်တွင် သူမရှိလျှင် မဖြစ်သလောက်မို့ ကျုနုပ်က ကသူ့တောင်းဆိုချက်ကိုတ ၁းဆီးမည်ကြံမိပါသေး၏။ သို့သော် ဦးရီးတော် မဟာရာဇာက နှုတ်မြွက်တော်မူချေပြီ။

"သားတော်ကိုသာ ဖူးတွေ့ရပါစေ ကာဠုဒါယီ။ တခြားကိစ္စများအတွက် အမောင်ကာဠုဒါယီ စိတ်တိုင်းကျဖြစ်ပါစေ"

ကာဠုဒါယီ၏ မျက်နှာသည် တိမ်စင်လကဲ့သို့ ကြည်လင်ဝင်းပ၍ သွားပေသည်။

"ဝမ်းမြောက်လှပါသည်ဘုရား"

"ဘုရားကျွန်တော် ရလိုသောဆုကား အခြားမဟုတ်ပါ။ ရှင်တော်ဗုဒ္ဓ ရှေ့တော်မှောက် ရောက်သောအခါ ရဟန်းပြုခွင့်သာ ဖြစ်ပါသည်"

သူကလည်း ရှေ့သွားပုဂ္ဂိုလ်များ၏ လမ်းကြောင်းအတိုင်း သန်းတန်း မတ်မတ် လိုက်တော့မှာပါတကား။ သည်အလား အလာကို စောစောကပင် တွေးထားပြီးသားမို့ မဟာရာဇာက သူ့တောင်းဆိုချက်ကြောင့် မတုန်လှုပ်ပါပြီ။

"သားတော်ထံ ရဟန်းပြုသည့် ကိစ္စကို ငါက ငါ့အကျိုး အတွက်ငဲ့ကွက်ပြီး မတားလိုပါ ကာဠုဒါယီ၊ သို့သော်လည်း ခမည်းတော်၏ တောင့်တချက်ကိုတော့ လျှော့ကျဖြစ် အောင် လျှော့ကျထားမိပါစေ"

"စိတ်ချသာ နေတော်မူကြပါတော့ ဘုရား"

အခြွေအရံပေါင်း မြောက်များစွာနှင့် အတူ ကာဠုဒါယီ အမတ် ထွက်ခွာ၍ သွားခဲ့ပြန်ချေပြီ။

ကာဠုဒါယီက စိတ်ချနေတော်မူပါ ဟုဆို၏။ သူကတော့ သူ့အစွမ်းသတ္တိကို ယုံကြည်ပြီးဖြစ်၍ ဆိုခြင်းဖြစ်၏။ သုဒ္ဓေါဒန မဟာရာဇာကလည်း သူ့အစွမ်းသတ္တိကို ယုံကြည်ပြီး ဖြစ်၍ အတိုင်ပင်ခံအရာမှာ ထားခဲ့၏။ သို့သော် ယခုလောလောဆယ် မှာကား သားတော်ကိုဖူးတွေ့လိုစိတ်များသာ ကြီးစိုး၍ နေကြရာ ကာဠုဒါယီ အစွမ်းသတ္တိများကိုပင် သံသယဝင်ချင်လာကြရ၏။ ကာဠုဒါယီ ထွက်ခွာသွားသောနေ့ရက်ကို လက်ချိုးရေတွက်၍ နေကြရ၏။

## သားတို့ရပ်ရည်

ရာဟုလာမယ်တော် ယသောဓရာမှာကား လူကြီးများနှင့် စာလျှင် တော်သေးသည်ဟု ဆိုရပါမည်။ မောင်တော်သိဒ္ဓတ္ထ ထွက်သွားခါစက အလွမ်းရော အပူပါ ဝေဒနာ နှစ်မျိုးလုံး

စုပြုံခံစားခဲ့ရ၏။ သည်ဝေဒနာများ၏ ဒဏ်ချက်ကို သည်ကာလူကြီးမိဘများ၏ ဂရုဏာဆေး ဆေ့တော် မျိုးတော်များ၏ မေတ္တာဆေးဖြင့် တဖြည်းဖြည်း ကုသလာခဲ့ရ၏။ ယခုတော့ သားတော်လေး ရာဟုလာပင် ခုနှစ်နှစ်ကျော်၍ လာခဲ့ပါပြီ။

သူတလေး၏ကိုယ်ခန္ဓာသည် တနှစ်ဆိုလျှင် တနှစ်မှန်း သိသိ မယ်တော်လက်မေါဝယ် တနင့်တပိုးကြီး ထွားရှိလာ၏။ သူ့ဖခင်၏ အသွင်အပြင်ဖြင့် ပြုံးရွှင်ကြည်လင်၍နေသော သူ့မျက်နှာသည် မယ်တော်ဆီသို့ပါကူးစက်လာ၏။ ခန္ဓာကိုယ်တည်ဆောက်စမှာမို့ သူကလေးအစားစုံသည်။ ဖိုးအေဆီမှာ ဖွားအေဆီမှာ အစားမျိုးစုံ စားသောက်ရင်း စကားမျိုးစုံအောင်လည်း ပြောတတ်လှပေပြီ။

သားတော်ရွှေသွေး လူကလေး၏ ဆည်းလည်းသံများကို နာခံရင်း ယသော်ဓရာသည် သည်ကလေး၏ နောင်ရေးကို တွေးတော၍ နေမိ၏။ ကလေး၏နောင်ရေးကို တွေးမိသည် ဆိုလျှင်ပင် သူ့ဖခင်ကိုလည်း ချန်ထား၍ မဖြစ်နိုင်ပါ။

## မိန်းမသားတယောက်၏တွက်ကိန်း

လူကြီးမိဘများကတော့ သူတို့၏သားတော် လာမှလာပါ့မလားဟု တကြောင့်ကျကျ ရှိနေကြရ၏။ ယသော်ဓရာမှာကား သူ့တွက်ကိန်းနှင့်သူ မှုသေတွက်ထားပြီး ဖြစ်ပေသည်။

သူ၏ အရှင်သခင် လင်ယောကျ်ားဘဝမှ အထွတ်အမြတ်နေရာ ရောက်ရှိလာခဲ့သော ထိုပုဂ္ဂိုလ်သည်၊ သိဒ္ဓတ္ထမင်းသားဘဝကိုကား သတိမရဘဲမနေနိုင်၊ ထိုအခါတွင် ထိုအရှင်သခင်အပေါ် ထားရှိခဲ့သော ပြုစုဆောင်ရွက်ပေးခဲ့သော မေတ္တာ

ကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံတို့ကို တွေ့မြင်လာရပေလိမ့်မည်။ သည်ဂုဏ်ကျေးဇူးများကို အသိအမှတ် ပြုသောအားဖြင့် တနေ့နေ့တချိန်ချိန် ဖူးတွေ့ခွင့် ပေးလာရချိမ့်မည်။ မိမိဂုဏ်ကျေးဇူးနှင့် အရှင်သခင်ကို ထပ်တူထပ်မျှလေးစားသော ယုံကြည်လေးစားသော မိန်းမသား တယောက်၏ တွက်ကိန်းများပင် ဖြစ်ပေသည်။

ထိုနှစ် ကဆုန်လပြည့်နေ့တွင် ထိုမိန်းမသား၏ တွက်ကိန်းမှန်သည် မမှန်သည်ကို ကျနုပ်တို့ သိကြရပါတော့မည်။

(အပါဒါန်အဋ္ဌကထာ၊ သန္တိကေနိဒါန်း)

*　　　*　　　*

## အရှင်ကာဠုဒါယီ၏ တောလားကဗျာများ

### တဖြစ်လဲကာဠုဒါယီ

"လူ့ဘုံသုံးပါး၊ အထွတ်ထား၍၊ တရားရသာ၊ မြိုက်သြဇာဖြင့်၊သတ္တဝါလူ၊ ခပ်သိမ်းသူကို၊ ဆယ်ယူကယ်နိုင်၊ ရွှေပြည်ခိုင်သို့ တိုင်တိုင်ဘေးလွတ်၊ ပို့ပေးတတ်သည်၊ လူနတ်ဆရာ၊ ရတနာ့ဟုမဟာဝီရ၊ လံ့လအခေါင်၊ ဗောဓိညောင်၌၊ ခြောက်ရောင်လျှံဝါ၊ ဥဏ္ဏာစကြာနှင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်၊ အံ့အဲမနိုင်၊

ဆွယ်ပြိုင်နိုင်းတော်၊ တုမမြှော်သည်၊ ဘုန်းတော် ထွန်းသစ်၊ တို့ရှင်ချစ်’’

လျှောက်တင်ရန် စကားများကို နားစိုက်တော် မူပါရန် မြတ်စွာဘုရားကို ရှိခိုးဦးတင်လျှက် ထွက်ကျလာသော အာလုပ် စကားများ ဖြစ်ပေသည်။

သည့်အာလုပ်စကား လျှောက်ထားသူကား ကာဠုဒါယီ မထေရ်။ အချိန်ကား ထိုသည့်နှစ် တပေါင်းလပြည့်နေ့။

သုဒ္ဓေါဒနမင်းကြီး၏ တမန်တော် ကာဠုဒါယီ အမတ်ဘဝမှ ဘုရားရှင်၏ တပည့်သားရဟန်းတော် အရှင်ကာဠုဒါယီဟူ၍ တဖြစ်လဲလာခဲ့သည်မှာ ရက်အတန်ကြာခဲ့ပါပြီ။ နောက်လိုက် နောက်ပါခြွေရံများစွာနှင့်တကွ အရဟတ္တဖိုလ်၏ တန်ခွန်သဖွယ် တင့်တယ်သော အဝတ်သက်န်းတို့ကို တပျော်တပါးကြီး ဆင် မြန်းစာ လောကီဘာမဂ္ဂဏ်စည်းစိမ်များနှင့် မနိုင်းသာ၊ မယှဉ် သာ၊ အေးချမ်းငြိမ်သက်လှစွာသော သမဏ စည်းစိမ်ကြီးကို ကိုယ်စီကိုယ်ငှ ခံစားခဲ့၍ လာခဲ့ကြပါပြီ။ သည့်အရှင်တို့သည် ရှေးကသွားလေသူ နောင်တော် နောင်တော်များ နည်းတူပင် လူ့ဘောင်လောက၏ အနှောင်အဖွဲ့ များကို အပြီးအပိုင် ဖြတ်တောက်၍ ထားခဲ့ကြပါပြီ။ သုဒ္ဓေါဒနတည်းဟူသော မဟာ ရာဇာကြီးတပါး၏ မိန့်မှာစကားကို မလိုက်နာ မဆောင်ရွက် ရ၍လည်း တစုံတခု စိတ်ထိခိုက်စရာ မရှိတော့ပါပြီ။ သို့ရာတွင် အရှင်ကာဠုဒါယီမှာ နောင်တော်များနှင့် အတန်ငယ်ကွာခြားမှု ရှိ၍ နေပေသည်။

## အများနှင့်မတူ

အခြားသော အမတ်များသည် သုဒ္ဓေါဒန မဟာရာဇာ၏ အမှုတော်များကို အပြင်အပမှပင် ထမ်းဆောင် ခဲ့ကြရ၏။ ထို့ကြောင့် အရှင်သခင်မိသားစုတို့၏ အတွင်းရေး ကိစ္စများကို သေချာဂဏာ မသိနိုင်မမြင်နိုင်။ သားတော်သိဒ္ဓတ္ထ လူ့ပြည်ငြီး၍ တောကြီးခိုသွားသည်တွင် သူတို့မိသားစု တခုလုံး ယူကျုံးမရ ဖြစ်ခဲ့ကြရသည် မှန်ပါ၏။ သို့သော် သူတို့တတွေမှာ ရာဇသွေး ရာဇမာန်က တရွေးသားမျှမလျော့သေး။ သားတယောက်လုံးက ရက်စက်မညှာ စွန့်ခွာခြင်းခံရပြီးသည့် နောက်မှာပင် သည်သွေး သည်မာန်များက ပြည့်လျှံမို့မောက် နေကြဆဲ ဖြစ်၏။ ထို့ကြောင့် အပြင်လူအမှုထမ်းများ၏ ရှေ့မှာဆိုလျှင် သူတို့ မျက်နှာများက ရာဇဂုဏ်ရောင်ဖြင့် ခပ်တည်တည် ခပ်တင်းတင်းသာ နေကြ၏။ ဤသို့ တည်တည် တင်းတင်း နေသည့်ကြားမှပင် စွန့်ရက်လေသူ ခွာရက်လေသူအတွက် မျက်ရေ ကျချင်ချင် ဖြစ်ကြရ၏။ အပြင်လူများ ရှေ့မှောက်ဝယ် မာန်တင်းကာ ထိန်းချုပ်ထားခဲ့လေသမျှ သည်မျက်ရေများသည် ကာဠုဒါယီနှင့် ကျခါမှ တွေတွေဒီးဒီး စီးဆင်းခွင့်ရကြပေသည်။

## ကရုဏာစိမ့်စိမ့်

သည်မိသားစု၏ မာန်မာန၊ သည်မိသားစု၏သောက၊ ပရိဒေဝအဆောက်အဦးကို ကာဠုဒါယီတဦးသာ လုံးဝဥဿုံ သိနိုင်ခွင့်ရှိ၏။ သည်မိသားစု၏ ရင်ထဲကဝေဒနာကို အညီအမျှဝေခွဲ၍ ခံစားခဲ့ရသူမှာလည်း ကာဠုဒါယီ တဦးသာရှိ၏။ သူလိုငါလို လူများအတွက် ဆိုပါလျှင် ရင်ထဲက ဝေဒနာကို ချုံးချကာ

ငိုကြွေးလိုက်ရလျှင် အတန်ငယ် သက်သာခွင့်ရနိုင်၏။ ရာဇဂုဏ်သိန်၊ ရာဇကုဋေဋြေဖြင့် ငိုချင်တိုင်းငို၍ မဖြစ်နိုင်သော သူကွ်မိသားစု၏စိတ်ဝေဒနာများက သူတကာတွေ လက်အခံရ ခက်လှပေသည်။ သူတို့အပေါ် အရှင်သခင်အဖြစ်ဖြင့် ရှိသေကိုင်းညွှတ်နေစဉ မလိုတော့သော်လည်း ဤဒုက္ခသည်များ အပေါ်ဝယ် ဂရုဏာဒေစာသိက်တို့ကား စိမ့်စမ်းသဖွယ် စီးဆင်း၍နေကြရပေသည်၊

## သွားခါကာလတန်ပြီတည်း

ဤဒုက္ခတို့၏ ဤသို့သော ဒုက္ခဝေဒနာတို့ကို အကောင်းအရှင်းကုသ၍ပေးနိုင်မည့်သူမှာ ဘုရားရှင်တပါးသာ ရှိတော့သည်။ သူကိုယ်တိုင်က စွန့်ခွာထားခဲ့၍ ဖြစ်ပွားခဲ့ရသော ဒုက္ခဝေဒနာတို့ကို သူ့ဘာသာ တာဝန်ယူ၍ ကုစားရပေလိမ့်မည်။ ကုစားရန်အတွက် ခရီးဆက်ရမည့်အချိန်အခါကာလည်း ရောက်၍နေပါပြီ ထို့ကြောင့်....

"အဖြစ်ကြောင်းလျှား၊ မှာစကားကို၊ ဦးဖျား ထိပ်ထက်လျှောက်ကြားဆက်အံ့"

ဤသို့သော ပဋိညာဉ်စကားဖြင့် ရှိသေစွာခွင့်ပန်ကာ သည်ခရီး သည်ရာသီကို စာပန်းချီချယ်မှုန်းလျှင် တင်ဆက်လိုက်ပေတော့သည်။

"ဖွားချက်မြုပ်ထွေ၊ ဇာတိနေသား၊ အောင်မြေမည်မ၊ ကပိလတွင်၊ မွေးဘသုဒ္ဓေါ်၊ တကာတော်နှင့်၊ ယသော်ရော၊ ဗိမ္ဗာမြောက်သား၊သည်းချာရာဟု၊မျှော်ကာရှုလျှက်၊ တစုတရုံး၊ နန်းနှယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြက်ကြင်နာသော်၊ ဖူးပါ

လှချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းထိထိ၊ မြော်ချင်ဘိဟု၊ ကြားသိတုန့်လို၊ တသောင်းဗိုလ်တွင်၊ ကျွန်ကို နောက်ဆင့်၊ ချီပင့်ရာလှာ၊ ဤအခါကား၊ ဟောမာချမ်း ဆောင်း၊ ကြွလှဲပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနှဟု၊ သာလှပျော်မှု၊ သည်ရတု၌၊ ညွန့်နုဆဲဆဲ၊ မိုးလျှံခဲသို့၊ ရဲရဲ ပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်း၊ ဖြင်ပေါ်မည်း၏။ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါကာလ တန် ပြီတည်း”

ခရီးသာစွမွန်ပြီတည်း

“ပျော်မှု ပျော်မှု၊ မျှော်ကြည့်ရှု၍၊ ရတု ကောင်းစွာ၊ ဤအခါဇာဒ်း၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံပျံဖြည်းသား၊ တိမ်မည်း မဆိုင်၊ မြည်အိုင်ရိုက်ကျူး၊ မင်းလွှင်မြူးသား၊ ငွေဦးသရစ်၊ အခါဖြစ်၍၊ ရှင်ချစ်ဘုရား၊ သုံးလူ့ဖျားလျှင်၊ ဖဝါးစက်တော်၊ ချီတုန်သော်လည်း၊ ထော်လော်စုန့်လှန့်၊ မြေမှုန့်မြေကြမ်း၊ ခရီးလမ်း၌၊ သာချမ်းညံ့စေ၊ လွှဲဖယ်လေလျက်၊ ပရမေထွန်း ပေါ်၊ မြတ်နုဘော်ဖြင့်၊ ရှင်တော်မွန်စင်၊ ငါ့သခင်ကို၊ စက်ရှင် မြူတေ၊ ကြွသာစေဟု၊ ဧးမြေတပါး၊ ဖဲနှင့်ရှား၍၊ ပြန် သွားမငြိး၊ သဲမွေးနိုးသည်၊ ခရီးသာစွ မွန်ပြီတည်း”

တောလုံးညွန့်သစ် လှန်ပြီတည်း

“ပေါ်လူပေါ်လူ၊ ညွန့်သစ်နုနှင့်၊ ရတုသာထွေ၊ နွေဇာဒ်း ရောက်ပြီး၊ ဆောင်းအမြီးဟု၊ ခရီးလမ်းလျှဉ်၊ ခက်ချင်းယဉ်ဦ

သား၊ ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူးရှ်၊ ငုံဖူးစိစို့၊ ဓာချို့တားပွင့်၊ ကင်းနှင့်မညို၊ မီးလျှံသဖွယ်၊ ဝင်းဖင်းကယ်မျှ၊ မြိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံဘောင်း၊ ပန်းအပေါင်းနှင့်ရွက်ဟောင်း ပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြုလျှက်၊ ပျံ့ကြူအေးအေး၊ လေညှင်းသွေးသော်၊ မွှေးမွှေးရကုံ၊ သင်းနံ့ထုံသို၊ ပြောစုံခန့်ချုံး၊ ပွင့်ရောင်ဖုံးသည်၊ တောလုံးညွှန့်သစ်၊ လှန်ပြီတည်း”

ဥဒေါင်းမောရတွန်ပြီတည်း

“ယောင်နုယောင်နု၊ ရွက်သစ်ပြုလျှက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်ရှ်၊ အလိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း။ ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာသောတိ၊ ကြွဘွယ်ရှိစွ၊ ခရီးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတုံသစ်ကိုင်းညွှန့်လန်း၊ ဂနိုင်ပန်းတိ၊ ထက်ဝန်းဖြင့်မှု၊ ပွင့်လတ်ကြဲသော်၊ ရှင်ပြုမြည်ရှူန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရကုံတောဝယ်၊ ဥညြကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟာသ်ာပုဲထွေး သံလေးကျူးဆင့်၊ ကြွေးရင့်မည်ုံ၊ ခုန်ပျံပြေးသွား၊ တပင်နားလျှက်၊ ပင်ဖျားပင်ခြေ၊ မွှမ်းမွှမ်းထွေလျှက်၊ စုံမြေရိပ်ကောင်း၊ ရွှေများပေါင်းသည်၊ ဥဒေါင်းမောရ တွန်ပြီတည်း”

ကဗျာ့ပါရဂူ အရှင်ဓာဋ္ဌုဒါယီ အထံမှ တဆင့်ကြားနာရသော ဤတောလားကဗျာတို့ကို နှစ်သက် ကြည်နူးမိသည့်အတွက် ကျနုပ်တို့လွန်အံ့မထင်ပါ။ သုံးလူ့ထွတ်ထား ဘုရားရှင်

ကိုယ်တော်တိုင်ကပင်လျှင် ဤတောလားကဗျာတို့ကို ကြားနာတော်မူပြီးသည်နှင့် ခရီးထွက်ရန် အမိန့်သံ ပေးတော်မူခဲ့ရသည် မဟုတ်ပါလော။

(ထေရအပဒါန် အဋ္ဌကထာ၊ ကာဠုဒါယိ ထေရာပဒါန် အဖွင့်ဂါထာများအလိုက် ဖွဲ့ဆိုထားသော တောင်ဟွင်းစာဆိုရှင် အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့မှ ထုတ်နှုတ်ချက်)။

* * *

## နေပြည်တော်တွင် ဆွမ်းခံဝင်

ကြိုဆိုပွဲကြီး ချိမ့်ချိမ့်သဲ

ယမန်နေ့က ဤနိဂြောဓဥယျာဉ်ဝယ် ပန်းမျိုးစုံတို့ မကြုံစဖူး ပွင့်လန်းဝေစည် ခဲ့ကြ၏။ နံ့သာမျိုးစုံ အခိုးအထုံ တို့လည်း ဥယျာဉ်တခုလုံးကို လွှမ်းခြုံ၍ထားခဲ့ကြ၏။

ဥယျာဉ်အတွင်း၌ စနစ်တကျစိုက်ပျိုးထားသော ပန်းမျိုးစုံ၊ ကြိုဆိုလာသူတို့၏ ပန်းမျိုးစုံ။

ဥယျာဉ်အတွင်းရှိ ပန်းမျိုးစုံတို့၏ ရနံ့မျိုးစုံ၊ ကြိုဆိုလာသူတို့၏ အမွှေးအထုံ။

ထိုနေ့က သည်ဥယျာဉ်ဝယ် ယနံ့မျိုးစုံ ပန်းမျိုးစုံ၊ လူကြီး လူငယ် အရွယ်မျိုးစုံ စုပြုံရောက်ရှိခဲ့ကြ၏။ သကျအမျိုးသားတို့၏

နှစ်သက်ခြင်းကို ပွားစေတတ်သော ဘုရားရှင်ကို သကျနွယ်ဝင် ဆွေတော် မျိုးတော်များက ဝမ်းပန်းတသာ ကြိုဆိုကြခြင်းပင် ဖြစ်ပေသည်။ တခန်းတနား ပူဇော်ကြခြင်းပင် ဖြစ်ပေသည်။

## တိတ်ဆိတ်သော နံနက်ခင်း

ယနေ့နံနက်ခင်းမှာတော့ ဥယျာဉ်တခုလုံး လူရှင်း၍နေပေပြီ။ ယမန်နေ့ညနေက သောသောအုတ်အုတ် ရှိခဲ့သည်နှင့်စာမျှ ယနေ့ တိတ်တိတ်ဆိတ်ဆိတ် ရှိပေသည်။

ကျိန်းစက်ရာမှ ထလာကြသော ရဟန်းတော်း ရှိကြပါ၏။ သို့သော် ထိုရဟန်းတို့ထံမှလည်း အသံဗလံတစုံတရာမထွက်လာ။ အချို့က ပန်းခြုံများကြားမှာစင်္ကြံကြွလျှက်ရှိကြ၏။ တချို့ကား ကျိန်းစက်ခဲ့သောနေရာမှာပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြ၏။ ငြိမ်သက်သောတရားကို လက်ဝယ်ပိုင်ပိုင် ရရှိထားပြီးသူများ ချည်းဖြစ်၍ ဥယျာဉ်တခုလုံး ငြိမ်သက်နေခြင်း ဖြစ်ပေသည်။ နံနက်စောစော အာရုဏ်မတက်မီကလည်းကာ ဤအတိုင်း နေလာခဲ့ကြရာတွင် နေဝန်းကြီးပေါ်သည်အထိ ဖြစ်၏။ နေဝန်းပေါ် လာတော့လည်း ဘုရားရှင်က တဲကျောင်းထဲမှ ထွက်တော်မမူ မလာသေး။ ထို့ကြောင့်ရဟန်းများမှာ နေမြဲတိုင်းပင် နေကြ ပြန်သည်။ ဆွမ်းခံစရာ သပိတ်များကိုကား အိပ်ရာမှ ထစဉ် ကတည်းက အသစ်တဖန် ဆေးကြောထားပြီး ဖြစ်ပေသည်။

## ယခင်နှင့်မတူ

ရာဇဂြိုဟ်က ဝေဠုဝန်ကျောင်းတော်မှာဆိုလျှင် ဤအချိန် တွင် နွားနို့နှင့်သော်လည်းကောင်း၊ အသားများ ပြွမ်း၍ လည်းကောင်း၊ ယာဂုတမျိုးမျိုး သောက်၍ပြီးကြပြီ ဖြစ်၏။

ယမန်နေ့ကပင် ဖိတ်ကြားပြီးသော ဆွမ်းတကာ ဆွမ်းအမများ အိမ်သို့ကြွရန် အသင့်ပြင်ဆင်နေကြရပြီ ဖြစ်၏။ ထိုသို့ကြွရာ၌ တခါတရံ သံဃာကုန်၊ သံဃာကုန်မပင့်နိုင်လျှင်တော့ စာရေးတံ မဲကျရာ ပုဂ္ဂိုလ်များ လိုက်ပါဘုဉ်းပေးကြကာ၊ ကျန်ပုဂ္ဂိုလ်များမှာ ခါတိုင်းလိုပင် ဆွမ်းခံဝင်၍ မျှတကြပေသည်။

ဘုရားရှင်၏ ဇာတိမြို့တော်၊ သည်ဥယျာဉ်ထဲ ရောက်လာချိန်မှာတော့ စားကောင်းသောက်ဖွယ် ကပ်လာသူလုံးဝမရှိ၊ ယမန်နေ့ကလည်း ကျိတ်ကျိတ်တိုးမျှ လာ၍ကြိုဆို၊ ပူဇော်ကာ အချိန်တန်၍သာ ပြန်သွားကြ၏။ "နက်ဖြန်နံနက်ဘုရားတပည့်များအိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါ၊ ဆွမ်းအလှူခံ ကြွတော်မူပါ" ဟူ၍ တစုံတယောက်တမျှ ဖိတ်ကြားမသွားကြ။ အခြား ဆွေတော်မျိုးတော်များကို ထားဘိဦး၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် နို့တိုက်မယ်တော် မဟာပဇာပတိ ဂေါတမီတို့ကပင် ပင့်ခြင်းဖိတ်ခြင်း မပြုခဲ့ကြ။

အတွင်းသိအခင်းသိ

အင်္ဂလိပ်တိုင်း၊ မဂဓတိုင်းမှ ရဟန်းများအနေနှင့် ဤဖြစ်ရပ်ကို ထူးဆန်းသည်ဟု ထင်ကောင်းထင်စရာရှိပါ၏။ ဘိုသော် ကျနုပ်တို့မိတ်ဆွေဟောင်း အရှင် ကာဠုဒါယီကတော့ ဤဖြစ်ရပ်ကို ကောင်းကောင်း သဘောပေါက်ထားသည်ဟု ဆိုပါ၏။

မှန်ပါသည် ကျနုပ်တို့နည်းတူ လူ့ဘောင်လောကမှာ နေခဲ့စဉ်ကလည်း နောင်တော် သိဒ္ဓတ္ထသည် မည်သည့် ဆွေတော်မျိုးတော် အိမ်ကိုမှသွား၍ စားသောက်ရိုးထုံးစံ မရှိခဲ့ပေ။ ထိပ်ဆုံးတန်း နေရာမှာနေခဲ့ရသူဖြစ်၍ သူကသာ သူများကို ဖိတ်ကြား၍ ကျွေးချင်ကျွေးပေမည် သူ့ကိုကား မည်သူကမှ

မဖိတ်ကြားရဲပေ။ ထိုအချိန်အခါက ယခု သပိတ်လက်ဆွဲ၍ ဆွမ်းခံစားနေသည့်တိုင်အောင် လိုက်ပါ၍ နေပေသည်။

## သူ၏သား သူ၏ဘုရား

ဤအချိန်အခါကို ယခုတိုင် လက်ခံနေသူများတွင် ခမည်းတော်ကြီးများလည်း အပါအဝင် ဖြစ်ပေသည်။ ဘုရားရှင်ကို သူတို့၏ သားတယောက်ဟူ၍ သတ်မှတ်ထားသလို၊ သားဖြစ်သူကလည်း စားချိန်သောက်ချိန် ရောက်လျှင် မိမိနန်းတော်သို့ ကြွလာလိမ့်မည်ထင်ခဲ့၏။ သည်နန်းတော်ထက်ဝယ် ဖွယ်ဖွယ်ရာရာ စားသောက်လာပြီးသော သားတော်သည် အခြားမည်သူ့အိမ်ကိုမျှ ကြွဖွယ်မရှိဟု သဘောထားခဲ့၏။ ထို့ကြောင့်ဘုရားရှင်နှင့်ဘကွ နောက်ပါ သံဃာတော်များအတွက် ဆွမ်းခဲဘွယ်များသာ စီစဉ်ချက်ပြုတ်၍ ထား၏။ အပင့်သော်သည်းကောင်း အထောက်သော် လည်းကောင်း တယောက်မျှ မလွှတ်မိပေ။ သည်သဘော ကိုလည်း သည်နန်းတော်မှာ အတွင်း ကျကျ နေလာခဲ့သည့် အရှင်ကာဠုဒါယီလို ပုဂ္ဂိုလ်များက အလွယ်တကူ နားလည်ကြပေသည်။

## ဆွမ်းခံကြွကြပြီ

ဤအကြောင်းနှင့် ဆက်စပ်၍ ဝေဠုဝန် ကျောင်းတော်သို့ ရောက်ရှိပုံ၊ ရဟန်းပြုပြီးနောက် ဂါထာခြောက်ဆယ် ဖွဲ့ဆို လျှောက်ထားပုံ၊ တနေ့လျှင် တယူဇနာကျဖြင့် သက်တောင့်သက်သာ လာတော်မူပုံများနှင့် ယနေ့နံနက်ခင်း အတွေ့အကြုံများကို ထိုအရှင်မြတ်၏ မိန့်ဆိုချက်အရ ကျနုပ်တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ထိုနေ့နံနက်ခင်း၏ အတွေ့အကြုံကို အရှင်ကာဠုဒါယီက ဆက်လက်၍ မိန့်ဆိုပါသေးသည်။ နေရောင်ခြည် ဘော်တော် ရင့်လာသောအခါ ဘုရားရှင်သည် တပါးတည်း ကျောင်းစက် ရာမှ ထွက်ကြွတော်မူသာ၏။ သပိတ်သင်္ကန်းများ အရုံသင့် ပြင်ဆင်ဝတ်ရုံကာ ဆွမ်းခံရန် ကြွတော်မူလာခြင်း ဖြစ်ပေသည်။ နောက်ပါ ရဟန်းတော်များသည် အကြောင်းသင့်ရာမှ တန်းစီ ကာနေရာယူကြရ၏။

ဘုရားရှင်သည် ရဟန်းသံဃာတော်များကို ဦးဆောင်လျှက် ဥယျာဥ်မှ ထွက်တော်မူလာခဲ့၏။ မကြုံစဖူး ထူးကဲသောအသွင် အပြင်ဖြင့် တသီတတန်းကြီး ကြွတော်မူလာကြသော သံဃာ တော်များကို မြို့သူမြို့သားများက တအံ့တဩ လှမ်းကြည့်နေကြ ၏။ သို့ရာတွင်မည်သူတဦးတယောက်မှ ဘုရားရှင်သပိတ်တော်ကို လာမယူ ဘယ်ဆွေဘယ်မျိုး ကမှလည်း လာ၍ ကြိုဆိုခြင်း၊ ဖိတ်ကြားခြင်းမရှိ။ သို့နှင့် ဘုရားရှင်သည် ကပိလဝတ်မြို့နားသို့ ဆိုက်ရောက်တော်မူလာသည်။

## ဘုရားရှင်တို့၏ အစဉ်အလာ

မြို့တံခါးအဝင်တွင် ဘုရားရှင်သည် ခေတ္တမျှ ရပ်တော်မူ၏။ ဇာတိချက်ကြွေ နေပြည်တော်သို့ ဆွမ်းခံဝင်ရာတွင် ရှေးရှေး သော ဘုရားရှင်ကိုယ်တော်မြတ်များသည် မည်သို့မည်ပုံ ဆွမ်းခံ တော်မူကြသနည်း။ အိမ်စဉ်အတိုင်း မဟုတ်ပဲ တန်ခိုးဩဇာ ကြီးမားသောအိမ်များကို ရွေးချယ်၍ ဆွမ်းခံတော်မူကြသလား။ သို့တည်းမဟုတ်၊ ဆူကြုံနိမ့်မြင့်မရွေး အိမ်စဉ်အတိုင်း မချွင်း မချန် ဆွမ်းခံကြလေသလား” ဟု စဉ်းစားတော်မူဟန် ရှိပါ သည်။

ထို့နောက် အစွန်အဖျားအိမ်မှ စဝင်ကာ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူသည်။ ရှေးရှေးသော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ လမ်းစဉ်အတိုင်း လိုက်ကာ နောင်လာနောက်သား တပည့်များအတွက်ပါ နမူနာကောင်းတခုကို ပြခဲ့ခြင်းလည်း ဖြစ်ပါသည်။

## ငေးသူငေး တွေးသူတွေး

မြို့တော်သူ မြို့တော်သားများမှာ ဆွမ်းလောင်းသူထက် တအံ့တသြ ငေးမောနေမိသူက ပို၍ များပြားနေပေသည်။ မြို့တော် အတွင်းပိုင်းသို့ ဝင်လာမိသည်နှင့်အမျှ မြို့သူမြို့သားများ၏ အံ့သြစိတ်များသာ ပိုပို၍ပို၍ အရှိန်မြင့်လာကြ၏။ ဟိုစဉ်က ဘယ်ဆွေဘယ်မျိုး ဘယ်မင်း ဘယ်စိုးအိမ်မှာမှ လိုက်၍ မစားမသောက်ဖူး သူ နန်းတော်ထက်၌ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ပြီးခါမှ အရံသင့်ဝင်၍ စားလာခဲ့သူ။ ယခု၌ပုဂ္ဂိုလ်သာ ထမင်းတလုပ်အတွက် အိမ်ပေါက်စေ့ လိုက်၍ တောင်းနေရချေပြီ။ ငေးရင်းမောရင်းက အတွေးချင်း ဖလှယ်သူများလည်း ရှိကြပေသည်။

တအိမ်ဝင်တအိမ်ထွက်ဖြင့် ဘုရားရှင်နှင့် သံဃာတော်များသည် နန်းတော်ဆီသို့ ရှေးရှုကြွတော်မူလာကြ၏။ တယောက်စကား တယောက်နားဖြင့် ဤသတင်းကို ကြားထားပြီးပြီမို့ ရာဟုလာမယ်တော် ယသော်ဓရာသည် လေသာပြတင်းကိုဖွင့်ကာ စောင့်မျှော်၍ နေခဲ့၏။ သူကိုယ်တိုင် မဖူးရမမြင်ရသေးသော ကိုယ်တော်မြတ်၏ ရုပ်သွင်ကို အမျိုးမျိုးအဖုံဖုံ ပုံဖော်၍ ကြည့်နေမိပေသည်။

## ရွှေရုပ်သွင် မြင်ချင်စမ်းပါဘိ

ဟိုယခင်က အရှင့်သားသည် မနက် တောက်ပြောင်သော ဥဿျှောင်တော်ကို ရတနာမျိုးစုံဖြင့်ပြိုးပြိုးပြက်မျှ ချယ်လှယ်ခဲ့၏။ ခုသည်ဥဿျှောင်တော်ကြီး မရှိတော့ဟုဆိုကြ၏။ ဦးပြည်းကတုံးနှင့် အရှင့်သားသည် ယခင်ကလို နှစ်လိုဖွယ်မှ ကောင်းပါဦးမည်လား။

ဟိုယခင်က သိဒ္ဓတ္ထ မောင်တော်သည် အဖိုးထိုက်တန်သည့် ပိုးဖဲကတ္တီပါ အဝတ်တန်းဆာတို့ကို ဝတ်ဆင်ခဲ့၏။ ယခုတော့ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ရုံ၍နေလေပြီ ဆိုကြ၏။ သင်္ကန်းဝါဝါနှင့် အရှင့်သားသည် ယခင်ကလို ကြည်ညိုဖွယ် ကောင်းပါဦးမည်လား။

ဟိုယခင်မောင်မောင်ဘုရားသည် ဟိုနားသည်နား ခရီးထွက်လျှင် ရထားသော်လည်းကောင်း၊ ဝေါသော်လည်းကောင်း၊ မြင်းသော်လည်းကောင်း စီး၍သွားနေကျဖြစ်၏။ ယခုမြေအပြင် ခြေတင်လျှက် ကြွသွားပြီဆိုကြ၏။ ဝေါမပါ ယာဉ်မပါ အရှင့်သားသည် ယခင်ကကဲ့သို့ တန်းခိုးရှိန်ဝါ ရှိပါဦးမည်လား။

ဟိုယခင်က မိမိ၏အချင်သခင်သည် အရံသင့် ပြင်ဆင်ထားပြီးသော ခဲဘွယ်ဘောဇဉ်များကို စိတ်တိုင်းကျ စားသောက်ခဲ့ရ၏။ ယခုထမင်းတလုပ်အတွက် အိမ်ပေါက်စေ့မျှလှည့်လည်၍ တောင်းနေရချေပြီ ဆိုကြ၏၊ တဆိတ်ဆဲ သူတကာစွန့်ကြဲမှ စားရသော အရှင့်သားသည် ယခင်ကလို ဂုဏ်ကြက်သရေ ရှိပါဦးမည်လား။

သူတကာတွေလို ကိုယ်တိုင်ပြေးလွှား၍ မကြည့်နိုင်သည့်မို့ အတွေးနယ်ချဲ့၍သာ နေရတော့သည်။ ဟိုယခင် သိဒ္ဓတ္ထမင်းသားဘဝက လှပတင့်တယ် ရှုချင်ဖွယ်ရှိခဲ့သော အရိပ်နိမိတ်များက သူ့စိတ်အစဉ်ကို ဖမ်းစား၍ နေကြ၏။ ထိုအရိပ်နိမိတ်များကို ယခုလက်ရှိ ကိုယ်တော်မြတ်၏ ကြည်ညိုဖွယ်ရာ သာသနာ့အသွင်အပြင်တို့ဖြင့် အစားထိုးရန် ရည်သန်ပါသော်လည်း ကိုယ်တော်တိုင်ကို မဖူးမမြင်ရသေးသမျှ စိတ်ဒွိဟ ပွားနေရဦးမည်သာ ဖြစ်ပေသည်။

ဖူးရမြင်ရထိုအလှ

ဟော....ယခုတော့ဒီစိတ်ဒွိဟတွေ ကင်းစင်၍သွားပါချေပြီ။ နေသာလျှင် နှင်းပျောက်၍ အလင်းပေါက်ရသကဲ့သို့ ဘုရားရှင်တည်းဟူသော နေမင်းကြီး ထွန်းလင်းတော်မူလာသဖြင့် ယသော်ဓရာ၏ သံသယနှင်းမြူတို့ လွင့်ပျောက်၍ သွားကြရပေတော့သည်။ အမှောင်ခွင်း၍ အလင်းသို့ ရောက်လာကြပြီတည်း။

ဟိုယခင်အလှက တဏှာရာဂ မာန်မာနနှင့် ယှဉ်သောအလှ။ ပြုနိုင်ပြင်နိုင် ဝတ်ဆင်နိုင်မှသာ လှသောအလှ။

ယခုအလှက ကိလေသာမယှဉ်၊ ကြည်လင်အေးမြ၊ ဘေးမခသည့်ကျက်သရေတော်၊ မပြုမပြင် ပင် ကိုယ်အားဖြင့် ရှုချင့်စဖွယ် တင့်တယ်၍ နေပေတည်။

နဖူးတော်မှသည် ခြေဖျားသို့၊ ခြေဖျားမှသည် နဖူးတော်သို့ အပြန်ပြန်အလှန်လှန်၊ ကြိမ်ဖန်များစွာ သုံးသပ်ပါလျှက် အားရဘင်းတိမ်ခြင်း မရှိနိုင်။ ကိုယ်တော်မြတ် ရုပ်သွင်က တိုက်တလုံး

အကွယ်ရောက်သွား၍သာ နေရာက ထလာရ၏။ နန်းတော်အနီးမှ လွန်မသွားသေးမီ နန်းတော်ထက်သို့ပင် ဆောင်နိုင်စေရန် ခမည်းတော်ကြီးထံ အကြောင်းကြားလိုက်ရ၏။

## ခမည်းတော်ကြီး၏ မာန်မာန

တဆွေလုံးတမျိုးလုံး၏ ဂုဏ်သရေကို အကြွင်းမဲ့ဖျက်ဆီးရာ ရောက်နေသဖြင့် ဤကိစ္စကြီးကို ရှေ့နားတော်ကြား လျှောက်တင်ရဲသူ တယောက်မျှမရှိခဲ့။ ကိုယ်တော်မြတ်၏ ကျက်သရေတော်ကို ကိုယ်တိုင်သာ မဖူးမမြင့်ခဲ့ရလျှင် ယသော်ရောလည်း လျှောက်တင်ရဲလိမ့်မည် မထင်။ ယခု သည်ကျက်သရေတော်၏ အရှိန်အဝါကြောင့် မရှိ့မကြောက် လျှောက်တင်လိုက်မိပြီ ဖြစ်ပေသည်။

"ခမည်းတော်အရှက်ကို ခွဲရက်သည့် သားတော်ပါကလား"

ဟူတတ်တိုင်းမှန်စွာ လျှောက်လိုက် မိသည်နှင့် တပြိုင်နက် သုဒ္ဓေါဒန မဟာရာဇာ၏စိတ်တွင် အကြီးအကျယ် ထိခိုက်၍ သွားရပေသည်။ ခမည်းတော်ကြီးကိုယ်တိုင် ရှိနေပါလျက်နှင့် သူတပါးအိမ်ပေါက်စေ့ အောက်ကျ နောက်ကျ လျှောက်တောင်းနေရမည်လား။ သကျအမျိုးသားတို့၏ အစဉ်အလာကိုမှ သတိမထားပေရော့သလား။

## မင်းတကာတို့ထက် သာသောမင်း

ကရုဏာနောက်မှ ပါလာသောမာန်။ မာန်နှင့်အတူ ပေါ်လာသောဒေါသ။ သည်ဒေါသမာန်၊ သည်ကရုဏာတို့က သူ့စိတ်အစဉ်တွင် တကြော့စီ တပြန်စီ မှင်းမူ၍နေကြ၏။

တိုင်းသူပြည်သား၊ ဆွေတော်မျိုးတော်များအပေါ် မင်းမှု လာခဲ့သော မဟာရာဇာသည် မင်းထက် မင်းဖြစ်သော ထိုစေတသိက်တို့၏အမိန့်ကို လုံးဝတော်လှန်ခြင်းငြင်းဆန်ခြင်းမပြုနိုင်။ သူတို့တတွေ၏ အမိန့်အာဏာအတိုင်း နန်းတော်ထက်မှ ဒရောသောပါး ပြေးဆင်းသွားခဲ့၏။ ပါလာသော အဝတ်အစားများကိုသော်မှ မနိုင့်တနိုင်သိမ်း၍ ကိုင်လာခဲ့ရ၏။

"အရှင်ဘုရား။ တပည့်တော်တို့ကို အရှက်ရအောင်ပြုပါသလား။ သည်လောက်များပြားသည့် ရဟန်းတော်များအတွက် တပည့်တော်ဆီမှာ ဆွမ်းမရနိုင်ဟုများ ထင်မှတ်တော်မူနေပါသလား"

ဘုရားရှင်ရှေ့တော်မှောက် အရောက်သွားကာ အမေ့ာတကော လျှောက်တင်လိုက်ပေသည်။

## အမျိုးအနွယ်၏ ကျင့်ဝတ်

"မင်းကြီး။ နားဆင်လေလော့။ ဤသို့ အိမ်စဉ်တွေ့သမျှ မချင်းမချန် ဆွမ်းခံစားခြင်းမှာ အသင်မင်းကြီးတို့ကို အရှက်ရစေရန် မဟုတ်ပေ။ အသင်မင်းကြီး နန်းတော်တွင် ဤရဟန်းများအတွက် ဆွမ်းမပြည့်စုံနိုင်ဟု ထင်သော ကြောင့်လည်း မဟုတ်ပေ။ ဤသို့အိမ်စဉ်တွေ့သမျှ မချင်းမချန်ဆွမ်းခံခြင်းမှာ အမျိုးအနွယ်၏ ကျင့်ဝတ်ပင် ဖြစ်ပေသည်"

ခမည်းတော်ကြီး တုန်လှုပ်ခြောက်ခြား နေသည်နှင့် အမျှ မြတ်စွာဘုရားက တည်ငြိမ်စွာပင် မိန့်တော်မူပေသည်။ လူ့လောက သံယောဇဉ်ဟူသမျှ ဖြတ်တောက်ပြီးပြီမို့ သုဒ္ဓေါဒန

မင်းကြီးကိုပင် ခမည်းတော်ဟူ၍ ခေါ်တော်မမူပြီ၊ ဆွေမတော် မျိုးမစပ် ဗိမ္ဗိသာရမင်းနှင့် ထပ်တူထပ်မျှသာ သုံးသပ်တော် မူပေပြီ။

ကျနုပ်တို့ သီတင်းသုံးဖော်များက ကျနုပ်တို့ကို ဘုရားရှင်နှင့် ဆွေမျိုးစပ်ကာ ညီတော်အာနန္ဒာ ဟူ၍လည်းကောင်း၊ ညီတော် နန္ဒဟူ၍ လည်းကောင်း၊ သားတော်ရာဟုလာ၊ မိထွေးတော် ဂေါတမီဟူ၍လည်းကောင်း၊ ချီးချီးမြှောက်မြှောက် ခေါ်ဆို တတ်ကြ၏။ ဘုရားရှင်ကိုယ်တော်တိုင်မူကား မိသားစု အခေါ် အဝေါ်များကို လုံးဝအသုံးပြုတော်မမူပါ။ ကျနုပ်ကို ညီတော် ဟူ၍ လုံးဝမခေါ်ပါ။ အမည်ရင်းအတိုင်းသာ ခေါ်တော်မူပါ သည်။ တွေ့လာကြုံလာရလေသမျှ ပုဂ္ဂိုလ်များအပေါ် ညီတူ ညီမျှ သဘောထားတော်မူသည်ကို ယခု ခမည်းတော်ကြီးကို ခေါ်လိုက်ခြင်းက သက်သေခံ၍ နေပေပြီ။

## သူ့အမျိုး ကိုယ့်အမျိုး

သံယောဇဉ် မရှိတော့သူက အသိဘရားသက်သက်ဖြင့် မိန့်ဆို တော်မူခဲ့၏။ သို့သော်အသိတရား မကိန်းလာသေးသော ခမည်း တော်ကြီးက သဘောမပေါက်ရှာ။ ဘုရားရှင်၏ ဆွေတော် မျိုးတော်ဟူသော အဆိုအမိန့်ကို အဓိပ္ပါယ်အကောက် အယူ လွဲကာ....

"အရှင်ဘုရား။ တပည့်တော်တို့၏ ခတ္တိယ အမျိုးအနွယ် ထဲမှာ ယခုလို အိမ်ပေါက်စေ့ တောင်းစားသူဟူ၍ ရှိခဲ့ဘူးပါ ပါသလား"

ဆေ့မာန် မျိုးမာန် အတ္တအစွဲသန်သန် မေးလျှောက်လိုက်ခြင်းပင် ဖြစ်ပေသည်။

"မင်းကြီး၊ ဤခတ္တိယအမျိုးအနွယ်ဟူသည်ကား သင်မင်းကြီးတို့၏ အမျိုးအနွယ်ဖြစ်ပေသည်။ ငါတို့၏ အမျိုးအနွယ်ဟူသည်ကား ရှေးရှေးက ပွင့်တော်မူခဲ့ကြသော ဘုရားရှင်ကိုယ်တော်မြတ်များ၏ အမျိုးအနွယ်သာလျှင် ဖြစ်ပေသည်။ ရှေးရှေးက ဘုရားရှင်ကိုယ်တော်မြတ်များမှာလည်း ဤကဲ့သို့ အိမ်ပေါက်စေ့မျှ ဆွမ်းခံ၍ အသက်မွေးတော်မူခဲ့ကြပေသည်"

## အစွဲမခံသော အနတ္တ

ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရားဟူ၍ တငါငါ၍ နေခဲ့သော ခမည်းတော်ကြီး၏ အတ္တစွဲကို ချေချွတ်တော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ မိမိက ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရားဟူ၍ မည်၍မည်မျှပင် စွဲလန်း၍ နေပါသော်လည်း သားတော်ဘုရား ကိုယ်တော်တိုင်က အစွဲအလန်း မခံတော့ပါကလား။ ဤသို့သော အနတ္တဥာဏ်ကို ပေးတော်မူလိုက်ခြင်းဖြစ်ပေသည်။

ဤသို့ အယူအစွဲမခံရာ၌ ဘုရားရှင်ကိုယ်တော်မြတ် တပါးတည်းသာမဟုတ်ပေ။ မြင်မြင်သမျှသင်္ခါရဟူသမျှသည် စွဲ၍မရ၊ ယူ၍မရသော တရားတို့သာဖြစ်ဘိ၏။ မိမိ၏ရုပ်နာမ် ခန္ဓာတို့သော်မှ ယူစွဲ၍မရပေ။ မိမိကငါဟူ၍၊ ငါ့ဟာဟူ၍ မည်သို့ပင် စွဲယူနေပါစေ၊သည်ခန္ဓာကိုယ်ကြီးမှာမူ နေ့စဉ်နှင့်အမျှ နာရီစက္ကန့်နှင့်အမျှ သူ့လမ်းသူသွားနေသည်သာ ဖြစ်၏။

## ငါ့အလိုနှင့် သူ့သဘော

ငါ့အဖြစ်ဖြင့်၊ ငါ့ဟာအဖြစ်ဖြင့် မအိုစေချင် သော်လည်း သူက အိုလမ်းအတိုင်းသွားနေ၏။ မနာမကျင်စေရန် မည်သို့ပင် တောင့်တနေပါစေ၊ သူကတော့ နာဘို့ကျင်ဘို့ အရံသင့်ရှိနေ သည်သာဖြစ်၏။ သေရမည့်ဘေးကို တွေး၍ ကြောက်စေကာမူ တနေ့ကျ သူ့လက်တွင်းသို့ သက်ဆင်းရမည်သာဖြစ်၏။

လူ့ဘုံလောကဝယ် မီးကြီးလောင်သောအခါ၊ ရေဘေး ကြီးသင့်သောအခါ သားသမီးကလည်း အမိအဘကို ကယ်တင် နိုင်၏၊ အမိအဘကလည်း သားသမီးကို ဘေးလွတ်ရာ ဆောင်ယူ နိုင်၏။ အိုဘေး၊ နာဘေး၊ သေဘေးကြီးများနှင့် ကြုံလာရ သောအခါမှာမူကား သားသမီးကလည်း မိဘကို မကယ်နိုင်ပြီ။ မိဘများကလည်း သားသမီးကိုဘေးလွတ်အောင် မသယ်ဆောင် နိုင်ပြီ။ ခေါင်းချင်းဆိုင် လက်မှိုင်ချကာ ငိုကြွေးတမ်းတရုံသာ တတ်နိုင်ကြတော့သည်။

## လမ်းစတွေ့ပြီ

အနတ္တသဘာဝအတိုင်း သူ့သဘောသူဆောင်၍ နေသော သင်္ခါရတရားအပေါ်ဝယ် မိမိကငါ့ဟူ၍စွဲယူသဖြင့်၊ ငါ့ဟာဟူ၍ စွဲယူသဖြင့်သာ ထိုသင်္ခါရတို့ ဖေါက်ပြန် ပျက်စီးသောအခါ စိုးရိမ်ပူဆွေး၊ ငိုကွေးကြရ၏။ ဆင်းရဲဒုက္ခ ကြီးကျယ်စွာ ခံစား ကြရ၏။ ငါဟူ၍၎င်း၊ ငါ့ဟာဟူ၍၎င်း၊ မစွဲမယူပါမူကား သင်္ခါရ တရားတို့သဘော သူ့လက္ခဏာအတိုင်း ဖေါက်ပြန်ပျက်သဖြင့် စိုးရိမ်ပူဆွေး ငိုကွေးစရာမလိုပြီ။ ဆင်းရဲဒုက္ခ ခံစားနေစရာ မလိုပြီ။ ဤတွင် ဒုက္ခချုပ်ရာလမ်းစကို တွေ့ရှိခြင်းဖြစ်ပေသည်။

## ကျေးဇူးဆပ်ခြင်း

ကိုယ်တော်မြတ်၏ စိတ်အစဉ်တွင် ငါ၏ ခမည်းတော်ကြီးမှ အစွဲအယူတို့ဖြစ်ပွားလျက်ရှိ၏။ ထိုသော် ဖခင်တို့မေတ္တာအနန္တ ဖြင့် မိမိအပေါ်ပြုစုခဲ့၊ စောင့်ရှောက်ခဲ့သော ဂုဏ်ကျေးဇူးကို အား သတိရတော်မူပေသည်။ အနန္တမေတ္တာဖြင့် မွမ်းထုံအပ်သော အနန္တဂုဏ်ကို လေးစားစိတ် ရှိတော်မူပေသည်။ အနန္တမေတ္တာရှင်၏ အနန္တကျေးဇူးဂုဏ်ကို ယခု အနန္တဆေးမြိမ်းရာ တရားကြီးဖြင့် ကျေးဇူးဆပ်တော်မူလိုက်လေပြီ။

အနန္တဉာဏ်ဖြင့် အစွဲအယူလွတ်ရာ နိဗ္ဗာန်တရားတော်ကြီးကို မျက်မှောက်ပြုနိုင်ခဲ့ပြီ ဖြစ်သော သုဒ္ဓေါဒန မဟာရာဇာသည် အနန္တဉာဏ်ရှင် သားတော်မြတ်အား နောက်ပါသံဃာတော်များနှင့်တကွ နန်းတော်ထက်သို့ ပင့်ဆောင်ခဲ့ပေသည်။

(ဝိနည်းမဟာဝဂ္ဂအဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလာဝတ္ထု)

* * *



## ယသော်ဓရာ့ ခန်းမဆောင်သို့

### ဆွမ်းကပ်ရာမှာ မပေါ်လာ

ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရာသို့ နန်းတော်သူ နန်းတော်သား အားလုံး ရောက်လာကြရ၏။ ကျွမ်းကျင်သူ ငယ်ရွယ်သူများက လိုအပ်သမျှ လိုက်လံဆက်ကပ်စဉ် ကျန်လူများက တနေရာမှ ငြိမ်သက်စွာ ကြည်ညိုနေကြ၏။ ထိုအထဲ၌ ယသော်ဓရာတို့သားအမိကား မပါသေးပေ။

နန်းတော်ထက်သို့ ဘုရားရှင် ရောက်တော်မူသည်နှင့် အခြွေအရံများက အဆောင်ကထွက်၍ ပူဇော်ကတော့ရန် တိုက်တွန်းကြပါ၏။ သို့သော် ယသော်ဓရာကတော့ သူ့တွက်ကိန်းနှင့်သူ သာလျှင်ဖြစ်ပေသည်။ ယခင်တွက်ကိန်းတခု မှန်ကန်နေပြီမို့ ယခုတွက်ကိန်းကိုလည်း စိတ်ချလက်ချ ယုံကြည်၍ ထားပေသည်။

### သူ့ကိုယ်နှင့် သူ့စိတ်

ဤသို့သော ယုံကြည်စိတ်ဖြင့် သူ့ကိုယ်သူ ထိန်းထားနိုင်သည်ကားမှန်ပါ၏။ သို့သော် သူ့စိတ်ကိုကား မနိုင်ပါချေ။ မိမိ၏ခန်းဆောင်ထဲဝယ် သည်ကိုယ်ခန္ဓာက ရှင်းလင်းသုတ်သင်ပြုပြင်လျက်ရှိ၏။ စိတ်ခန္ဓာကမူ ဘုရားရှင်ရှိရာ ရောက်နေပေပြီ။

ခန်းဆောင်ထဲက ကိုယ်ခန္ဓာသည် အခြေအရုံများနှင့် အတူ ဒုန်ချေစွန်းသည့် အဝတ်များကို ဝတ်ဆင်လျှက်ရှိနေ၏။ စိတ်ခန္ဓာမှာတော့ ရှေ့တော်မှောက်ရောက်ရှိကာ တောထွက်သွားသည့် ညမှစ၍ လွမ်းရလေသမျှ၊ ဆွေးရလေသမျှ၊ ဖြစ်သမျှအလုံးစုံ အကုန်ဖွင့်ဟကာ အားရပါးရကြီး ကန်တော့၍နေမိ၏။ ကြိမ်ဖန်များစွာ အလေ့အလာ ပြုထားပြီးပြီမို့ ဘုရားရှင်ကြီးကိုယ်တိုင် ကရုဏာသက်၍ မျက်ရေကျလောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ လျှောက်ထား၍နေပေပြီ။

သူ့စိတ်တိုင်းကျ ကန်တော့ပါစေ

သို့နှင့် ဘုရားရှင်ကိုယ်တော်တိုင် ခန်းမဆောင်သို့ကြွချီတော်မူလာပေပြီ။ ခမည်းတော်သည် သပိတ်ကိုပိုက်လျှက်။ အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်တို့သည် လက်ျာလက်ဝဲမှ ခြံရံကြလျှက် လိုက်ပါလာကြ၏။ ထိုအရှင်မြတ်နှစ်ပါးတို့ ဘုရားရှင်က ဤသို့မှာကြား၍ ထားတော်မူပေသည်။

"ယသော်ဓရာ မင်းသမီးသည် သူနှစ်သက်သလို ရှိခိုးပူဇော်ဦးမြော်ကန်တော့ပါစေ။ သူ့ကို ဘယ်သူမှ မတားမြစ်ကြကုန်လင့်"

မေတ္တာနှင့်ကရုဏာ စေတသိက်နှစ်ပါးတို့ ပူးပေါင်းထုတ်လွှင့်လိုက်သော မိန့်တော်သံပင် ဖြစ်ပေသည်။

ထိုမေတ္တာ ထိုကရုဏာ

ယသော်ဓရာနှင့်ပတ်သက်၍ ဘုရားရှင်၏ စိတ်သန္တာန်တော်ဝယ် မြော်လင့်ချက်တစုံတရာ မရှိနိုင်တော့ပါချေ။ သို့သော်မိမိအပေါ် ဟိုယခင်က ပြုစုခဲ့ဘူးသော မေတ္တာကာယကံ၊ မေတ္တာ

ဝစီကံ၊ မေတ္တာမနောကံ၊ တို့အား မေ့ပျောက် ပစ်ပယ်ခြင်း ပြုတော်မမူပါချေ။ မိမိအပေါ်ထားရှိခဲ့သောမေတ္တာကို တို့ထက် သာလွန်သော၊ ထို့ထက်မြင့်မားသော မေတ္တာဓာတ်ဖြင့် လက်ခံနိုင်သော ယောကျ်ားမြတ် ဖြစ်တော်မူပါပေသည်။

ထိုယောကျ်ားမြတ်၏စိတ်သန္တာန်တွင်ထိုမေတ္တာနှင့်ယှဉ်လျက် သနားကြင်နာတတ်သော ကရုဏာ စေတသိက်လည်း ရှိနေသည်သာ။ လင်ပစ်ပယ်ခံ မိန်းမသားတယောက်၏ ဝမ်းနည်းကျေကွဲခြင်း၊ လွမ်းဆွတ်တသခြင်း၊ စိတ်အားငယ်ခြင်း တို့ကို စာနာထောက်ထားတော်မူသည်မှာ ထိုစေတသိက်ပင် ဖြစ်ပါ၏။ သို့ရာတွင် ထိုစေတသိက်၏ နောက်ပါးဝယ် စိတ်ထိခိုက်စရာ ကြေကွဲစရာ ခံစားမှုတို့အား လိုက်ပါ၍ မလာနိုင်ကြတော့ပါ။

## ဥပေက္ခာသဘော

သာမာန်လူသားတို့၏ မေတ္တာမှာ ဥပေက္ခာ မကပ်သဖြင့် တဏှာရာဂ ပူးယှဉ်တတ်၏။ ဥပက္ခာဖြင့် ထာဝစဉ်ယှဉ်တွဲ၍ ထားသောကိုယ်တော်မြတ်၏ မေတ္တာဓါတ်တွင်ကားထိုအယောင်ဆောင် အမြောင်တရားတို့ မကပ်လာနိုင်တော့ပါ။

ဥပေက္ခာဟူသည်မှာ သာယာစရာ၊ မုန်းထားစရာ၊ ပူစရာ၊ ဆွေ့စရာမဟုတ်သော သဘောမှန်ကို အမှန်အတိုင်းကြည့်တတ်၊ ရှုတတ်၊ သိမြင်တတ်သော ဉာဏ်ပညာပင်ဖြစ်၏။ ကြုံလာလေသမျှ လောကဓံတရားများကို အလယ်အလတ်နေရာမှ ခံယူတတ်သော သဘောဖြစ်၏။ ထိုဥပေက္ခာနှင့် ယှဉ်ထားသဖြင့် ဘုရားရှင် ကရုဏာတော်ဝယ် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းတို့ ပါမလာနိုင်တော့ပါ။

## သောကမပါသော ကရုဏာ

ယခု မြွက်ဟလိုက်သော မိန့်တော်သံကို ထောက်သော အားဖြင့် ဝမ်းနည်းကြေကွဲခြင်းမရှိသော ကရုဏာဝယ် ထောက်ထားစာနာမှု ရှိနေကြောင်းကို ကျွန်ုပ်တို့နားလည်ကြရပေသည်၊ လင့်အပစ်ပယ်ခံ မိန်းမသားတယောက်၏ ဝမ်းနည်းကြေကွဲခြင်း၊ လွမ်းဆွတ်တသရခြင်း၊ စိတ်အားငယ်ရခြင်းတို့ အတွက် တာဝန်ရှိသူ ပုဂ္ဂိုလ်တဦးအဖြစ်ဖြင့် ကရုဏာသက်တော် မူရပေလိမ့်မည်။

ကျွန်ုပ်၏ တသက်တာ၌ နောင်တော်ဘုရား၏ မိန်းမသားအပေါ် ဤကဲ့သို့ ထောက်ထားစာနာတတ်သော အပြုအမူများကို မကြာမကြာ တွေ့ခဲ့ရပေသည်။

သို့ဖြင့် ဘုရားရှင် ကိုယ်တော်မြတ် ခန်းမဆောင်တွင်းသို့ ရောက်ရှိတော်မူလာပါပြီ။ ခင်းထားအပ်သော နေရာထက်ဝယ် ငြိမ်သက်စွာ ထိုင်နေတော်မူပါပြီ။ ထိုနေရာသို့ ယသော်ဓရာ သော့သော့လျှင်လျှင် လှမ်းလင့်၍လာပါပြီ။

## ယသော်ဓရာ၏ စကားလုံးများ

ကျွန်ုပ်တို့အားလုံး၏ မျက်လုံးများက ယသော်ဓရာ ဆီသို့ ရှေးရှု၍ သွားကြရ၏။ ကျွန်ုပ်တို့၏ နားများက ယသော်ဓရာ၏ စကားသံများအတွက် ခံယူရန် အသင့်ရှိနေကြ၏။ ခန်းမဆောင် တခုလုံး အသက်အသံဟူသမျှ တိတ်ဆိတ်၍နေပေသည်။

ယသော်ဓရာ၊ အိုဘယ့်ယသော်ဓရာ။

ယခင်ရက်များကမမြင်ရသောရုပ်သွင်ကို မှန်းဆ၍လွမ်းဆွတ်ခဲ့ရသည်။ တမ်းတခဲ့ရသည်။ ယခုသည်ပုဂ္ဂိုလ်သည် သူ၏ရှေ့မှောက်သို့ ရောက်၍နေချေပြီ။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ခံစား၍လာခဲ့ရသော ဝေဒနာများက မည်သို့သော စကားဝါကျတို့ဖြင့် သူလျှောက်တင်မည်နည်း။

ယသော်ဓရာ၊ အိုဘယ့်ယသော်ဓရာ။

ယသော်ဓရာ၏စကားဝါကျတို့ကို ကျနုပ်တို့ နားဖြင့်မကြားကြရပါ။ မျက်စေ့ဖြင့်သာ မြင်ကြပါ၏။ ဖြူစင်ပြည့်ဖြိုးသည့် ခြေဖမိုးတော်ထက်ဝယ် မဆည်နိုင်မတန့်နိုင်၊ ဖြိုင်ဖြိုင်ကျဆင်း၍လာကြသော မျက်ရည်ပေါက်များသည်ပင် အပြည့်အစုံ ထွက်ပေါ်လျှောက်ကြားလိုက်သော စကားလုံးများဖြစ်ပါချေသည်။

ငိုလိုက်ပေတော့ ယသော်ဓရာ အားရပါးရကြီးသာ ငိုလိုက်ပေတော့။

အပြစ်မကောင်းသည့် ချစ်ခြင်းကို မပယ်နိုင်၊ မစွန့်နိုင်သေးသမျှ ဆက်၍ဆက်၍ ငိုရဦးမည်ပါတကား။ (ဝိနည်းမဟာဝဂ် အဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလာဝတ္ထု)

## ညီတော်နန္ဒ၏ မင်္ဂလာပွဲ

### အားကြီးသူနှင့် အားငယ်သူ

သွားပြန်ချေပြီ၊ သည်နန်းတော်၏ အညွန့်အဖူး များကတော့ တညွန့်ပြီးတညွန့် စွန့်ရှဲခွာ၍သာ နေကြချေပြီ။ ကြာလျှင် နန်းတော်ထဲမှာ လူတွေသူတွေမှ ကျန်ပါဦးမည်လား။

လောလောလတ်လတ် ကြုံလိုက်ရသောကိစ္စအတွက် မည်သူ့ကို အပြစ်တင်ရချိမ့်မည်နည်း။ စိတ်ဓါတ်အင်အား ကြီးမားတော်မူလွန်းလှသော သားတော်ကြီး ဘုရားကိုလား၊ စိတ်ဓါတ် အင်အား သေးငယ်တတ်သော သားတော်ငယ် နန္ဒမင်းသား ကိုလား။

အခြားသူများ၏ စိတ်သဘောထား မည်သို့ပင် ရှိပါစေ သုဒ္ဓေါဒနမဟာရာဇာအဖို့ သားတော်ကြီးကိုကား အပြစ်တင်၍ မရတော့ပါ။ သားတော်ကြီး၏ သာသနာတော်တွင် အရိယာ သာဝကတဦးအဖြစ် ခိုဝင်ခွင့်ရထားပြီးဖြစ်၍ မိမိထက် သာလွန် မြင့်မြတ်သည့် အတိဇာတသားရတနာကို အပြစ်ဆိုရန်မဝံ့တော့ပါ။ အပြစ်ဆိုခြင်းဆိုလျှင် ရရှိထားသော အရိယာဉာဏ်ဖြင့် ထာဝစဉ်ယှဉ်တွဲ၍ မနေနိုင်သော မိမိကိုသာ အပြစ်တင်စရာ ရှိပေသည်။ စိတ်ဓါတ်အင်အား ပျော့ညံ့လွန်းလှသော နန္ဒ မင်းသားကိုသာ အပြစ်တင်ဘို့ ကောင်းတော့သည်။

## သာသနာတော်၏ကျေးဇူး

သည်သာသနာတော်ကြီးသည် မည်သူ၏ သာသနာတော်ကြီးနည်း။ သားတော်ကြီးဘုရား၏ သာသနာတော်ပင် ဖြစ်၏။ သည်သာသနာ၏ အဆုံးအမသည် မည်သို့သော အကျိုးကျေးဇူး ရှိပါသနည်း။ မိမိကိုယ်တိုင် သန္တိသုခအရသာကို ခံစားလိုက်ရ ဘူးပေပြီ။

သို့ဖြစ်၍ သည်သာသနာတော်ကြီး တိုးတက်ကြီးပွားသည့် အရေးကို ခမည်းတော်ကြီးဖြစ်သူက မကျေနပ်စရာ မရှိပါ။ သားတော်ကြီး ဘုရား၏ သာသနာတော် တိုးတက်လေလေ သူဝမ်းသာတို့ကောင်းလေ။ သားတော်ကြီးဘုရား၏ သာသနာ တော်ကြီး မျက်နှာပွင့်လေ သူဂုဏ်ကျက်သရေတိုးလေ။

## အပြင်က သာသနာပြုမည်

အရိယာဉာဏ်အမြင် ရရှိထားသူတိုင်းသည် သာသနာတော် ကြီး တိုးတက်စေရန်၊ သည်သာသနာတော်ကြီး ပွင့်လန်းစေရန် ရည်သန်ခြင်းရှိကြရ၏။ အရိယာသာဝတာ စာရင်းဝင် ဖြစ်သော ခမည်းတော်ကြီးမှာလည်း ဤသို့သော ရည်သန်ခြင်း ရှိနေ သည်သာ။ သို့သော် ယခုလိုသာသနာ့ဘောင် အတွင်းပိုင်းသို့ ဝင်မှသာ သာသနာပြုရ ရောက်သည်မဟုတ်ပေ။ အပြင်အပမှ လိုအပ်သမျှ ထောက်ပံ့လှူဒါန်းခြင်းဖြင့်လည်း သာသနာပြုနိုင် သည်ဟု သဘောပေါက်ထား၏။

သားတော်ကြီးဘုရားက လောကလူ့ရွာသို့ ပြန်လည်လာဘို့ လုံးဝမရှိတော့ပြီ။ သို့ဖြစ်၍ သားတော်နန္ဒမင်းသား၏ ခမည်း

တော်အရိုက်အရာဆက်ခံ။ သာကျတို့၏ ဦးစီးဦးကိုင် လုပ်မြဲလုပ်။ ဆွေဂုဏ် မျိုးဂုဏ်ဆောင်သည့် နောင်တော်ကြီး ဘုရားအား ဆွေသား မျိုးသားနှင့် သိုက်သိုက်ဝန်းဝန်း လှူဒါန်းပူဇော်၍ နေရလျှင် မည်မျှ ကောင်းချိမ့်မည်နည်း။

## မင်္ဂလာကျက်သရေ တင့်ဖြိုးဝေ

ဤသို့သောရည်ရွယ်ချက်ဖြင့် ဤယနေ့နံနက်က ထူးခြား လှသော မင်္ဂလာပွဲကြီးကို တနန်းတော်လုံး အုံးအုံးကြွက်မျှ နွှဲခဲ့ ကြ၏။ ခမည်းတော်၏ အရိုက်အရာဆက်ခံမည့် နန္ဒမင်းသား အား ဇနပဒကလျာဏီ မင်းသမီးနှင့် လက်ထပ်မေးမည့်ပွဲ၊ ဥသျှောင်ထုံးသည့်ပွဲ၊ နဖူးသင်းကျစ် တော်ဆင်သည့်ပွဲ၊ အိမ်တက် မင်္ဂလာပွဲ။ အခွင့်အာဏာအပ်နှင်းသော သဘောဖြင့် ရွှေထီး ဆောင်းပေးသောပွဲ။

ဤမင်္ဂလာပွဲကြီးများ ခြိမ့်ခြိမ့်သဲမျှကျင်းပ၍နေရာ မင်္ဂလာ မဏ္ဍပ်သို့ ဘုရားရှင်ကိုယ်တော်မြတ် ကြွရောက်တော်မူလာဘိ၏။ မင်္ဂလာပွဲများ ကျင်းပနေစဉ်တွင် အတိုင်းထက်အလွန် မင်္ဂလာ ကျက်သရေ တိုးတက်လာအောင် ဆောင်ရွက်ပေးရာ ရောက် သဖြင့် ခမည်းတော်ကြီးမှာ အားရဝမ်းသာဖြစ်ရ၏။ မြိန်မြတ် သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် မင်္ဂလာမဏ္ဍပ်အတွင်းမှာ ပင် ဆက်ကပ်၏။ ဆွေတော်မျိုးတော် အားလုံးမှာ ဤဖြစ်ရပ် အတွက် တအံ့တသြကြီးဖြစ်နေကြရ၏၊

ဘုရားရှင်တို့မည်သည် သာသနာတော်ကြီးတခုလုံး၏ ဦးစီး ဦးကိုင် အာဏာပိုင် ဖြစ်တော်မူကြ၏။ သည်မှာဆောင်ရွက်

နေကြသည့် ကိုစ္စများစာ သာသနာတော်နှင့် လုံးဝမဆိုင်။ သာသနာတော်နှင့် လုံးဝမပတ်သက်။ စာမ္ဘာတည်စကတည်းက ဆင်နွှဲလာခဲ့ကြသော လူမှုရေးကိစ္စများသာ ဖြစ်ပေသည်။

## မမြော်လင့်သော အဖြစ်များ

မည်သူမျှမမြော်လင့်ဘဲ အခံ့သင့်ဆွမ်းကပ်ရသဖြင့် သုခဒ္ဒါ ဒနမင်းကြီး ဝမ်းသာရပါ၏။ ကြည်နူးရပါ၏။ ဆွေတော် မျိုးတော်များ အလယ်မှာ မျက်နှာပွင့်လန်းလှပါဘိ။ သို့သော် ဘုရားရှင် နေရာမှထတော်မူလျှင်ကား အားလုံး ကြက်သေ သေ၍ သွားကြရပေတော့သည်။

"နန္ဒ၊ သပိတ်ယူခဲ့လော့"

ဆွမ်းဘုဉ်းပေးပြီး၍ စင်ကြယ်စွာ ဆေးကြောထားပြီးသော သပိတ်ကို ညီတော်နန္ဒလက်ထဲ ထဲ့လိုက်၏။ တလျှောက်လုံးက ကြောက်ရွံ့ရှိသေလာခဲ့ရသော ညီတော် နန္ဒကလည်း မငြင်း မပယ် ယူလိုက်ရ၏။

ညီတော်နန္ဒလက်ထဲ သပိတ်တော်ကို ပေးအပ်ကာ ဘုရားရှင်သည် နေရာမှထ၍ ကြွတော်မူ၏။ ဤတွင် နန္ဒမင်းသားခမျာ သည်အတိုင်း မနေရစ်ဝံ့သဖြင့် နောင်တော်ဘုရား နောက်က ထက်ကြပ်မကွာ လိုက်ပါရတော့၏။ ထမ်းထားရသော သပိတ်တော်ကို ဘုရားရှင်ထံလည်းပြန်မအပ်ဝံ့။ တယောက်ယောက်ကို လှူစားထိုးပေးရန်ကသည်း မဖြစ်နိုင်။ ဟိုနေရာကျလျှင် ယူနိုးနိုး သည်နေရာကျလျှင် ယူနိုးနိုးဖြင့် လိုက်ပါမြဲ လိုက်ပါသွားရ၏။ ဘုရားရှင်ကမူ သူ့ကိုပြန်၍မျှ ကြည့်တော်မမူပါချေ။

## ဇနပဒကလျာဏီ၏ မှာသံ

နန္ဒမင်းသားမှာ နောင်တော့အား ဘာ မပယ်ရှားဝံ့၍သာ သိုက်ပါလာရ၏။ သူ့ကိုယ်သာပါ၍ စိတ်မပါဟု ဆိုရပေလိမ့်မည်။ သူ့စိတ်သည် သည်ခန္ဓာကိုယ်မှခွဲနေကာ ဇနပဒကလျာဏီ သံမှာနေရစ်ခဲ့၏။ "မောင်တော်နန္ဒမင်းသားအား နောင်တော်ဘုရားက သပိတ်ထမ်း ခေါ်သွားချေပြီ" ဟု ကြားသိရသည်နှင့်တပြိုင်နက် ဇနပဒကလျာဏီသည် လေသာပြတင်းမှ လှမ်းကြည့်၍ "မောင်တော်ဘုရား၊ မြန်မြန်ကြီးသာ ပြန်ကြွတော်မူခဲ့ပါ" ဟု အမောတကော လှမ်း၍မှာလိုက်၏။

သည်ဟန်နှင့် သည်အသံသည် သူ့စိတ်ထဲမှာ ပါလာကြသလား။ သို့မဟုတ်သူ့စိတ်များကပင် သည်ဟန်နှင့် သည်အသံနားမှာ ရစ်ဝဲ၍ နေရစ်ခဲ့သေးသလား။

မိန်းမသားတယောက်၏ အစွမ်းထက်သော လက်နက်ဖြင့် အချက်ကျကျ ပစ်ခတ်လိုက်သည်ကား မှန်ပါ၏။ ထိုလက်နက်ကြောင့် နန္ဒမင်းသားခမြာ မရှုနိုင်မရှိုက်နိုင် ဖြစ်ရသည်လည်း မှန်ပါ၏။ သို့သော်ထိုသက်နက်များမှာ ဘုရားရှင်၏ အရှိန်အဝါကိုကား အံတုနိုင်ခြင်းမရှိကြပါချေ။ ထို့ကြောင့်နိဂြောဓဥယျာဉ်ကျောင်းထိအောင် သည်အတိုင်း းပါ၍လာပေသည်။

## အမေးလော အမိန့်လော

"နန္ဒ။ သင်ရဟန်းပြုနိုင်မည်လော"

ကျောင်းတော်ကို ရောက်ခါမှ ဘုရားရှင်ကစကားစ၍ ပြောတော်မူ၏။ ညီတော်နောင်တော်ဆုံမိခိုက်မို့ အထိုက်အလျောက်စကားပြောသည်ဆိုလျှင် တော်ပါသေး၏။ ယခုတော့ တိုက်ရိုက်

ကြီးပင် မေးတော်မူလိုက်ချေပြီ။ ညီတော်နန္ဒ မည်သို့ဖြေရမည်နည်း။

သူ့အာရုံထဲဝယ် ဘုရားရှင့်အမေးနှင့် ဇနပဒကလျာဏီ၏မှာကြားသံတို့ ရောထွေးယှက်တင်၍ နေကြ၏။ တခါတရံ ဘုရားရှင့်အသံတော်က ကြယ်လာ၏။ တခါတရံဇနပဒကလျာဏီ၏အသံက ဖုံးလွှမ်းသွား၏။

"နန္ဒ၊ သင်ရဟန်းပြုနိုင်မည်လော"

ဒုတိယအကြိမ် မေးတော်မူလိုက်ပေပြီ။ ညီတော်နန္ဒ အကြပ်ရိုက်၍နေပါတော့သည်။ နောင်တော်ဘုရားက မိမိ၏ စိတ်သဘောထားကို မေးသည်ကားမှန်ပ၏။ သို့သော် ထိုအမေးထဲမှာ အမိန့်သံတမျိုးက ကပ်လျှက်ပါနေပေသည်။ တလောကလုံးက ချစ်ကြောက်ရိုသေလာခဲ့ရသော နောင်တော်ကြီး ဘုရား၏ အမိန့်ကို ညီတော်နန္ဒ လွန်ဆန်ရဲပါဦးမည်လော။

"မှန်ပါ။ ပြုနိုင်ပါသည်ဘုရား။ တပည့်တော် ရဟန်းပြုနိုင်ပါသည်"

နှစ်လုံးနှစ်ခွ စိတ်ဒွိဟဖြစ်နေဆဲမှာပင် သူ့နှုတ်က ဝန်ခံပြီးသားဖြစ်သွားရပေတော့သည်။ မျှော်ပေတော့ ဇနပဒကလျာဏီ။ မျှော်ရင်းသာငို၊ ငိုရင်းသာ မျှော်ပေတော့။

(အပါဒါန် အဋ္ဌကထာ၊ သန္တိကေနိဒါန်း)

## ယသော်ဓရာ၏ စစ်မျက်နှာသစ်

### ဆည်းလည်းသံ တိတ်သောနေ့

သာသနာ့ဘောင် မပျော်ပိုက်၍ နန္ဒမင်းသား ပြန်လာမည်။ မလာမည်ကိုအပထား။ ယခုလောလောဆယ် နန်းတော်ကြီး တခုလုံး ဟာသွားသည်ကား သိသာလှပေသည်။ နန်းတော်ရှိ အဆောင်ပေါင်းစုံအောင်၊ အခန်းပေါင်းစုံအောင် ပြေးလွှား ဆော့စားနေခဲ့သည့် ရာဟုလာသည်ပင် ယနေ့ အငြိမ်သက်ကြီး ငြိမ်သက်၍နေ၏။ ဘိုးတော် ဖွားတော်များထံ တီတီတာတာ ပြောနေကြ စကားသံလေး တိတ်ဆိတ်၍နေကြ၏။ လောကတွင် အမြတ်ဆုံး ပုဂ္ဂိုလ်၏သားဖြစ်ကြောင်း သူ့ကိုယ်သူ မသိရှာ သေးပါ။ ယသော်ဓရာမှာမူ သားတော်လေး၏ နဖူးဆံစများကို ပွတ်သတ်ရင်း အတွေးတခု ကွန့်မြူးလျက်ရှိပေသည်။

ဤကလေး၏ ခမည်းတော်သည် မိမိအပေါ် မေတ္တာရှိသည် ကရုဏာရှိသည်မှန်ပါ၏။ သို့ရာတွင် ငြိုငွယ်မှုကား မရှိတော့ ပါချေ။ ခြေဖမိုးတော်ဝယ် မျက်ရေမိုး ရွာချနေစဉ်ကတည်းက ဤအကြောင်းကို ကောင်းကောင်းကြီး သိလိုက်ရပြီ။ ဇနီးဟောင်းတယောက်အဖြစ်ဖြင့် ဤခြေဖမိုးရှင်၏ စိတ်နှလုံးကို တုန်လှုပ်စေရန် မစွမ်းနိုင်ပါချေပြီ။

## ခင္တိယသေး ခင္တိယမာန်

ဤသို့ဆိုလျှင် ဤကလေး၏ ခမည်းတော်နှင့် ပတ်သက်၍ မိမိ၏ မြှော်လင့်ချက်အားလုံးကို စွန့်လွှတ်လိုက်ရ မည်လော။ မစွန့်နိုင်သေးပါ။ မလွှတ်နိုင်သေးပါ။ ခင္တိယသေး ခင္တိယ စိတ်ဓာတ်ဖြင့် မိမိမေးခွန်းကို မိမိဘာသာ ငြင်းချက်ထုတ်လိုက် ၏။ မိဘမောင်ဘွားများ လာခေါ်စဉ်က ငြင်းပယ်လိုက်သည် မှာလည်း ဤသေးနှင့် ဤစိတ်ဓါတ်တို့ပင် မဟုတ်ပါလော။

## အရှုံးကို အနိုင်နှင့်ထေမည်

ဤသေးနှင့် ဤစိတ်ဓါတ်တို့အခြေပြု၍ ယောကျ္ာမမိဘများ ၏ နန်းတော်ထက်ဝယ် ဣန္ဒြေမပျက် ဆက်လက်နေလာခဲ့သော ယသော်ဓရာ၊ ဤအရှင် ဤသခင် ကြွရောက်လာသည့် နေ့က တည်းက အများနည်းတူ သွား၍ ဖူးမြှော်ကန်တော့ချင်ပါ လျက် မိမိခန်းဆောင် မရောက်မချင်း အောင့်အည်းနေနိုင်ခဲ့ သောယသော်ဓရာ၊ သည်ယသော်ဓရာသည် မိမိဘက်က စစ် မျက်နှာတခုဆုံးရှုံးရမှုဖြင့် လုံးဝ လက်မြှောက်တော့မည်လော။ မိမိစစ်မျက်နှာက လုံးဝညံ့ အရှုံးပေးလိုက်ရ သော်လည်း အခြားစစ်မျက်နှာတခုဖြင့် ထိုအရှုံးကို ကောင်းကောင်းကြီး မထေနိုင်တော့ပြီလော။

## စစ်မျက်နှာသစ် ဖွင့်တော့မည်

သည်စစ်မျက်နှာသစ်ကို ဖွင့်ကြစို့ ဆိုလျှင် ဤကလေး၏ ဖခမည်းတော် မည်သူမည်ဝါ ဖြစ်ကြောင်းကို ဖွင့်၍ပြောကြရ ပေတော့မည်။ ကလေး၏စိတ်နှလုံးထဲမှာ ဖခင်ဟူသော သံယော

ဆော့ကလေးများ ပျိုး၍ပေးရပေတော့မည်။ ဖခင်စိတ်ခာတ်များ နိုးကြားလာစေမည့် စကား ဝါကျများ သင်ကြားပေးရပါတော့မည်။ မယားစစ်မျက်နှာ အောင်ပွဲလှလှကြီး ဆင်ခဲ့သော သည်သခင် သည်အရှင်ကို သားစစ်မျက်နှာဖွင့်၍ အကဲစမ်းရပါဦးမည်။

## သူတို့အထင်နှင့် ကျနုပ်အမြင်

သည်တခါ အားစမ်းပွဲမှာလည်း သူတို့တတွေသာ ရှုံးသည်ဖြစ်ကြောင်း ကျနုပ်ရိပ်စားမိထားပါ၏။ တောမထွက်မီကလည်း နောင်တော်ဘုရားကို ကျနုပ် ကောင်းကောင်း အကဲခတ်ခဲ့၏။ ယခုလည်း နောင်တော်ဘုရား၏ စေ့စပ်သေချာသော သိပ်သည်းလှသော အပြုအမူများကို အထူးသတိထား၍ နေရ၏။ တရားအသိ ရရှိရေးအတွက် တောထွက်မည် ပြုစဉ်ကလည်း ဤသို့ပင် သိုသိုသိပ်သိပ် ရှိခဲ့ပေသည်။ ယခု သည်မြို့တော်သို့ ကြွတော်မူလာခြင်းမှာလည်း ကာဠုဒါယီ အလျှောက်အထားကောင်းမှုသော အကြောင်း တခုတည်းကြောင့် မဟုတ်နိုင်။ ဆွေတော်မျိုးတော်တို့၏ အဖူးမျှော် အကန်တော့ခံရုံသက်သက် မဟုတ်နိုင်။ သာသနာတော်ကြီးအတွက် ရည်ရွယ်ချက် တခုခု ရှိ၍သာဖြစ်ပေလိမ့်မည်။ ဟိုတနေ့ကပင် ရည်ရွယ်ချက်ကြီးတခု အောင်မြင်သွားခဲ့ပြီ။ ယခုမည်သူ၏ အလှည့်ပေနည်း။

## ကွင်းဆက် အကြောင်းတခု

ညီတော်နန္ဒကို ရဟန်းပြုပေးလိုက်သောနေ့က ကျနုပ်သည် အရှင်မဟာသာရိပုတ္တရာမိန့်တော်မူဘူးသောဖြစ်တော်စဉ်ဘခုကို ပြေး၍သတိရလိုက်မိ၏။ သိဥ္စည်းဆရာကြီး၏ တပည့်များဖြစ်ကြ

သော သူတို့နှစ်ပါး ရဟန်းဘောင် ဝင်လာကြသောအခါ မဂဓတိုင်းတခွင်နှင့် ရာဇဂြိုဟ်မြို့တော်တွင်းမှ ထင်ရှား ကျော်ကြားသော အမျိုးသားများသည် သူ့ထက်ငါ ဆိုရလောက်အောင် သာသနာတော်တွင်း ဝင်ရောက်လာကြ၏။ ဘုရားရှင်၏ သာသနာ့ခရီးစဉ် တလျှောက်ဝယ် ဤအချိန်မှစ၍ အနှောက်အယှက်များ ပေါ်ပေါက်၍လာခဲ့ပေသည်။

စောင်းသံ မြောင်းသံ တညံညံ

ရဟန်းပြုလာသူများ၏ ကျန်ရစ်သော မိသားစုများ၊ ယခင်ရှိရင်းစွဲဖြစ်သော အယူဝါဒ မတူမျှကြသည့် တိတ္ထိအသင်းအပင်းများ၊ ၎င်းတို့၏သာဝကများ၊ ဤသူဤသူ များသည် ရဟန်းများကို မြင်ရလေတိုင်း....

"မဂဓ တိုင်းသူပြည်သားတို့၏ တောင်ငါးလုံး ကာခိုသည့် ရာဇဂြိုဟ်မြို့တော်သို့ ရဟန်းဂေါတမ ကြွရောက်၍ လာချေပြီ။ သိဥ္စည်း ဆရာကြီး၏ တပည့်အားလုံးကို သူ့လက်အောက်ရောက်အောင် သိမ်းသွင်း၍ယူလိုက်ပြီ။ ယခုအခါ မည်သူ့လင် မည်သူ့သားကို ဆွဲခေါ်သွားဦးမည်နည်း"

ဤကဲ့သို့စောင်းကြ၊ မြောင်းကြ၊ သီဆိုကြ၏။ ဤတွင်ရဟန်းများကလည်း နှုတ်တုန့်ပြန်၍ ချေပကြရပေသည်။

"ကြီးမြတ်သော လုံ့လရှိတော်မူကြသော ဘုရားရှင် ကိုယ်တော်မြတ်တို့သည် ဧင်စစ်အားဖြင့် တရားသဖြင့် ဆောင်ယူကြပေသည်။ တရားသဖြင့် ဆောင်ယူတော်မူကြကုန်သော၊ အထူးသိမြင်ဉာဏ်စင်ကြယ်ပြီး ဖြစ်တော်မူကြကုန်သော၊ ဘုရားရှင်ကိုယ်တော်မြတ်တို့အား စောင်းမြောင်းဆဲဆို သဝန်တိုနေကြခြင်းဖြင့်ဘာ အကျိုးရှိပေလိမ့်မည်နည်း"

ဤသို့ ချေပလိုက်ကြသဖြင့် အများပြည်သူတို့ သဘော ပေါက်သွားကြကာ မကြာမီ ခုနစ်ရက်အတွင်း ထိုအသံများ ပြေပျောက်၍ သွားရပေသည်။

## ဤအပြစ်မျိုး မကြုံစေရန်

ရာဇဂြိုဟ်တုန်းက ကြုံခဲ့ရသောဤအပြစ်မျိုးသည် နေရာသစ် ပြောင်းလေတိုင်း ထပ်ကာထပ်ကာ ပေါ်ပေါက်၍ လာဦးမည် သာဖြစ်၏။ ဤအပြစ်မျိုးကို မတွေ့မကြုံလိုသဖြင့် ဘုန်းရှင်ဗုဒ္ဓ မိမိသာသနာ့ အသိုက်အအုံကြီး ခိုင်မာကြီးထွားလာရေးကို မပြုစုဘဲ နေတော်မူမည်မဟုတ်ပေ။ သို့ဖြစ်လျှင် သည်အသံ များကို အနည်းပါးဆုံးရင်ဆိုင်၍ သာသနာ အင်အားများ စုစည်းရန် မည်သို့ပြုရပါမည်နည်း။ ဆွေတော်မျိုးတော် များ ထဲမှ နန္ဒမင်းသားကို အမိန့်သံအာဏာဖြင့် ရဟန်းပြုပေးလိုက် ခြင်းမှာ ဤပြဿနာ၏ အဖြေပင်ဖြစ်ပါလိမ့်မည်။

(အပဒါန်အဋ္ဌကထာ၊ သန္တိကေနိဒါန်း၊ ဝိနည်းမဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာခန္ဓက ရာဟုလာဝတ္ထု၊ သာရိပုတ္တမောဂ္ဂလာန ဝတ္ထု)

## အမွေရသူ ရာဟုလာ

### သာသနာ့မျိုးစေ့ကလေး

သာသနာတော်ကြီး တရပ်လုံး၏ ပြဿနာကို တဖက်က အဖြေပေးနေဆဲတွင် သည်ဖက်က မိသားစုတို့ကလည်း သူတို့ တွက်ကိန်းနှင့်သူတို့ ကျေနပ်ရှိနေကြပေသည်။ သူတို့ဘာသာ တွက်ချက်ရှိထားသော အဖြေနှင့် ပြောင်းပြန်ဖြစ်နေပုံ တွေ့ရ လျှင်ကား ငိုပွဲကြီးဆင်ကြရပေဦးမည်။ ဤအခြေအနေကို ကြိုတင် မြင်နေပါလျက် ကျေနပ်တားမြစ်ခြင်း မပြုနိုင်ပါ။ တလောက လုံးက လေးစားလာခဲ့ရသော နောင်တော်ဘုရားကို ကျေနပ် ဆန့်ကျင်ဘက် မပြုရဲပါ။ သာသနာ့မျိုးစေ့လေး တစေ့ကို ကျေနပ် မဖျက်ဆီးရက်ပါ။

သို့နှင့် တရက်ပြီးတရက် ကုန်လွန်ရှိလာခဲ့၏။ ထိုနေ့ကား ကပိလဝတ်မြို့တော်သို့ ဘုရားရှင် ရောက်တော်မူသည့် ခုနစ်ရက် မြောက်ဖြစ်ပေသည်။ အစစအရာရာ ကြိုတင်ပြင်ဆင် ထားခဲ့ ကြသည့်အတိုင်း ယသောဓရာသည် သားတော် ရာဟုလာကို ဝတ်စားတန်ဆာ အတင့်အတယ် ဝတ်ဆင်ပေးကာ ဘုရား ရှင်ထံ စေလွှတ်လိုက်ပေသည်။

## ထိုအသိ ထိုသံယောဇဉ်

နန်းတော်သို့ ဘုရားရှင်ကြွလာတိုင်း လူကြီးများ ဖွင့်ပြောသဖြင့် ရာဟုလာသည် မိမိ၏ခမည်းတော်ကို ကောင်းကောင်းကြီး သိ၍ နေပါပြီ။ ထိုအသိနှင့်ယှဉ်သော သံယောဇဉ် ကလေးကလည်း ငြိတွယ်၍လာပါပြီ။

ရာဟုလာသည် ဘုရားရှင်၏ရှေ့တော်ခမှာက်သို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်လာ၏။ ဘုရားရှင်၏ မျက်နှာတော်ကို ပြုံးချိစွာ ကြည့်၍နေ၏။ ထို့နောက်မှ သင်ကြားထားသော စကားအချို့ကို သတိရတော....

"အရှင်ဘုရား၊ အရှင်ဘုရား၏အရိပ်သည် ချမ်းသာလှပါ၏"

ဖခင်ဟူသော ချစ်ခြင်းဖြင့် အကျွမ်းတဝင် လျှောက်ထားလိုက်ပေသည်။ ဘုရားရှင်သည် သားတော်ရာဟုလာကို မည်သို့မျှ မိန့်တော်မမူဘဲ နေရာမှထ၍ ကြွတော်မူ၏၊ သားတော်ရာဟုလာကလည်း သက်နိုးစကိုဆွဲလျက် နောက်တော်ပါးမှ လိုက်ပါလာခဲ့၏၊

## အမွေတောင်းသူ၊ အမွေပေးသူ

"အရှင်ဘုရား၊ တပည့်တော်ကို အမွေပေးပါ။ အရှင်ဘုရား တပည့်တော်ကို အမွေပေးပါ"

တကောက်ကောက် လိုက်လာရင်းက တတွတ်တွတ်ပြောဆိုလျက်လည်းရှိပေသည်။ သည်ခမည်းတော်နှင့် သည်သားတော်တို့ ဤကဲ့သို့ အကြောင်းဆုံဆည်းလာရပုံကို နောက်ပါရဟန်း

များ တအံ့တသြဖြစ်နေကြရ၏။ ဘုရားရှင်အပေါ် ရှိသေသော ဂရုစိတ်ဓာတ်ဖြင့် မည်သူမျှ မတားမိ၊ မဆည်းမိကြချေ။ သို့နှင့် နိဂြောဓာရုံကျောင်းတော်သို့ ရောက်ရှိလာပေသည်။

"သာရိပုတ္တရာ"

ကျိန်းစက်ရာကျောင်းအတွင်းသို့ ဝင်ခါနီးတွင် ဘုရားရှင်က ခေါ်တော်မူလိုက်၏။

"အရှင်ဘုရား"

ရှိသေစွာပြန်ထူးလျှက် အရှင်မဟာသာရိပုတ္တရာ ရှေ့တော်မှောက် ရောက်ရှိလာပေသည်။

"ဤကလေးသည်ဖခင်၏အမွေကိုတောင်း၍နေ၏။ သူတောင်းသည့်အတိုင်း ဖခင်၏အမွေရနိုင်စေရန် သူ့ကို ရှင်ပြုပေးလိုက်ပါ"

သားတော်ရာဟုလာကို အရှင်သာရိပုတ္တရာ့လက်သို့ လွှဲအပ်လိုက်ပေသည်။ ဝဋ်သုံးပါးသို့ အစဉ်ကပ်လျှက် ဆင်းရဲခြင်း ပင်ပမ်းခြင်းနှင့်တကွဖြစ်သော လောကီအမွေကို ခမည်းတော်က မပေးလို။ ဝဋ်မှထွက်မြောက်၍ ချမ်းသာသုခ အစစ်အမှန် ဖြစ်သော လောကုတ္တရာ အမွေတော်ကြီးကို ပေးတော်မူလိုက်ခြင်းပင်ဖြစ်ပေသည်။ သားတယောက်၏ အပေါ်တွင် ယခုထက် ပို၍ချစ်နိုင်သော ဖခင်ဟူ၍ ရှိနိုင်ပါဦးမည်လား။

## ရာဟုလာ ရှင်ပြုရေးကိစ္စ

အရှင်မဟာသာရိပုတ္တရာသည် ဘုရားရှင်၏ နောက်ပါးတွင် ခိုကပ်၍နေသော ရာဟုလာကို မိမိဆီသို့ခေါ်ယူလိုက်၏။ ဆံပင်

များရိတ်ပယ်ရန် ရေကန်သို့ သွားမည်အပြုတွင်မှ ဝဋ်ဘုံသခုကို သတိရ၍....

"အရှင်ဘုရား၊ ရာဟုလာကို မည်သို့ရှင်ပြုပေးရပါအံ့နည်း"

ဘုရားရှင်ထံ မေးလျှောက်ရ၏။ ဗာရာဏသီ အနီးတဝိုက်မှာ တုန်းက၊ သရဏဂုံသုံးပါးဖြင့်ပင် ရှင်ပြုပေးရန်၊ ရဟန်းပြု ပေးရန် ခွင့်ပြုတော်မူခဲ့၏။ နောက် ရာဇပုဏ္ဏား၏ ရဟန်းခံကိစ္စ တွင် သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးခြင်းကို ပယ်နှုတ်တော် မူကာဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန်၊ ပညတ်တော် မူခဲ့၏။ ရှင်ပြုကိစ္စကိုကား သရဏဂုံသုံးပါးဖြင့်ပင် ဆက်လက် ပြုလုပ်ရမည်ဟု ပညတ်ချက်ထုတ်တော်မမူ။ ပယ်လည်း ပယ်နှုတ် တော်မမူ။ သို့ဖြစ်၍သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးရန် သင့်လေ သလော။ မသင့်လေသလောဟု နောင်လာ နောက်သားတို့ တွေးတောယုံမှားဘွယ် ရှိနေပေသည်။ အရှင်မဟာသာရိပုတ္တရာ ၏ မေးလျှောက်မှုမှာ ဤသို့သော အနာဂါတ်အရေးကို မြော် တွေးမိ၍ ဖြစ်ပေသည်။

"ရဟန်းတို့၊ သုံးပါးသော သရဏဂုံတို့ဖြင့် ရှင်ပြုပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏"

အရှင်မဟာ သာရိပုတ္တရာ မေးလျှောက်သော ပြဿနာကို ဖြေဆိုတော်မူရာတွင် ရဟန်းအားလုံးနှင့် ပတ်သက်နေသဖြင့် "ရဟန်းတို့" ဟု ခေါ်တော်မူလိုက်ရပေသည်။

## ရာဟုလာ၏ ရှင်ပြုပွဲကြီး

ဘုရားရှင်၏ အမိန့်တော်ကို နာခံပြီးနောက် ရေတွင်းဆီသို့ ရောက်လာ၏။ ရာဟုလာ၏ရှင်ပြုပွဲမှာ လောကီဘက်မှ ပဓာသန

ကိစ္စများလုံးဝမပါ။ ဗျောမပါ၊ စည်မပါ။ ဆင်တွေမြင်းတွေ ဝေါ်တွေမပါ။ သား‌ချင်းဆွေမျိုး တယောက်မျှပင် မပါ။ သို့ရာတွင် သာသနာတော်ဝယ် နေလိုလသို ထင်ရှားတော်မူကြသော မထေရ်မြတ်ကြီးများ၏ တညီတညွတ်တည်း ဝိုင်းဝန်း၍ ချီးမြှောက်မှုကိုကား ခံယူရပေသည်။

အရှင်မဟာမောဂ္ဂလ္လာန်သည် မောင်ရှင်လောင်း ရာဟုလာကို ခေါင်းရိတ်ပေး၏။ သင်္ကန်းများ ဝတ်ဆင်ပေး၏၊ သရဏဂုံ သုံးပါးကို ငြာန်ကရိုဏ်းကျနစွာ ချီးပေး၏။ ရာဟုလာကလည်း ပီပီသသ လိုက်၍ရွတ်ဆိုသဖြင့် ရှင်သာမဏေဘဝသို့ ချောမောစွာ ရောက်ရှိကာ အရှင်မဟာကဿပ ထံတော်တွင် အဆုံးအမများခံယူရပေသည်။ အရှင်သာရိပုတ္တရာကား ရှင်ရာဟုလာ၏ ဥပဇ္ဈာယ်ဆရာဖြစ်ပေသည်။ အပြစ်ကြီးအပြစ်ငယ်ကို ကပ်ရှုကာ အပြစ်အနာ ဏင်းစေကြောင်းဖြင့် ‌တောင်းမှန်စွာ ဆုံးမတတ်သူပင် ဖြစ်ပေသည်။

## ခမည်းတော်ကြီး ပန်သောဆု

မကြုံစဖူး၊ ထူးမြတ်လှသော အခန်းအနားဖြင့် ရှင်ပြုပွဲကြီး ပြီးစီးချိန်တွင်မှ ဘိုးတော် သုဒ္ဓေါဒနမဟာရာဇာ ရောက်၍လာ၏။ မသက်လက်သောခြေလှမ်း၊ မရွှင်ပြသော မျက်နှာတို့ဖြင့် ဘုရားရှင်၏ထံတော်သို့ တန်းတန်းမတ်မတ် ဝင်၍သွား၏။ သူလာမည်ကို ကြိုတင်၍သိထားပြီးသော မြတ်စွာဘုရားက တံခါးများ အရံသင့် ဖွင့်ပေးထားပေသည်။

သုဒ္ဓေါဒန မဟာရာဇာသည် သားတော်မြတ်ကို ရိုသေစွာ ရှိခိုးဝတ်ချပြီးလျှင်....

"အရှင်ဘုရား၊ တပည့်တော် ဆုတခု တောင်းပါရစေ" ဟု လျှောက်၏။

"မင်းကြီး၊ ဘုရားရှင်တို့မည်သည် ဆုပေးခြင်းမှ လွန်မြောက်ကြကုန်၏"

ဘုရားရှင်နှင့်တကွသော ရဟန်းတို့မှာ မိမိ၏ တဝမ်းတခါး အတွက်ပင် သူတပါးအိမ်ပေါက်သွား၍ ရပ်ကြရ၏။ ထို့ကြောင့် မိမိမှာ ပေးစရာဆုမရှိပါကြောင်း ခမည်းတော်ကြီးအား မိန့်တော်မူလိုက်ရပေသည်။

"အရှင်ဘုရား၊ အပ်စပ်သောဆု၊ အပြစ်ကင်းသော ဆုများကို တောင်းခြင်းဖြစ်ပါသည်"

ခမည်းတော်ကြီးကလည်း ပစ္စည်းဥစ္စာရတနာရွှေငွေ စသော ဆုများ မဟုတ်ပါကြောင်း ပြန်လည်လျှောက်ထားလေရာ။

"မင်းကြီးလိုအပ်သောဆုကို ဆိုလော့" ဟု ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့်....

## သားအချစ် မြေးအနှစ်

"အရှင်ဘုရား၊ အရှင်ဘုရားတောထွက်ကာ ရဟန်းပြုတော်မူသဖြင့် တပည့်တော်မှာ ဆင်းရဲကြီးစွာ ခံစားခဲ့ရပါသည်။ သားတော်နန္ဒ ရဟန်းပြုတော့လည်း ထို့အတူသာဖြစ်ပါသည်။ ယခု မြေးတော်ရာဟုလာ ရဟန်းပြုသည့်အခါတွင်ကား ပို၍ပင် စိတ်ဆင်းရဲရပါသေးသည်"

"အရှင်ဘုရား၊ သားကိုချစ်သည့်အချစ်သည် အရေထူးအရေ ပါး အသားတွေကိုပါဖေါက်ထွင်းပြီး ရိုးတွင်းချဉ်ဆီထိ ပေါက် ရောက်ပါသည်။ မိဘများခွင့်မပြုသောသားကို ရှင်ရဟန်းပြုပေး တော်မမူပါရန် တောင်းပန်ပါသည်ဘုရား"

## ကိုယ်ချင်းစာ စိတ်ဓါတ်ဖြင့်

တရားသိမြင်ထားသူဖြစ်ပါလျှက် သည်ဘိုးအေကြီး သဲလွန်း ရန်ကောဟု ထင်စရာရှိပါ၏။ သို့သော် သူ့ဘက်ကကြည့်ပြန် တော့လည်း အပြစ်မတင်သာပေ။ ရတနာသုံးပါးကို သက်ဝင် ကြည်ညိုပြီးဖြစ်သော မိမိလိုပုဂ္ဂိုလ်မှာပင် သားများ မြေးများ နှင့် ကွေကွင်းလိုက်ရသည့်အခါ သည်းမခံနိုင်အောင် ဖြစ်ရသေး ၏။ ရတနာသုံးပါး မကြည်ညိုသေးသူများအတွက် ဆိုစရာမရှိပြီ။ ဤသို့သော ကိုယ်ချင်းစာစိတ်ဖြင့် သားရှင်မြေးရှင်များ အတွက် ဆုတောင်းရခြင်းသာ ဖြစ်ပေသည်။

ခမည်းတော်ကြီးလျှောက်တင်ချက်မှာ ရေရှည်အကျိုးစီးပွား အတွက်ဖြစ်သည့်ပြင် အလိုအပ်ဆုံး၊ အရင်းချာဆုံး ဆွေမျိုး နှစ်ယောက်ကိုလည်း သိမ်းသွင်းပြီးပြီမို့ ဘုရားရှင်က လိုက်လျော ၍ ပေးလိုက်ပေသည်။

"ရဟန်းတို့၊ အမိအဖတို့က ခွင့်မပြုသောသားကို ရှင်ပြုမပေး အပ်။ ပြုပေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"

ချက်ချင်းပင် ပညတ်ချက်တခု ထုတ်ဆင့်တော်မူရပေသည်။ သာသနာတော်ကြီး တည်နေသည်နှင့်အမျှ သည်ပညက်ချက်

နှင့် သည်းအမည်ကို အတူတွဲလျက် ကြားနာနေကြရ ပေမည် တည်း။

(အပါဒါန်အဋ္ဌကထာ၊ သန္တိကေနိဒါန်း။ ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ သာရိပုတ္တာ မောဂ္ဂလာနဝတ္ထု၊ ရာဟုလာဝတ္ထု၊ ပါဠိတော်နှင့် အဋ္ဌကထာ)။

*　　*　　*

## ဆတ္တာသည်နှင့် မင်းညီမင်းသားများ

### သုတမှ ဒိဋ္ဌသို့

ကျနုပ် အာနန္ဒာတည်းဟူသော အရိပ်၏ မူလသုတဖြစ်၍ မနိုင်းရှည်အပ်သော အချပ်တော်၏ အကြောင်း၊ တော်တော် တင်ပြ၍ပြီးခဲ့ပါပြီ။ သာသနာတော်ကြီးမှာလည်း ဒီရှိန်အဝါ ရလာပြီမို့ တနေ့ထက်တနေ့ တရိပ်ရိပ်တိုးတက်ချက် ရှိနေပါပြီ။ သို့ရာတွင် ထိုသို့တိုးတက်လာသည့်အထဲ၌ ကျနုပ်မပါခဲ့သေးပါ။ ယခုအချိန်ထိ ကျနုပ် သာသနာ့ဘောင် မဝင်ရသေးပါ။ ထို့ကြောင့် ဇာတ်ကွက်လည်ရုံမျှ တင်ပြလာခဲ့သော ကြောင်း ခြင်းရာများမှာ သုတတဝက်၊ ဒိဋ္ဌတဝက်ဟု ဆိုရပါတော့မည်။

သည်ကရှေ့မှာမူ ကျနုပ်ကိုယ်တိုင် နောက်တော်ပါးသို့ လိုက်ပါတော့မည်ဖြစ်၍ ဒိဋ္ဌကြောင်းခြင်းရာများကို အဓိက ဦးစားပေးကာ တင်ပြနိုင်ပါတော့မည်။ သာသနာ့ဘောင် အတွင်း၌ ကျနုပ်တွေ့ကြုံရ ခံစားရသေးသမျှကို ကြားနာကြရပါတော့မည်။

## သာသနာရေး သက်သက်

ရာဇဂြိုဟ်မှာ ကြုံခဲ့ရသော အရေးအခင်းများကို အကြောင်းပြု၍ ညီတော်နှင့်သားတော်တို့ကို သာသနာ့ဘောင်သို့ မရောက်ရောက်အောင်ခေါ်ဆောင်တော်မူခဲ့၏။ ဘဝတသက်တာအတွက် သူတို့ တူဝရီးနှစ်ဦးတို့၏ မြော်လင့်ချက်ဟူသမျှကို ချေမှုန်းဖျက်ဆီးကာ သာသနာတော်ကြီး၏ အရေးကိုသာ အလေးပြုတော်မူခဲ့၏။ ညီတော်အရင်းအချာ သားတော်အရင်းအချာ ဖြစ်၍လည်း ထိုကဲ့သို့တဖက်သတ်သဘောဖြင့် ပိုင်စိုးပိုင်နင်း စီမံတော်မူလိုက်ဟန် ရှိပါသည်။

## မသိမ်းသော်လည်း ယိမ်းချင်ပြီ

အရင်းအချာမဟုတ် တဝမ်းကွဲမျှသာ ဖြစ်သော ကျနုပ်တို့တတွေကိုကား ဤသို့တမင်တကာ သိမ်းသွင်းတော် မမူခဲ့ပါ။ မိမိတို့ ဘဝတသက်တာအရေးကို မိမိဘာသာဆုံးဖြတ်ရန် ခွင့်ပြုခဲ့သည့် သဘောဖြင့် ကပိလဝတ်မြို့တော်မှ ထွက်ခွာတော်မူခဲ့၏။

နောင်တော်ကြီး၏ အရှိန်အဝါဖြင့် သိမ်းသွင်းခြင်း မခံရသော်လည်း ကျနုပ်တို့တတွေ ငြိမ်တည်၍ မနေနိုင်ကြတော့ပါ။

ဘဝတသက်တာ မြှော်လင့်ချက် တသီတတန်းကြီးကို စွန့်လွှတ်ကာ ရဟန်းဘောင်သို့ ဝင်၍သွားခဲ့ကြသော သကျမင်းညီ မင်းသားများ နောက်သို့ ကျနုပ်တို့မလိုက်ဘဲ မနေနိုင်ကြတော့ပါ။ သူတို့တတွေ ရဟန်းပြုစဉ်က ကျနုပ်တို့ကို အဖော်မညှိ၊ လိုက်ခဲ့ပါ မခေါ်ကြပေ။ သို့သော် တိကျပြတ်သားလှသော နောင်တော် ညီတော်များ၏ စံနမူနာများက ကျနုပ်တို့အား လိုက်ခဲ့ပါ ခေါ်သည်ထက် ဆွဲငင်အား ကောင်း၍နေပေသည်။ အဖော်မညှိရပဲ အတူလိုက်လာအောင် ဆွဲဆောင်၍ နေကြပေတော့သည်။

## ရဟန်းလောင်း ခြောက်ဦး

ကပိလဝတ်မြို့တော်တွင် ဘုရားရှင် ရှိတော်မူစဉ်က ဇဝေဇဝါ မရေမရာ ဖြစ်နေကြရသော ကျနုပ်တို့သည် ဘုရားရှင်နှင့်တကွ တပည့်ဟောင်း တပည့်သစ် ရဟန်းများ ကြွသွားကြခါမှ စိတ်နှလုံး ဒုံးဒုံး ချမိကြတော့၏။ ဘုရားရှင် ရှိတော်မူရာ မလ္လာတိုင်း၊ အနုပိယမြို့ဆီသို့ ထွက်ခွာလာခဲ့ကြ၏။ ကျနုပ်တို့ ရဟန်းလောင်းများ အဖွဲ့တွင် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ် ဟူ၍ သကျမင်းညီမင်းသား ခြောက်ယောက် ပါဝင်ကြ၏။ ဥပါလိဆတ္တာသည်ကား ကျနုပ်တို့၏ လက်သုံးတော်အဖြစ် လိုက်ပါလာခဲ့ရခြင်း ဖြစ်ပေသည်။

## မရုန်းတဲ့နိုင် မခွာတဲ့နိုင်

ညီတော် နန္ဒနှင့် သားတော် ရာဟုလာတို့ကလွဲလျှင် ကျနုပ်တို့သည် ဘုရားရှင်နှင့် အနီးစပ်ဆုံး ဆွေမျိုးများ ဖြစ်ပါ၏။ ကျနုပ်အနေနှင့် ဆိုလျှင် ဟိုယခင် လူ့ဘဝတုန်းကပင် နောင်တော် ရင်းချာကဲ့သို့ ချစ်ကြောက်ရိုသေခဲ့ရ၏။ လူသိထင်ရှား

ဘုရားဟူ၍ ဖြစ်တော်မူလာခဲ့သော ယခု အချိန်၌ကား အချစ် အပေါ်တွင် အားရကြည်ညို နှစ်လိုဝမ်းမြောက်မှုများ ပွားစည်း၍ လာခဲ့ရပေသည်။

သာသနာ့ အဖွဲ့အစည်းကြီးတခုကို အောင်မြင်စွာ ဖွဲ့စည်း တည်ထောင်၍ တရားစည်မောင်း ရိုက်ညောင်း ကြွေးကြော်တော် မူလျက်ရှိသော နောင်တော်ကြီးအတွက် အားရကြည်ညို တာက တဌာန၊ နှစ်လိုဝမ်းမြောက်တာက တဘာသာ။ ထို စေတသိက်တို့ နောက်ကွယ်တွင် မရုန်းနိုင် မခွာနိုင်အောင် ဆွဲဆောင်၍ နေကြသော အရာများက ရှိပေသေးသည်။ ၎င်းတို့ကား ကျူရိုသဖွယ် အချင်းချင်း ယှက်နွယ်၍ နေခဲ့ကြသော သားချင်းဆွေမျိုးများ၊ စည်းစိမ်ဥစ္စာနှင့် တန်ခိုး အာဏာများ ဖြစ်ကြ၏။ အခြားသော သကျမင်းညီမင်းသား များထက် သာသနာ့ဘောင် အရောက်နောက်ကျနေကြရခြင်း အကြောင်းကို ရိုးသားစွာ တင်ပြရသော် ထိုမင်းညီမင်းသား များထက် ကျုနုပ်တို့တတွေက အစစအရာရာ သာလွန်နေ၍သာ ဖြစ်ပေသည်။

## မတူ၍ မတူပါ

ဤနေရာတွင် တစုံဘယောက်က စောဒကလုပ်၍ ဝင်လာစရာ ရှိပါ၏။ သူများထက်သာသော ဆွေမျိုးဉာတကာ၊ အာဏာ စည်းစိမ်တို့ကြောင့် ရဟန်းအပြု နောက်ကျရသည်ဆိုလျှင် သင်တို့နောင်တော် သိဒ္ဓတ္ထမင်းသားအတွက် မည်သို့ဆိုမည်နည်း

ဟု မေးစရာရှိပါ၏။ နောင်တော်ဘုရား၏စိတ်ဓာတ်နှင့် ကျွန်ုပ်၏ ဓါသနာ တူညီစွာ မရှိခဲ့ကြောင်း တင်ပြခဲ့ပုံကို သတိရလျှင် ဤမေးခွန်းအတွက် အဖြေရပြီးဖြစ်ပါလိမ့်မည်။

## ဘဒ္ဒိယ ရာဇာ

နောင်တော်ဘုရားလောက် ခိုင်မာခြင်း၊ ထက်မြက်ခြင်း မရှိသော ကျွန်ုပ်တို့ စိတ်ဓာတ်အင်အားဖြင့် တိုင်းတာရပါသော် ကျွန်ုပ်တို့ စွန့်ခွာလာခဲ့ရသော ဆွေမျိုး ဉာတကာ၊ အာဏာ စည်းစိမ်တို့မှာ နည်းနည်းနောနော မဟုတ်ပါ။ အနုရုဒ္ဓါဆိုလျှင် ခမည်းတော်၊ မယ်တော်များနှင့်တကွ နောင်တော်ကြီး မဟာ နာမ်ကပါ ဖူးဖူး မှုတ်ထားရသူဖြစ်၏။ သားထွေးတယောက် အပေါ် မရှိဟူသောစကား မကြားရလောက်အောင်ပင် အလို လိုက်၍ အကြိုက်ဆောင်ခဲ့ကြရ၏။ ဘဒ္ဒိယကား ကျွန်ုပ်တို့ တမျိုးသားလုံး၏ အရေးကိစ္စကို စီမံပိုင်ခွင့် ရှိနေပြီမို့ ရာဇာဟုပင် ခေါ်နေကြရပါပြီ။

နောင်တော်ဘုရား ဖွားမြင်တော် မူစဉ်ကပင် အရွယ်တော် သီသီတိုင်၍နေခဲ့သော ခမည်းတော်ကြီးမှာ ယခုသော် ရစ်ဆယ် ကျော် ကိုးဆယ်တွင်းမို့ အိုမင်းမစွမ်း ဖြစ်၍ နေပါပြီ၊ ထို့ ကြောင့် တိုင်းရာ ပြည်ရာကိစ္စများကို ကိုယ်တိုင်ကိုယ် စီမံခန့်ခွဲ၍ မနေတော့ဘဲ တူတော်တဦးဖြစ်သူ ဘဒ္ဒိယထံ လွှဲအပ်ထား၏။ ဘဒ္ဒိယကား သုဒ္ဓေါဒန မဟာရာဇာကို တာဝန်ခံ၍ အုပ်ချုပ်စီမံရသော ရာဇာတဦးပင် ဖြစ်ပေသည်။

## ပြန်ပေတော့ ဥပါလိ

ခိုင်မာသော ဆုံးဖြတ်ချက်ကိုယ်စီဖြင့် ကျနုပ်တို့သည် ကျနုပ်တို့၏ အာဏာပိုင်စိုးရာ နယ်နိမိတ်ကို ဖြတ်ကျော် လာခဲ့ကြ၏။ မလ္လာမင်းတို့၏ နယ်နိမိတ်အပေါ် ခြေချမိကြ၏။ ဤတွင် ကျနုပ်တို့ဝတ်ဆင်လာခဲ့သော အဘိုးထိုက် အဘိုးတန် လက်ဝတ်တန်ဆာများကိုချွတ်ကာ တဘက်တထည်ထဲ စုကာ ထည့်လျက် ဆတ္တာသည် ဥပါလိထံ ကမ်းလင့်လိုက်၏။

"ပြန်ပေတော့ ဥပါလိ၊ သည်နေရာက ကိုယ့်ရပ်ကိုယ့်ရွာ ပြန်သွားပေတော့၊ သည် ဥစ္စာများနှင့် အသက် မွေးလောက်ပါပြီ"

မင်းညီ မင်းသားများ အဖြစ်ဖြင့် ပြုစုလုပ်ကျွေးမည့် အစေအပါးတော့ မလိုတော့ပြီမို့ ဆတ္တာသည် ဥပါလိကို ပြန်လွှတ်လိုက်ကြ၏။

## ဥပါလိ ပြန်လိုက်လာသည်

အရှင်သခင်များက လွှတ်လပ်ခွင့် ပေးလိုက်သဖြင့် ဥပါလိသည် ဘဏ္ဍာထုပ်ကိုထမ်းကာ လာလမ်းအတိုင်း ပြန်၍သွား၏။ သို့သော် မကြာမီမှာပင် ကျနုပ်တို့နောက်သို့ အမောတကော လိုက်၍ လာပေသည်။

"အသို့နည်း ဥပါလိ၊ အဘယ့်ကြောင့် အမောတကော ပြန်လိုက်လာရဘိနည်း"

ကျနုပ်တို့က ခရီးနှောက်မဆိုက် မေးလိုက်ကြရ၏။

"အရှင့်သားတို့။ အရှင့်သားတို့၏ သကျမျိုးနွယ် ထဲမှာ စိတ်ကြမ်းကိုယ်ကြမ်း ပုဂ္ဂိုလ်များရှိကြပါသည်။ အရှင်သားတို့ မပါဘဲ ကျွန်ုပ်တယောက်တည်း သည်ဘဏ္ဍာထုပ်ကြီးနှင့် ပြန်သွားလျှင် သူတို့က ချမ်းသာပေးမည်မဟုတ်ပါ။ ဒီဥစ္စာ ဘဏ္ဍာများ ရရှိရေးအတွက် မင်းသားများကို တိုင်းပြည်က ထွက်ခွာအောင် သွေးဆောင် ဖျားယောင်းသည်ဟု ဆိုကြပါလိမ့်မည်။ သူတို့စိတ်မထင်လျှင် သက်ဦးဆံပိုင် အရှင်သခင်များမို့ သတ်၍ ပင် ပစ်ကြပါလိမ့်မည်"

ဥပါလိ၏သံဝေဂ

အဆင့်အတန်း ခွဲခြားထားသော ဤလူ့ဘောင်တွင် အစေအပါးတယောက် ဖြစ်နေခဲ့ရသော ဥပါလိသည် စဉ်းစားဉာဏ် အရာတွင်ကား ကျွန်ုပ်တို့အရှင်သခင်များထက် မနိမ့်ကျပါချေ။ နောက်နောင်တွင် ကျွန်ုပ်ထက် သာသွားပုံများကိုပင် ကြားနာကြရပါဦးမည်။

"ကောင်းပါပြီဥပါလိ။ သူတို့ဆီမပြန်လိုလျှင် ငါတို့နှင့်အတူ လိုက်ခဲ့ပေတော့။ ငါ၏မိတ်ဆွေရင်းချာ ရှေဇမင်းထံ အပ်နှံပေးပါမည်"

ကျွန်ုပ်က ဥပါလိကိုဖြောင့်ဖျစကားဆိုလိုက်ရ၏။ နှစ်ပေါင်းမြောက်များစွာ ပြုစုလုပ်ကျွေးလာခဲ့သူ တဦးမို့ စိတ်ချလက်ချ ခိုလှုံရမည့် နေရာတခုကို ရစေလိုသော စေတနာအရ ဖြစ်ပေသည်။ သို့သော်ဥပါလိက ကျွန်ုပ်၏စေတနာကို လက်မခံပါချေ။

"အရှင့်သားတို့ကဲ့သို့ ဆွေမျိုးညာတကာ၊ အာဏာစည်းစိမ်၊ ဂုဏ်သိန် မြင့်မားသည့် ပုဂ္ဂိုလ်များသော်မှ ရဟန်းပြုကြပေ

သေးသည်။ ကျွန်ုပ်လိုအစေအပါးက ဘာမျှားတွယ်တာနေစရာ ရှိပါသေးသနည်း။ သည်တော့ သည်ဘဏ္ဍာထုပ်ကို ဟောဒီသစ်ကိုင်းမှာ ချိတ်ထားလိုက်ပါပြီ။ မြင်သောသူ ယူသွားပါစေတော့။ ကျွန်ုပ်လည်း အရှင်မင်းသားတို့နှင့်အတူ ရဟန်းပြုပါတော့မည်”

“ကောင်းလေစွဥပါလိ၊ ကောင်းလေစွ”

## ဆတ္တသည်ကို ရှိခိုးနိုင်ရန်

လာခြင်းကောင်းသော ဥပါလိနှင့်အတူတကွ ကျွန်ုပ်တို့ ၇ယောက် ဘုရားရှင်ရှေ့တော်မှောက် ဆိုက်ရောက်လာခဲ့ကြ၏။ ရဟန်းဘဝခံယူရန် ပန်ကြားကြရ၏။

“အရှင်ဘုရား၊ တပည့်တော်တို့ သကျမျိုးနွယ်များသည် မာန်မာန ခက်ထန်သူများဖြစ်ကြပါသည်။ သို့ဖြစ်၍တပည့်တော်တို့ကို နှစ်ပေါင်းများစွာ ပြုစုလာခဲ့သော ဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါသည်။ တပည့်တော်တို့က နောက်မှ ရဟန်းပြု၍ သူ့ကိုဦးညွတ်ကြပါမည်။ ခရီးဦးကြိုဆိုကြပါသည်။ လက်အုပ်ချီမိုး ရှိခိုးကြပါမည်။ ရိုရိုသေသေ ဆက်ဆံပြုမူကြပါမည်။ ဤသို့အားဖြင့် တပည့်တော်တို့ သကျမျိုးနွယ်တို့၏ မာန်မာန အစိုင်အခဲများ ပျက်ပြယ်သွားစရာ ရှိပါသည်ဘုရား”

ကောင်းမြတ်သော ရည်ရွယ်ချက်၊ ကောင်းမြတ်သော အစီအစဉ်ဖြင့် ကျွန်ုပ်တို့တတွေ ရဟန်းဘောင် ဝင်ရောက်ခဲ့ကြပေသည်။ (စူဠဝါဂ်၊ သံဃဘေဒကက္ခန္ဓက)

* * *

## ကျနုပ်၏ အကျွတ်တရား

### သာသနာ့ဘောင်မှာ ဆုံကြပြီ

လူ့ဘောင်လောကမှာ ရှိကြစဉ်တာ နောင်တော်ဘုရားနှင့် ကျနုပ်တို့နှစ်ဦး အကျွမ်းတဝင် ခင်မင်ခဲ့ကြပုံကို စောစောက တင်ပြခဲ့ပြီးဖြစ်၏။ ယခုကျနုပ်ကိုယ်တိုင် ရဟန်းတပါး အဖြစ်ဖြင့် ဝင်ရောက်လာခဲ့ပေပြီ။ ဘဝချင်းခြားနေစဉ်က ခပ်ကွာကွာ ဖြစ်နေခဲ့ရသော ကျနုပ်တို့ ညီတော်နောင်တော်နှစ်ပါး ဘဝချင်း တူ၍လာကြရပေပြီ။ သည်တော့ ဟိုယခင်လူ့ဘဝက အစပြုလာခဲ့သော အကျွမ်းတဝင်ဆက်ဆံမှုများက ပြန်လည်၍ အသက်ဝင်လာကြ ပေတော့သည်။

အကျွမ်းတဝင်ဆိုရာ၌ အမှန်စင်စစ်ကျနုပ်ဘက်က ဆက်ဆံမှုများကိုသာ ဆိုလိုပါသည်။ ကျောက်စာတိုင်ကဲ့သို့ ခိုင်မာတိမတ်သော စိတ်ဓာတ်အရှင်ကတော့ တပည့်သာဝကာ အားလုံးကို ဖြူဟူမှစိုရ်လေးပါး ဘောင်အတွင်းက ချစ်ခင်ကြင်နာ မုဒိတာ ပွားတော်မူသည်သာဖြစ်ပါ၏။ တရားသဘောဖြင့် ရှုမြင်သုံးသပ်တော် မူသည်သာဖြစ်ပါ၏။ တခုတော့ ဆိုစရာရှိပါ၏။ ကျနုပ်ကိုယ်တိုင်က ကိုယ်ရေးကိုတာကို မငဲ့ကွက်ပဲ နောင်တော်ဘုရား အပေါ်မှာ အားလုံးကုန်စုံ ပုံ၍ထားခဲ့သော မေတ္တာစေတနာ အထုအထည်ဖြင့် မကွေမကွာ ပြုစုလုပ်ကျွေး၍ လာခဲ့သောအခါ

ရှင်တော်မြတ် ဘုရားကလည်း ကျနုပ်အပေါ် ပြန်လည်ငဲ့ညှာမှုများ ပြုတော်မူလာရပေသည်။ ဤသို့ထောက်ငဲ့ညှာမှုကို အခွင့်အရေးယူကာ ဘုရားရှင် ကိုယ်တော်တိုင် ပိတ်ထားခဲ့သော ပံ့ခါးတရွက်ကို ကျနုပ် ဇွတ်တရွတ် ဖွင့်ယူခဲ့ဘူးပါ၏။ ဤအကြောင်းကို သက်ဆိုင်ရာ အခန်းများကျမှ အကျယ်တဝင့် တင်ပြပါမည်။

## သာသနာ့ခရီးတဝက်နီးပြီ

ဤကဲ့သို့ လူ့ဘဝက အစပြုလာခဲ့သော ခင်မင်မှုဖြင့် ဘုရားရှင်နှင့် အကျွမ်းတဝင် ဆက်ဆံခဲ့ရာတွင် သင့်အင့်လျှောက်ပတ်သော စကားများပါသကဲ့သို့ တခါတရံ မသင့်လျော်သော စကားများလည်း ပါခဲ့ပေသည်။ သတိချွတ်ချော်၍ မသင့်မတော် တင်လျှောက်မိသော စကားတခွန်းကို ယခုတင်ပြလိုပါသည်။

ကျနုပ်မွေးမိဘနယ်ပယ်ဖြစ်သော သက္ကတိုင်းနဂရက အမည်ရသော ရွာကြီးမှာ ဆိုက်ရောက်တော်မူစဉ်ကဖြစ်၏။

"အရှင်ဘုရား၊ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းခြင်းသည် သာသနာတော်ကြီး၏ တဝက်ခရီး ဖြစ်ပါသည် ဘုရား"

မဂ်ဘရား ဖိုလ်တရား မရသေးသော်ငြားလည်း ကိုယ်အမူနှုတ်အမူအရာ တည်ငြိမ်၍ ဣန္ဒြေရရနေနိုင်လာကြသော ရဟန်းများကို အကြောင်းပြု၍ လျှောက်ထားမိခြင်း ဖြစ်ပေသည်။

## တဝက်မဟုတ်၊ အပြီးအဆုံးပန်းတိုင်

"အာနန္ဒာ၊ ဤသို့မဆိုလင့်၊ အာနန္ဒာ၊ ဤသို့မဆိုလင့်"

ကျနုပ်၏စကားကို ဘုရားရှင်က ချက်ချင်း တားမြစ်တော်မူကာ ဆက်လက်၍....

"မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် သာသနာ့ခရီးတလျှောက် အပြီးတိုင် အဆုံးတိုင် ရောက်သည်သာ ဖြစ်ပေသည်။ သူတော်ကောင်းနှင့် ပေါင်းသင်းမိသော ရဟန်းသည်သာလျှင် မဂ္ဂင်ရှစ်ပါးကို ပွားများ ပေလိမ့်မည်။ ငါဘုရားတည်း ဟူသော မိတ်ဆွေကောင်းကို ပေါင်းသင်းမိခြင်းအားဖြင့် သတ္တဝါအနန္တ သာဝကတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်း ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့ကြရပေသည်"

ကျနုပ်က သာသနာ့အရိပ်တော်ခိုလှုံ၍ ဗြဟ္မစရိယ နေနိုင်ခြင်းကို တဝက်ခရီးဟု လျှောက်ထားခဲ့၏။ ဘုရားရှင်ကတော့ လောကုတ္တရာမဂ္ဂင်ရှစ်ပါး ပွားများခြင်းသည်သာ သာသနာ့ခရီးစဉ်၏ ပန်းတိုင် ဖြစ်ကြောင်း မိန့်တော်မူခဲ့ပေသည်။ မိတ်ဆွေကောင်း ဆွေကောင်းဟူသည် ဤသို့ပန်းတိုင်အရောက် ခရီးပေါက်သူဖြစ်ရာ၊ ထိုသူကိုအကြောင်းပြု၍ မိမိပါ အတူတကွ ဘဝါးခြေထပ် လိုက်ပါနိုင်မှ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရာရောက်ပေသည်။

(သဂါထာဝဂ်၊ ကောသလသံယုတ်၊ ကလျာဏမိတ္တသုတ်)။

## ကရုဏာမျက်လုံးတော်

ဤစကားများ မိန့်ကြားတော်မူစဉ်က ဘုရားရှင်လေသံများ သာယာညင်းပြောင်းစွာပင်ဖြစ်၏။ ဘုရားရှင်၏ ဟန်ပန်ကလည်း ခါတိုင်းလိုပင် တည်ငြိမ်အေးဆေးစွာပင်ဖြစ်၏။ မျက်နှာတော် ငွေလဝန်းမှာလည်း တင်းမာခက်ထန်သည့် အမူအရာ လုံးဝမရှိ၊ အသိဉာဏ် အဆင့်မမှီနိုင်သေးသည့် ညီငယ်ကို မျက်တောင် စင်းစင်းဖြင့် ကြည့်နေကာ ကရုဏာ အငွေ့အသက်များကိုသာ ထုတ်လွှင့်၍ နေတော်မူပေသည်။

နောင်တော်ဘုရား၏ ကရုဏာမျက်လုံးများသည် ကျွန်ုပ်အဘို့ ရှက်အားပိုစေရန်သာဖြစ်ဘိ၏၊ တည်ငြိမ်အေးဆေးသော ဣန္ဒြေတော်ကလည်း ကျွန်ုပ်၏ အားငယ်စိတ်ကို ငယ်သထက် ငယ်သွားအောင် ဖိနှိပ်၍သာနေဘိ၏။ သာယာညင်းပြောင်းသော လေသံကလည်း ကျွန်ုပ်၏စိတ်နှလုံးကို အားကုန်ဆွဲယမ်း လှုပ်ခါလိုက်ခြင်းသာ ဖြစ်ဘိ၏။

## မလုံသည့်အိုး တုတ်နှင့်မိုးသို့

ကြီးမြတ်သောကရုဏာရှင်က တရားသဖြင့် သင့်တင့်လျှောက်ပတ် မိန့်ကြားတော်မူခဲ့သော ဤစကားများဖြင့် ကျွန်ုပ်အဘယ်ကြောင့် တုန်လှုပ်ခဲ့ရပါသနည်း။ ထိုစဉ်တုန်းက ကျွန်ုပ်သည် ဘုရားရှင်တည်းဟူသော မိတ်ကောင်းဆွေကောင်းနှင့် အသွင်အပြင် တူရုံမျှသာရှိ၍ တကယ်တန်းအားဖြင့် မပေါင်းသင်းရသေးသောကြောင့် ဖြစ်ပါသည်။ သိသင့်သိထိုက်သည့် တခုတည်းသော တရားအပေါ်မှာ ဉာဏ်ခြင်းဆက်ကာ မဆိုက်မရောက်ရသေးသောကြောင့် ဖြစ်ပါသည်။

သာသနာ့အရေးတော်ကို ခြုံထားပါလျှက် သာသနာ့အရေးကို မပြီးမစမ်းရသေးသော ကျွန်ုပ်သည် ကိုယ့်စကားနှင့် ကိုယ် ရှက်အားပိုကာ ရှေ့တော်မှောက်မှ ထွက်လာခဲ့ပါ၏။

## လမ်းစမမြင် ကမ်းမမြင်

ကိုယ့်ဘာသာ အရှက်စိတ်မွန်၍ ထွက်လာခဲ့တာတော့ ဟုတ်ပါပြီ။ ထွက်လာပြီးတော့ ဘယ်ကိုသွားမည်နည်း။ ဘယ်တောဘယ်တောင်၊ ဘယ်လိုဏ်ချောင်ကို သွား၍ တရားအားထုတ်ရပါမည်နည်း။ နောင်တော်ဘုရားအပေါ် ချစ်ခင်သော စိတ်နှင့်တကွ အများတကာကို အားကျ၍သာ ရဟန်းဝတ်၍ လာခဲ့သည်။ မိမိမှာကျင့်သုံးခြင်းနှင့်ပတ်သက်၍ လက်ဆုတ်လက်ကိုင်ပြုစရာ ဘာမှမရှိသေး။ စောစောက စကားစပ်ဖြင့် ဟောကြားတော်မူလိုက်သော တရားများမှာလည်း မိမိနှင့် ဘာမှမဆိုင်သလိုပင် မဂ္ဂင်ရှစ်ပါး ပွားများခြင်းသည် မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းခြင်းကြောင့်ဟု မိန့်တော်မူ၏။ ထိုသို့လျှင် မဂ္ဂင်ရှစ်ပါးကို မည်သို့မည်ပုံ ပွားများရပါမည်နည်း။ ရုပ်သွင်ရဟန်းမှ အဟုတ်မြင်သော ရဟန်းအဖြစ်သို့ မည်သို့မည်ပုံ ကူးပြောင်းရပါမည်နည်း။

အဆယ်၍ မိမိသာ ဤကဲ့သို့ ဖွင့်ဟလျှောက်ထားမိလျှင် ရှင်တော်ဘုရားကလည်း သိလွယ်မြင်လွယ်သော နည်းတမျိုးဖြင့် ဟောတော်မူမည်သာဖြစ်၏။ ယခုတော့ မိမိမှာ စစ်မရောက်ခင်က မြှားကုန်ခဲ့ချေပြီ။ အဟုတ်မြင်ရဟန်း မဖြစ်သေးသမျှ သည်မျက်နှာတော်ကို ဖူးမျှော်ရန် မဝံ့ချေပြီ။

## ယူကျုံးမရ စိတ်ဒုက္ခ

ကျွန်ုပ်၏ တသက်တာတွင် ယူကျုံးမရ ဝမ်းနည်းကြေကွဲခဲ့ရသောကိစ္စများ သုံးကြိမ်သုံးခါ ကြုံခဲ့ရ၏၊ မဟာပဇာပတိဂေါတမီ ပရိနိဗ္ဗာန်ပြုစဉ်ကတကြိမ်၊ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူစဉ်က တကြိမ်။ တသက်တာကာလ ပထမဦးစွာကြုံခဲ့ရသော ဤအကြိမ်မှာကား မည်သူတဦးတယောက် ရှေ့ လျှောက်စီးခြင်း မရှိခဲ့။ သောင်မတင်ရေမကျ ဖြစ်နေရသော မိမိဘဝအတွက်သာ ဖြစ်ပေသည်။

## ရှေ့မတိုးသာ နောက်မဆုတ်သာ

သာသနာ့ဘောင် ဝင်လာခဲ့စဉ်တုန်းက ဆွေရောမျိုးရော တိုင်းရောပြည်ပါ ဆိုတာလို အကျော်တဇော ဖြစ်ခဲ့၏၊ ယခု သာသနာ့ဘောင် ဝင်ရောက်လာချိန် မှာတော့ ထောက်ရာ တည်ရာလေးမှ မရနိုင်။ မရနိုင်၍ လူ့ဘောင်ပြန်ဆင်းသွားရမှာကလည်း ရှက်စရာ၊ လူ့ဘောင်ဆင်းရာမှာရှက်၍ ရဟန်းဝတ်နှင့် နေဘို့ကလည်း ခပ်ခက်ခက်။ တရားမသိသေးသမျှတော့ သည်အခက်ကြီးများ ပြေလည်မည်မဟုတ်ပါချေ၊

## မတွေ့ချင် မြင်လျက်သား

တရားသိမြင်ရေးအတွက် ကြံရာမရဖြစ်ရသော ကျွန်ုပ်သည် ရောက်တတ်ရာ လျှောက်၍လာခဲ့၏၊ ထောက်ရာတည်ရာ တရားကိုယ်စီဖြင့် ရွှင်ရွှင်ပျပျ ဖြစ်နေကြသော ရဟန်းပရိသတ်မှ လွတ်ရာကျွတ်ရာ ရှောင်လာခဲ့၏။ သူတို့နှင့်မတွေ့ချင် မဆုံချင်၍

တမင်တကာရှောင်လာခဲ့ပါမှု တပါးသောပုဂ္ဂိုလ်နှင့် ဆုံမိအောင် ဆုံလိုက်ချေသည်။

"အာနန္ဒာ၊ ဘယ်ကိုများ လျှောက်သွားမည်နည်း။ သင့်မျက်နှာကလည်း မသာမယာလှပါတကား"

သိက္ခာကြီးသော ရဟန်းတပါးက အရေးတယူ နှုတ်ဆက်လာသဖြင့် ကျနုပ်ကလည်း ဦးချဒူးချ ပြုလိုက်ရပေသည်။

## ဓမ္မကထိက ပုဂ္ဂိုလ်ကျော်

ဤဒုက္ခနှင့် ကိုယ်ဖျော မျှားနေချိန်မို့ ဝတ္တရားကျေရုံမျှသာ အရိုအသေပြုလိုက်ရ၏။ ယခင့်ယခင် အချိန်များက ဤအရှင်နှင့်ဆုံမိသည်ဆိုလျှင် ကျနုပ်၏စိတ်နှလုံးတို့ ရွှင်ပြုံးခဲ့ရသည်ချည့် ဖြစ်ပါ၏။ မန္တာဏီ ပုဏ္ဏေးမသားဖြစ်သော ဤအရှင်ပုဏ္ဏသည် ဓမ္မကထိက အကျော်အမော် ပုဂ္ဂိုလ်တပါးပင် မဟုတ်ပါလော။

"ဘယ်ကို လျှောက်သွားရမည် မသိပါဘုရား။ မသာယာသောမျက်နှာကို ထောက်ခြင်းအားဖြင့် တပည့်တော် စိတ်ထဲက ဒုက္ခတရားကို ရှုမြင်တော်မူပါလိမ့်မည်"

မရှောင်သာတော့သည်မို့ အလိုက်သင့် လျှောက်ထားရပေသည်။

## အစွဲများစွာ တိမ်သလွာ

"အာနန္ဒာ၊ ဆင်းရဲဒုက္ခဟူသမျှ၏ အရင်းခံသည် ငါစွဲသာ ဖြစ်ချေ၏။ ငါချောသည်၊ ငါလှသည်၊ ငါဥစ္စာရှိသည်။ ငါတန်ခိုး အာဏာရှိသည် စသဖြင့် ငါစွဲတွေမြောက်များစွာ ရှိကြ၏။ ထို ငါစွဲများက လောကရေးရာမှာဖြစ်သဖြင့် အသိရအမြင်ရလွယ်ကူ

လျှ၏၊ တရားမမှုရေးရာမှာ ဖြစ်လာကြသော ငါစွဲများမှာမူ ထိုကဲ့သို့ သိလွယ်မြင်လွယ် မဟုတ်ကြပေ။ ပညာတည်းဟူသော မျက်စေ့ကို သိမ်သိမ်မွေ့မွေ့ ဖုံးအုပ်မြှေးယှက်ထားကြသော တိမ်သလ္လာတို့သာ ဖြစ်ကြပေသည်။

"တိမ်သလ္လာတို့ ဖုံးအုပ်နေပုံကို မိန့်ကြားတော် မူပါဦး အရှင်ဘုရား"

## ငါ့အတွက်နှင့် အခက်ပွေ

ရဟန်းသံဃာမရှိရာ ရှာလိုစိတ်ဖြင့် ထွက်ခွာ လာခဲ့သော ကျွန်ုပ်သည် အရှင်ပုဏ္ဏ၏ တရားစကားများ ဆွဲဆောင်ရာသို့ လိုက်ပါလာခဲ့မိပေပြီ။

"တိမ်သလ္လာတွေ ဖုံးလွှမ်းနေ၍ပင် မျက်နှာမသာမယာဖြစ် နေရသည် မဟုတ်ပါလား အာနန္ဒာ"

"အရှင်ဘုရား၊ မျက်စေ့ဝေဒနာရှင်များသည် မိမိ တိမ် သလ္လာကို မိမိဘာသာ မမြင်စွမ်းကြပါဘုရား"

"မိမိဘာသာ မမြင်စွမ်းလျှင်ဖြင့် ကုစား၍ ရနိုင်မည် မဟုတ် ပေ"

"တပည့်တော်အား သနားသောအားဖြင့် ဖြစ်သည့် နည်း ဖြင့် ကုစားတော်မူပါ ဘုရား"

"ကောင်းပြီ အာနန္ဒာ၊ သတိလက်ကိုင် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲ၍ ထားပေတော့၊ သင့်မျက်နှာကို မသာမယာဖြစ်အောင် ပြုစား ထားသည်မှာ ငါစွဲသာလျှင် ဖြစ်၏။ သူများတွေ ကဆော့ ထောက်ရာ တည်ရာ တရားတွေ ကိုယ်စီ ကိုယ်စီ ရကုန်ကြပြီ။

ငါ့မှာတော့ ဘာတရားမှမရသေး၊ ဤသို့ ငါ သူတပါး ခွဲခြားသော စိတ်ဖြင့် တပါးတည်း ထွက်လာခဲ့ရသည် မဟုတ်ပါလား"

"ဟုတ်ပါသည် အရှင်ဘုရား"

## ငါကို ရှာစမ်းပါ

"ကောင်းပြီ အာနန္ဒာ၊ ဆက်လက်၍ နားစိုက်ပေဦးလော့၊ အာနန္ဒာဟူ၍ ခေါ်ဆိုပညတ် သမုတ်ရုံမျှ သမုတ်၍ထားအပ်သော ဤခန္ဓာကိုယ်ကို ရှာစမ်းလော့၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ နှင့် ဝိညာဉ်ဟူ၍ ခန္ဓာငါးပါး တရားအစုသာ ရှိသည် မဟုတ်ပါလော"

"မှန်ပါ၊ ခန္ဓာငါးပါး တရားအစုမျှသာ ရှိပါသည်ဘုရား"

"သည် ခန္ဓာငါးပါး တရားအစုသည် နိစ္စလော၊ အနိစ္စလော"

"အနိစ္စသာ ဖြစ်ပါသည် ဘုရား"

"အနိစ္စဖြစ်သော ဤတရားသည် သုခလော၊ ဒုက္ခလော"

"ဒုက္ခသာ ဖြစ်ပါသည် ဘုရား"

"ဖောက်လွဲဖောက်ပြန် ပျက်စီးတတ်၍ အနိစ္စ၊ ဒုက္ခသာလျှင် ဖြစ်သော ဤခန္ဓာငါးပါး တရားအစုအပေါ်တွင် 'ငါ' ဟူ၍ ရှုထိုက်ပါ သလော"

"မရှုထိုက်ပါ ဘုရား"

## မှန်ပြင်ပေါ်က မျက်နှာရိပ်

"ကောင်းပြီ အာနန္ဒာ၊ ဆက်လက်၍ နားစိုက်ပေဦးတော့။ ဤခန္ဓာငါးပါး တရားအစု ပေါ်တွင် 'ငါ' ဟူ၍ မရှုထိုက်၊

ဤခန္ဓာငါးပါး တရားအစုသည် 'ငါ' မဟုတ်၊ ဤခန္ဓာငါးပါး တရားအစုသည် 'ငါ' နှင့် ဘာမှမဆိုင်၊ သို့သော် 'ငါ' ဟူသော အစွဲသည်ကား ဤခန္ဓာငါးပါးနှင့် မခွာနိုင်ပေ။ ဤခန္ဓာငါးပါးကို အကြောင်းပြု၍သာလျှင် 'ငါ' ဟူသော အစွဲ ပေါ်ပေါက် လာရသည်"

"လောကဥပမာအားဖြင့် မြင်သာအောင် ပြောရဦးမည်။ ဝတ်စားတန်းဆာ ဆင်ယင်လိုသော လုလင်ပျို မိန်းမပျိုများသည် မိမိ၏ မျက်နှာရိပ်ကို မှန်မှာသော်လည်းကြည့်ကြ၏။ ကြည်လင်သော ရေခွက်ထဲမှာလည်းကြည့်ကြ၏။ မှန်မှာရေမှာ ပေါ်လာသော မျက်နှာရိပ်သည် မှန်နှင့် ရေတို့၏ ကျေးဇူးမကင်းသော်လည်း မှန်လည်းမဟုတ်၊ ရေလည်းမဟုတ်၊ မှန်နှင့်ရေတို့ကလည်း မျက်နှာရိပ်မဟုတ်"

"ထို့အတူသာပင်၊ အာနန္ဒာဟူ၍ ခေါ်ဆိုပညတ် သမုတ်ရုံမျှ သမုတ်၍ ထားအပ်သော ဤခန္ဓာငါးပါးကို အကြောင်းပြုကာ ငါဟူသောအစွဲ ပေါ်လာရ၏။ သို့ရာတွင် ထို"ငါ" သည် ခန္ဓာငါးပါးမဟုတ်။ ခန္ဓာငါးပါးသည်လည်း "ငါ" မဟုတ်"

## ငါရချင်သည်၊ ငါရောက်ချင်သည်

"ဤသို့အားဖြင့် "သူ" မပါ "ငါ" မနေ့ာ၊ သဘောသက်သက်မျှသာ ရှိပါသလားဟူ၍ မသိတတ်ကြသဖြင့် "ငါ" မဟုတ်သော ခန္ဓာငါးပါးကို "ငါ" ဟုစွဲကြ၏။ ထို"ငါ"ဖြင့် တရားရချင် တရားသိချင် တရားပေါက်ချင်လာကြ၏၊ တရားဟူသည် ဟိုမှာသည်မှာ ရှိလိမ့်နိုးနိုး ရှာဖွေကြ၏။ "ငါ" မဟုတ်သော

တရားကို 'ငါ' ရှေ့ထားကာ ရှာလေသမျှ ဒုက္ခနှင့်တွေ့ကြရပေ လိမ့်မည် အာနန္ဒာ"

"မှန်ပါ၊ တပည့်တော် သဘောပေါက်ပါပြီဘုရား"

"ငါ" စွဲတိမ်သလ္လာကို ကိုယ့်ဘာသာမြင်အောင် ပြုလျှက် ကုစားတော်မူပေသော ဆရာသခင် ကျေးဇူးရှင်ကို ဦးသုံးကြိမ် ချလိုက်ရပေတော့သည်။

## လမ်းမှားမှ လမ်းမှန်သို့

'ငါ' ကို အရှိထား၍ လမ်းမှားကိုလိုက်ခဲ့မိသော ကျွန်ုပ်သည် ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်းကို အမှီပြုလျှက် လမ်းမှန်ထက်သို့ ရောက်ရှိ လာပါပြီ။ လမ်းမှန်ပေါ် ရောက်ရှိလာရေးအတွက် 'ငါ' ၏ စွမ်းအင် တခုမှမလိုပါ။ 'ငါ' ၏ စွမ်းအင်တခုမှမပါဝင်ပါ။ 'ငါ'ကိုအရှိထား၍ လျှောက် သွားခဲ့မိသော လမ်းမှားကို ဆက်လက်၍ မလျှောက်ပဲနေလိုက် ခြင်းသာဖြစ်ပေသည်။ 'ငါ' မပါသော တရား၊ 'ငါ' နှင့်မဆိုင်၊ 'ငါ' ပိုင်မဟုတ်သော တရားများတွင် 'ငါ' ထည့်၍မပေးပဲ နေလိုက်ခြင်းသာ ဖြစ်ပေသည်။

## ငါမစွက် ငါ့အတွက်မပူပြီ

'ငါ' ထည့်၍ မပေးပဲသာ းလိုက်ခြင်း အားဖြင့် 'ငါ့' အတွက် ဖြစ်ပေါ်လာခဲ့ရလေသမျှ ဆင်းရဲဒုက္ခပေါင်းတို့ ချုပ်ငြိမ်းပြီး၍ သွားကြရပေတော့သည်။ 'ငါ' ဟူ၍ စွဲလမ်းစရာ ဘာတခုမျှ မရှိသော လောကကြီးထဲတွင် အသက်ရှင်ကာ နေရသေးသည့်

အခိုက် 'ငါ' တရားမရသေးပါကလား ဟု စိတ်ပူနေစဉ်မလို တော့ပေ။ ပူဆာမရှိ၊ ပကတိအေးငြိမ်းလှစွာသော ရဟန်းတို့ ချမ်းသာကို ကျုပ်ခံစားလိုက်ရပါပြီ။

"ဒီသာနုဉာဏ် အမြင်နောက်မှာ ဘာဝနာ ယှဉ်ပေတော့ အာနန္ဒာ"

ကျုပ်၏ လက်အုပ်ကြားပင့် ရွှေ့မှ အရှင်ပုဏ္ဏကြွချီ၍သွားပါ ချေပြီ။ ကျုပ်လည်း ရရှိထားသောတရားအမြင်ကို ဘာဝနာ ယှဉ်လျက် သံသာဘောင်သို့ သက်ဝင်ရပါဦးမည်။ ရက်စိတ် မန္တကာ ကျောခိုင်း၍ ထွက်လာခဲ့သော ရွှေမျက်နှာတော်ကို ပြန်၍ ဖူးမြင်ရပါဦးမည်။

"မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရခြင်းသည် သာသနာခရီး၏ အပြီးအဆုံး အကုန်လုံးဖြစ်ပုံ ကိုယ်တွေ့ဉာဏ် မြင်ဖြစ်ပါပြီဘုရား" ဟု အားရဝမ်းသာ လျှောက်ထားရပါ ဦးမည်။

(ခန္ဓသံယုတ်၊ အာနန္ဒသုတ်)

## ကျွန်ုပ်၏ ဥဇ္ဈာယ်ဆရာ

### ပြည့်စုံသော သာသနာတော်

"အို....အရှင်ဂေါတမ၊ ဤနိဗ္ဗာန်တရားကို အရှင်ဂေါတမ တပါးတည်းသာ သိမြင်၍ ရဟန်းများမသိမြင်သေးလျှင် ဤသို့ မသိသူ ရှိနေသေးခြင်းကြောင့် ဤ သာသနာတော်ကြီးသည် မပြည့်စုံသေးသည် ဖြစ်ရာ၏။ ယခုသော်ကား ဤနိဗ္ဗာန်တရားကို အရှင်ဂေါတမလည်း သိတော်မူပြီး ရဟန်းများလည်း သိကြပေပြီ။ ဤသို့သိကြသဖြင့် ဤသာသနာတော်ကြီး ပြည့်စုံ၍ နေပါပေပြီ။

ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဝေဠုဝန် တောကျောင်းတော်၌ နေတော်မူစဉ် ဝစ္ဆဂေါတ္တ ပရိဗိုဇ်က လာ၍ လျှောက်ထားခဲ့သော စကားများဖြစ်ပါ၏။ ဤစကားများမှ ဆက်လက်၍ ရဟန်းမများ၊ လူဒကာ ဒကာမများပါ တရား သိမြင်ကြကုန်သဖြင့် သာသနာတော်ကြီး အဘိုင်းထက်အလွန် ပြည့်စုံလာပုံကို လျှောက်ထားခဲ့ပေသည်။ ထို့နောက် ဝစ္ဆဂေါတ္တပရိဗိုဇ် ရဟန်းဘောင်ဝင်ရောက်ကာ သာသနာ့ခရီးကို အဆုံးတိုင် ကြွရောက်နိုင်ပေသည်။

(မဇ္ဈိမပဏ္ဏာသ၊ မဟာဝစ္ဆသုတ်)

## ငွေလမင်းနှင့် ကြယ်တာရာ

အရှင်ဝစ္ဆဂေါတ္တ၏ စကားမှန်ကန်လှပေသည်။ ကျနုပ်၏တသက်တာမှတ်တမ်းကြီးမှာလည်း သာဝကကြီးတွေမပါဘဲ ဘုရားရှင်တပါးတည်းကိုသာ ကွက်၍ဖေါ်ပြလျှင် မပြည့်စုံသောမှတ်တမ်းတခုဖြစ်ပေလိမ့်မည်။ ငွေစန္ဒာလဝန်းကြီးကို မည်မျှပင် ဂုဏ်တင်၍နေပါစေ ကြယ်တာရာအခြံအရံများ မပါသေးပါက ဂုဏ်မြောက်သော တင်ပြချက် ဖြစ်မည်မဟုတ်ပါ။ ပြည့်စုံကုန်လုံသော သာသနာတော်ကြီးကို ချီးကျူးရာရောက်မည်မဟုတ်ပါ။ ထို့ကြောင့် ငွေစန္ဒာ လဝန်းကြီး၏ ဖြစ်တော်စဉ်များတွင် ကြယ်တာရာတို့၏ အတ္တုပတ္တိများကိုလည်း ကြားညှပ်၍ဖေါ်ပြရပါဦးမည်။

ကြယ်တာရာ အစုအဝေးကြီး အတွင်းသို့ ကျနုပ်ကိုယ်တိုင်ဝင်ရောက်လာမိချိန်တွင် ကြယ်တာရာပေါင်းစုံဘို့နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ရ၏။ အကြီး၊ အငယ်၊ အရွယ်အလတ်၊ အရောင်မျိုးစုံသော ကြယ်တာရာတို့နှင့် တွေ့ဆုံခဲ့ရာ၏။ ထိုကြယ်တာရာများထဲမှ ကျနုပ်နှင့် ပထမဦးစွာ အကြောင်းဆက်လာသော ကျေးဇူးရှင်ကြီးများကို အထူးအစီအစဉ်ဖြင့် ရှေးဦးစွာ တင်ပြရပါတော့မည်။

## သပိတ် သို့မဟုတ် ခွက်မဲကြီး

ရဟန်းတို့၏သပိတ်ကို သေသေချာချာကြည့်ပါ။ သံနှင့်မြေသည်နှစ်မျိုးကိုသာ ဘုရားရှင် ခွင့်ပြုတော်မူသဖြင့် တမျိုးမျိုးအိုးနားတိုသဖွယ် ပုံပြင်ဖန်တီးကာမဲတုံးတာဖြစ်အောင် မီးဖုတ်

ထားသော ခွက်မဲကြီးတခုသာဖြစ်ပါ၏။ ဝမ်းရေးကိစ္စအတွက် သုံးရုံသာသုံးကာ အစွဲအလန်း ဖြစ်မလာအောင် ဖန်တီးထားခြင်းသာ ဖြစ်ပါ၏။

ထိုအိုးနားတို ထိုခွက်မဲကြီးသည် ဆရာနှင့်သမားနှင့်နေလာခဲ့ရသော သူများအဖို့ အင်မတန်မှ အသုံးတဲ့လှ၏။ သို့သော် ဆရာကောင်းထံ နည်းမခံခဲ့ရသူများမှာကား ထိုခွက်မဲကြီးကြောင့်ပင် ပြဿနာပေါ်ကြရပေတော့သည်။

အစွဲအလန်းကင်းကွာပြီးသော ရဟန်းများအတွက် အသုံးတဲ့လှသော ထိုခွက်မဲကြီးသည် အစွဲအလန်း ပြင်းထန်သောလူသားများအတွက်ကား စက်ဆုတ်ဖွယ်ရာ ဖြစ်ပေတော့သည်။ အရောင်မရှိ၊ အဆင်းမရှိ၊ အနားမပါ၊ အရေးအကြောင်းမပါ အင်မတန် ကြက်သရေတုံးလှသော အိုးနားတိုကြီးများ။

သည်အိုးနားတိုကြီးများကြောင့် သူတို့ခင်မြာ အစားပျက်အသောက်ပျက် ဖြစ်ရပေါင်း များလှပေပြီ။

## အမဲရိုးနှယ် ဖျဉ်းအိုးမှအားမနာ

အဖိုးထိုက်အဖိုးတန် ရွှေပန်းတန်ငွေပန်းကန်တို့ဖြင့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာပြင်ဆင်ထားသဖြင့်၊ ကျက်သရေမင်္ဂလာအပေါင်း ခြည်းဝင်း၍နေသော စားပွဲသောက်ပွဲများ ပေါ်ဝယ် သည်အိုးနားတို၊ သည်ခွက်မဲကြီးများက လာ၍လာ၍ ဝဲကြဘ်၏။ တလုံးလည်းမဟုတ် နှစ်လုံးလည်းမဟုတ်၊ တရက်လည်းမဟုတ် နှစ်ရက်လည်း မဟုတ်၊ အလုံးပေါင်း များစွာ ရက်ပေါင်းများစွာ။

တချို့ကဤလိုခွက်မဲကြီးများ ဝဲရုံမျှဖြင့်အားမရဘဲ တစာစာ အော်ရှပ်ငင်တောင်းကြသေး၏၊ ဆွမ်းခံပြန်၍ ဆွမ်းစားကျောင်းမှာ ဆုံမိကြတော့လည်း ပြောသံဆိုသံ သောသောညံမျှ။

## သာသနာတွင်းက သားအဖ

ထိုပုဂ္ဂိုလ်တို့မှာ သက်န်းဝတ်ထား သဖြင့်သာ ရဟန်းဟု ခေါ်ကြရ၏။ ရဟန်းတို့၏ ကြည်ညိုဘွယ်ရာ ဂုဏ်သိက္ခာများ ကားမရှိရှာကြပါပေ။ သင်္ကန်းဝတ်ပုံ သင်္ကန်းရုံပုံတာအချိုးမကျ၊ သွားပုံလာပုံ၊ နေထိုင်ပုံများက ကိုယ့်ယိုကားယား၊ ပြောရာဆိုရာကျတော့လည်း ယဉ်ကျေးသိမ်မွေ့ခြင်းမရှိ၊ ဤသို့ဤသို့ ဖြစ်ရခြင်း၏ အရင်းခံအကြောင်းကား ဥပဇ္ဈာယ်ဆရာမရှိ၍ပင် ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်က ဤကိစ္စအတွက် ဝိနည်းပညတ်ချက်တခုကို ထုတ်ပြန်တော်မူရပေသည်။

"ရဟန်းတို့၊ ရဟန်းဘောင် ဝင်ရောက်လာသူတိုင်း အတွက် ဥပဇ္ဈာယ်ဆရာ ရှာထားကြရန် ငါဘုရား ခွင့်ပြုတော်မူ၏။ ဥပဇ္ဈာယ်ဆရာသည် သားအပေါ်ထားရှိသော စိတ်မျိုးဖြင့် တပည့်ကို စောင့်ရှောက်ပေလိမ့်မည်၊ တပည့်ကလည်း ဖခင်အပေါ် ရိုသေလေးစားသော စိတ်ထားမျိုးဖြင့် ဥပဇ္ဈာယ်ဆရာကို ပြုစုပေလိမ့်မည်၊ ဤသို့သောအားဖြင့် ဆရာတပည့်နှစ်ဦးသားတို့သည် အချင်းချင်း ရိုသေလေးစားကြကုန်လျက် အကျင့်သီလ တူမျှစွာနေကြလျှင် ဤသာသနာတော်အတွင်း၌ အကျင့်သိက္ခာနှင့် အသိပညာနှစ်ပါးစုံ တိုးတက်ဖွံ့ဖြိုးလာကြပေမည်တည်း"

ဤသို့သော မိန့်မှာတော်မူချက်ဖြင့် ဆရာနှင့်တပည့် တပည့်နှင့်ဆရာ အပြန်အလှန် ပြုစုစောင့်ရှောက်ရှုလာခဲ့ကြရာ ကျနုပ်သာသနာ့ဘောင် ဝင်လာချိန်တွင် အရှိန်ကောင်းကောင်းကြီး ရရှိနေပါပြီ။

## ဖခင်တို့၏ တာဝန်ဝတ္တရား

ဥပဇ္ဈာယ်ဆရာဟူသည် တပည့်နှင့် နီးနီးကပ်ကပ် နေကာ အပြစ်ကြီးအပြစ်ငယ်များကို ဂရုတစိုက် ကြည့်ရှုလျှက် အပြစ်ကင်းကင်းဖြင့် နေထိုင်ကျင့်သုံးတတ်စေရန် နည်းမှန်လမ်းကျ အဆုံးအမပေးတတ်သော ဆရာတဆူပင် ဖြစ်၏။ သာသနာတော်တွင်းသို့ အသစ်သစ် ဝင်ရောက်လာသူတိုင်းသည် ထိုဥပဇ္ဈာယ်ဆရာများထံ ချဉ်းကပ်ကြရ၏။ ရိုသေစွာ ဂါရဝဖြင့် မိမိထံ ချဉ်းကပ်လာသော တပည့်များအား ဥပဇ္ဈာယ်ဆရာက ဘုရားရှင်၏ မုခပါဌ် ဒေသနာတော်များကို သင်ပေးရ၏။ ထိုဒေသနာတော်တို့၏ သဘောအဓိပ္ပါယ် ဝေဖန်ရှင်းလင်းပေးရ၏။ နေထိုင်ကျင့်သုံးရေးကိစ္စ အဝဝအတွက် ဆုံးမသွန်သင်ရ၏။ တပည့်ဖြစ်သူမှာ သက်နိုးစသော ပရိက္ခရာ ချို့တဲ့နေပါက မိမိမှာအပိုရှိလျှင် ခွဲဝေ၍ပေးရ၏။ မိမိမှာအပိုမရှိလျှင် ရနိုင်မည့် နည်းလမ်းကို ရှာကြံ၍ပေးရ၏။

## အပြန်အလှန် ထပ်တူထပ်မျှ

ဆရာနှင့်တပည့် အပြန်ပြန်အလှန်လှန် ဆက်ဆံကြရာတွင် ဆရာက ဤသို့သော တာဝန်များ တဖက်သတ် သဘောဖြင့် ထမ်းဆောင်ရ၏။ ဤသို့တာဝန်အပို ယူထားရသဖြင့် ဆရာသည်

တပည့်အပေါ်မှာ အခွင့်ထူးတခု ခံစားစရာမရှိပါ။ ဆရာ့အပေါ် တပည့်ကပြုစုအပ်သော ဝတ္တရားများနှင့် ထပ်တူပင် ဆရာကလည်းတပည့်ကို ထပ်တူထပ်မျှပြုစုရပေသည်။ ဘုရားရှင် ပညတ်တော်မူသည့်အတိုင်း အချင်းချင်းလက်တွဲကာ ခိုင်မြဲစွာ ရပ်တည်နေကြရသူများပင် ဖြစ်ပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ဥပဇ္ဈာယဝတ္တကထာ)

## တောကျောင်းပျော် အရှင်ဗေလဋ္ဌသီသ

သာသနာ့ဘောင်သို့ဝင်ရောက်လာစဉ်က ကျွန်ုပ်အား လက်တဖက် ကမ်းခဲ့သူမှာ အရှင်ဗေလဋ္ဌသီသ ဖြစ်ပါ၏။ ရဟန်းသစ်ဖြစ်သော ကျွန်ုပ်အား ဝိနည်းတော်အရ နေထိုင်ကျင့်သုံးတတ်ရန် ညွှန်ကြား ပြသပြီးနောက်၊ ထိုအရှင်မြတ်ကြီးသည် တောကျောင်းသို့ တပါတည်း ပြောင်းကြွသွားပေသည်။

သံဃာ့ပရိသတ်ကို စွန့်ခွာ၍ ဤသို့တပါးတည်း ထွက်ခွာသွားခြင်းမှာ သူ့ရည်ရွယ်ချက်နှင့် သူပင် ဖြစ်ပါ၏။ နေ့စဉ်ဆွမ်းခံဝင်၍ ဆွမ်းကိစ္စများ ပြီးစီးသည်ဆိုလျှင် ထိုရည်ရွယ်ချက်ကို အကောင်အထည် ဖော်လေတော့သည်။ ပြောစရာ၊ ဆိုစရာဆုံးမစရာ မရှိ၊ သူတပါးတည်းသာ ရှိသော ထိုတောကျောင်းကလေးဝယ် ရဟန်းတို့၏ မြိုက်ချမ်းသာကို တချိန်လုံး ခံစား၍နေတော့သည်။

## လိုလျှင်ကြံဆ နည်းလမ်းရ

ပူဆာမရှိ၊ ပကတိအေးငြိမ်းလှသော မြိုက်ချမ်းသာကို ခံစားမိလေ၊ နေ့စဉ်နှင့်အမျှပြု၍နေရသော အမှုကိစ္စများကို ငြီးငွေ့လာလေ။ ထို့ကြောင့် တခါ ဆွမ်းခံပြီးလျှင် ရက်ကြာကြာ ဆွမ်းခံမသွားဘဲ နေနိုင်စေရန် သူ အကြံ ထုတ်ရ တော့သည်။ လိုအပ်ဆန္ဒ နည်းပါးလှသော ထိုပုဂ္ဂိုလ်ကြီးအတွက် ဤနည်းလမ်းကို အရှည်အဝေး တွေးနေစရာ မလိုပါ။ နေ့စဉ် ဆွမ်းခံရာမှ စားရ၍ပိုလျှံသောဆွမ်းများကို အခြောက်လှမ်းလိုက်ရုံသာ ရှိတော့သည်။

ယခုတော့ အရှင်မြတ်ကြီးမှာ စိတ်ချောကိုယ်ပါ ချမ်းသာလှပေသည်။ အချိန်ရှိသမျှ မြိုက်ချမ်းသာကို ခံစားကာ၊ အချိန်တန်၍ ဝမ်းဗိုက်က အစာတောင်းလာလျှင် ဆွမ်းခြောက်ကို ရေနှူး၍ ဘုဉ်းပေးလိုက်၏။ ဤသို့ဖြင့် တခါဆွမ်းခံသွားလျှင် ရက်ကြာကြာ အနားယူ၍ ရနေပေဘည်။

## ရဟန်းနှင့် နေ့ဘို ညစာ

အရှင်မြတ်ကြီး ဘက်က ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ဤသို့ ချမ်းချမ်းသာသာ နေခဲ့သည်မှန်ပါ၏။ သို့သော် သံဃာ့ပရိသတ်ကြီး တခုလုံးအတွက် ဆိုပါမူကား ပြောစရာ ဆိုစရာ ရှိလာပေသည်။ ရဟန်းတို့မည်သည် တနေ့ရသော ဆွမ်းဘောဇဉ်ကို တနေ့သာ စားသုံးရ၏။ နောက်နေ့အတွက် သိုမှီး သိမ်းဆည်းခွင့် မရှိပေ။ အရှင်မြတ်ကြီး အနေနှင့် လိုအင်ဆန္ဒ နည်း

ပါးသော သဘောဖြင့် ဤသို့ နေလာခဲ့သည်တွင် နောင်လာ နောက်သားတို့က ကောင်းသည့်ဘက်ကိုသာ အတုမယူချင်ရှိမည်၊ နွေဘို့ ညစာထားရ၍ စားသုံးမှုကိုကား အလွယ်တကူ အတုယူကြ တော့မည် ဖြစ်၏။

## သန္နိဓိကာရ သိက္ခာပုဒ်

တရားသဘောအရပြစ်တင်စရာမရှိသော ဤအမှုမှာ ဝိနည်း ကြောင်းအရ အပြစ်တင်ဖွယ် ရှိနေပြီမို့ သီတင်းသုံးဖော်များက ကဲ့ရဲ့ရှုတ်ချဆာ ဘုရားရှင်ထံ သတင်းပို့ကြရ တော့သည်။ ဘုရားရှင်ကလည်းသံဃာ့ပရိသတ်တခုလုံး၏ နောင်ရေးကို မြော် တွေးတော်မူကာ သိက္ခာပုဒ် ပညတ်တော်မူရပေသည်။

“အကြင်ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်းကိုပြု၍ ခဲဘွယ် ကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း စားငြားအံ့၊ ထို ရဟန်းအား ပါစိတ် အာပတ်သင့်စေ”

## ဝိနည်း ထုံးစံ တခု

သာသနာတော်ကြီး၏နောင်ရေးကိုမြော်တွေး၍ပညတ်တော် မူလိုက်ရသော ဤသိက္ခာပုဒ်ဖြင့် ကျနုပ်၏ ဥပဇ္ဈာယ်ဆရာမှာ အာပတ်မသင့်နိုင်ပါ။ ဦးစွာ ပထမ ပြုလုပ်ခဲ့သော ပုဂ္ဂိုလ်အား ချွင်းချက်ထားရသော ဝိနည်းထုံးစံအရ ဖြစ်ပေသည်။

(ပါစိတ်၊ သန္နိဓိကာရသိက္ခာပုဒ်ပါဠိတော်နှင့်အဋ္ဌကထာ)

## တောကျောင်းမှ မြို့ကျောင်းသို့

ဤသိက္ခာပုဒ်ကို ထုတ်ပြန်တော်မူပြီးသည့်မှစ၍ နေ့ ဘို ညစာ မထားတော့ပါ။ နေ့စဉ် နေ့တိုင်း ဆွမ်းခံဘုဉ်းပေးရတော့သည် ဖြစ်၍ ဆောင်းဥတု၊ မိုးဥတုများသာ တောရ ဆောက်တည်ပါ တော့သည်။ မိုးဥတုမှာကား ခြေခင်းလက်ခင်း မသာယာသဖြင့် ကျွန်ုပ်နှင့်အတူ မြို့နား၊ ရွာနား ကျောင်းများမှာ ဝါဆို ပါ သည်။

အတူတကွ နေခွင့်ရသည်အခိုက် ဥပဇ္ဈာယ် ဆရာ့ အပေါ် ကျွန်ုပ် ပြုစုခဲ့ရသည့်ထဲမှာ ဝိနည်း ပညတ်ချက်တခု ထုတ်ပြန်ရ သော အကြောင်းတခုကို တင်ပြရပါဦးမည်။

## ယားလေ ကုတ်လေ၊ ကုတ်လေ ယားလေ

တခုသောဝါတွင်း၌ အရှင်မြတ်ကြီး၏ကိုယ်ပေါ်တွင် ဝဲကြီး နာ စွဲကပ်ခဲ့၏။ ဝဲကြီးနာတို့၏ ထုံးစံအတိုင်း ယားလေကုတ်လေ ကုတ်လေ ဆိုးလေ၊ တစ တစ နှင့် ဝဲကြီးနာများ တကိုယ်လုံး ပျံ့နှံ့ သွားတော့သည်။ အနာမှ သွေးများ အစေးများဖြင့် သူ့သင်္ကန်းများ ကပ်နေသဖြင့် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့က ရေ ဆွတ်၍ဆွတ်၍ ခွာပေးနေကြရ၏။ အကယ်၍ ဝဲကြီးနာပျောက် စေသော ဆေးမှုန့်ကို ဘုရားရှင် ခွင့်ပြုထားခဲ့ပြီးဖြစ်လျှင် သည် ဝဲကြီးနာကို ကျွန်ုပ်တို့ ကုစားပေးနိုင်ကြပါ၏။ သို့သော် ခွင့်ပြု ချက် မရှိသောကြောင့် အပ်လေသလော၊ မအပ်လေသလော ဟု နှစ်လုံး နှစ်ခွဖြစ်ကာ ဝေဒနာများသာ တိုး၍လာကြရ တော့ သည်။

## အနာရှိက ဆေးရှိရမည်

ကာရန်သင့်စေချင်သော တနေ့မှာတော့ သက်န်းများ ရေဆုတ် ခွာနေတုန်းမှာ ဘုရားရှင် ကြွလာတော်မူ၏။ အတိဒုက္ခ ရောက်နေသော တပည့် ရဟန်းတပါးအတွက် လိုအပ်ချက်ကို သတိရတော်မူသဖြင့်....

"ရဟန်းတို့၊အကြင်ရဟန်းအား ယားနာအိုင်းအနာ၊အချည်တရွဲရွဲ ယိုသောအနာ၊ ဝဲကြီးနာသော်လည်း ပေါက်ငြားအံ့၊ ကိုယ်နံ့ မှုလည်း မကောင်းငြားအံ့၊ ထိုရဟန်းအား သင့်တင့် လျောက်ပတ်သောဆေးမှုန့်ကို ငါဘုရား ခွင့်ပြုတော်မူ၏"

ဤဝိနည်းဂုဏ်တော်ချက်နှင့် တဆက်တည်းပင် အနာမရှိသော ရဟန်းများ ရေချိုးရာတွင် ရေချိုးက သယ်မှုန့်အဖြစ် အသုံးပြုရန် နွားချေးခြောက်၊ မြေသင်းခဲ၊ ဆိုးရေကျိုထားသော သစ်ခေါက်ဖတ်များကို ခွင့်ပြုတော်မူခဲ့ပေသည်။

## နေ့ရောညပါ စိတ်ချမ်းသာ

ဘုရားရှင်ခွင့်ပြုတော်မူသော ဆေးမှုန့်ဖြင့် ဝဲကြီးနာများ ပျောက်ကင်းသွားချိန်တွင် ကျနုပ်၏ ဥပဇ္ဈာယ်ဆရာ အရှင်မြတ်ကြီးသည် ဤသို့မကြာမကြာ ဥဒါန်းကျူးတော်မူလေ့ရှိပေသည်။

"စိတ်သဘောကောင်း၍ ဦးချိုရှိသော နွားလားဥသဘသည် လယ်ထွန်ရာလမ်းကြောင်းတွင် မြက်ပုတ်များ၊ သစ်မြစ်များနှင့် တွေ့ပါသော်လည်း မကြောက်မရွံ့ နောက်မတွန့်ဘဲ

လွှယ်လင့်တကူ ထွန်ထိုးဖြတ်ကျော်လာနိုင်သကဲ့သို့ နေ့နှင့်ည တို့ကလည်း ငါ့ကိုလွှယ်လင့်တကူ ဖြတ်ကျော်သွားကြလေကုန်၏။ ဤသို့ နေ့ရောညပါ ချမ်းသာစွာ ဖြတ်ကျော်သွားကြခြင်း၏ အကြောင်းကား ကာမဂုဏ်အာရုံတို့နှင့် မရောမယှက် ငြိမ်သက် မွန်မြတ်လှသော အမြိုက်ချမ်းသာကို ရရှိထားသောကြောင့် ပင်ဘည်း”

(ဗေလဋ္ဌသီသထေရဂါထာနှင့် အဋ္ဌကထာ)

* * *

## ကျွန်ုပ်၏ တရားပြဆရာ

### ဝိနည်းဆရာနှင့် ဓမ္မဆရာ

ဝိနည်းဓာဒေသနာတော်အရ ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာတော် တော်သည် တောရပုဂ္ဂိုလ် အရှင်ဗေလဋ္ဌသီသဖြစ်ပါ၏။ ဘုရား ရှင်ပညတ်တော်မူသော အာဏာဒေသနာတော်အရ သင့်လာ စရာရှိလေသမျှ အပြစ်အာပတ် ကြီးငယ်များကို မသင့်စေရ အောင် စောင့်ရှောက် သွန်သင်တော်မူသဖြင့် ထိုအရှင်မြတ် ကြီး၏ကျေးဇူးဂုဏ်အနန္တကို ကျွန်ုပ်ဘဝတသက်တာမမေ့ပျောက် ၍ မရနိုင်ပါ။

ထို့ပြင်တစ်၊ ဥပဇ္ဈာယ်ဆရာတော်နှင့် ထပ်တူထပ်မျှကျေးဇူး ဂုဏ်ကြီးမြတ်လှပေသော ဆရာတဆူမှာကား အရှင်ပုဏ္ဏပင် ဖြစ်ပေသည်။

## ဓမ္မဆရာ၏ တေဒဂ်ဘွဲ့ထူး

ကျွန်ုပ်၏ တရားသိမြင်ရေးအတွက် ကျေးဇူးပြုခဲ့ပေသော ထိုဆရာသခင်၏ဂုဏ်ကို တိုတိုတုတ်တုတ် ထုတ်ဆောင်ရပါလျှင် ဓမ္မကထိက တေဒဂ်ဘွဲ့ရဟု ဆိုရပါလိမ့်မည်။

ထိုသို့ တရားဓမ္မ ဟောဖေါ်ညွှန်ပြသောအရာတွင် အထူးချွန် ဆုံး ပုဂ္ဂိုလ်နှင့် ဆုံဆည်းခွင့်ရသည့်အတွက် ကျွန်ုပ် ကုသိုလ်ကံ ကောင်းလှသည်ဟု ဆိုရပါလိမ့်မည်။

ဓမ္မကထိက အကျော်အမော်၊ ကျွန်ုပ်၏ဆရာတော်သည် အဟောအပြော ကောင်းရုံမျှသာ မဟုတ်ပါ။ သူတပါးကို သိအောင်မြင်အောင် အဟောကောင်း အပြောကောင်းသည် နှင့်အမျှ သူကိုယ်တိုင်ကျင့်သုံးသော ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ သည်။

## ကထာဝတ္ထု ၁၀ ပါး

၁။ အလိုလောဘ မရှိခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြော တတ်၏။ ကိုယ်တိုင်လည်း အလိုလောဘမရှိ။

၂။ ကောင်းဆိုးယုတ်မြတ်၊ ရတတ်သမျှဖြင့် ရောင့်ရဲလွယ် ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြော တတ်၏။ ကိုယ်တိုင် လည်းရောင့်ရဲလွယ်၏။

၃။ ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်ခြင်း၏ ဂုဏ်ကျေးဇူး
ကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ကာမဂုဏ်အာရုံ
တို့မှ ကင်းဆိတ်၏။

၄။ လူသူလေးပါး တို့နှင့် ရောက်တတ်ရာရာ ပြောကာ
ရောနှောမနေခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်
၏။ ကိုယ်တိုင်လည်း ရောနှောခြင်းမရှိ။

၅။ မဆုတ်မနစ် အားသစ်သော စိတ်ဓါတ်၏ ဂုဏ်ကျေး
ဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း မဆုတ်
မနစ် အားသစ်သော စိတ်ဓါတ်ရှိ၏။

၆။ သီလ၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်
တိုင်လည်း သီလနှင့်ပြည့်စုံ၏။

၇။ မတွေးမကြံ မှန်ကန်သော သမာဓိတရား၏ ဂုဏ်တော်
ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်းမှန်ကန်
သောသမာဓိနှင့် ပြည့်စုံ၏။

၈။ တရားကိုတရားအတိုင်းတိုင်း သိမြင်သော ပညာ၏
ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း
ပညာနှင့်ပြည့်စုံ၏။

၉။ ကိလေသာတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး
ကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း နိဗ္ဗာန်ကို မျက်
မှောက်ပြုတတ်သော ဖိုလ်နှင့်ပြည့်စုံ၏။

၁၀။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြန်၍ ဆင်ခြင်တတ်သော
ပစ္စဝေက္ခဏာဉာဏ်၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။
ကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံ၏။

(မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ရထဝိနီတသုတ်)

## ဆရာကောင်းတပည့်

ကျနုပ်နှင့်တကွ သီတင်းငယ်ပုဂ္ဂိုလ်များ၏ဆရာတဆူဖြစ်ပေသော အရှင်ပုဏ္ဏ၌ ဤသို့သောကျေးဇူးဂုဏ်များ ထင်ရှားရခြင်းမှာ သူ့ဆရာ၏အရှိန်အဝါနှင့် မကင်းပါချေ။ အရှိန်အဝါကြီးလှသော ထိုဆရာသခင်သည် သူ၏ဦးရီးတော်လည်း ဖြစ်နေပါ၏။ သဏ်တော်ရှည် တေဒဂ်ဘွဲ့တော်ရ အရှင်အညာသိကောဏ္ဍညမထေရ်မြတ်ကြီးပင် ဖြစ်ပါသည်။

ဘုရားရှင်၏ တပည့်သာဝက အပေါင်းတွင် သက်တော်ဝါတော်အကြီးရင့်ဆုံး ဖြစ်သည်နှင့်အမျှ တရားသိမြင်ရာမှာလည်း ဒုတိယလိုက်တော်မူသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်ဘိ၏။ သို့ဖြစ်လျှင် သူ၏ရှေ့က ပထမဦးစွာသိမြင်သောပုဂ္ဂိုလ်မည်သူနည်း။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှတပါး တခြားသူမရှိနိုင်တော့ပါ။

## တပည့်ကောင်းဆရာ

ဤကမ္ဘာမြေပြင်ဝယ် ဒုတိယအကြိမ်မြောက် တရားပေါက်သော ပုဂ္ဂိုလ်ထူးကြီးအဖြစ် ရဟန်းပရိသတ် လူပရိသတ်များက သူးထူးမြတ်မြတ်ကြည်ညိုကြ၏။ ရိုသေကြ၏။ မြတ်နိုးဆော်ရေဘ်ပူဇော်ကြ၏၊

ပူဇော်သင့်ပူဇော်ထိုက်၍ ပူဇော်လာကြသည်ကို အရှင်မြတ်ကြီးလည်း အသိ ၁င်ဖြစ်ပါ၏။ ဤသို့ ပူဇော်လာကြသူများတွင် အာပြစ်ဟူ၍ မြူတခြမ်းမျှ ရှာစရာမရှိပါ။ ကောင်းမြတ်သော

ခိုတ်စေတနာ သဒ္ဒါပသန္နတရားတို့ဖြင့် ပူဇော်လာကြခြင်းသာ ဖြစ်ဘိ၏။

## အပူဇော်ခံရခြင်းဒုက္ခ

ပူဇော်လာကြသော ပုဂ္ဂိုလ်တို့၌ ပူဆာမရှိ ပကတိကြည်လင် အေးမြသော စိတ်စေတနာရှိကြသည်မှန်ပါ၏။ သို့သော်ဤသို့သော စိတ်စေတနာကို ခံယူရသော အရှင်မြတ်ကြီးမှာကား ဒုက္ခနှင့် မကင်းပါချေ။ မကင်းနိုင်သောထိုဒုက္ခသည် စိတ်၏ ဒုက္ခမဟုတ်ပါ။ စိတ်နှင့်ပတ်သက်သောဒုက္ခဟူသမျှကို မိဂဒါဝုန်တောမှာ အပြီးအပြတ်ပယ်စွန့်ခဲ့ပါပြီ။ သို့ဖြစ်၍ ယခုရှိနေသေးသောဒုက္ခကား ခန္ဓာကိုယ်ကြီးနှင့် ပတ်သက်သော ဒုက္ခဖြစ်ပေသည်။ အိုမင်းရွတ်တွ၊ အထအထိုင် မခိုင်မာတော့သော ခန္ဓာကိုယ်ကြီးအတွက်သာ ဖြစ်ပေသည်။

## အသက်အရွယ် ပြောလာသောစကား

ပူဇော်လာကြသူများက ဝင်လာမစဲ တသဲသဲ ဖြစ်နေကြရာတွင် အပူဇော်ခံပုဂ္ဂိုလ်ကြီးကလည်း အိုကြီးအိုမနှင့် ထ၍ထ၍ ဧည့်ခံရ၏။ သင့်တင့်လျောက်ပတ်ရာ တရားစကားများဖြင့် ချီးမြှင့်ထောက်ပံ့၍ နေရ၏။ ဟိုတချိန်တုန်းက အလောင်းတော်မြတ်၏ ဝေယျာဝစ္စဟူသမျှကို မငြီးမငြူတမ်း လုပ်နိုင်ခဲ့၏။ ခြောက်နှစ်တိုင်တိုင်ကြာခဲ့သော ထိုကာလ တလျှောက်တွင် တာဝန်ဝတ္တရားတခုကိုမှ မချွတ်မယွင်းစေခဲ့ပေ။ ယခုတော့

အသက်အရွယ်က စကားပြောရှုလာချေပြီ။ လေတချက် အလှုပ်တွင် ဖြုတ်ကနဲကြွေလေမည့် သစ်သီးမှည့်ကဲ့သို့ ဖြစ်ရှိနေပေပြီ။

အိုနာသေ လွတ်မြောက်ရာတရားကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်ခံစားရပြီးပြီမို့ ခန္ဓာကိုယ်ကြီးနှင့်သာ ပတ်သက်နေသော ထိုအိုနာသေဓမ္မတာကိစ္စများအတွက် အရှင်မြတ်ကြီးအဖို့ တုန်လှုပ်ရန်မရှိပါ။ သို့သော် မသေမီ၊ မကြွေမီ ကာလကလေးတွင်တော့ ကိုယ့်ဘုရားနှင့်ကိုယ် အေးဆေးသက်သာ နေချင်ပေပြီ။ အားအင် ကောင်းကောင်း၊ အရွယ်ကောင်းဖြစ်သည့် ဆရာတဆူ၏ ထံတော်ပါးတွင် တပည့်သာဝကအပေါင်းနှင့် ပြည့်စုံနေပြီမို့ သာသနာတော်ကြီးအတွက် ဥပေက္ခာထားကာ ကိုယ့်ဘာသာ တပါးတည်း နေချင်လှပေပြီ။

## ဟိုဘက် သည်ဘက် ယိမ်းရန်ခက်

တပါးတည်း နေချင်တာတော့ဟုတ်ပါ၏။ သာသနာတော်ကြီးအတွက် ဥပေက္ခာထားချင်တာတော့ မှန်ပါ၏။ ဘုရားရှင်ကိုယ်တော်မြတ်ကိုကား သည့်အတိုင်းမျက်နှာလွှဲ၍ မထားခဲ့နိုင်။ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ တဖက်ကမ်းသို့ မရောက်ရောက်အောင် ပို့ပေးခဲ့သော ကျေးဇူးရှင်၊ မိမိတို့က ပစ်ပစ်ခါခါ စွန့်ခွာလာခဲ့ကြပါလျက် မိမိတို့ရှိရာသို့ တန်းတန်းမတ်မတ် လိုက်လာတော်မူခဲ့သော ကရုဏာရှင်။ သည်ကရုဏာရှင်၏ ဂုဏ်ကျေးဇူးကို ရာသက်ပန်ဆပ်၍လာခဲ့၏။ ရေပူရေချမ်း ကမ်းလှမ်းခဲ့၏။ ခြေဆုပ်လက်နယ် ပြုစုပေးခဲ့၏။ ဒီရိယာဇာတ် မြင့်မြတ်သော ဘဝဖြင့် ဖွားမြင်၍ ပေးခဲ့ပေသော ဖခင်ကြီး အပေါ်

သားလိမ္မာတို့ ပြုစုရမည့် ဝတ္တရားများကို မပြတ်မလပ် ဆောင်ရွက်၍ လာခဲ့၏။ ယခုလို ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင် ဖြစ်နေရသော ကာလမှာပင် တခါတခါ ဆောင်ရွက်မိသေး၏။

## ကိုယ်စားထားခဲ့မှ ဖြစ်ချိမ့်မည်

ဤသို့အားဖြင့် တဖက်က ချစ်မြတ်နိုးအပ်သော ကျေးဇူးရှင်နှင့် တာဝန်ဝတ္တရားများ၊ ဘဖက်ကနေရသမျှ ကာလ ကလေးမှာ အေးဆေးသက်သာစွာ နေခွင့်ရရေး၊ ဤအရေး နှင့် ဤဝတ္တရားနှစ်ပါးစုံ ပြည့်စုံအောင် မည်သို့ဆောင်ရွက်ရပါမည်နည်း အရှင်အညာသိကောဏ္ဍညကိုယ်တော်တိုင်ကတော့ ဆောင်ရွက်၍ မဖြစ်နိုင်တော့ပါ။ သူ့ကိုယ်စားလှယ်အဖြစ် တပါးပါးကို ထားခဲ့မှ တော်ပေပြီ။ သူနှင့် ထပ်တူဆပ်မျှ စိတ်ချရသော ကိုယ်စားလှယ်မှာကား သူ၏နှမ မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏလုလင်ပင် ဖြစ်ပေသည်။ ယခု ကျနုပ်၏ဆရာသခင် အရှင်ပုဏ္ဏပင် ဖြစ်ပေသည်။

အရှင်ပုဏ္ဏအား မိမိကိုယ်စား ဘုရားရှင် ထံတော်ပါးမှာ ထားခဲ့ပြီးလျှင် ထိုအရှင်မြတ်ကြီးသည် ရဟန်းရှင် လူ ပရိသတ် ကင်းဝေးရာသို့ ထွက်ခွာတော်မူခဲ့၏။ ထို့ ကြောင့် ကျနုပ်တို့ ကပိလဝတ်မြို့တော်သို့ ဘုရားရှင် ကြွလာတော်မူစဉ်က ထိုအရှင်မြတ်ကြီး ပါမလာခဲ့ခြင်း ဖြစ်ပေသည်။

(ပုဏ္ဏမန္တာဏီပုတ္တ ထေရာပဒါန် အဋ္ဌကထာ)

## အရှင်ဘဒ္ဒိယ၏ ချမ်းသာခြင်း

### သစ်တပင်ရင်း၏ တရားရုံးအောက်

ကျွန်ုပ်၏ တရားမျက်စိကို ဖွင့်ပေးခဲ့ပေသော အရှင်ပုဏ္ဏမထေရ်မြတ်နှင့် ဆက်စပ်၍ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိများကို တင်ပြခဲ့ပါပြီ၊ ယခု ကျွန်ုပ်နှင့် အတူတကွ သာသနာ့ဘောင် ဝင်လာခဲ့သော သီဘင်းသုံးဖော် များကို တင်ပြရပါဦးမည်။

မင်းသားခြောက်ယောက်၊ ဆတ္တာသည်တယောက် အားဖြင့် ကျွန်ုပ်တို့ခုနစ်ယောက် အတူတကွ ရဟန်းပြုရန်လာခဲ့ကြရာတွင် ပထမဦးစွာ ရဟန်းကိစ္စပြီးစီးသူမှာ အရှင်ဘဒ္ဒိယဖြစ်၏။ ထို့ကြောင့် ထိုအရှင်၏အကြောင်းကို ပထမဦးစွာ ဖေါ်ပြရပါမည်။

ထိုအရှင်သည် ရဟန်းပြုရာဌာန အနုပိယ သရက်တောမှာ ရှိကြစဉ်တွင် လူသူမနီး တောကြီးထဲသို့လည်း ကြွသွားတတ်၏။ သစ်တပင်ရင်း ဝါးတရုံအောက်တွင်လည်း တပါးတည်းနေထိုင်တတ်၏။ လူသံသူသံဆိတ်ငြိမ်ရာသော နေရာ၌ ငြိမ်ငြိမ်ကလေး နေတတ်ပေသည်။ ထိုသို့နေရင်းတပင်း "ဩော်.... ချမ်းသာလေစွ၊ ဩော်....ချမ်းသာလေစွ" ဟု တဖွဖွရွတ်ဆို၍ နေတတ်ပေသည်။

# အတိတ်၏အရိပ်

ထိုအရှင်သည် လူ့ဘဝမှာတုန်းက ကျနုပ်တို့သကျနိုင်ငံတော်၏ရာဇာတဦးဖြစ်ခဲ့ကြောင်း ဖေါ်ပြခဲ့ပြီးပါပြီ။ 'ရာဇာ'တဦး၏ အလုပ်တာဝန်ကို ထမ်းဆောင်ခဲ့ရသည်နှင့် အမျှ ရာဇာတို့၏ တန်းခိုးအာဏာ အရှိန်အဝါတို့ကိုလည်း ပိုင်ဆိုင်ခဲ့ပေသည်။ ထိုတန်ခိုးအာဏာတို့နောက်ဝယ် စည်းစိမ်ဥစ္စာများ ထက်ကြပ်မကွာ ပါလာမည်ကိုကား အထူးပြောရန် လိုမည်မထင်ပါ။

အခြားတပါးသော ပုဂ္ဂိုလ်များက "ချမ်းသာလေစွ" ဟု အဖွဖွစာရွတ်လျှင် အတွေးခေါင်စရာ လုံးဝမရှိပေ။ သာသနာတော်ကြီး၏ အရိပ်အာဝါသ အောက်က ချမ်းသာခြင်းသာ ဖြစ်ကြောင်းအလွယ်တကူ ရိပ်မိနိုင်ကြ၏။ ယခု အရှင်ဘဒ္ဒိယလို ပုဂ္ဂိုလ်မျိုးကို ကြားအတွေးနှစ်ခွ ဖြစ်ကြရတော့သည်

"သည်ကိုယ်တော် သာသနာ့ဘောင်မှာ မပျော်တော့ပြီလော။ လူ့ဘဝတုန်းက ခံစားခဲ့ရသည့် စည်းစိမ်များကိုများ ပြန်လည်အောက်မေ့နေလေသလော"

အတွေးနောက်မှာ အပြောက ပါလာတတ်စမြဲပင် ဖြစ်၏။ ရွှေနားတော်ထိအောင် ပေါက်ကြားလာခဲ့သော ထိုအပြောများကြောင့် အရှင်ဘဒ္ဒိယမှာ ရှေ့တော်မှောက်သို့ ဝင်ရောက်လာရတော့သည်။ သံသယမြူမှုန်များ ကင်းစင် လွင့်ပျောက်ရေးအတွက် မေးတော်မူသမျှကို ဖြေကြားရ ပေတော့သည်။

"ဘဒ္ဒိယ။ ဪ.... ချမ်းသာလေစွ၊ ဪ.... ချမ်းသာလေစွဟု တဖွဖွရွတ်ဆိုခဲ့သည် မှန်သလော"

"မှန်ပါသည် အရှင်ဘုရား"

"မည်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ရည်မှန်း၍ ထိုသို့ ရွတ်ဆိုနေပါသနည်း"

## စည်းစိမ်ဥစ္စာ မပါသော ချမ်းသာ

"အရှင်ဘုရား။ ဘုရားတပည့်တော် လူ့ဘဝမှာတုန်းက နိုင်ငံတော်ကို စီမံအုပ်ချုပ်ခဲ့ရပါသည် နိုင်ငံတော်၏ အာဏာကို လက်ဝယ်ပိုင်ပိုင် ထားနိုင်ရေးအတွက် အစောင့်အမျိုးမျိုးကို ခန့်ထားခဲ့ရပါသည်။ နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင် မှစ၍ ဇနပုဒ်နယ်ပယ်များပါမကျန် အစောင့်များ အထပ်ထပ် ချထားခဲ့ရပါသည်။ ထိုသို့အစောင့်များအထပ်ထပ် ချထားသည့်ကြားမှ ပင် ဘုရားတပည့်တော်မှာ ကြောက်ကြောက်ရွံ့ရွံ့ နေလာခဲ့ရပါသည်။ သင်္ကာမကင်း ဖြစ်ခဲ့ရပါသည်"

"ထိုစည်းစိမ်ဥစ္စာတွေ၊ တန်ခိုးအာဏာတွေကိုစွန့်ပြီး ယခုလို ရဟန်းဝတ်လာသည့်တွင်ကား တောထဲတောင်ထဲကို သွားလို သွား၊ သစ်တပင်ရင်း ဝါးတရုံအောက်မှာနေလိုနေ၊ လူသံသူသံ ကင်းဆိတ်ရာကို ကပ်ချင်ကပ်၊ ကြောက်စရာရွံ့စရာ မလိုတော့ ပါ။ သင်္ကာမကင်းဖြစ်စရာ မရှိတော့ပါ။ ကြက်သီးထစရာ မရှိ တော့ပါ။ သူတပါးပေးစာကမ်းစာဖြင့် ချမ်းသာစွာ နေတတ် လာပါပြီ။ လူသူကင်းသည့် တောတောင်အတွင်းဝယ် သား သမင်များ လွတ်လပ်စွာ ပျော်မြူးကြသကဲ့သို့ တပည့်တော်၏

စိတ်မှာလည်း ကြောက်စရာ၊ ရှုံ့စရာ၊ မယုံသင်္ကာဖြစ်စရာ အားလုံးမှလွတ်လပ်နေပါပြီ။ ထို့ကြောင့် "သြော်...ချမ်းသာလေစွ၊ သြော်.... ချမ်းသာလေစွဟု တပည့်တော်တဖွဖွ ရွတ်ဆိုနေခြင်း ဖြစ်ပါသည်ဘုရား" ဤကား အမျိုးမြတ်သော အရာတွင် ဧတဒဂ်ဂုဏ်ထူးရ အရှင်ဘဒ္ဒိယ၏ ဖေါကျူးချက်များပင် ဖြစ်ပါ၏။

(ဥဒါန်းပါဠိတော်၊ ဘဒ္ဒိယသုတ်)

*　　　*　　　*

## တရားမြင်သော ဒိဗ္ဗစက္ခု

### အကျိုးပေးကောင်းသော အနုရုဒ္ဓါ

ကျွန်ုပ်တို့ညီတော် အနုရုဒ္ဓါသည် လူ့ဘဝမှာတုန်းက မရှိဆိုသောစကား နားမလည်လောက်အောင် အကျိုးပေးကောင်းခဲ့သူဖြစ်၏။ ယခုရဟန်းဘဝ ရောက်လာပြန်တော့လည်း သူ့အကျိုးပေးက ကောင်းမြဲကောင်းလျှက်သာ ရှိပေသည်။ ဘုရားရှင်၏ ဘဝမ်းကွဲညီတော်ဖြစ်ရုံမျှမက သူ့ကိုယ်ပိုင်အရည်အချင်းကလည်း ကောင်းသဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားမါပေသည် ရဟန်းပြု၍မကြာမီမှာပင် ဒိဗ္ဗစက္ခု အဘိညာဉ်ကြီး

ကို ရခဲ့သောကြောင့်ဖြစ်ပါ၏။ သာမာန်ပုဂ္ဂိုလ်တို့ ရနိုင်ခဲသော ဆုထူးဆုမြတ်ကြီးပါပေတည်း။

ဒိဗ္ဗစက္ခုရှင်ကျွန်ုပ်၏ညီတော်သည်ရရှိထားသောအဘိညာဉ်ကို အစွမ်းထက်သည်ထက် ထက်အောင်အားထုတ်၍နေ၏။ အရှိန်အဟုန်ကောင်းသည်ထက်ကောင်းအောင်ဝင်စား၍နေ၏။ ဆွမ်းစားချိန်ကို ချန်လှပ်၍ ရတ်တသမျှအချိန်များတွင် ဈာန်အဘိညာဉ်ဝင်စား၍သာ နေပေသည်။

## ကြောင့်ကျမဲ့ နေနိုင်လွန်းသူ

စကားစပ်မိလာသည့်အခိုက် နောက်ပိုင်းကျမှ ပေါ်လာသည့် ဝတ္ထုတပုဒ်ဖြင့် ဆက်စပ်ပေးရပါဦးမည်။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူစဉ် သံဃာကွဲပြားမှုကြီး ဖြစ်ပေါ်၍လာလေရာ၊ ဘုရားရှင်က....

"အာနန္ဒာ၊ ကောသမ္ဗီ သံဃာတို့၏ ကွဲပြားမှုကြီးပြီးငြိမ်းလော" ဟု မေးတော်မူသဖြင့်....

"အရှင်ဘုရား၊ အဘယ်မှာ ပြီးငြိမ်းပါမည်နည်း။ အနုရုဒ္ဓါ၏ အတူနေတပည့် ဗာဟိယမည်သောရဟန်းသည် သံဃာကွဲပြားရန် နည်းမျိုးစုံဖြင့် အားထုတ်၍နေပါ၏။ ထိုသို့ဖြစ်ရာ၌ သူ့ဆရာ အနုရုဒ္ဓါသည် တခွန်းတပါဒလေးမျှ ဟန့်တားခြင်း မပြုပါဘုရား"

ကြောင့်ကျမဲ့ နေနိုင်လွန်းလှသော ညီတော်အား ရှေ့နားတော် ကြားအောင် လျှောက်တင်လိုက်ရတော့သည်။ ဤတွင်

ကျွန်ုပ်တို့၏ နောင်တော်ကြီးက မည်သို့များ မိန့်တော်မူလိမ့်မည် ထင်ပါသနည်း။

"အာနန္ဒာ၊ အနုရုဒ္ဓါသည် သံဃာ့အသယ်ဝင်၍ သံဃာကွဲပြားမှုများကို ဘယ်တုန်းက မေးမြန်းဘူးသနည်း၊ ဘယ်တုန်းက စစ်ဆေးဘူးသနည်း။ အာနန္ဒာ၊ ဖြစ်ပေါ်လာသည့် သံဃာ့အဓိကရုဏ်းမှုများကို သာရိပုတ္တရာ၊ မောဂ္ဂလာန်နှင့် သင်တို့တာဝန်ယူ၍ ငြိမ်းကြရမည် မဟုတ်ပါလော"

"ဟုတ်ပါ၏ အရှင်ဘုရား" ဟု လျှောက်ထား ရုံမျှ တပါး ကျွန်ုပ် လျှောက်စရာ မရှိတော့ပါ။

(အင်္ဂုတ္တိုရ်၊ စတုတ္ထနိပါတ်၊ အာပတ္တိဘယဝဂ်၊ သံဃဘေဒကသုတ်)

(ကောသမ္ဗီ ရဟန်းတို့၏ ကွဲပြားမှုကို သူ့ အခန်းကျမှ အကျယ်တဝင့် တင်ပြရန် ရှိပါသည်။ )

## အဘိညာဉ်ဖြင့် မမြင်နိုင်သော တရား

ဤ၍ ဤမျှ အခွင့်အရေးပေးထားသည့်အတိုင်း အနုရုဒ္ဓါသည် အချိန်ရှိသမျှ သူ့အဘိညာဉ်ဖြင့်သာနေတော့၏။ သာမန်ပုဂ္ဂိုလ်များ မသိနိုင် မမြင်နိုင်သော အာရုံများကိုသာ ထပ်ကာ တလဲလဲ ကြည့်ရှု၍ နေခဲ့၏။

စောစောကတော့ လောကီစျာန် အရာတွင် ထိပ်တန်းက အဘိညာဉ်ကြီးရရှိထားလျှင် တရားသိမြင်ဘို့ လွယ်မည်ထင်ခဲ့၏။ သာမန်ပုဂ္ဂိုလ်တို့ တလကြာမှ မြင်မည့်တရားကို သူ့လို ဉာဏ်

ထက်မြက်သူက တနေ့တည်းနှင့် မြင်နိုင်သည်ဟု မြွက်မှန်းခဲ့၏။ သို့သော် မှန်းချက်နှင့် နှမ်းထွက်ကား မကိုက်လာချေပြီ။

သာသနာတော်ကြီး၏ အချက်အချာ နိဗ္ဗာန် တရားတော်ကြီးကို ဘာကနဲ သိလိုက်လေမလားဟု သည်အဘိညာဉ်ကြီးကို အချိန်ရှိတိုင်း ပွားလာခဲ့၏။ ပွားလာခဲ့သည့်အတိုင်း မိမိ အဘိညာဉ် မြင်နိုင်စွမ်းကထက်မြက်ခဲ့ပါ၏။ စူးရှခဲ့ပါ၏။ ကြည်လင်ခဲ့ပါ၏။ သို့သော် သည်အမြင်များက နိဗ္ဗာန်ကိုကား မရောက်နိုင် မပေါက်နိုင်ပါပေ။ မသိနိုင် မမြင်နိုင်ပါပေ။

## အရှင်မဟာ သာရိပုတ္တရာ ထံသို့

တရက်တည်း တချိန်တည်း ရဟန်းပြုလာခဲ့သော အရှင် ဘဒ္ဒိယသည် ဈာန်အဘိညာဉ် တန်ခိုးကို အားမကိုးဘဲ ရိုးရိုး ကလေးဖြင့်တရားရခဲ့၏။ တရားလက်ကိုင်ခိုင်ခိုင်စွဲလျက် ဥဒါန်း စကားများ ကျူးရင့်၍ နေနိုင်၏။ သူ့မှာတော့ ကျူးရင့်စရာ ဘာမျှ မရှိသေး၊ တရားသိမြင်ရေး အတွက် ကိုယ့် အဘိညာဉ် တန်ခိုးကြီးကို အားကိုး၍ မရမှန်း သိသောအခါ တွင်ကား ကျွန်ုပ်၏ ညီတော်သည် အရှင်မဟာသာရိပုတ္တရာထံ ချဉ်းကပ်ရ လေတော့သည်။

"အရှင်သာရိပုတ္တရာ၊ ဘုရားတပည့်တော်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် တထောင်သော လောကဓာတ်ကိုမြင်နိုင်ပါ၏။ မတွန့်မဆုတ်သောလုံ့လကိုလည်း အားထုတ်လျက် ရှိပါ၏။ မေ့လျော့ခြင်း မရှိမူ၍ သတိသည်

ထင်ပါ၏။ ကိုယ်ခန္ဓာသည် ပူပန်ခြင်းမရှိ ငြိမ်းအေး၍နေပါ၏။ စိတ်သည် တခုတည်းသောအာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ပါ၏။ ထိုသို့ပင် ဖြစ်ပါသော်လည်း တပည့်တော်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတို့မှ မလွတ်သေးပါဘုရား"

## မာန၊ ဥဒ္ဓစ္စနှင့် သံသယ

အနုရုဒ္ဓါ၏ လျှောက်ထားချက်အရ အရှင်မဟာသာရိပုတ္တရာ မိန့်ကြားသည်မှာ....

"ငါ့ရှင် အနုရုဒ္ဓါ၊ ငါသည် အထူးသဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တထောင်သော လောကဓာတ်ကို မြင်နိုင်၏ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်အား မာနဖြစ်နေ၏"

"ငါ့ရှင် အနုရုဒ္ဓါ၊ ငါသည် မတွန့်မဆုတ်သော လုံ့လကို အားထုတ်၏။ မေ့လျော့ခြင်းမရှိမူ၍ သတိသည် ထင်၏။ ကိုယ်ခန္ဓာသည် ပူပန်ခြင်းမရှိ ငြိမ်းအေး၍ နေ၏။ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်၏။ ဤသို့ အကြံဖြစ်နေခြင်းသည်ပင် စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ဖြစ်၍ နေ၏"

"ငါ့ရှင် အနုရုဒ္ဓါ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း ငါ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတရားတို့မှ မလွတ်မကင်းသေးပါ။ ဤသို့ တွေးတောနေခြင်းသည်ပင် သင့်အား သံသယ ကုက္ကုစ္စဖြစ်၍နေ၏"

"ငါ့ရှင်အနုရုဒ္ဓါ၊ သင့်ကို ငါတိုက်တွန်း၏။ ဤတရား သုံးမျိုးတို့ကို ပယ်စွန့်၍ ဤတရား သုံးမျိုးတို့ကို နှလုံးမသွင်းမူ၍ အမြိုက်နိဗ္ဗာန်သို့ စိတ်ကို ပို့ဆောင်ပါလေလော့"

ဤသို့သော ဆုံးမစကားကို ကြားနာပြီးနောက် အနုရုဒ္ဓါသည် ဤတရားသုံးမျိုးကို နှလုံးမသွင်းဘဲ နေနိုင်ခြင်းအားဖြင့် ပယ်စွန့်ကာ မဆုတ်မနစ် အားသစ်သော သမ္မါဝါယာမတွင် သမ္မာသတိ ချဉ်းကပ်လျက် ကျင့်သုံးလိုက်သည့်ဘွင် ရဟန်းကိစ္စပြီးဆုံးသွားပေသည်။

(အင်္ဂုတ္တရ၊ တိကနိပါတ်၊ ကုသိနာရာဝဂ်၊ ဒုတိယအနုရုဒ္ဓသုတ်)

## နီးလျက်နှင့်ဝေး

အနုရုဒ္ဓါ၏ဖြစ်အင်ကို ပြန်ကြည့်လျှင် နီးလျက်နှင့် ဝေးနေခြင်းဟု ဆိုရပေဖြစ်၏။ သူသိလိုမြင်လိုသော နိဗ္ဗာန်တရားက အဝေးမှာမဟုတ်ပဲ သူ့အနီးအနားမှာပင် ရှိနေ၏။ သိတတ်မြင်တတ်သောဉာဏ်ဖြင့်ရှုလျှင် အသိခံအမြင်ခံရန်အရုံသင့်ရှိ၍နေ၏။ ငါတည်းဟူသော မာန်မာနနှင့် မရောမယှက်ပဲ ငြိမ်သက်စွာတည်ရှိ၍နေ၏။ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အလုံးစုံသော အာသဝတရားတို့မှ လွတ်နေသောသဘောပင် ဖြစ်သည်။

## ငါတည်းဟူသော မာန်မာန

ဤသို့ လွတ်နေသောသဘောမှာ အနတ္တ သဘာဝထဲတွင် အပါအဝင်ဖြစ်၏။ အတ္တနှင့်မရောမယှက်၊ သူ့သဘော သူ့လက္ခဏာအားဖြင့်ပင် လွတ်နေခြင်းဖြစ်၏။ အနတ္တဖြစ်သော ထိုသဘောကိုပင် အတ္တအယူအစွဲဖြင့်"တသောင်းသော လောက

ခေတ်ကို မြင်နိုင်စွမ်းရှိသော ငါသည် ဘာ့ကြောင့်မမြင်နိုင်ရသနည်း'' ဟု ငါတကောကောက တွေးလိုက်မိ၍ နိဗ္ဗာန်နှင့်လွဲကာ မာန်မာန သံသရာလည်ခဲ့ရ၏။

## အတွေးကျွံသော ဥဒ္ဒစ္စ

နိဗ္ဗာန်သည် တည်ငြိမ်ခြင်း လက္ခဏာရှိ၏။ ထိုသို့တည်ငြိမ်ခြင်းမှာလည်း ဖြစ်ခြင်း၊ ပျက်ခြင်းလက္ခဏာတို့နှင့် မရောမယှက် သူ့သဘော သူ့လက္ခဏာအတိုင်း တည်ငြိမ်ခြင်းသာ ဖြစ်၏။ တခုတခုသော အကြောင်းတရားဖြင့် ပြုပြင်ဖန်တီးထား၍ တည်ငြိမ်ခြင်းမဟုတ်ပေ။ အကြောင်းမပါ၊ အကြောင်းမလို၊ ဖြစ်ခြင်းမရှိ ပျက်ခြင်းမရှိသော သဘောအားဖြင့် သူ့အလိုလို တည်ငြိမ်နေသောသဘောကိုပင် အတ္တအယူအစွဲဖြင့် “ငါသည် မဆုတ်မနစ်သော လုံ့လဖြင့် တည်ငြိမ်အောင် အားထုတ်လိုက်မည်” စသည်ဖြင့် တွေးလိုက်မိသဖြင့် ဥဒ္ဒစ္စရေလျင်ကြော မျောသွားရပေတော့သည်။

## သူငါရောစွက် သံသယဖက်

ကျနုပ်တို့ သာသနာ့ဝေါဟာရအားဖြင့် နိဗ္ဗာန်ကို နိဿရဏဟူ၍လည်း ခေါ်ဝေါ်ကြ၏။ နိဿရဏဟူသော ဝေါဟာရ တွေ့လာလျှင် နိဗ္ဗာန်ကို တိုက်ရိုက်ကောက်ယူကြရ၏။ တဏှာ ဒိဋ္ဌိတို့ဖြင့် မငြိလမ်းမူ၍ အလုံးစုံသောအာသဝတရားတို့မှ လွတ်နေသော သဘောဖြစ်၍ ထိုအမည်ကိုရခြင်း ဖြစ်ပေသည်။

သူမပါ ငါမနေ၊ သူ့သဘောသူ့လက္ခဏာအတိုင်း လွတ်နေသောဤတရားကို သူနှင့်ငါနှင့် ရောစွက်၍ တွေးတောမိသဖြင့် ငါစိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲသမ်းမူ၍ အာသဝတရားတို့မှ မလွတ်သေးပါကလား ဟူသော သံသယကုက္ကုစ္စတွေ ဖြစ်ပွားလာကြရ၏။

## အတားအဆီးများ ပယ်လိုက်ပြီ

သံသယကုက္ကုစ္စ၊ ဥဒ္ဓစ္စနှင့် မာန်မာနတရားတို့က ခြားကွယ်၍ ထားသဖြင့် နီးကပ်စွာရှိ၍နေခဲ့သော နိဗ္ဗာန်နှင့် ဝေးခဲ့ရ၏။ အရှင်သာရိပုတ္တရာ၏ ဩဝါဒအတိုင်း ဤတရားသုံးမျိုးကိုပယ်စွန့်လိုက်ခါမှ နီးကပ်စွာရှိနေသော နိဗ္ဗာန်တရားကြီးကို ဘွားတာန်တွေ့လိုက်ရလေတော့သည်။

နိဗ္ဗာန်တရားကိုခြားတတ်၊ ကွယ်တတ်သော ထိုတရားသုံးမျိုးကိုအနုရုဒ္ဓါသည်မည်ကဲ့သို့ပယ်လိုက်ပါသနည်း။ဆရာသခင်အရှင်မဟာသာရိပုတ္တရာ၏ ဩဝါဒထဲမှာ ပါခဲ့သည့်အတိုင်းပင် ဖြစ်ပေသည်။

## ခိုင်မြဲလာသော အဘိညာဉ်

ဤသို့သော လောကုတ္တရာအဘိညာဉ်ကို မရသေးလျှင် ရရှိထားသော လောကီဈာန်အဘိညာဉ်တို့သည် ခိုင်မြဲမှုမရှိကြပေ။ လောကုတ္တရာအဘိညာဉ်ရခါမှ ခိုင်မြဲ၍လာကြ၏။ အလိုရှိသည့်အခါတိုင်းမှာ ဝင်စား၍ရကြ၏။ ထို့ကြောင့် လောကုတ္တရာ

အသိဉာဏ်ဖြင့် ခိုင်မြဲလာပြီဖြစ်သော ထိုဒိဗ္ဗစက္ခု အဘိညာဉ် ကြောင့်ပင်လျှင် သူ၏နောင်တော်ကြီး ဘုရားက ဧတဒဂ်ဘွဲ့ထူး ပေးသနားတော်မူခဲ့ပေသည်။

(အင်္ဂုတ္တရအဋ္ဌကထာ၊ ကေနိပါတ်၊ အနုရုဒ္ဓ ဝတ္ထု)

* * *

## စိတ်တူကိုယ်တူ လှမ်းခဲ့ကြသူများ

### အရှင်ဥပါလိ၏ လက်သုံးစကားများ

"သာသနာတော်ကို ကြည်ညိုသောစိတ်ဖြင့် လူ့ဘောင် စွန့်ခွာလွတ်ကြောင်း ရှာလာခဲ့သော ရဟန်းသည် စင်ကြယ် သော သီလရှိ၍ မပျင်းယိသောမိတ်ဆွေကောင်းကို ဆည်းကပ် ရာ၏။

"သာသနာတော်ကို ကြည်ညိုသော စိတ်ဖြင့် လူ့ဘောင် လွတ်ကြောင်း ရှာလာခဲ့သော ရဟန်းသစ်သည် သံဃာတော် ကြီးများထံတွင် မှီခိုနေထိုင်ရာ၏။ ဝိနည်းတော်ကို ဉာဏ်ပညာ ဖြင့် သင်ယူရာ၏"

"သာသနာတော်ကို ကြည်ညိုသောစိတ်ဖြင့် လူ့ဘောင် လွတ်ကြောင်း ရှာလာခဲ့သော ရဟန်းသစ်သည် ရဟန်းတို့နှင့်

အပ်စပ်သောအမှု မအပ်စပ်သော အမှုတို့၌ လိမ္မာသည်ဖြစ်၍ သံဃာ့မထေရ်ကြီးများ၏ နောက်ပါးမှ လိုက်ပါရ၏”

ဝိနည်းတော်အရာ လိမ္မာ ကျွမ်းကျင်သည်ဖြစ်၍ တေဇဂုဏ်ထူးရ အရှင်ဥပါလိ၏ လက်သုံးစကားများ ဖြစ်ပါသည်။

## သိမြင်ရေးနှင့် ကျင့်သုံးရေး

ကျွန်ုပ်တို့သာသနာတော်ကြီး စင်ကြယ်ရေးအတွက် ပညာသည် အရေးကြီး၏။ ထို့အတူပင် စင်ကြယ်သော သာသနာတော်ကြီး အရှိန်မပျက် တည်တန့်ရေးအတွက် အကျင့်သီလ ဖြူစင်ဘို့ အရေးကြီးလှပေသည်။ ရဟန်းတို့၏ ပါတိမောက္ခသံဝရသီလကြီး ဖြူစင်ရေးအတွက် ဝိနည်းတော် ရှိသည့်အတိုင်း လိုက်နာ ကျင့်သုံးရပေသည်။ ဝိနည်းသည် သာသနာတော်၏ အသက်ပင် ဖြစ်ချေသည်။

ရဟန်းဘောင်ဝင်စအချိန်က အရှင်ဥပါလိသည် တောရဆောက်တည် ခွင့်ပြုပါရန် လျှောက်ထားဘူး၏။ လျှောက်ထားသည့်အတိုင်း ခွင့်ပြုလိုက်လျှင် တရားအသိအမြင် လျှင်မြန်မည်လည်းမှန်ပါ၏။ သို့ပါလျက်ဘုရားရှင်က ခွင့်ပြုတော်မမူခဲ့ပေ။ အထံတော်မှသာ နေစေလျက် ဝိနည်းသိက္ခာပုဒ်များကို လေ့ကျက်မှတ်သားရန် တာဝန်ပေးတော်မူ၏။ သိမြင်ရေး သာသနာတော်ကြီးကို ဝိနည်းသိက္ခာပုဒ်များ ကျင့်သုံးရေးဖြင့် ထောက်ကူပေးနိုင်ရန်ပင် ဖြစ်ပေသည်။

“သိမြင်ရေးနှင့် ကျင့်သုံးရေး နှစ်ဖက်လုံးတွင် စံတင်လောက်သော အရှင်ဥပါလိ၏ ဝိနည်းဆိုင်ရာ ဆောင်ရွက်ချက်များကို သက်ဆိုင်သည့် နေရာများတွင် ကြားနာကြရပါဦးမည်၊

(ဥပါလိထေရဂါထာပါဠိ၊ အဋ္ဌကထာ)

## အရှင်ကိမိလ

သာသနာ့တာဝန်များ ထမ်းဆောင်ရာတွင် အရှင်ဥပါလိ၊ အရှင်နုရုဒ္ဓါတို့လောက် မထင်ရှားသော်လည်း အရှင်ကိမိလနှင့် အရှင်ဘဂုတို့သည် သာသနာ့ခရီးစဉ်ကို အပြီးအဆုံးထိလျှောက်လာခဲ့သူများဖြစ်ကြပါပေသည်။ တရားသဘင် ဆင်ယင်ကျင်းပရာတွင် ဘုရားရှင်၏ လက်ျာတော်မှ ဝန်းရံခစားရသော မဟာသာဝကလေးဆယ်တွင် အပါအဝင်ဖြစ်ပေသည်။

အရှင်ကိမိလသည် များသောအားဖြင့်အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယတို့နှင့်အတူ ပါစီနဝံသ တောကျောင်းမှာ အနေများ၏။ လူသံသူသံ တိတ်ဆိတ်၍ အေးချမ်းငြိမ်သက်သော တောရကျောင်းတွင် အေးချမ်းငြိမ်သက်လှစွာသော အမြိုက်ချမ်းသာဖြင့် အတူတကွ နေလာကြသော သီတင်းသုံးဖော် များကို ကြည့်ကာ ဤသို့ ဥဒါန်းကျူးတတ်ပေသည်။

“သကျတို့၏ သားကောင်းရတနာ သီတင်းသုံးဖော်တို့သည် များလှစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်ခွာ လာခဲ့ကြကုန်၍ ကောင်းဆိုးယုတ်မြတ်၊ ဆွမ်းခံ၍ ရတတ်သမျှသော ဆွမ်းဘောဇဉ်တို့ဖြင့် ရောင့်ရဲကုန်လျှက် ပါစီနဝံသ တောကျောင်း၌ မွေ့လျော်ကြကုန်၏”

မဆုတ်မနစ် အားသစ်သော လုံ့လဝီရိယတို့၏သခင်၊ အရှင်မြတ်တို့သည် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ လောကီအာရုံ ကာမဂုဏ်တို့နှင့် မရောမယှက် ဓမ္မသက်သက်ဖြစ်သော မွေ့လျော်ခြင်းဖြင့် တောကျောင်းမှာ စံပျော်ကြလေကုန်၏”

(ကိမိလထေရဂါထာ)

## အရှင်ဘဂု

အရှင်ဘဂုမှာလည်း သကျမင်းညီမင်းသားတို့၏ စည်းစိမ်ဥစ္စာကို စွန့်ရကျိုးနပ်ရသူဖြစ်ပါ၏။ ဘုရားရှင်ကိုယ်တော်မြတ်ချမှတ်တော်မူခဲ့သော သာသနာ့လမ်းကြောင်းကို အဆုံးတိုင်လျှောက်လာခဲ့ပြီးနောက် မိမိလာခရီးကို ပြန်လည်၍ကြည့်ရှုကာ ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံးဖြင့် မကြာမကြာ ဥဒါန်းကျူးတတ်ပါပေသည်။

“တရားနှစ်လုံးသွင်းရင်း ငိုက်မြည်း၍လာသောကြောင့် ငါသည် ကျောင်းထဲမှထွက်၍ စင်္ကြံလျှောက်လိုက်ရာ ထိုစင်္ကြံဦးမှာပင် လဲကျ၏”

“ငါသည် ဖုံမှုန့်များကို သုတ်သင်ကာ စင်္ကြံလမ်းပေါ်သို့ တခါပြန်၍တက်၏။ နှစ်ပြန်သုံးပြန်လောက် လျှောက်မိလျှင်ပင် ငါ၏ အတွင်းစိတ် သဏ္ဌာန်သည် တည်ကြည် ငြိမ်သက်၍လာ၏”

“ထိုအခြေအနေမှအားပြု၍ ငါသည် အသင့်အားဖြင့် နှလုံးသွင်းနေ၏။ ထိုစဉ်တွင် လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်

များကို ထင်းထင်းကြီး မြင်လာ၏။ ထိုအာရုံတို့၌ ငြီးငွေ့ခြင်း ဖြစ်ပေါ်လာ၏”

“ထိုမှ တဆင့်တက်၍ ငါ၏စိတ်သည် လောကီအာရုံ ကာမဂုဏ်တို့မှ လွတ်မြောက်ခဲ့ပေပြီ။ ဝိဇ္ဇာဉာဏ်သုံးပါးကိုရခဲ့ပေပြီ။ ဘုရားရှင်၏ အဆုံးအမတော်ကို ကောင်းစွာ လိုက်နာ၍ ပြီးပေပြီ။ အို....သီတင်းသုံးဖော်များတို့ တရားတော်၏ ကောင်းမြတ်သော ဂုဏ်ကို ရှုမြင်သုံးသပ်ကြပါ ကုန်လော့”

(ဘဂုထေရဂါထာများ)

## ကျန်ရစ်သူ အရှင်ဒေဝဒတ်

ကျနုပ်နှင့်အတူဘက္ခ ရဟန်းပြုလာကြသော သီတင်းသုံးဖော်များ အနက် ငါးပါးကို တင်ပြခဲ့ပြီးပါပြီ။ နောက်ဆုံး ဖော်ပြရန် ကျန်နေသေးသော သီတင်းသုံးဖော်မှာကား အရှင်ဒေဝဒတ်ပင် ဖြစ်ပါ၏။

အရှင် ဒေဝဒတ်ကား ယသော်ဓရာ၏ မောင် ဖြစ်သဖြင့် ဘုရားရှင်၏ ယောက်ဖတော်လည်း ဖြစ်၏။ ကျနုပ်ကဲ့သို့ပင် ဘုရားရှင်၏ တဝမ်းကွဲ ညီတော်လည်း ဖြစ်ပေသည်။ သို့သော် အရှင်ဒေဝဒတ်ကား ကျနုပ်တို့နှင့် ကိုယ်သာတူ၍ စိတ်မတူပါချေ။

ရဟန်းပြုခါစက ရှိသားသော လောကီစျာန်တန်ခိုးမျှဖြင့် ရဟန်းတို့ကျင့်ထုံးကို အဆုံးသတ်ကာ ရာဇဂြိုဟ် နန်းတွင်းမှာ ကျက်စား၍ နေပါပြီ။ ရာဇဂြိုဟ်၏ ထီးနန်း ဆက်ခံရေးတွင် အလားအလာရှိသော အဇာတသတ်မင်းသားကို သူ ကောင်းကောင်းကြီး သိမ်းသွင်း၍ ထားနိုင်ပါပြီ။

ထို့ကြောင့်ပင် မဟုတ်ပါလော၊ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တတွေ ကောသလတိုင်း၊ သာဝတ္ထိမြို့တော်အနီး ဇေတဝန်ကျောင်းတော်ကြီးသို့ သွားကြရန် ပြင်ဆင်နေကြချိန်တွင် ထိုအရှင်ကား ဆွမ်းစားရာမှပင် ထ၍မလာသေး၊ အိမ်ရှေ့မင်းပို့လှူလာသော ဆွမ်းအုပ်ငါးရာကို သူ့အသင်းအပင်းပေါင်းများစွာဖြင့် ပျော်ပျော်ကြီး စားနေဆဲသာ ဖြစ်ပါ၏။

ဘုရားရှင်၏ နောက်တော်ပါးမှ ကျွန်ုပ်တို့ဘတွေ အစီအရီလိုက်ပါ၍လာကြ၏။ အရှင်ဒေဝဒတ်နှင့် အပေါင်းပါတို့ကား ဆွမ်းစားကျောင်းမှာ စကားကောင်းနေကြဆဲပါ တကား။

(ဝိနည်းစူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက)



## ဇေတဝန် ကျောင်းတော်

### ပထမဆုံး ကျောင်းတကာ

ပထမကျောင်းရာမြေဖြစ်သော ဝေဠုဝန် ဥယျာဉ်မှာပင် ဗိမ္ဗိသာရမင်းသည် စုလစ်မွန်းချွန်တပ်သော တိုက်ကျောင်းကြီး ဆောက်၍လှူပါ၏။ ကျောင်းနှင့်ပတ်သက်သမျှ အသုံးအဆောင် များကိုလည်း လှူပါ၏။ တရားအသိလျှင်ရှေ့သွားရှိသော အဓိဂမသဒ္ဓါဖြင့် ဘုရားရှင်နှင့်ရင်းနှီးစွာ ဆက်ဆံကိုးကွယ်လာခဲ့သဖြင့်

ဘုရားကျောင်းတကာဘုရင်ကြီးဗိမ္ဗိသာရဟူ၍လည်းကျော်ကြား လှပါ၏။ သို့သော် ထိုကျောင်းတကာကြီးထက် စောစီးစွာ ကျောင်းဆောက် လှူဒါန်းခွင့် ရသူတဦးကား ရှိနေပါသေး သည်။

သစ်ပင်ရိပ် စသည်ကို ကျောင်းအိပ်ရာနေရာသဖွယ် ရောင့် ရဲ၍ နေလာကြသောရဟန်းတို့ကို ရာဇဂြိုဟ်မြို့က ဝိသာလသူဌေး မြင်လေရာ၊ ဘုရားရှင်က ကျောင်းဆောက်ခွင့်ပြုလျှင် အသိ ပေးပါဟု ပန်ကြားခဲ့၏။ ဘုရားရှင်က ကျောင်းဆောက်ခွင့် ပြုတော်မူသည်တွင် ကျောင်းပေါင်းခြောက်ဆယ်ကို အဆော တလျှင်ဆောက်ကာ ဘုရားရှင်ထံ အပ်နှံ၏။ ဘုရားရှင်ကသာ သနာတော်တွင်းသို့ရောက်ပြီး ရောက်ဆဲ၊ ရောက်လတံ့ဖြစ်သော အရပ်လေးမျက်နှာမှ ရှိရှိသမျှ သံဃာအားလုံးထံ လှူဒါန်းရန် မိန့်တော်မူ၏။ မိန့်တော်မူသည့်အတိုင်း ဝိသာလ သူဌေးက ရေစက်ချ လှူဒါန်းရာတွင် ဘုရားရှင်က ကျောင်းအနုမောဒနာ တရားများ ဟောကြားတော်မူပေသည်။ ခန်းနားထည်ဝါသော တိုက်ကျောင်းကြီး မပြီးသေးမီတွင် ရဟန်းများ ချမ်းချမ်း သာသာ နေခွင့်ရကြပေပြီတည်း။

## ဝိသာလနှင့် အနာထပိဏ်

ထိုဝိသာလသူဌေး၏နှမ သုမနဒေဝီသည် အနာထပိဏ်သူဌေး နှင့် အကြောင်းပါ၏။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် ရောင်းရေးဝယ်တာကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေယောက်ဖ ရှိရာ ရာဇဂြိုဟ်သို့ နှစ်စဉ်နှစ်တိုင်း ရောက်နေကြဖြစ်၏။ နှမနှင့်

စပ်ပါမှ ယောက်ဖတော်ရသည်ပင် ဖြစ်စေကာမူ ဝိသာလသည် အနာထပိဏ်ကို ညီအကိုအရင်းတမျှ ချစ်ခင်၏။ အနာထပိဏ် ရောက်လာသည်ဆိုလျှင် အခြားကိစ္စများ မည်မျှပင် အရေးကြီးကြီး၊ ရှိသမျှကိစ္စများကို ကျောခိုင်းကာ အနာထပိဏ်ကိုသာ ခရီးဦးကြိုဆိုနေကျဖြစ်၏။ အရေးတယူ ပြုစုနေကျဖြစ်၏။

## ရှေးကနှင့် မတူချေပြီ

သို့ရာတွင်ယခုတခေါက် ရောက်လာစဉ်မှာတော့အနာထပိဏ် သူဌေးစိတ်ထဲမှာ ဇနီးဇနောင့် ဖြစ်လာရ၏။ ခါတိုင်းအခေါက်များ၌မိမိကိုပြာပြာသလဲ ခရီးဦးကြိုဆိုနေကျဖြစ်သော ယောက်ဖတော်သည် ဝတ်ကျေဝတ်ကုန်မျှပင် ခရီးဦးကြိုဆိုခြင်း မပြုပေ။ ခါတိုင်းလိုအရေးတယူ၊ အလေးမူတို့စသား ဝေးလေစွ။

"အမောင်တို့၊ နက်ဖြန်နံနက် စောစောကြီးထကြ။ ယာဂုကျိုကြ။ ထမင်းအိုးဈေ ဟင်းအိုးရှေ ပြုင်တူတည်ကြ။ အမဲသား ငါးဟင်းလျာများ ပြည့်စုံအောင် ဖန်တီးထားကြ"

အိုးကြီးအိုးငယ်များ၊ ဖိုခနောက်များကြားဝယ် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း မှာ၍ထား၍ မပြီးနိုင်ပါချေ။ ရှေးကနှင့်မတူ တမူထူး၍နေသော ယောက်ဖတော်အား အနာထပိဏ်က ခပ်မဆိတ်ပင် အကဲခတ်၍နေ၏။

## ဖွင့်၍မေးသည် ပြုံး၍ဖြေသည်

သို့နှင့် အလုပ်သမားများအား ဒေါင့်စုံအောင် မှာကြား၍ ပြီးပေပြီ။ သမီးယောက်ဖ နှစ်ယောက်လည်း တွေ့ဆုံနှုတ်ဆက်၍ ပြီးကြလေပြီ။ ဤတွင်အနာထပိဏ်က စိတ်ထဲမှာ ဇနီးဇနောင့် ဖြစ်လိုက်ရသောကိစ္စကို ဖွင့်ဟ၍ မေးလေတော့သည်။

"အသို့နည်းသူငယ်ချင်း၊ ချက်စရာပြုတ်စရာတွေ များလှပါတကား။ မင်္ဂလာဆောင်များ ရှိလေသလား။ ယစ်ပူဇော်ပွဲကြီးများရှိလေသလား။ သို့မဟုတ်လျှင်ဗိမ္ဗိသာရမင်းကြီးကို စစ်သည်ဗိုလ်ပါများနှင့်တကွ နက်ဖြန်နံနက်စာ သုံးဆောင်ဘို့ ဘိတ်ကြားထားပါသလား"

ဖြစ်နိုင်စရာရှိသော ကိစ္စများကို တန်းစီ၍ မေးလိုက်၏။ ဝိသာလကာ ယောက်ဖတော်ကြီး၏ မေးခွန်းများကို ပြုံးပြုံးကြီးနားထောင်ကာ....

"မဟုတ်ပါသူငယ်ချင်း။ မင်္ဂလာဆောင်စရာလည်း မရှိပါ။ ဗိမ္ဗိသာရမင်းကြီးကိုလည်း ဘိတ်ကြားမထားပါ။ သို့သော်လည်း ပူဇော်ပွဲကြီးတခုကိုတော့ ကျင်းပဘို့ ရှိနေပါသည်။ နက်ဖြန်နံနက်သည်အိမ်မှာ ဆွမ်းဘုဉ်းပေးလာကြဘို့ ဘုရား အမှူးရှိသော သံဃာတော်များကို ပင့်ဘိတ်ထားသည် သူငယ်ချင်း"

"သူငယ်ချင်း ဘုရားဟု ဆိုလိုက်သလား"

"ဆိုလိုက်သည် သူငယ်ချင်း"

"ဘုရား.... ဘုရား.... ဘုရား"

## နားမှာချိုသည် နှုတ်မှာမြိန်သည်

အနာထပိဏ်၏ နှုတ်ဖျားဝယ် သည်စကားလုံးများသာ တရွရွသီး၍နေကြ၏။

"ဘုရား.... ဘုရား....ဘုရား"

ကြားချင်လွန်းလှသော သည်အသံ။ ရွတ်ချင်လွန်းလှသော သည်စကား ယခုတော့ ချိုမြိန်လှသောသည်အသံကို နားဆင်

ရပြီ။ ချိုမြိန်လှသော သည့်စကားလုံးများကို ရွတ်ဆိုရပြီ။ မကြုံစဖူး ထူးကဲလှသော ဆုလပ်ကြီးကိုယနေ့ လှလှကြီး ရလေပြီ။ သည့်အထဲက မိမိစိတ်ဇောသန်လွန်း၍ နားကြားများ လွဲနေသလောဟု မဝံ့မရဲဖြစ်ရပြန်ကာ။

“သူငယ်ချင်း ဘုရားဟု ဆိုလိုက်သလော”

တခါထပ်၍ မေးလိုက်ရသေး၏။

“ဆိုလိုက်လည်သူငယ်ချင်း လူ့ဘောင်လောကမှာ ဘုရားဟူ၍ ပွင့်ထွန်း၍လာခဲ့ပြီ။ သည့်မြို့အနီးက ဝေဠုဝန်ကျောင်းတော်မှာ နေတော်မူလျက် လူတန်းစားပေါင်းစုံတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူနေပြီ”

“ဘုရားဟူသော အသံကို ကြားဘို့ပင် အင်မတန် ခဲယဉ်းလှသည် သူငယ်ချင်း။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ထိုဘုရားရှင်ထံသို့ ယခုညသွား၍ ဖူးနိုင်ပါမည်လော”

“ညအချိန်ရောက်နေပြီသူငယ်ချင်း။ နံနက်ဖြန်ကျမှ အတူတူ သွားကြစို့”

## နံနက်စောစော စိတ်စောစော

အချိန်မတော်ပြီဆို၍သော နေလိုက်ရ၏။ အိပ်ချိန်ရောက်၍သော အိပ်လိုက်ရ၏။ သူ့စိတ်ကတော့ အိပ်ရာထဲမှာ မရှိပေ။ နံနက်ဖြန်ခါ ဘုရားဖူးသွားရမည့် ဝေဠုဝန် ဥယျာဉ်သို့သာ ရောက်၍နေ၏။ သူ့စိတ်များစွာ စောလွန်းနေသဖြင့် နံနက်လင်းပြီမှတ်၍ သုံးကြိမ်တိုင်တိုင် အိပ်ရာမှထခဲ့၏။ နောက်ဆုံးအကြိမ်မှာကား အနာတပိုက်သည် အိပ်ရာထဲပြန်မဝင်နိုင်တော့။

အသာအယာမျက်နှာသစ်ကာ ဝေဠုဝန်ဥယျာဉ်ဆီသို့ ထွက်လာခဲ့၏။

စိုးတဝါးကြယ်ရောင်ဖြင့် တလှမ်းချင်း လျှောက်လာခဲ့ရာ အနားရောက်ခါမှ သုဿာန်ဖြစ်နေမှန်း သိရ၏။ မသွားအပ် မလာအပ်သော အရပ်တွင် အချိန်မတော် ရောက်လာခဲ့မိ၍ ကြက်သီးဖြန်းဖြန်း ထခဲ့ရ၏။ သို့သော် ဘုရားတည်းဟူသော အာရုံဖြင့် ကိုယ့်ကိုယ်ကို အားတင်းကာ ဆက်လက်လျှောက်လာခဲ့ရာ ဝေဠုဝန်ဥယျာဉ်အနီးရှိ ယင်းတိုက်တောသို့ ရောက်လာပေသည်။ ထိုအချိန်တွင် အရှေ့လောကဓာတ်မှ ရောင်နီဦးတို့ ယှက်သန်း လာကြပေပြီ။ ထိုရောင်နီဦးတွင် တစုံတဦးသော ပုဂ္ဂိုလ်သည် စောစောစီးစီးထကာ စင်္ကြံလျှောက်၍ နေပါပြီကော။

"ဘုရား....ဘုရား....ဘုရားရှင်များ ဖြစ်နေမလား"

တစ တစ အားကောင်းလာသော အလင်းရောင်ဖြင့် လူသူမနီး တောကြီးအလယ်မှ မိမိအား စောင့်ကြိုနေသော ပုဂ္ဂိုလ်အား စေ့စေ့စပ်စပ် အကဲခတ်လိုက်၏။ တည်ကြည် ခန့်ငြားသော ရုပ်ရည်တွင် သိမ်မွေ့သောအမူအရာကို ရှုမြင်ရခြင်းဖြင့် မိမိကြားထားရသော စကားနှစ်လုံး၏ ပိုင်ရှင်ဖြစ်မှန်း သိလိုက်ပါပြီ။

"ဘုရား....ဘုရား....ဘုရား"

ရွှန်းငြင်သာ ရွတ်ဆိုလျက် အနာထပိဏ်သည် အသာအယာ ချဉ်းကပ်၍လာ၏။ ဘုရားရှင်သည် စင်္ကြံလမ်းမှ ဆင်းသက်၍ ခင်းထားသောနေရာမှာ ထိုင်တော်မူလျက်...

"လာခဲ့ပေတော့ သုဒတ္တ၊ လာခဲ့ပေတော့ သုဒတ္တ"

ရွှေနှုတ်တော်မှ ထုတ်ဖော်ကာ ဘိတ်ခေါ်တော် မူလိုက်၏။

သုဒတ္တဟူသည်မှာ အနာထပိဏ်၏ ငယ်နာမည်ဖြစ်၏။ လူလားမြောက်၍ မိမိကိုယ်တိုင် စီးပွားဥစ္စာရှာဖွေကာ ခိုကိုးရာမဲ့သော သူဆင်းရဲတို့အား ထမင်းရိက္ခာများ ပေးတတ်သဖြင့် သုဒတ္တမှ တဆင့် အနာထပိဏ်ဟု ကျော်စောလာရခြင်း ဖြစ်ပေသည်။

မိမိ၏ ငယ်နာမည်ကို တရင်းတနှီးခေါ်လိုက်သည်ကို ကြားရသည်နှင့် အနာထပိဏ်သည် ဝမ်းသာအားရဖြစ်ကာ ဘုရားရှင်၏ခြေတော်အစုံဝယ်ဦးခိုက်ရှိခိုးလေတော့သည်။ အကြိမ်ကြိမ်အခါခါ အားပါးတရ ဦးခိုက်ရှိခိုးပြီးမှ....

"အရှင်ဘုရား၊ ချမ်းသာစွာ အိပ်ရပါ၏လော"

စိတ်ထဲမှ ဇဝေဇဝါ ဖြစ်နေရသော ကိစ္စတခုကို ဖွင့်ဟ၍ လျှောက်ထားလိုက်၏။

## ချမ်းသာစွာ အိပ်ရသူ

မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်တို့သည် ခန်းနား လှသော တိုက်အိမ်ကြီးများတွင် လောကစည်းစိမ်ကို ခံစားလျက် ချမ်းသာစွာ အိပ်စက် နေကြ၏။ ယခုသည် အရှင်မြတ်ကြီးကား တိုက်မရှိ၊ အိမ်မရှိ၊ အမိုးအကာ ဘလာနတ္ထိ တောအလယ်မှာ တပါးတည်း စင်္ကြံ ကြွလျက်သာရှိဘိ၏။ ညချမ်းအခါတုန်းက သည် အရှင်မြတ်သည် ချမ်းချမ်းသာသာ အိပ်မှ အိပ်ခဲ့ရပါ၏လော။

အနာထပိဏ်၏ သံသယမြူမှုကို ဘုရားရှင်က ဓမ္မရေစင်ဖြင့် ဆေးကြော၍ ပေးတော်မူပေသည်။

"အိမ်ရှင်သူဌေး၊ အကြင်သူသည် ကိလေသာ မီးငြိမ်းပြီးသူ ဖြစ်၏။ မကောင်းမှုကို အပ ပြုပြီးသူဖြစ်၏။ ကာမဂုဏ် အာရုံတို့၌ မလိမ်းကျံ မကပ်ငြိ၊ ငြိမ်းချမ်းခြင်းသို့ ဆိုက်ရောက်သည် ဖြစ်၍ ဥပဓိမရှိတော့ပေ။ ထိုသူသည်အခါခပ်သိမ်း ချမ်းသာစွာ အိပ်ရပေသည်။

"အိမ်ရှင်သူဌေး၊ အကြင်သူသည် ကပ်ငြိတတ်သော တဏှာ အလုံးစုံကိုပယ်ဖြတ်၍ စိတ်ပူပန်ခြင်းကို ပယ်ဖျောက်၍ အေးရာ ငြိမ်းရာ နိဗ္ဗာန်သို့ စိတ်ဖြင့်ရောက်၍ ငြိမ်းချမ်း၏။ ထိုပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရပေသည်"

## မည်ကဲ့သို့ ချမ်းသာသနည်း

အနာထပိဏ်သူဌေးက စကားစပ်လာသည့်အတိုင်း ချမ်းသာစွာ အိပ်ရ၏ဟု ဟောတော်မူခြင်းဖြစ်၏။ ဣရိယာပုထ် လေးပါးတွင် အိပ်ခြင်းတခုကိုမှတ်၍ဆိုသော်လည်း သဘော အဓိပ္ပါယ်အားဖြင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းတို့မှာလည်း ချမ်းသာသည်သာ ဖြစ်ပေသည်။

ဤဒေသနာတော်အရ ဣရိယာပုထ်လေးပါးမှာပင် ချမ်းသာစွာ နေရ၏ဟု သိရှိရ၏။ ဤတွင်ချမ်းသာခြင်းဟူသည် အဘယ်နည်းဟု မေးရန်သာ ရှိပေသည်။ ချမ်းသာခြင်း ဟူသည် မှာ အခြားမဟုတ်ပါချေ။ စိတ်ပူပန်မှု မရှိခြင်းပင် ဖြစ်၏။ တဖန် ထိုသို့ စိတ်ပူပန်မှုကင်းခြင်းမှာ အဘယ့်ကြောင့်နည်းဟု မေးစရာ

ပေါ်လာပြန်၏။ ကပ်ငြိတတ်သော တဏှာအလုံးစုံကို ပယ်ဖြတ်ပြီး ဖြစ်သောကြောင့်ဟူ၍ ဒေသနာတော်ကပင် အဖြေပေး၍ထားပေသည်။ ပထမ ဒေသနာတော်၏ သဘော အဓိပ္ပါယ်မှာလည်း ထပ်တူထပ်မျှပင် ဖြစ်ပေသည်။

## သစ္စာလေးချက် တပြိုင်နက်

'အေးရာ ငြိမ်းရာ နိဗ္ဗာန်သို့ စိတ်ဖြင့်ရောက်၍' ဟူသော ပုဒ်ဖြင့် နိရောဓသစ္စာနှင့်မဂ္ဂသစ္စာနှစ်ပါးကို ပြဆိုတော်မူ၏။ 'စိတ်ပူပန်ခြင်းကိုပယ်ဖျောက်၍' ဟူသောပုဒ်ဖြင့် ဒုက္ခသစ္စာကိုပြတော်မူ၏။ 'ကပ်ငြိတတ်သော တဏှာအလုံးစုံကို ပယ်ဖြတ်၍' ဟူသော ပုဒ်ဖြင့် သမုဒယသစ္စာကို ပြဆိုတော် မူပေသည်။

## ဤနေရာ ဤဌာန

သစ္စာလေးပါးဖြင့်တန်ဆာဆင်အပ်သော ဤဒေသနာတော်ဖြင့် အနာထပိဏ်သူဌေး၏ အရိယာဘာဝသည် ဤနေရာမှပင် စတင်မွေးဖွားလာတော့သည်။ ဒေသနာတော်ပေါင်း မြောက်မြားစွာကို ဟောကြားရာဌာန သာဝတ္ထိအမွန် ဇေတဝန်ကျောင်းတော်၏ မူလ အစသည်လည်း ဤနေရာမှပင် ဖြစ်ထွန်း လာခဲ့ပါ၏။

ထိုနေ့ ထိုနေရာ၌ ဘုရားရှင်နှင့် တွေ့ဆုံရပုံသည် ကျနုပ်တို့ကျောင်းတကာ အနာထပိဏ်သူဌေးပြော၍မပြီး၊ ပြောပြီးရင်း ပြောချင်၍နေသော ကိုယ်ပိုင်ဇာတ်လမ်းတပုဒ် ဖြစ်ခဲ့ပါ၏။ ဤဇာတ်လမ်းကို ကျနုပ်က ဤသို့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခြင်းမှာ ကျောင်းတကာကြီးစာ မကြာခဏ ပြောပြထား၍ ဖြစ်ပါသည်။

ဇေတဝန်ကျောင်းတော်၏ မူလအစ ဇာတ်လမ်းကို တဆင့်စကားများဖြင့် မှတ်တမ်းတင်ပြီးနောက် ယခု ကျွန်ုပ်တို့ ကိုယ်တွေ့ ဇေတဝန်ကို ဘင်ပြပါတော့မည်။

## ဆွမ်းတကာမှ ကျောင်းတကာသို့

ထိုနေ့ နံနက်စောစောက ဘုရားရှင်နှင့် တွေ့ဆုံပြီးနောက် အနာထပိဏ်သူဌေး ပင့်ဘိတ်ထားခဲ့သဖြင့် ဘုရားရှင်နှင့် ကျွန်ုပ်အပါအဝင် ရဟန်းပေါင်းများ ဝိသာလ၏နေအိမ်သို့ ဆွမ်းစားသွားကြရ၏။ ဆွမ်းကိစ္စများ အပြီးတွင် အနာထပိဏ်သူဌေးက သူနေထိုင်ရာ သာဝတ္ထိမြို့တော်သို့ ကြွရောက်၍ သံဃာတော်များနှင့် အတူတကွ ဝါဆိုတော်မူပါရန် ပန်ကြား လေရာ၊ ဘုရားရှင်က....

"အိမ့်ရှင် သူဌေး၊ ဘုရားရှင်တို့မည်သည် လူသံသူသံ ဆိတ်ငြိမ်ရာ ဌာန၌ မွေ့လျော်ကြကုန်၏"

ကျောင်းဆောက်ရန် သင့်လျော်သောနေရာကို ညွှန်ကြားတော် မူခြင်းဖြင့် လက်ခံတော်မူလိုက်ပေသည်။

## ကျောင်းအသင့် ကန်အသင့်

ထိုနေ့က ဝန်ခံတော်မူခဲ့သည့်အတိုင်း၊ ယခု ကျွန်ုပ်တို့ ဒေသစာရီ လှည့်ကြရပါပြီ။ ဘုရားရှင် နောက်တော်ပါးမှ အစီအရီ လိုက်ပါလာခဲ့ကြရာတွင် တယူဇနာရွာဝေးသော စခန်းထောက်ရွာတရွာ၌ ရွာနှင့် မလိုက်အောင် ဆောက်လုပ် ထားသော ကျောင်းကြီးများကို တွေ့ကြရပေတော့သည်။

ရာဇဂြိုဟ်နှင့် သာဝတ္ထိသည် လေးဆယ့်ငါးယူဇနာမျှ ကွာဝေး၏။ ကျနုပ်တို့လည်း တနေ့လျှင် တယူဇနာကျ ပုံမှန်လာခဲ့ကြ၏။ စခန်းထောက်ရွာများသို့ ဆိုက်ရောက်တိုင်းပင် တညတာ တည်းခိုစရာ ကျောင်းကြီးများ အရံသင့် ရှိကြသည်သာဖြစ်၏။ ဤသည်ကို ထောက်ခြင်းအားဖြင့် ဤလမ်းတလျှောက်၌ အနာထပိဏ် သူဌေး၏ အင်္ဂနိအဝါ ကြီးမားပုံ၊ သူ့စကား အရာရောက်ပုံကို သိကြရပေသည်။

(ဝိနည်း စူဠဝဂ်၊ သေနာသနက္ခန္ဓက)

## သာဝတ္ထိမြို့တော်

သို့နှင့် ကျနုပ်တို့တတွေ ကောသလတိုင်း၏ မြို့တော်ကြီးသို့ ဆိုက်ရောက်လာကြ၏။ လူသံ သူသံ၊ ရထားသံ မြင်းသံ တို့ဖြင့် ဆူညံ၍နေသော ထိုမြို့ကြီးတွင် လူသုံးကုန် ပစ္စည်းမှန်က ဘာမဆို ဝယ်၍ရနိုင်ပေသည်။ ဤသို့သော ပျူပွတ်ဖြင့် သာဝတ္ထိဟု အမည်တွင်လာခဲ့သော ဤမြို့ကြီးသို့ ကျနုပ်တို့ ဆိုက်ရောက်လာရာတွင် ခန်းနားသိုက်မြိုက်လှစွာသော ကြိုဆိုပွဲကြီးနှင့်ကြုံရပေသည်။

## ကြိုဆိုပွဲကြီး ချိမ့်ချိမ့်သဲ

ကျောင်းတကာသူဌေး၏သားကာလသည်မိမိနည်းတူအဆင်းတန်းဆာ အပြည့်အစုံဆင်ယင်ထားသော လုလင်ပျိုငါးရာတို့နှင့် အတူတကွ အရောင်ငါးမျိုးပါသော တန်ခွန်များကို ကိုယ်စီ

ကိုယ်၎ ကိုင်ဆောင်ကာ ရှေ့ဆုံးမှချီတက်ကြ၏။ သူတို့နောက်မှာကား သူဌေး၏ သမီးနှစ်ယောက်ဖြစ်သော စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါ။ သူတို့ကလည်း အပျိုဖော်ငါးရာတို့နှင့် အတူ ရေပြည့်အိုး ကိုယ်စီရွက်လျက် လိုက်ပါကြ၏။ သူဌေးကတော် သုမနဒေဝီသည် လက်ဝတ်တန်းဆာ အပြည့်အစုံဖြင့် သမီးတို့ နောက်မှ လိုက်ပါလာ၏။ သူ့နည်းတူ ဝတ်ဆင်လာကြသော အမျိုးသမီးငါးရာနှင့်အတူ ရတနာရွှေခွက်များကို ကိုင်ဆောင်လာကြပေသည်၊ သူတို့နောက်မှာတော့ ကျောင်းတကာသူဌေးကြီးတို့အလှည့်ဖြစ်၏။ အသစ်စက်စက် အဝတ်များကို ဝတ်ဆင်လာကြသော အမျိုးသားငါးရာနှင့်အတူ ကြည်လင်ရွှင်ပြသော မျက်နှာဖြင့် ကျောင်းတကာကြီး လိုက်ပါလာပေသည်။

ကျောင်းတကာကြီးတို့၏ ပရိသတ်ကို ရှေ့သွားပြုကာ ဘုရားရှင် ကြွချီတော်မူရာတွင် ကျွန်ုပ်တို့သံဃာတော်များလည်း အစီအရီ လိုက်ပါကြရ၏။

(အပါဒါန်အဋ္ဌကထာ၊ သန္တိကေနိဒါန်း)

## သိုက်မြိုက်ဝေဆာ ကျောင်းတိုက်တာ

ကြိုဆိုပွဲကြီး သိုက်မြိုက်စည်ကားသကဲ့သို့ပင် ကျောင်းဝင်းကြီးတခုလုံးမှာလည်း လက်ညှိုးထိုးမလွဲဟု ဆိုရလောက်အောင်ပင် ကျောင်းအဆောက်အဦးများ အစီအရီ ရှိနေကြပါ၏။ ဘုရားရှင်နှင့် သံဃာတော်များအတွက် ကျောင်းတော်ကြီးများ၊ အုတ်တံတိုင်းများ၊ တံခါးမုခ်များ၊ စည်းဝေးရာ စရပ်များ၊

ချီးတင်းကုတ်များ၊ ပစ္စည်းထားသိုရာ ကပ္ပိယ ကုဋိများ၊ ကုဋိအိမ်များ၊ စင်္ကြံလမ်းနှင့် စောင်းတန်းများ၊ ရေတွင်းနှင့် ရေတွင်းရုံများ၊ အမိုးအကာနှင့် တကွသော ရေချိုးရုံများ၊ ရေကန်များ၊ မဏ္ဍပ်များ၊ သူ့နေရာနှင့်သူ နေထားတကျရှိနေကြ၏။

(ဝိနည်းစူဠဝဂ်၊ သေနာသနက္ခန္ဓက)

## သူဌေးကုသိုလ် မင်းကုသိုလ်

ဤမျှများပြားလှသော ကျောင်းအဆောက်အဦ များတွင် ကောသလ တိုင်း၏အရှင် ပသေနဒီကောသလမင်းကြီး၏ ကျောင်းတဆောင် ပါပေသည်။ ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း၌ ကရေရိကုဋိ၊ ကောသမ္ဗကကုဋိ၊ ဂန္ဓကုဋိနှင့် သလဠာဂါရဟူ၍ အဓိကရကျောင်းကြီး လေးကျောင်းရှိရာတွင် သလဠာဂါရမှာ ပသေနဒီကောသလမင်းကြီး၏ ကောင်းမှု ဖြစ်ပေသည်။

(ဒီဃနိကာယ်၊ မဟာပဒါနသုတ် အဋ္ဌကထာ)

## ပိုင်ရှင်ပြောင်း၏ နာမည်

ကျောင်းတိုက်အတွင်းမှာ ကောသလမင်းကြီး၏ ကောင်းမှု တခု ပါဝင်သကဲ့သို့ ကျောင်းအဝင်တံခါး မုခ်ကြီးမှာလည်း ကောင်းမှုရှင်တဦးကို ကျောင်းတကာကြီးက ခွင့်ပြုထားရ၏။ သူကား တန်ခိုးသြဇာ အရှိန်အဝါကြီးသော ဇေတမင်းသားပင်

ဖြစ်၏၊ ဤဥယျာဉ်၏ ပိုင်ရှင်ဟောင်းလည်းဖြစ်၏။ ထိုပိုင်ရှင်ဟောင်း၏ အမည်ကိုအစွဲပြု၍ပင် သာသနာ့သမိုင်းဝင် ကျောင်းတော်ကြီးကို ဇေတဝန်ဟု ဘွဲ့ချီသမုတ်ကြရခြင်း ဖြစ်ပေသည်။

## အရှင်မြတ်ကို မွေ့လျော်ရာ

"လူသံသူသံ ဆိတ်ငြိမ်ရာ ဌာနတို့၌ မွေ့လျော်ကုန်၏" ဟုဘုရားရှင်မိန့်မှာတော်မူချက်အရ သင့်တင့်လျောက်ပတ်သော ကျောင်းရာမြေကို ရှာဖွေရာတွင် အနာထပိဏ်သူဌေးသည် ဤဥယျာဉ်ကို မျက်စိကျမိ၏။

သာဝတ္ထိမြို့တော်၏ အနောက်တောင်၊ ကုလလေးတာအပြန်ငါးရာအကွာတွင်ရှိသော ဤဥယျာဉ်သည် မြေဆီမြေသား ကောင်းလှ၏၊ သစ်ပင်ပန်းမာလ် မျိုးစုံ၏။ ရေတွင်းရေကန် သွားလမ်း လာလမ်းလည်း သာယာ၏။ ရှင်တော်မြတ်ဘုရား နှစ်သက်လောက်သော ကျောင်းရာမြေဖြစ်သည်မို့ အဖိုးအခ မည်မျှပင်ကြီးပါစေ အရဝယ်ယူ လှူဒါန်းမည်ဟု ဆုံးဖြတ်လိုက်၏။

## ဇေတမင်းသား၏ ဇာတိမာန်

သို့ဖြင့် ကျောင်းတကာလောင်း သူဌေး အနာထပိဏ်သည် ဇေတမင်းသားထံ ချဉ်းကပ်ခဲ့၏။ ဥယျာဉ်တော်ကို ကျောင်းရာမြေပြုနိုင်ရေးအတွက် ဝယ်ယူလိုပါကြောင်း စကားကမ်းလှမ်းခဲ့၏။ ဤတွင်ဇေတမင်းသား၏ ဇာတိမာန်က စကားဆိုလာတော့သည်။

သည်မြို့သည်နယ်၊ သည်နိုင်ငံ၌ သူတို့နှစ်ဦးမှာ ထပ်တူထပ်မျှ နာမည်ကျော်ကြားသူများဖြစ်ကြ၏။ ဇေတမင်းသားက တန်ခိုးအာဏာနှင့် မျိုးရိုးဇာတိ၊ အနာထပိဏ်မှာတော့ ပစ္စည်းဥစ္စာနှင့် မိတ်ဆွေသင်္ဂဟ။

ဤသို့ နာမည်တလုံးနှင့်နေလာကြသူ နှစ်ဦးတွင် ရောင်းသူနှင့်ဝယ်သူ မည်သူကပို၍ နာမည်ကြီးလာလေမည်နည်း။ ဧကန္တဝယ်သူက ပို၍နာမည်ကြီးပေမည်။ ရောင်းသူမှာ အသပြာများများရလေ၊ ဝယ်ရသူ၏ဂုဏ်သတင်းက ပို၍ပျံ့လေ။ "ဤ၍ဤမျှပေးကာ သူမို့ဝယ်နိုင်ပေသည်" ဟု ချီးကျူးသြဘာပေးကြပေမည်။ ထို့ကြောင့် အရောင်းအဝယ်စကား တခါထဲလမ်းစပိတ်စေတော့ ဟူသော သဘောဖြင့် "ဤဥယျာဉ်ကို ရွှေဒင်္ဂါးအပြည့်ခင်းပေးသော်မှမရောင်းနိုင်ပါ" ဟုတချက်လွှတ်ငြင်းဆိုလိုက်ပေသည်။

ဇေတမင်းသား၏ လမ်းပိတ်စကားသည် အနာထပိဏ်သူဌေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

## တရားရုံးတော် အဆုံးအဖြတ်

ဤငြင်းဆိုချက်စကားကို ကိုင်စွဲလျှက် အနာထပိဏ်သူဌေးသည် တရားရုံးတော်သို့ တက်ခဲ့၏။ ပိုင်ရှင်မင်းသားက မိမိကို ရောင်းချပြီးခဲ့ပါပြီ ဟု လျှောက်လဲ၏။ ကောသလတိုင်း၏ တည်ဆဲဥပဒေများအရ တစုံတခုသော အရာဝတ္ထုကို ပိုင်ရှင်က ကန်ဘိုးဖြတ်လိုက်လျှင် အရောင်းအဝယ် မြောက်ပြီး ဖြစ်၏

တရားသူကြီးများက ဇေတမင်းသားကိုစစ်ဆေးရာတွင် ရွှေဒင်္ဂါး အပြည့်ခင်းပေးသော်လည်း မရောင်းပါ ဆိုခဲ့ကြောင်း ထွက် ဆို၏။ ဤစကားသည်ပင် တန်ဘိုးဖြတ်ရာ ရောက်နေသဖြင့် အနာထပိဏ်သူဌေးကို အနိုင်ပေးလိုက်ကြပေသည်။

## ရွှေဒင်္ဂါး တဆယ့်ရှစ်ကုဋေ

တရားရုံးမှာ အနိုင်ရပြီးသည်နှင့် အနာထပိဏ် သူဌေးသည် ဘဏ္ဍာတိုက်ထဲမှ ရွှေဒင်္ဂါးများကို လှည်းပေါင်း များစွာဖြင့် ထုတ်စေကာ ဥယျာဉ်တော်အစပ်မှစ၍ ခင်းစေ၏။ သစ်ပင်များ ရှိရာသို့ရောက်လျှင် ရှိသမျှသစ်ပင်တိုင်း၏ အခြေမှ လုံးပတ်ကို တိုင်းယူကာကွင်းပြင်တနေရာမှာအစားခင်း၍ပေး၏။ ရွှေဒင်္ဂါး ပြားများကို တခုနှင့်တခု ကြားလပ်မရှိလေအောင် ခင်းပေးရ သဖြင့် လှည်းပေါင်းများစွာဖြင့် တိုက်ယူလာသော ရွှေဒင်္ဂါး တဆယ့်ရှစ်ကုဋေလုံး ကုန်သွား၏။ တံခါးပေါက်ပတ်ဝန်းကျင်၌ ခင်းစရာ ကွက်လပ်အနည်းငယ်မျှ ကျန်နေ၏။ အနာထပိဏ် သူဌေးသည် ထိုကွက်လပ်အတွက် ရွှေဒင်္ဂါးများ နောက်ထပ် အယူခိုင်းလိုက်၏။

## ပျော်တပြုံးပြုံး မညိုးလုံး

ဥယျာဉ်ပိုင်ရှင်ဟောင်း ဇေတမင်းသားသည် ရွှေဒင်္ဂါးများ စတင်ခင်းပေးချိန်မှစ၍ သူဌေး၏မျက်နှာကို အကဲခတ်၍နေ၏။ တဆယ့်ရှစ်ကုဋေတိတိ များပြားလှသော ရွှေဒင်္ဂါး များကို

ခင်းကာ မတန်တဆ ဝယ်ယူရသော်လည်း သူ၏မျက်နှာထား တချက်ကလေးမျှ မညှိုးနွမ်းချေ။ သူပြုလိုသော ကုသိုလ်ထည်ကို စိတ်တိုင်းကျ ပြုခွင့်ရပြီမို့ ပျော်တပြုံးပြုံးဖြစ်လျှက်သာ ရှိပေသည်။ သည်တဆယ့်ရှစ်ကုဋေငွေဖြင့် မလောက်သေး၍ နောက်ထပ် အယူခိုင်းရာ၌လည်း တွန့်တိုသော အရိပ်အရောင် လုံးဝမပေါ်လာပေ။

## တေဇမင်းသား၏ ကုသိုလ်ထည်

"သည်မျှလောက် များပြားလှသော ဥစ္စာများကို ရက်ရက်ရောရော သွန်ချ၍လှူဒါန်းခြင်းမှာ ကေန္တ ကြီးကျယ်မြင့်မြတ်သော အကျိုးကျေးဇူးရှိ၍သာ ဖြစ်ပေလိမ့်မည်"

သဒ္ဓါတရားထက်သန်လှသော ကျောင်းတကာကြီးကို အကဲခတ်ရင်း ဇေတမင်းသားသည် ဤသို့တွေးတောမိကာ....

"အိမ်ရှင်သူဌေး၊ မခင်းပါနှင့်တော့၊ သည်နေရာမှာရွှေဒင်္ဂါးများ မခင်းပါနှင့်တော့။ ကျနုပ်၏ ကုသိုလ်ကောင်းမှုအဖြစ် သည်နေရာကို ပေးပါတော့"

"ပေးပါသည် အရှင့်သား"

ဤနိုင်ငံတော်တလွှား၌ ဇေတမင်းသည် ထင်ရှားကျော်ကြားသူ အရှိန်အဝါကြီးသူဖြစ်၏။ သူလိုပုဂ္ဂိုလ် တယောက် သာသနာတော်ကြီး၌ သက်ဝင်လာလျှင် အကျိုးကျေးဇူး များနိုင်သည်ဟု နှလုံးပိုက်၍ ခွင့်ပြုလိုက်ခြင်းဖြစ်ပေသည်။

## သံဃိက ကျောင်းတိုက်တာ

အနာထပိဏ်သူဌေးသည် ကျောင်းတော်ကြီး၏ ဤသို့သော သမိုင်းကြောင်းများကို ပြန်လည်လျှောက်ထားကာ ဆက်လက်၍....

"တပည့်တော်၏ ခွင့်ပြုချက်အရ သူရရှိထားသော နေရာမှာ ဇေတမင်းသားက တံခါးမုခ်အခု ပြုလုပ်ထားပါသည် ဘုရား။ သို့ဖြစ်၍ ဤကျောင်းတော်ကိုလည်း မင်းသား၏ အမည်ဖြင့် ဇေတဝန်ဟူ၍ပင် ကမ္ပည်းမော်ကွန်း တိုးလိုက်ပါသည်။ ဤကျောင်းတော်ကြီးကို မည်သို့ လှူရပါမည့်နည်း"

"အိမ့်ရှင်သူဌေး၊ ဤဇေတဝန် ကျောင်းတိုက်တာကို သာသနာတော်တွင်းသို့ ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတံ့ဖြစ်သော အရပ်လေးမျက်နှာများမှ ရှိရှိသမျှသံဃာအား လှူလေလော့"

"ကောင်းပါပြီ အရှင်ဘုရား"

ဘုရားရှင် မိန့်တော်မူသည်အတိုင်း အနာထပိဏ် သူဌေးက ရွှေကရားဖြင့် ရေစက်သွန်း၍ လှူဒါန်းလိုက်ပေသည်။

## ကျောင်းအနုမောဒနာ တရားတော်

ဤကျောင်းရေစက်ချပွဲ၌ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ကျောင်းအနုမောဒနာတရားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ကျောင်းဟူသည် အချမ်းအပူကို သက်သာစေ၏။ မှက်ခြင် ကင်း သန်းတို့ကို ကာကွယ်တတ်၏။ မြွေနှင့် သားရဲတိရစ္ဆာန်တို့၏ ဘေးရန်ကိုလည်း ပယ်ဖျောက် တတ်၏"

"ကျောင်း ဟူသည် သည်းထန်လှသော မိုးဒဏ် လေဒဏ် အရှိန်ပြင်းလှသော နေပူဒဏ်တို့ကို ကာကွယ်၍ ပေးတတ်၏"

"ကျောင်းဟူသည် သံဃာတော် အရှင်မြတ်တို့ ချမ်းသာစွာ သီတင်းသုံးရန်၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများရန် ဖြစ်၏"

"ကျောင်းအလှူကို အမြတ်ဆုံးဟူ၍ ငါဘုရား ဟော ကြားတော်မူ၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွား ဖြစ်ထွန်းမည့် အကြောင်းကို မြော်မြင် တတ်သော ပညာရှိသည် မွေ့လျော်ဘွယ်ကောင်းသော ကျောင်း တို့ကို ဆောက်လုပ်ရာ၏။ ထိုကျောင်း၌ သိရေးမြင်ရေး တရားပေးနိုင်သော ရဟန်းများကို တင်လှူ ကိုးကွယ် ကြရာ၏"

"တရားတော်အတိုင်း ဖြောင့်မှန်စွာ သီတင်းသုံး တော်မူကြသော ထိုရဟန်းတို့အား ကြည်လင်စိတ် စေတနာဖြင့် လေးပါးသော ပစ္စည်းတို့ကို ထောက်ပံ့ လှူဒါန်းကြရာ၏"

“ထိုကျောင်းနေ ရဟန်းတို့သည် မိမိတို့ ကျောင်းတကာအားဆင်းရဲဒုက္ခဟူသမျှမှ လွတ်ရာလွတ်ကြောင်းတရားကောင်းကိုဟောကုန်ရာ၏။ ကျောင်းတကာသည် မိမိဆရာများထံမှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို အသိအမြင် ပေါက်ရောက်သည်ဖြစ်၍ အာသဝတရားတို့၏ ကင်းရာကုန်ရာ ချုပ်ရာငြိမ်းရာသို့ လက်ငင်းလက်တွေ့ ရောက်နိုင်ပေတော့သတည်း။”

ကျောင်းလှူရသော အကျိုးအရာအဖြစ်ဖြင့် ဘဝသံသရာ၌ ကြိမ်ဖန်များစွာ ကုဋေကုဋာ ခံစားရမည့် စည်းစိမ်ချမ်းသာများကိုမြွက်ဟတော်မမူဘဲ၊ လက်ငင်းဘဝမှာ ဧကန်ရရှိနိုင်သော အမြတ်ဆုံး ချမ်းသာကို ဖေါ်ညွှန်းတော်မူခဲ့ပုံမှာ အားရစရာကောင်းလှပါပေသည်။

* * *

## အရှင်မဟာသာရိပုတ္တရာ၏ ကျေးဇူးသိစိတ်

### ကျနုပ်၏ဆရာတဆူ

ကျနုပ်တို့၏ စိတ်နှလုံးကို ပွားများစေတတ်သော သီတင်းသုံးဖေါ်အရှင်မြတ်များက ကျနုပ်ကို "ပိဋကတ်သုံးပုံဆောင်" ဟူသော ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးမြှောက်ခဲ့ကြပါသည်။ "တရားဘဏ္ဍာတိုက်စိုး" ဟူ၍လည်း တနည်းတဖုံ ဂုဏ်တင်၍ပေးကြပါသေးသည်။

တသက်တာပတ်လုံး လေ့လာဆည်းပူးလာခဲ့သော စာပေပရိယတ်များအတွက် ထိုကဲ့သို့သော ဘွဲ့ထူးဂုဏ်ထူးများကို ထိုက်တန်စွာရခဲ့သည်မှန်ပါ၏။ သို့ရာတွင် ဤသို့ရခဲ့ခြင်းမှာ ကျနုပ်၏ စွမ်းအားသတ္တိ တခုတည်းကြောင့်မဟုတ်ပါ။ ဘုရားရှင်နှင့်တကွ တရားစစ်ဗိုလ်ချုပ်ကြီး ဖြစ်ပေသော အရှင်မဟာသာရိပုတ္တရာတို့၏ ကျေးဇူးများကို ထိပ်ဆုံးမှ ဖေါ်ပြရပါလိမ့်မည်။

အနယ်နယ်အရပ်ရပ်၌ ပုဂ္ဂိုလ်အမျိုးမျိုးတို့အား ဟောကြားတော်မူခဲ့သော တရားတော်များကို ဘုရားရှင်က ကျနုပ်တို့ကို တဆင့် စိတ်ရှည်လက်ရှည် ပြန်လည်၍ ဟောပြတော် မူခဲ့၏။ ဘုရားဟောဒေသနာတော်တို့၏ ခက်ရာခက်ဆစ်များကို အရှင်မဟာသာရိပုတ္တရာက ရှင်းလင်းဖွင့်ဆို၍ပေးခဲ့၏။ ထိုအရှင်မြတ်

ကြီးထံမှပင် အသစ်အသစ်သောတရားဒေသနာများကို ကြားနာခွင့်ရပြန်သေးသည်။ ဉာဏ်ပညာအရာတွင် အလယ်အလပ်တန်းမျှသာရှိခဲ့သော ကျနုပ်လိုပုဂ္ဂိုလ်မျိုးအဖို့ ဤကဲ့သို့သော အမှိကောင်းကြီးများ မရခဲ့ပါလျှင် သာသနာတော်၏ ထိပ်ဆုံးတန်းက ဘွဲ့ထူး၊ ဂုဏ်ထူးကြီးများကို ဆွတ်ခူးနိုင်မည် မဟုတ်ပါချေ။

(အာနန္ဒထေရဂါထာ)

## ကိုယ်တွေ့မျက်မြင် ဂုဏ်ကျေးဇူးများ

ရှေးနားက တင်ပြခဲ့သော အဂ္ဂသာဝကနှစ်ပါးတို့ ရောက်လာပုံ အခန်းမှာ ထိုအရှင်မြတ်ကြီးအထံမှ ကြားနာမှတ်သားရသည့်အထဲမှ ဖြစ်ပေသည်။ ဤသို့တဆင့်ကြား သုတစကားများကို အခြေခံပြီးနောက် ယခုကိုယ်တိုင်ဒိဋ္ဌ တွေ့တိသိမြင်ခဲ့ရသော အကြောင်းများကို တင်ပြပါတော့မည်။

သာသနာ့ အရိပ်အာဝါသကြီးအောက်၌ အရှင်မြတ်ကြီးနှင့် အတူတကွ နှစ်ပေါင်းလေးဆယ်ကျော် ဆက်ဆံနေထိုင်၍ လာခဲ့ရသည်နှင့်အမျှ အရှင်မြတ်ကြီး၏ ကျေးဇူးဂုဏ်တို့ ဓာလည်းပြောပြ၍ မကုန်နိုင်အောင် ရှိလာကြပေသည်။ ကျေးဇူးဂုဏ်အနန္တများလှသည့်အထဲမှ ကျွန်ုပ် နှစ်လိုအားရ ကြည်ညိုလွန်းလှသော ကြောင်းခြင်းရာကို ပထမဦးစွာ တင်ပြပါမည်။

## တောကိုးကွယ် တောင်ကိုးကွယ်

အယူအစွဲ အမျိုးမျိုးဖြင့် ကိုးကွယ်ရာ အသီးသီး ရှိနေကြသော လူမျိုးစုတို့သည် တောကိုလည်း ရှိခိုးကြ၏၊ တောင်ကိုလည်း ပူဇော်ကြ၏။ နေ လ နက္ခတ်ဘာရာကိုလည်း အရိုအသေပြုကြ၏၊ ကမ္ဘာလောက သတ္တဝါအနန္တတို့ကို ဖန်ဆင်းသော အရှင်သခင်များကိုလည်း မမြင်ရပါဘဲလျက် ကိုးကွယ်ဆည်းကပ်၍နေကြ၏။ အရာဝတ္ထုတခုခုကို သတ်မှတ်၍ မထားဘဲ အရပ်မျက်နှာကို ဦးခိုက်နေသူများကလည်း ရှိကြပေသေးသည်။

## အသိခက်သော အကျင့်တခု

အရှင်မဟာသာရိပုတ္တရာသည် အယူအစွဲဟူသမျှ လုံးဝ ကင်းစင်တော်မူသော ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက စင်စစ် ကောန်ဖြစ်၏။ သို့ပါလျက် အရှင်မြတ်ကြီး၏ ထူးခြားသော အပြုအမူတခုမှာကား အတွေးရခက်စရာပင် ဖြစ်ပေသည်။ ကျနုပ်တို့သီတင်းငယ် ရဟန်းများလောကတွင် ဤအပြုအမူ တခုအတွက် တီးတိုး တီးတိုး သဖန်းပိုး ဖြစ်နေကြရ၏။ သိဋ္ဌည်း ဆရာထံမှ မှားယွင်းသော အယူအဆများက ယခုတိုင်ကျန်ရှိနေသေးသောသဘောဟု တချို့က ထင်ကြေးပေးကြ၏။

အသိအမြင်ကျယ်၊ ရဟန်းသိက္ခာ ငယ်ရွယ်သူများအား သို့လော သို့လောဖြစ်စေရန် ဖန်တီး၍ ပေးပေသော အပြုအမူမှာကား အခြားမဟုတ်ပေ။ ညချမ်းကာလ အိပ်စက်ဘို့ ဝင်ကြ

စို့ ဆိုလျှင် အရှင်မဟာသာရိပုတ္တရာသည် အရှင်အဿဇိရှိရာ အရပ်ဌာနစုသို့ ဦးသုံးကြိမ်ချကာ ထိုအရှင်ရှိရာကိုသာ ခေါင်း ပြု၍ အိပ်စက်ခြင်းပါတည်း။

## ကတညုတ မင်္ဂလာ

လေးစားအပ်သော မထေရ်မြတ်ကြီးဖြစ်၍ သူ့ရှေ့မှာ တစုံ တရာ ဝေဘန်ခြင်း မပြုရဲကြပါ။ ကွယ်ရာမှသာ တစတစ စကားကျယ်ပြန့်၍နေကြ၏။ နောက်ဆုံးဘုရားရှင် ရွှေနားတော် ထိ ပေါက်ကြား၍သွားပေသည်။ ဘုရားရှင်က ကာယကံရှင် ဖြစ်သော အရှင်သာရိပုတ္တရာကို ခေါ်တော်မူကာ သံသယဝင် နေကြသော ရဟန်းပရိသတ် ရှေ့မှောက်တွင် မေးမြန်းတော် မူရ၏။ အရှင်သာရိပုတ္တရာကလည်း ဟုတ်တိုင်းမှန်စွာ တင် လျှောက်ပေသည်။ ဤတွင် ဘုရားရှင်က ရဟန်းတို့ကို နှလုံးပြု စရာ တရားတပုဒ် ဟောထုတ်တော်မူပေသည်။

> "သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ တရားတော်ကို အကြင် သူထံမှ ကြားနာရ၍ တရားအသိ ရရှိ၍လာခဲ့၏၊ မီး ကိုးကွယ်သော ဗြာဟ္မဏတို့သည် မီးကို နေ့စဉ်နှင့် အမျှ ပူဇော် ကိုးကွယ်နေကြဘိသကဲ့သို့ ထိုကျေးရှင်ကို အစဉ် ထာဝရ ရှိခိုးဦးချအပ်ပေသည်"

(ဓမ္မပဒ အဋ္ဌကထာ၊ ဗြာဟ္မဏဝဂ်၊ သာရိပုတ္တ ထေရဝတ္ထု)

## ဟိုစဉ်တုန်းက ဤမင်္ဂလာ

ပညာဂုဏ်ယူးဆောင် သာဝတ္ထိကြီး၏ ကတည်းက မင်္ဂလာအတွက် အနုမောဒနာတရားတပုဒ် ဟောထုတ်တော်မူရသော ဘုရားရှင်သည် တခါတုန်းကလည်း ဤအရှင်၏ ဤမင်္ဂလာအတွက်ပင် သာဓုခေါ်ခဲ့ရဘူးပေ သေးသည်။

ရာဓ အမည် ရှိသော ဗြာဟ္မဏ အဖိုးအို တယောက် သည် သာသနာ့ဘောင် ဝင်ရောက်၍ ရဟန်းများထံ အသနားခံ၏။ အရွယ်ကောင်းသူများကို အလှယ်တကူ ရဟန်းပြုပေးခဲ့ကြသော ထိုရဟန်းတို့သည် ရာဓအဖိုးအိုကိုကား ပြုပေးချင်စိတ်မရှိကြပေ။ သည်အဘိုးအိုမှာ အားကိုးလောက်သော အရည်အချင်း ဟူ၍ မရှိ။ ခရမ်းသီးပိန်နှင့် ခါးတုံးတုံး ဥပမာကဲ့သို့ ဘယ်နေရာမှာမှ အသုံးချ၍ရမည့် ပုံမပေါ်။ သည်လို လူအို လူမင်း တယောက်အား သာသနာ့ဘောင် လက်ခံလိုက်လျှင် ငယ်ရွယ်သူများ အတွက် စိတ်အနှောက်အယှက် ဖြစ်ရုံသာရှိပေလိမ့်မည်။

## အထီးကျန် အဖိုးအို

ရဟန်းများ တွေးထင်ထားသည့်အတိုင်းပင် ရာဓ အဖိုးအိုမှာလည်း ထိုင်စား လောက်သော ဥစ္စာထုပ် မရှိပါ။ ရှိသည့် သားမယားများကလည်း သူ့ကိုမကြည်ဖြူ လူအိုပေတုံးထမင်း မြုန်းဟု ဆိုကာ အိမ်ထဲကပင် ဆွဲထုတ် ထားကြသေး၏။ သူ့ ခမြာ သူတကာပေးသမျှနှင့် မဝတဝ စားသောက်၏။ သို့သော် ရာဓအဖိုးအိုရဟန်းပြုလိုရခြင်းမှာ ဤသို့သော ဆင်းရဲချို့တဲ့မှုကို

ကြောက်ရုံသက်သက်ဖြင့်မဟုတ်ပါ။ သာသနာတော်ကြီး အဆုံးအမကို သက်တမ်းရှိသေးသမျှတွင် ခံယူလို ကျင့်သုံးလိုမှုလည်း ပါဝင်၍နေပေသည်။ မိမိခံယူလိုသော ရဟန်းဘဝ၊ မိမိမြတ်နိုးလှသော ကျင့်ဝတ်သိက္ခာများကို ခံယူခွင့် ကျင့်သုံးခွင့် မပြုကြသဖြင့် ရာဇ အဖိုးအိုမှာ မစားနိုင် မသောက်နိုင် ဖြစ်ရ၏။ အသားအရေများ ခန်းခြောက် ညှိုးမှိန်လာ၏။ သွေးအားနည်းသဖြင့် ဖြူဖတ်ဖြူရော်ဖြစ်လာ၏။ အသားအရေ ခန်းခြောက်လေ အကြောပြိုင်းပြိုင်းကြီးများက ထင်ပေါ်လာလေ၊ သူ့တကိုယ်လုံးဝယ် ကွန်ယက်များဖြင့် ခင်းထားသလား အောက်မေ့ ရပေသည်။

## ကယ်ဖို့တော့ ကြုံပါ၏

တနေ့မှာတော့ သူ့အတွက် ကယ်ဖို့ကြုံလာသည်ဟူ၍ပင် ဆိုရပါတော့မည်။ စိတ်ထောင်းကိုယ်ကြေဘဝဖြင့် မသေရုံတမည်သာ ရှိနေသော ထိုအဖိုးအိုသည် ဘုရားရှင် နှင့် တွေ့ဆုံခွင့်ရလိုက်၏။ ဗြာဟ္မဏအဖိုးအို၏ သဒ္ဓါတရားကို သိထားပြီး ဖြစ်၍ ဘုရားရှင်က ရဟန်းပြုပေးမည့် ပုဂ္ဂိုလ်များကို စုံစမ်းတော်မူရာ မည်သူမှ ခေါင်းထောင်မလာကြပေ။ သူတို့အထဲ၌ ကျနုပ်တပါးအပါအဝင် ဖြစ်သည်ကို ဝန်ခံရပါလိမ့်မည်။

## မမေ့နိုင်သော ဆွမ်းတယောက်မ

သို့နှင့်ဘုရားရှင်သည် အရှင်မဟာသာရိပုတ္တရာကို ခေါ်တော်မူကာ....

"သာရိပုတ္တရာ၊ ဤဗြာဟ္မဏ၏ ကျေးဇူးတစုံတရာကို အောက်မေ့ မိပါ၏လော"

နောက်ဆုံး မြွှော်လင့်ချက်တခု အဖြစ်ဖြင့် ပေးတော်မူလိုက်ရ၏

"အောက်မေ့မိပါသည် အရှင်ဘုရား၊ ရာဇဂြိုဟ်မြို့တွင်းမှာ ဆွမ်းခံဝင်စဉ်က တပည့်တော်ကို ဆွမ်းတယောက်မ လောင်းဘူးပါသည်။ သူ့ကျေးဇူးကို ဆပ်သောအားဖြင့် မည်သူမျှ ပြုမပေးချင်သော ဤအဖိုးအိုကိုတပည့်တော်တာဝန်ယူပြီး ရဟန်းပြုပေးလိုက်ပါမည် ဘုရား"

"သာဓု၊ သာဓု၊ သာဓု သာရိပုတ္တရာ သူ့ကျေးဇူးကို သိတတ်ပေစွ"

## အိုမင်းရွတ်တွ ပထမ

ပညာဂုဏ်ထူးရ သာဝကကြီးကို ဘုရားရှင်က သာဓုခေါ်တော်မူကာ ရဟန်းခံမှုနှင့် ပတ်သက်သော ဝိနည်းပညတ်ချက် တခုကို ထပ်ဆင့် ထုတ်ပြန်တော်မူပေသည်။

"ရဟန်းတို့ ယခင်က သရဏဂုံ သုံးပါးတို့ဖြင့် ရဟန်းပြုပေးခြင်းကို ငါဘုရား ခွင့်ပြုထားခဲ့၏ ထို ခွင့်ပြုချက်ကို ယနေ့မှစ၍ ငါဘုရား ပယ်ဖျက်လိုက်၏။ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြု၏"

ကျနုပ်တို့ သာသနာ့ သမိုင်းတလျှောက်ဝယ် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပထမဦးစွာ ရဟန်းပြုခွင့်ရသူကား အိုမင်းရွတ်တွ ထိုဗြာဟ္မဏ သူဆင်းရဲကြီးပင် ဖြစ်ပါ၏။

## ဆရာမှတ်မှတ် တပည့်မှတ်မှတ်

ပြဟ္မဏ သူဆင်းရဲကြီး၏ ရဟန်းခံကိစ္စကို အရှင်သာရိပုတ္တရာ၏ မျက်နှာဖြင့် ရဟန်းများက ဝိုင်းဝန်းကူညီ၍ ပေးကြပါ၏။ သို့သော်ရဟန်းပြုပေးပြီးသည့်နောက်မှာကား အရှင်သာရိပုတ္တရာ၏ တာဝန်များချည်း ဖြစ်တော့၏။

'သက်တော်ခြောက်ဆယ် ဝါတော်တစ်' ဟု ဆိုလောက်သော ရဟန်းကိုယ်တော်ကြီးမှာ နေရာတကာ သူများနောက်က ချည်းဖြစ်၏။ ရလာသမျှလာဘ်လာဘများကို ထေရ်စဉ်ဝါလိုက် ဝေစုခွဲကြသောအခါ နောက်ပိတ်ဆုံး ပုဂ္ဂိုလ်ကြီးအတွက် အညံ့ဆုံး ပစ္စည်းများသာ ကျန်တော့၏။ ဤတွင် အရှင် မဟာသာရိပုတ္တရာက သက်ကြီးရွယ်အို ပုဂ္ဂိုလ်ကြီးအတွက် သင့်တင့်လျောက်ပတ်သော အိပ်ရာနေရာနှင့် ခံတွင်းတွေ့မည့် အစားအသောက်များ ရရှိစေရန် သူ့ဝေစုကိုပေးခဲ့၏။ သံဃာ့လာဘ်လာဘအဖြစ် မိမိရရှိသောဝေစုကို တပည့်ကြီးထံ ပေးအပ်ကာ သူကိုယ်တိုင်ကား ဆွမ်းခံကြွ၍ ဘုဉ်းပေးရပေသည်။

## မိုးကုန်မှ ချသည့် ထွန်းကြောင်းများ

အထိုးကျန် အဖိုးအိုတယောက်အား ဤသို့ ဂရုတစိုက် ပြုစုပေးလိုက်သည့်အတွက် ငွေလဝန်းကြီးအနားဝယ် ကြယ်တာရာတလုံး ထွန်းလင်းပေါ်ပေါက်၍ လာရပေသည်။ မိုးကုန်မှ ထွန်ချရသည် ဖြစ်သော်လည်း ဆရာကောင်း တပည့် အရှင်ရာဓ၏ ထွန်းရေး ထွန်ကြောင်း များကား ဖြောင့်တန်း လှပကြပါပေ

သည်။ ခန္ဓဝဂ်၊ ရာဓသံယုတ်ကို သင်အံကြားနာဘူးသူတိုင်းပင် ထိုထွန်ရေး ထွန်ကြောင်း များကို အားရကျေနပ်ကြပါ လိမ့်မည်။

ထိုရာဓသံယုတ်၌ နူးညံ့သိမ်မွေ့၍ခလေးနက်လှသော တရားသဘောများကို တဆင့်ပြီးတဆင့် မေးမြန်းလျှောက်ထားသဖြင့် ဘုရားရှင်ကလည်း မေးသမျှကို ဆစ်ဆစ်ပိုင်းပိုင်း ဖြေတော်မူရပေသည်။

ဤသို့ ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကို တဆင့်ပြီးတဆင့် ပွင့်လင်းအောင် အကျိုးဆောင်ပေးနိုင်သဖြင့် စားရမဲ့ သောက်ရမဲ့ အိုမင်းမစွမ်းဖြစ်လာခါမှ ရဟန်းပြုလာရသော ပုဂ္ဂိုလ်ကြီးသည် "ပဋိဘာနေယျကတေဒဂ်" ဂုဏ်ထူးကြီးကို ဆွတ်ခူးနိုင်ခဲ့ပါပေသည်။

ဤသို့အားဖြင့် ဆွမ်းတယောက်မ၏ ကျေးဇူးကိုယ်ပင်သိဘတ်လှသော အရှင်မဟာသာရိပုတ္တရာသည် အမှန်မြတ်ဆုံးသော အမြိုက်ဩဇာကိုပေးခဲ့သည့် အရှင်အသဇိအားအဘယ်မှာ မေ့လျော့၍ထားနိုင်ပါမည်နည်း။ အဘယ်မှာ အလေးမပြုဘဲ နေနိုင်ပါမည်နည်း။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဒက၊ ဥပဇ္ဈာယဝတ္တဘာဏဝါရ။
အင်္ဂုတ္တရအဋ္ဌကထာ၊ ရာဓထေရဝတ္ထု၊)

## သူမတူသော သည်းခံစိတ်ဓါတ်

### ဝါဆိုသင်္ကန်း လှူဒါန်းချိန်

အရှင်အဿဇိ ရှိရာအရပ်သို့ ရှိခိုး၍အိပ်ခဲ့သော ထိုနမူနာကဲ့သို့ပင် ထိုအရှင်မြတ်ကြီးအပေါ် သံသယဝင်စရာကောင်းသော အချက်တခုလည်း ရှိပေသေး၏။ အရှင်မဟာ သာရိပုတ္တရာသည် တခါက တောရွာကြီးတရွာသို့ တပည့်ရဟန်းများစွာနှင့် တကွ ဝါဆို၏။ သီတင်းဝါလကျွတ်သောအခါ တကာတကာမများက ပါဆိုခဲ့သော ရဟန်းများအား သင်္ကန်းများ လှူဒါန်းနေကျ ဖြစ်၏။ ဝါဆိုသောရဟန်းများအား လှူဒါန်းသဖြင့် ဝါဆို သင်္ကန်းဟု ဆိုနိုင်ပေသည်။

ထိုရွာမှ တကာတကာမ များကလည်း အရှင်မဟာသာရိ ပုတ္တရာ အမှူးရှိသော သံဃာတော်များအား ဝါဆိုသင်္ကန်း လှူဒါန်းရန် စီမံကြပါ၏။ သို့ရာတွင်အရှင်မြတ်ကြီးက သင်္ကန်း ပြီးအောင်မနေပေ။ ဝါကျွတ်သည်ဆိုလျှင်ပင် ဘုရားရှင်ရှိရာ ထွက်လာခဲ့၏။ တကာတကာမများက ဝါဆိုသင်္ကန်း လှူလာ ကြလျှင် ရဟန်းငယ်များနှင့် သာမဏေများ၏ရစုကို ယူလာခဲ့ကြ သို့မဟုတ် ကောင်းမွန်စွာသိမ်းဆည်း၍ သတင်းစကားပို့လိုက်ကြ ဟု မှာကြားခဲ့၏။

## သံသယစွက်သော သတင်းစကား

ထိုအမှာစကားသည် တဆင့်စကား တဆင့်နားဖြင့် ဘုရားရှင်ထံတော်ထိ ရောက်လာခဲ့၏။ သို့ရောက်လာရာ၌သည်း သတင်းစကားချည်းသက်သက်မဟုတ်ပေ။ "ယနေ့ထိအောင်ပင် သည်အရှင်မှာ ပစ္စည်းတကျာ ရှိနေသေးသလား" ဟူသော သံသယစကားများနှင့် အတူတကွဖြစ်၏။ အရှင်မြတ်ကြီး ကဘော့ ပတ်ဝန်းကျင်က မည်သို့ပင် ဝေဘန်နေပါစေ၊ သူ့ ဝသီအတိုင်း နှုတ်မှတိ၊ မတုန်မလှုပ်သာရှိဘိ၏။ သို့ရာတွင် အထင်မမှားထိုက်သောပုဂ္ဂိုလ်အား အထင်မှားရာမှ မပြုထိုက်သော အပြုမှားမှပြောထိုက်သော စကားမှားများကို မပြုရ၊ မပြောကြရစေရန် ဘုရားရှင်က ကြားဝင်၍ ရပ်တော်မူရပေသည်။

## ရွှေ့ရောနှောက်ပါ မတွယ်တာ

အကြင်ပုဂ္ဂိုလ်သည်ဤဘဝနှင့်ပတ်သက်၍လည်းမတွယ်တာ။ နောင်ခါကာလ၊ နောင်ဘဝများနှင့် ပတ်သက်၍လည်း မြော်လင့်တောင့်တခြင်းမရှိ။ ကိလေသာမယှဉ် စင်ကြယ်သော စိတ်နှလုံးရှိသော ထိုပုဂ္ဂိုလ်အား သူတော်စင်ဘပါးဟူ၍ ငါဘုရားဟောကြားတော်မူပေသည်။

ဝါဆိုသင်္ကန်းများနှင့် ပတ်သက်၍ အရှင်မြတ်ကြီး၏ ရည်ရွယ်ချက်မှာတ ကာတကာမများ၏ ကုသိုလ်တောင်းမှု ဖြစ်ထွန်းစေ၊ ရဟန်းငယ်နှင့် သာမဏေများလည်း အဝတ်သင်္ကန်း

ပြည့်စုံစေဟု၍ သာဖြစ်၏။ သဘောမှန်ကိုအမှန်အတိုင်း သိတော်မူသဖြင့် ဤကဲ့သို့ ရပ်တည်လာတော်မူခြင်း ဖြစ်ပေသည်။

(ဓမ္မပဒ။ ဗြာဟ္မဏဝဂ်၊ သာရိပုတ္တထေရဝတ္ထု၊)

## အာသဝနှင့် သဘာဝ

အမှန်စင်စစ်အားဖြင့် ရဟန်းဖြစ်၍ ဆယ့်ငါးရက်ကြာသော နေ့မှာပင်၊ ထိုအရှင်မှာ ကိလေသာဟူသမျှ၏ ချုပ်ငြိမ်းရာကို မျက်မှောက်ပြုပြီးဖြစ်၏။ အမြင့်မြတ်ဆုံးသော အသိဥာဏ်ဖြင့် အလိုအာသဝဟူသမျှကို ပယ်စွန့်ပြီးဖြစ်၏။ သို့ရာတွင် အလိုအာသဝများနှင့် မရောမယှက် သဘာဝသက်သက်မျှသော ရုပ်နာမ်ခန္ဓာတို့၏ တောင့်တမှုကား ရှိနေဆဲသာဖြစ်၏။

သဘာဝသက်သက်မျှသာဖြစ်သောထိုတောင့်တမှုကို တကယ်
တာ ်း နားလည်ထားသူများနှင့်ဆိုလျှင် ကိစ္စမရှိပါ။ စိတ်မချမ်း
မြေ့ စရာများ ဖြစ်ပေါ်၍မလာနိုင်ပါ။ သဘာဝ သက်သက်ကို
သဘာ ဝ သက်သက်မျှပါကလားဟု မသိတတ်သော ပုဂ္ဂိုလ်
မျိုးနှင့် ကြုံမိလျှင်ကား ရာသက်ပန်ပြောဆို၍ မပြီးနိုင်သော
ကိစ္စကြီ းများ ဖြစ်လာရတော့သည်။

## မုန့်ဆီကျော်တခု

စကား ပ်လာသည့်အခိုက် ဆက်လက်၍ တင်ပြရပါဦးမည်။
တနေ့သ၌ ဟန်းတပါး ဆွမ်းခံပြန်အလာတွင် မုန့်ဆီကျော်
တခုပါလာခဲ့ ၏။ အချိုရေများဖြင့်ပြည့်ဖောင်းနေသော ထိုမုန့်

တွင် ထောပတ်နံ့ကလည်း သင်း၍နေ၏။ မုန့်ရှင်ရဟန်းသည် သပိတ်ကို ဆွမ်းစားကျောင်းမှာထားကာ လက်စမသတ်ခဲ့သော ဝေယျာဝစ္စကိစ္စအလုပ်ဆီသို့ သွား၏၊ အရှင်မဟာ သာရိပုတ္တရာ သည် မထေရ်ကြီးပင်ဖြစ်စေကာမူ သံဃာ့ဝေယျာဝစ္စ အလုပ် များကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်လေ့ရှိ၏။ ရေခပ်ခြင်း၊ တံမြက်လှည်းခြင်းမှစ၍ ဝစ္စကုဋိ သုတ်သင် ရှင်းလင်းရာတွင် ပင် မပါဘဲမနေပေ။ ထိုနေ့ကဆွမ်းခံမလိုက်ပဲ ကျောင်းဝေယျာ ဝစ္စအမှု တော်တော်များများ ဆောင်ရွက်လိုက်ရ၍ ကိုယ်တော် မြတ်မှာ ဝမ်းဟာ၍လာရ၏။ အစာအာဟာရကို တောင့်တနေ ဆဲတွင် စားချင်သဖွယ် မုန့်တခုကို သပိတ်ဖုံးပေါ်မှာ အရုံသင့် တွေ့ရ၏။ သပိတ်ကိုကြည့်ခြင်းအားဖြင့် အကျွမ်းတဝင် ခင်မင် ရင်းနှီးသော ရဟန်း၏ဥစ္စာဖြစ်ကြောင်း သိရ၏။ ထိုရဟန်းနှင့် ထိုအရှင်မြတ်ကြီးတို့ တပါးနှင့်တပါး ဝေခွဲမျှတ၍ စားသောက် နေကြလည်းဖြစ်၏။ သို့ဖြစ်၍မိမိမွတ်သိပ်နေသည့်အခိုက် ဤမုန့် ကိုယူစားသော်လည်း မိမိအပေါ် ကြည်ဖြူမည်သာဟု သဘော ပိုက်ကာ မုန့်တခုလုံးကို စားလိုက်မိတော့၏။

## အကျွမ်းဝင်သူနှင့် အကျွမ်းမဝင်ချင်သူ

သို့နှင့်ကျနုပ်တို့အားလုံး ဆွမ်းစားကျောင်းပေါ်တက်လာကြ၏။ သပိတ်ကိုယ်စီဖြင့် မိမိနေရာသို့ အသီးသီးထိုင်မိကြ၏။ ဆွမ်းခံ မကြွသော အရှင်မဟာသာရိပုတ္တရာ၏ သပိတ်ထဲသို့ ကောင်းနိုး ရာရာ ဆွမ်းနှင့်ဟင်းလျာ တပါးပြီးတပါး ထည့်၍ပေးကြ၏။ ထိုစဉ်ခိုက်မှာပင် "ငါ့မုန့်ကို မည်သူစားသနည်း" ဟူသော အသံမာမာကြီး မြည်ဟိန်းလာခဲ့၏။

"ငါ့ရှင်၊ ငါသာသာနှင့် စားလိုက်မိပါသည်။ ငါ့ရှင်ပစ္စည်းကို အကျွမ်းဝင်ခြင်းဖြင့် ယူစားလိုက်မိပါသည်"

တခွန်းတည်းသော မေးခွန်းအဆုံးမှာပင် အရှင်မဟာ သာရိပုတ္တရာက ဝန်ခံလိုက်၏။ မေးသောအသံက တင်းမာခက်ထန်သည်နှင့်အမျှ ဖြေကြားသောအသံကား သာယာညှင်းပြောင်းရှိပါဘိ၏။ ဤလိုထူးထူးခြားခြားစားသောက်ဖွယ် တခုခုရလာလျှင် အရှင်မြတ်ကြီးကို သူ့ထက်ငါ လှူနေကျ ရဟန်းပရိသတ်သည် ထိုရဟန်း၏အပြုအမူကြောင့် အထူးတဆန်း ဖြစ်နေကြရ၏။

"ဩ....စားရသည့်ပုဂ္ဂိုလ်တာ တယ်လွယ်လွန်း လှပါကလား။ စားကောင်း သောက်ဖွယ်မှန်လျှင် မကြိုက်သူ ရှိပါ့မလား"

ထိုစကားဆုံးသည်နှင့်ဆွမ်းစားကျောင်းတခုလုံး တိတ်ဆိတ်၍ သွားပေသည်။

## ထိုနေ့တုန်းက သံဝေဂ

အရှင်မြတ်ကြီးအတွက် စိတ်မကောင်းခြင်း၊ ပြောရက်သော ရဟန်းအားမကျေနပ်ခြင်း၊ ပြောမိသူရဟန်း၏ နောင်တကြီးစွာ ပူပန်ခြင်း၊ ဤသို့သောခံစားချက်များဖြင့် ပတ်ဝန်းကျင်ရဟန်းများ စိတ်နှလုံးတုန်လှုပ်နေကြဆဲတွင် အရှင်မြတ်ကြီး ကတော့ တည်ငြိမ်သောဣန္ဒြေဖြင့် မိမိသပိတ်ထဲမှ ဆွမ်းများကိုသာ အေးဆေးသက်သာ ဘုဉ်းပေးလျှက်ရှိပေသည်။ သို့သော် ထိုနေ့မှစ၍ ထူးခြားချက်တခုကား ပေါ်ပေါက်၍လာခဲ့၏။ အရှင်မဟာ

သာရိပုတ္တာရာသည် ထိုကိစ္စနှင့် ကြုံရသည်မှစ၍ ရာသက်ပန် မုန့်မစားတော့ခြင်းပင် ဖြစ်ပါ၏။ သတိသံဝေဂ ကြီးမားတော်မူပေစွ။

(ကေကနိပါတ်၊ ဝိသဝန္တဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု)

## ရန်ညိုးမသို စိတ်မတို

တရက်တာကိစ္စကြောင့် တသက်လုံးမုန့်မစားဘဲ နေခြင်းဖြင့် သည်ပုဂ္ဂိုလ်ကြီးသည် စိတ်ထိခိုက်လွန်းလေစွ။ ဟုဆိုချင်လျှင် ဆိုနိုင်ပါ၏။ သို့သော် ထိုသို့ဆိုလာသူအား အရှင်မြတ်ကြီး၏ တပည့်တဦးဖြစ်သော ကျွန်ုပ်ကလည်း ဤအမှုတွဲတခုကို တင်ပြခြင်းဖြင့် ပြန်လည်ချေပရပါလိမ့်မည်။

## ကြုံရဆုံရ မှုကိစ္စ

ယခင်ကိစ္စများတုန်းက ငယ်ရွယ်သူများ၏ သံသယကို ဘုရားရှင် ဖြေရှင်းပေးတော်မူသည်အတိုင်း ခပ်မဆိတ် နေ၍ရခဲ့၏။ ယခုတဖန် ကြုံလာရသောကိစ္စမှာကား ခပ်မဆိတ်နေ၍ မရနိုင်တော့ပါ။ ယခင်လိုကွယ်ရာမှာ စကားတင်းဆိုရုံ မဟုတ်တော့ဘဲ ဘုရားရှင့် ရှေ့တော်မှောက်တွင် အတိအလင်း စွဲချက်တင်သူ ရှိလာပြီမို့ ပရိသတ်အလယ်မှာ သံသယကင်းအောင် ကိုယ်တိုင် ကိုယ်ကျ ဖြေရှင်းရပါတော့မည်။

တရားလိုကား.... မဆင်ရှားသော ရဟန်းတပါး။

အမှုကား.... ရိုက်မှု။

ရုံးတော်ကား.... ဘုရားရှင့် ရှေ့တော်။

အမှုသွားအမှုလာကား ဤသို့တည်း။

## အမည်မသိ ရဟန်းတပါး

ဘုရားရှင်နှင့်အတူတကွ ဝါဆိုရာမှ ဝါကျွတ်၍ အရှင်သာရိပုတ္တရာတပါးတည်း ဒေသစာရီ လှည့်လည်ရန် ထွက်ခွာလာခဲ့ရာတွင် ရဟန်းများစွာတို့က လိုက်၍ပို့ကြ၏။ သို့လိုက်ပို့ကြသည့် ထဲတွင်တရားလိုရဟန်းလည်းပါ၏။ ကျောင်းတော်မှ အတန်ငယ် ထွက်လာမိလျှင် အရှင်မဟာ သာရိပုတ္တရာသည် လိုက်ပို့သော ရဟန်းများအား ပြန်လွှတ်၏။ ကိုယ်ပိုင်နာမည်၊ မျိုးရိုးနာမည် များဖြင့် တပါးချင်းကိုနှုတ်ခွန်းဆက်၏။ ကာရံမသင့်ချင်တော့ ရဟန်းများစွာ၏ အမျိုးအမည်ကိုသိပါလျှက် ထိုရဟန်း၏အမျိုး အမည်ကိုကား မထေရ်မြတ်ကြီးမမှတ်မိပေ။ ကျောင်းတိုက်တာ တခုတည်းမှာ အတူနေလာခဲ့ပြီး ယခုမှ အမည်နာမ မေးနေရန် လည်း မသင့်ချေ။ သို့ဖြစ်၍ထိုရဟန်းကိုနှုတ်မဆက်နိုင်ဘဲ အသာ ရှောင်၍သွားရ၏။ ဤသို့ရှောင်၍သွားခါမှ ကာရန်မသင့်သော ကိစ္စနှင့် ထပ်၍ကြုံလာရပြန်ချေသည်။

## ထန်းသီးကျွေခိုက် ကျီးပျံခိုက်

အမှန်အားဖြင့် ထိုရဟန်း၏အမျိုးအမည်ကို ကျနုပ်ကိုယ်တိုင် လည်း မသိပါ။ အမျိုးအမည်ဆာလည်းမထင်ရှား အကျင့်သိက္ခာ ဉာဏ်ပညာ အားဖြင့်လည်း တစုံတရာ ထူးခြားမှု မရှိ။ နောက်ပြီး ရဟန်းပြုလာသည်ကလည်း ဘာမှကြာသေးသည် မဟုတ်။ ဤသို့အားဖြင့် သိသင့်သိထိုက်သော ဂုဏ်အင်္ဂါများ မရှိသေး၍ မသိသေးသည်ကို ခွင့်လွှတ်စိတ် မွေးမြူနိုင်လျှင်

ကောင်းပါ၏။ သို့သော်ထိုရဟန်းတား ခွင့်လွှတ်စိတ်မွေးနိုင်စွမ်း အားမရှိပေ။ ရဟန်းပရိသတ် အလယ်မှာ မိမိတပါးတည်းကို နှုတ်မဆက်ပဲ ကွက်ချန်ထားခဲ့ရမလားဟု မျက်နှာပျက်၍ နေခဲ့၏။ ဤသို့ရှိနေဆဲမှာပင် အရှင်မြတ်ကြီး၏ နှစ်ထပ်သင်္ကန်းစွန်းက ထိုရဟန်း၏ပုခုံးကို ထိပါး၍ သွားခဲ့ပေသည်။

## မလိုတမာ အမှုရှာ

တကြိမ်သောအခါက ဗြဟ္မဏတဦးသည် အရှင်မဟာသာရိပုတ္တရာကို စိတ်ဆိုးမဆိုးသိလို၍ နောက်ကျောမှ တအားကုန် ရိုက်ခဲ့ဘူး၏။ မထေရ်မြတ်ကား စိတ်ဆိုးဘို့နေနေသာသာ ရိုက်သူ၏မျက်နှာကို လှည့်၍ပင်မကြည့်ပေ။ အသဲကြွေမတတ်ရိုက်ခတ်သည်ကို သည်းခံသူကလည်းခံနိုင်ပါ၏။ သည်းခံစိတ်ဓာတ်မကိန်းဝပ်လာသေးသော ထိုရဟန်းမှာကား သင်္ကန်းစွန်းကလေးဖြင့် ထိမိသည်ကိုပင် အသဲဆတ်ဆတ် နာခဲ့ပေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မဟာ သာရိပုတ္တရာသည် ငါအဂ္ဂသာဝကဟူသော မာန်မာနဖြင့် တပည့်တော်၏ ပုခုံးစွန်းကို တိုက်ခိုက်ပါသည်ဘုရား"

ပြင်းထန်လှစွာသော ရန်ညှိုးဖြင့် ဘုရားရှင့် ရှေ့တော်မှာ စွဲချက် တင်လာပေတော့သည်။

သည်အမှု၏ အသွားအားအလာကို ဘုရားရှင်မသိဘဲ မနေနိုင် ကောန်တိတိသိသည်ဖြစ်ပါလျက် အရှင်မဟာသာရိပုတ္တရာကို ရှေ့တော်သို့ ပြန်ခေါ်လိုက်၏။ မိမိအပေါ် စွပ်စွဲလာသော အမှုကို မိမိဘာသာဖြေရှင်းရန် ဖြစ်ပေသည်။

## ပွဲကြီးပွဲကောင်း

ဘုရားရှင့်အမိန့်တော်ကို အရှင်မြတ်ကြီးထံ လျှောက်တားပြီး နောက် ကျနုပ်နှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် သော့ကိုယ်စီ ကိုင်စွဲလျက် ကျောင်းတံခါးများကို ဖွင့်ကြ၏။ အရာမ်တံခါး များကို ဖွင့်ကြ၏။

"အရှင်တို့ထွက်ကြလော့။ အရှင်တို့ မြန်မြန်ထွက်ကြလော့။ အရှင်မဟာသာရိပုတ္တရာ၏ ရဲရဲတောက် ရှင်းလင်းချက်ကို ကြား နာရန် ထွက်ကြကုန်လော့"

ပွဲကြီးပွဲကောင်းတခု လက်လွတ်မသွားစေရန် ကျနုပ်တို့က ကျောင်းပေါက်စေ့လှည့်၍ ခေါ်ကြရ၏။ ခေါ်ခဲ့သည့်အတိုင်း လည်း ဂန္ဓကုဋိတိုက်တော်အရှေ့တွင် သံဃာ့ပရိသတ်ကြီး တခဲ နက် ဖြစ်၍လာ၏။ သံဃာ့ပရိသတ်ကြီးကို ရင်ဆိုင်ရရုံဖြင့်ပင် တရားလိုရဟန်း တုန်တုန်ခိုက်ခိုက် ဖြစ်၍နေပေပြီ။

"သာရိပုတ္တရာ။ ဤရဟန်း လျှောက်ထားလာသည့် အတိုင်း သူ့ပုခုံးကို တိုက်ခိုက်သည် မှန်ပါသလော"

သံဃာ့ပရိသတ် ရှေ့မှောက်တွင် ဘုရားရှင်က မေးစစ်တော် မူလိုက်၏။

## မြေကြီး၊ ခြေသုတ်ပုဆိုး၊ ဒွန်းစဏ္ဍာလနှင့်ခိုင်းနွား

တရားလိုရဟန်း၏စွဲချက်ကို တရားခံ အရှင်မဟာသာရိပုတ္တရာ ကဥပမာအမျိုးမျိုးဖြင့် ဖြေရှင်းလျှောက်ကြားပေသည်။

"လျှောက်ထားပါရစေ အရှင်ဘုရား။ ပထဝီမြေကြီးပေါ်သို့ စင်ကြယ်သောပစ္စည်းကိုလည်း စွန့်ပြစ်ကြပါကုန်၏။ မစင်ကြယ်

သောပစ္စည်းကိုလည်း စွန့်ပြစ်ကြပါကုန်၏။ ချေး၊သေး၊တံတွေး နှင့် သေွး ပြီ တို့ကိုလည်း စွန့်ပြစ်ကြပါကုန်၏။ ထိုပစ္စည်း များကို စွန့်ပစ်ခံရသောပထဝီမြေကြီးသည် ငြိုးငွေ့ခြင်း၊ရှက်ခြင်း စက်ဆုတ်ရွံရှာခြင်း မရှိပါ"

"အရှင်ဘုရား။ ခြေသုတ်ပုဆိုးသည် စင်ကြယ်သော ပစ္စည်း ကိုလည်း သုတ်ရပါ၏။ မစင်ကြယ်သောပစ္စည်းကိုလည်း သုတ်ရ ပါ၏။ ချေး၊ သေး၊ တံတွေးနှင့် သွေး ပြီတို့ကိုလည်း သုတ်ရ ပါ၏။ ထိုပစ္စည်းများကို သုတ်ရခြင်းဖြင့် ခြေသုတ်ပုဆိုးသည် ငြိုးငွေ့ခြင်း၊ ရှက်ခြင်း၊ စက်ဆုတ်ရွံရှာခြင်း မရှိပါ"

"အရှင်ဘုရား၊ ဒွန်းစဏ္ဍာလုလင်ငယ်သည် လည်ကောင်း၊ ဒွန်းစဏ္ဍား လုံမငယ်သည် လည်းကောင်း၊ ခွက်လက်စွဲလျက် အဝတ်စုတ်များ ဝတ်ဆင်ကာ ရွာနိဂုံးသို့ ဝင်သောအခါ တွင် နှိမ့်ချသောစိတ်ဖြင့်သာ ဝင်ကြရပါ၏"

"အရှင်ဘုရား ဦးချိုများဖြတ်ထာ ကောင်းစွာဆုံးမ၍ ယဉ် ပါးပြီးသော ခိုင်းနွားသည် လမ်းဆုံလမ်းခွဲများသို့ သွားသော အခါတစုံတယောက်မျှကို မထန်ပါ။ တစုံတယောက်မျှကိုမဝှေ့ ပါ။

"ဤဥပမာများကဲ့သို့ပင် တပည့်တော်သည် အမျက်ဒေါသ မပါသောစိတ်ဖြင့် နေခဲ့ပါ၏။ အကယ်၍ ဤကဲ့သို့သော ကာ ယဂတာ သတိမထားရှိသူ ဖြစ်ပါမူကား သီတင်းသုံးဖော်ဖြစ် သော ဤရဟန်းကို ထိပါးတိုက်ခိုက်၍ ခရီးထွက်ကောင်းထွက်မိ ပါလိမ့်မည် ဘုရား"

## တရားလိုမှ တရားခံအဖြစ်သို့

တရားခံက ဖြေရှင်းလျှောက်ထား၍ ပြီးချိန်တွင် တရားလိုသည် တရားခံအဖြစ် ရွေ့လျောကာ ဘုရားရှင် ခြေတော်ရင်း ဝပ်စင်း၍ နေရလေပြီ။

မလိမ္မာ၍ တကြိမ်တခါ မိုက်ခဲ့မိသော ထိုရဟန်းငယ်အား အရှင်မဟာသာရိပုတ္တရာက ခွင့်လွှတ်ပါ၏။ ခွင့်လွှတ်ရုံမက သူ့ကပင် တကြော့ပြန်၍ တောင်းပန်လိုက်ပါသေး၏။

"အရှင်ဘုရား၏ အပြစ်ကို တပည့်တော် သည်းခံပါသည် ဘုရား။ ခွင့်လွှတ်ပါသည်ဘုရား။ အကယ်၍ တပည့်တော်မှာ အပြစ်ရှိရိုးမှန်ပါလျှင်လည်း အရှင်ဘုရားက သည်းခံတော်မူပါ။ ခွင့်လွှတ်တော်မူပါဘုရား"

မိမိအပေါ်တွင် မတရား အမှုဆင်ခဲ့သော ရဟန်း၏ ရှေ့မှောက်တွင် အပြစ်ဟူ၍ မြူမျှမတင်သော အရှင်မြတ်ကြီးအား ဆောင့်ကြောင့်ထိုင်လျက်၊ လက်အုပ်ချီလျက်၊ ရိုသေစွာ ကန်တော့လျက်။

ထိုနေ့ထိုအချိန်က ဤရုပ်ပုံ ဤမြင်ကွင်းကို ကျနုပ်တသက်တာ မမေ့ပျောက်၍ မရနိုင်တော့ပါ။

(အင်္ဂုတ္တို၊ နဝနိပါတ်၊ သီဟနာဒသုတ်)

* * *

## ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံး

### ခိုင်မာသူနှင့် ပျော့ညံ့သူ

တယောက်သော သေသောက်ကျူးသည် အိမ်ဝင်းဝမှနေ၍ မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်း၍ နေ၏။ အိမ်ထဲက လူမှာတား ဆဲလာသူ လူရမ်းကားကို တားမြစ်ခြင်း၊ ခုခံခြင်း မပြုပဲ ကိုယ့်အလုပ်ကိုသာ ဂရုတစိုက် လုပ်ကိုင်၍နေ၏။ ဤတွင် ပျော့ညံ့သူနှင့် ခိုင်မာသူတို့၏ သရုပ်ပေါ်၍ လာပေပြီ။ မည်သူ ပျော့ညံ့၍ မည်သူက ခိုင်မာပါသနည်း။

နှိပ်စက်ကလူ ပြုမူလာကြသူ များအား အရှင်မဟာ သာရိပုတ္တရာ သည်းခံတော်မူခြင်းမှာလည်း နှလုံးစိတ်ထားပျော့ညံ့၍ မဟုတ်ပါပေ။ မယိမ်းယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မာလွန်း၍သာ ဖြစ်ပေသည်။ မိမိကိုယ်ကို ရာနှုန်းပြည့် အောင်မြင်ထားပြီမို့ အခြားတပါးက အနှောက်အယှက်များအတွက် တုန်လှုပ်ခြင်း မရှိ၊ ပကတိ တည်ငြိမ်သော စိတ်နှလုံးတော်ဖြင့် လက်ခံတော် မူနိုင်ခြင်းသာ ဖြစ်ပေသည်။

### မဟာဓမ္မ သေနာပတိ

မိမိအပေါ် ထိပါး ပုတ်ခတ် လာလေ သမျှကို ခေါင်းငုံ့ သည်းခံ၍လာခဲ့သော ဤပုဂ္ဂိုလ်ကြီးသည် တရားတော်နှင့်ပတ်

သက် လာလျှင်ကား အညံ့ခံခြင်း ခေါင်းငုံ့ခြင်း အလျဉ်းမရှိပါချေ။ တရားတော်နှင့်ပတ်သက်၍ ထွက်ပေါ်လာခဲ့သော ရန်အန္တရာယ်ဟူသမျှကို ထောင်းထောင်း ကျေညက်အောင် တိုက်ဖျက်သည်သာဖြစ်၏။ ထို့ကြောင့်ပင် 'မဟာဓမ္မသေနာပတိ'ဟူသော ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချီးကျူးခံရပေသည်။ ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံးသဖွယ် အားကိုးခံရပေသည်။

တရားဗိုလ်ချုပ်ကြီး၏ သေနင်္ဂဗျူဟာ တချပ်ကို ရှုစားကြပါစို့။

## အနတ္တဥာဏ်အမြင် မသန်သူ

တဖက်နှင့်တဖက် အပြိုင်အဆိုင် အနိုင်တိုက်ရသော စစ်မြေပြင်ကား အရှင်ယမက၏ စိတ်အစဉ်။ ထိုစိတ်အစဉ်တွင် မကြာမကြာ ဝင်ရောက်နှောက်ယှက်လာသော ရန်သူကား အတ္တဒိဋ္ဌိ။

ဤသိပတန မိဂဒါဝုန်တောဝ၌ တရားဦး ဓမ္မစကြာ ဟောတော်မူပြီးလျှင် ဒုတိယတရားတော်အဖြစ် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူခဲ့၏။ ခန္ဓာငါးပါး တရားအစုတွင် အတ္တဟူ၍ ရှုစရာမရှိပုံကို အမေးအဖြေပြုလုပ်၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ ဤသို့သော ဒေသနာတော်တို့ဖြင့် သာသနာတော်ကြီး၏ အရှိန်အဝါ တဟုန်ထိုး တိုးတက်လာခြင်းပင် ဖြစ်၏။ သို့ရာတွင်အနတ္တသာသနာတော်ကြီး၏ အရိပ်အာဝါသအောက်တွင် အနတ္တဥာဏ်အမြင် မသန်သူများလည်း ရှိပေသည်။ အရှင်ယမက ကား သူတို့ထဲက တပါးသာလျှင် ဖြစ်ပေသည်။

## မီးစာကုန်ပြီ ဆီခန်းပြီ

ရတနသုတ်ပါဠိတော်၌ ရဟန္တာပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဘုရားကိုယ်တော်မြတ်မေးသော ဥပမာမှာအင်မတန်မှ ဆီလျော်လှပါ၏၊ မီးစာလည်းကုန်၊ ဆီလည်းခန်းသဖြင့် လောင်စရာ မရှိတော့သော ဆီမီးသည် ဤနေရာ ဤဌာနမှာပင် ချုပ်ပျောက်၍ သွားရ၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ရုပ် နာမ် ခန္ဓာတို့မှာလည်း ဤသို့သာလျှင် ဖြစ်ပေသည်။

အများတကာတို့နည်းတူပင် ရဟန္တာ ပုဂ္ဂိုလ်တို့မှာလည်း အတိတ်ကာလက ပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများရှိကြ၏။ ထိုအတိတ်ကံတို့အပေါ်တွင် 'ငါ' ဟူ၍ရင်း၊ 'ငါ့ဥစ္စာ' ဟူ၍ရင်း စွဲလန်းနေမှသာ သည်ကံများက အစွမ်းပြနိုင်၏။ အစွဲအလန်းမရှိတော့လျှင် ထိုကံတို့ အစွမ်းမပြနိုင်။ ထို့ကြောင့် အတိတ်ကံများကုန်ပြီဟုဆိုရ၏။ သက်တန်းမကုန်သေးမီ ကာလအတွင်း ပြုရလေသမျှ အမှုကိစ္စကြီးငယ်များအပေါ် မှာလည်း 'ငါ' ဟူ၍ မစွဲဖက်လာတော့။ ထို့ကြောင့် ကံအသစ်များလည်း ဖြစ်မလာနိုင်။ အေးချမ်းရာ တရားကိုလည်း လက်ငင်းလက်တွေ့ ခံစားနေရပြီဖြစ်၍ နောက်နောင်ဘဝများကို မျှော်လင့်နေစရာမလို၊ ဘဝသံသရာတွင် အသစ်အသစ် ဖြစ်ပေါ်လာစေမည့် မျိုးစေ့များကုန်ခဲ့ပြီ။ ဘဝသံသရာရှည်လျား၍ အကိုင်းအခက်တွေ ပွံ့ပွားဘို့ စိတ်ဆန္ဒမရှိကြတော့ပြီ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ ရုပ်နာမ်ခန္ဓာတို့သည်၊ အသစ်ဆက်စရာ မရှိတော့သဖြင့် ဤဘဝမှာပင် ချုပ်ငြိမ်း၍ သွားကြရလေသည်။

## ဉာဏ်သက်ရောက်သူ မရောက်သူ

ဤသို့သော ဒေသနာတော်များနှင့် ပတ်သက်၍ ဘုရားရှင် ဟောတော်မူလိုရင်း အနက်အဓိပ္ပါယ်ထိအောင် သဘောဉာဏ် သက်ရောက်သူ၊ မသက်ရောက်သူဟူ၍ နှစ်မျိုးနှစ်စား ရှိခဲ့ပေ သည်။ ကျနုပ်ကိုယ်တိုင်ပင်လျှင် တလျှောက်လုံး ယောင်ဝါးဝါး ဖြစ်ခဲ့ရကား၊ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးခါမှ ကိုယ့်ဘာသာ လှစ် ကနဲ သဘောပေါက်ခဲ့ရ၏။ ထို့ကြောင့် လွယ်မယောင်နှင့် ခက်ခဲ နက်နဲလှသော ထိုအချက်အပေါ် အရှင်ယမကလို ပုဂ္ဂိုလ် အယူမှားရခြင်းကို ကျနုပ်အပြစ်မတင်လိုပါ။ ကျနုပ်ထက် စော စီးစွာ အသိဉာဏ်ပေါက်ရောက်သွားပုံကို ချီးကျူးလိုစိတ်သာ ရှိပါသည်၊ ချီးကျူးလိုစိတ်ဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။

## ဓမ္မဋ္ဌိဓာန် သက်သက်

ငြိမ်းလေသောမီး၏ ဉပမာဖြင့်ရဟန္တာတို့၏ရုပ်ခန္ဓာအစသတ် ချုပ်ငြိမ်းပုံကို ဟောတော်မူခြင်းမှာ ပုဂ္ဂလဓိဋ္ဌာန်အရာ သိသာ မြင်သာအောင် ဟောတော်မူခြင်းသာ ဖြစ်၏။ အမှန်စစ်စစ် ဟောတော်မူလိုရင်းမှာ အစသတ်ချုပ်ငြိမ်းသွားကြသော ရုပ် နာမ်ခန္ဓာများနှင့် ဘာမှမဆိုင်၊ အယူအစွဲ အမျှော်အကြောက် ဟူသမျှတို့မှ လွတ်မြောက်သည့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်တို့ ဖြစ်ထွန်းပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ဥင်းရုပ် နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းကိစ္စ တပါတည်း ပြီးမြောက်ပုံကို ဟောတော်မူလိုရင်းသာ ဖြစ်ပေသည်။ ပုဂ္ဂလဓိဋ္ဌာန် သဘော

အသံထွက်မှာ ပါဝင်နေသော်လည်း ဓမ္မခိဋ္ဌာန် သက်သက်ကို ကွက်ကနဲမြင်တတ်မှ တော်လိမ့်မည်။

အရှင်ယမကမှာ ဤသို့မြင်နိုင်စွမ်းမရှိသဖြင့် ပုဂ္ဂလခိဋ္ဌာန် အသံထွက်ပေါ်မှာ သောင်တင်ကာ "ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ် ခန္ဓာနောက်ထပ် ဆက်စရာမရှိတော့လျှင် တခါထဲ ပြတ်သွား သည် မဟုတ်ပါလော" ဟု တဖက်စွန်း သို့ရောက်ခဲ့ရပေသည်။

## အစွန်းနှစ်ဘက်

တရားဓမ္မရေးရာတွင် 'ပြတ်စွန်း' နှင့်ဆက်စွန်းဟူ၍ အစွန်း နှစ်ပါးရှိနေ၏။ သတ္တဝါတစုံတခုသေဆုံးပြီးနောက် ထိုသတ္တဝါ သည်ပင်ဘဝဘစ်တခုကူးပြောင်းလာသည်ဟုဆိုလျှင်'ဆက်စွန်း" နှင့်ငြိပြီဖြစ်၏။ ဘဝသစ်မကူးတော့ပါ။ ဤဘဝဤမျှဖြင့် ပြီး ပါပြီဆိုတော့လည်း "ပြတ်စွန်း" နှင့် မလွတ်ပြန်ပေ။ အမှန် စစ်စစ်အားဖြင့် ထိုအစွန်းနှစ်မျိုးလုံးသည်ပင် အတ္တဒိဋ္ဌိ၏ ကိုယ် စားလှယ်များပင် ဖြစ်ပေသည်။ မသေမီကာလအတွင်း သွား လာလှုပ်ရှား၍ နေကြရသော ရုပ်နာမ်ခန္ဓာတို့ကို အတ္တအယူဖြင့် ဆက်စပ်၍ ထားခဲ့မိလေသောကြောင့်သာ ပြတ်စွန်းနှင့် ငြိကြ ရ၏။ စကတည်းက "မဆက်" ပဲထားလျှင်ကား "ပြတ်"နေစရာ ပင်မလိုတော့ပေ။ အရှင်မဟာသာရိပုတ္တရာ၏ မေးခွန်းများဌ ဤအချက်များ ထင်ရှားလာပါ လိမ့်မည်။

သိသင့်သိထိုက်သော အခြေခံ အချက်အလက်များကို လမ်း ခင်းပေးပြီးပြီမို့ အာ ရှင်ယမကတို့ဇာတ်လမ်း စပါတော့မည်။

## အရှင်ယမက၏ ခံယူချက်

အရှင်ယမကသည် ရတနာ့သုတ်ပါဠိတော် လာခိဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ စသော ဒေသနာတော်များကို ကြားနာရပြီးနောက် အမြင်တမျိုးပေါက်၍ လာခဲ့၏။ အခြားရဟန်းများက မေးမြန်းလာသောအခါ သူ့အမြင်ကို ဤသို့တင်ပြခဲ့၏။

“အာသဝ ကုန်ပြီးသောရဟန်း၏ ကိုယ်ခန္ဓာသည် သေလျှင် ပြတ်သွား၏။ သေပြီးသည်နောက် ဘာမျှမရှိတော့ပေ။ ဘုရားရှင် ကိုယ်တော်တိုင်က ဤသို့ ဟောထားသော တရားကို ငါကိုယ်တိုင် ကြားနာရပေသည်”

သေပြီးသည့်နောက် ဘာမှမရှိတော့ဟုဆိုလိုက်သည်နှင့်မသေခင် သွားလာလှုပ်ရှားနေခိုက်မှာ ပုဂ္ဂိုလ်သတ္တဝါ ရှိနေသည်ဟု အယူရှိနေပုံကို ဝါရင့် ရဟန်းတော်ကြီးများ ရိပ်မိကြပါပြီ။ ထို့ကြောင့် သူ့အမြင်ကို ပြောင်းလဲပစ်ရန် ချက်ချင်းလက်ငင်း တိုက်တွန်းကြပါ၏။ ဘုရားရှင် ကိုယ်တော်တိုင်က သူမြင်ထားသလို ဟောကြားမည်မဟုတ်ကြောင်း ငြင်းဆိုကြ၏။ သို့သော် သူ့အမြင်ကို အမှန်အတိုင်းပြန်၍ မြင်စေရန်ကား ရဟန်းတော်ကြီးများ မစွမ်းနိုင်ကြပေ။ ထို့ကြောင့် ထိုအမှုကြီးမှာ တရားဗိုလ်ချုပ်ကြီးရှေ့မှောက် ရောက်ရပေသည်။

“ငါ့ရှင် ယမက၊ အာသဝကုန်ပြီးသော ရဟန်းသည် သေလျှင် ပြတ်သွား၏။ သေပြီးသည့်နောက် ဘာမျှ မရှိတော့ပေ။ ဘုရားရှင်ကိုယ်တော်တိုင်က ဤသို့ ဟောထားသော တရားကို ငါ့ကိုယ်တိုင်ကြားနာရ၏။ ဤသို့အားဖြင့် ယုတ်ညံ့သော မှားယွင်းသော အမြင်ရှိနေသည် မှန်ပါသလော”

"မှန်ပါသည် အရှင်ဘုရား၊ အာသဝကုန်ပြီးသော ရဟန်းသည် သေလျှင်ပြတ်သွား၏။ သေပြီးသည်နောက် ဘာမျှမရှိတော့ပေ။ ဘုရားရှင်ကိုယ်တော်တိုင်က ဤသို့ဟောထားသောတရားကို တပည့်တော် ကိုယ်တော်တိုင် ကြားနာရပါသည်ဘုရား"

အရှင်မဟာသာရိပုတ္တရာ၏အမေးကို အရှင်ယမက ရှိသေစွာ ဖြေကြား၏။ အရှင်ယမက၏ အဖြေစကားတွင် သူ မြင်ထားသည်ကို ဝန်ခံခြင်းသာ ဖြစ်ပါ၏၊ ထိုအဖြေကို ယုတ်ညံ့ ပါသည် မှားယွင်းပါသည်ဟူ၍ ဝန်ခံခြင်းကား မပါဝင်ပေ။ သူ့အမြင်ကို အမှန်အတိုင်း ပြန်၍မမြင်သေးသ၍ ဤသို့ပင် အခိုင်အမာ တည်နေဦးမည်ဖြစ်၏။

## အနတ္တရှေ့ပြေး အနိစ္စ

ထို့ကြောင့် သူ့အမြင်ကို ယုတ်ညံ့ကြောင်း၊ မှားယွင်းကြောင်း မိန့်ဆိုမနေတော့ဘဲ ခန္ဓာငါးပါး တရားတို့ဖြင့် တခုချင်း မေးခွန်းထုတ်ရပေတော့သည်။

"ငါ့ရှင်၊ ရုပ်သည် မြဲသလား၊ မမြဲဘူးသား"

"မမြဲပါဘုရား"

"ဝေဒနာကော"

"မမြဲပါဘုရား"

"သညာကော"

"မမြဲပါ ဘုရား"

"သင်္ခါရကော"
"မမြဲပါ ဘုရား"
"ဝိညာဉ်ကော"
"မမြဲပါ ဘုရား"

သင်္ခါရတရားဟူသမျှကို ခန္ဓာဖွဲ့လျှင် ဤငါးမျိုးသာ ရှိလေရာ၊ မြဲမြံခိုင်မာသော ခန္ဓာ တခုတလေမျှ မရှိပုံကို ကိုယ်တိုင်အဖြေခိုင်းကာ အတ္တဒိဋ္ဌိ အစိုင်အခဲကို အက်ကြောင်းပေးလိုက်ပြီးနောက်....

ဘယ်မှာမှ ရှာမရသော အတ္တ

"ယခုမေးမည့် မေးခွန်းကို သင်မြင်သလို ဖြေစမ်းပါ။ မမြဲသော ထိုခန္ဓာငါးပါးကို သတ္တဝါဟူ၍ သင်ရှုပါသလား"

"သတ္တဝါဟူ၍ မရှုပါဘုရား"

"ခန္ဓာ ငါးပါး အထဲမှာကော ရှုစရာ ရှာစရာတွေ ပါသလား"

"ခန္ဓာငါးပါးအထဲမှာလည်း ရှုစရာရှာမတွေ့ပါဘုရား"

"ခန္ဓာငါးပါးထဲမှာ ရှာမတွေ့လျှင် ခန္ဓာငါးကို ကြဉ်ဖယ်ထား၍ တခြားမှာကော ရှာတွေ့ပါသလား"

"တခြားမှာလည်း ရှာမတွေ့ပါဘုရား"

"သို့ဖြစ်လျှင် ခန္ဓာငါးပါး မဟုတ်သော သတ္တဝါကိုကော သင်ရှာတွေ့ပါ သလား"

"ခန္ဓာငါးပါးမဟုတ်သော သတ္တဝါကို ရှာမတွေ့ပါဘုရား"

"ငါ့ရှင်ယမက၊ သင့်ကို အမျိုးမျိုးအဖုံဖုံ လှည့်၍မေးလာခဲ့ပြီ။ မေးတိုင်းမေးတိုင်းသော ပုစ္ဆာတို့တွင် သေစရာသတ္တဝါ၊

မသေခင်က အသက်ရှင်နေသော သတ္တဝါကို သင်မပြနိုင်၊ လက်ငင်းလက်တွေ့ဘဝမှာပင် သေစရာရှင်စရာ သတ္တဝါဟူ၍ လက်ဆုပ်လက်ကိုင် မပြနိုင်ပါဘဲလျက် သေလျှင်ပြတ်၏ ဟူသော စကားကို သင်ဆိုထိုက်ပါသေးသလား"

ဖုံးမရဖိမရ အနတ္တ

ပြစ်ကွင်းတည့်တည့်ကို အသေအချာ ချိန်ကိုက်၍ ပစ်လွှတ်လိုက်သော အမြောက်ဆံကြီးပင် ဖြစ်ပါ၏။ ဤအမြောက်ဆံကြီးနှင့် အမှန်ခံရပြီးသည့်နောက် အရှင်ယမက၏ စိတ်သန္တာန်တွင် အတ္တဒိဋ္ဌိအယူအစွဲတို့ နောက်ထပ်တဖန် ထပ်စွဲလာစရာမရှိတော့ပါ၊ မိမိအမြင်ကို ဟုတ်တိုင်းမှန်စွာ မြင်လာပြီးချိန်တွင် ဆက်လက်၍ ဖုံးကွယ်စရာ မလိုတော့ပါ။

"အရှင်သာရိပုတ္တရာဘုရား။ ဘုရားတပြည့်တော်တွင် အသိအမြင် မစင်ကြယ်သေးခင်က ယုတ်ညံ့သော မှားယွင်းသော အမြင် ဖြစ်ပေါ်ခဲ့ဘူးပါသည်။ ယခုအရှင်ဘုရား၏ တရားတော်ကြားနာရသဖြင့် ထိုယုတ်ညံ့လှသော ထိုအမြင်များကို ပယ်စွန့်ခဲ့ပါပြီ။ တရားကိုဘရားအတိုင်း ထိုးထွင်းသိမြင်ခဲ့ပါပြီ ဘုရား"

တရားသာရှိ၍ တရားသာမျက်သည်

အရှင်ယမက၏စိတ်သန္တာန်ဝယ် အတ္တဒိဋ္ဌိ၏ အရိပ်အရောင်မယှက်သန်းလာတော့သည်ကို အရှင်မြတ်ကြီး ရိပ်မိပြီဖြစ်ပါ၏ သို့ရာတွင် မိမိတပါးတည်းရိပ်မိရုံမျှဖြင့် မပြီးနိုင်သေးပေ။ အခြားရဟန်းများလည်း သည့်ထက်သည်ပို၍သံသယရှင်းစေရန် ထပ်မံ၍

မေးပြရပေဦးမည်။ ဤမေးခွန်းနှင့် ဤအဖြေသည် သာသနာ့သမိုင်းစဉ်တလျှောက်၌ စံနမူနာတခုအဖြစ် ရပ်တည်၍ နေရစ်ပေလိမ့်မည်။

"ကဲ....ဆက်လက်၍မေးကြပါဦးစို့။ ငါ့ရှင်ယမက။ အာသဝကုန်ပြီးသော ရဟန်းပုဂ္ဂိုလ် သေလွန်ပြီးနောက် ဘာများဖြစ်သွားပါသနည်း။ အကယ်၍တစုံတယောက်သောသူက ဤကဲ့သို့မေးမြန်းလျှင် အသင်မည်သို့ ဖြေကြားမည်နည်း"

"တပည့်တော်၏ အဖြေကဤသို့ဖြင့်ပါသည်ဘုရား။ အကြောင်းခန္ဓာငါးပါးတရားအစုသည် အမြဲမရှိ။ အမြဲမရှိသဖြင့် ဆင်းရဲသော တရားအစု ချုပ်ပျောက်ပျက်စီးခြင်းသာ ဖြစ်ပါသည်ဘုရား"

ပုဂ္ဂိုလ်သတ္တဝါ မရောမယှက်၊ မေ့ဒိဋ္ဌာန်သက်သက် ဤအဖြေသည် အနတ္တသာသနာတော်တခုလုံးကို ကိုယ်စားပြု၍ နေပေသည်။

(ခန္ဓသံယုတ်၊ ယမကသုတ်)

## ညာလက်ရုံးကြီး ဆန့်လိုက်ပြီ

### ဣန္ဒြေမျှတရေး

များစွာသော သုတ္တန်ဒေသနာတော်ဖြင့် ဘုရားရှင်သည် ဣန္ဒြေမျှတမှု၏ အကျိုးအာနိသင်ကို ညွှန်ပြတော်မူခဲ့၏။ ဣန္ဒြေ ငါးပါးရှိကြရာတွင် သဒ္ဓါနှင့် ပညာမျှတရန်လို၏။ ဝီရိယနှင့် သမာဓိလည်းညီမျှမှ အကျိုးရှိ၏။ အပိုမရှိအလိုသာရှိသောတရား တခုမှာကား သတိပင်ဖြစ်ပေသည်။

ကျွန်ုပ်၏မျက်စေ့အောက်၌ သဒ္ဓါလွန်၍ တဘက်ကျွန် ဖြစ်ရပုံတွေများလှပေပြီ။ ဝီရိယမပါသောသမာဓိဖြင့် တသန်းသန်း တဝေဝေဖြစ်နေပုံတို့ကိုလည်း တွေ့ရပေါင်းများလှပေပြီ။ ကျွန်ုပ်ကိုယ်တိုင် ဝီရိယတဖက်သတ်သမားဖြစ်ခဲ့၍ တညလုံး ဒုက္ခရောက်ခဲ့ရပုံကို နောက်ပိုင်းမှာ တင်ပြပါဦးမည်။

### မလွန်နိုင်သောပညာ

သဒ္ဓါနှင့်ပညာ ညီမျှမှုကိုဆိုသဖြင့် အချို့က ပညာလွန်လျှင် သဒ္ဓါယရား ဆုတ်ယုတ် သွားတတ်ကြောင်း ပြောဆိုကြ၏။ အမှန်မှာ ဤသို့မဟုတ်နိုင်ပါ။ မရသေးသော လောကုတ္တရာ အသိဉာဏ်ရရေးအတွက် ဤသာသနာတော်ကြီး အတွင်းသို့

သဒ္ဓါတရားဖြင့် ချဉ်းကပ်လာကြရ၏။ သဒ္ဓါကိုအခြေခံ၍ ပညာစခန်းသို့ဆိုက်လာကြရ၏။ ပညာ၏အခြေခံအဖြစ် သဒ္ဓါတရားက ဤသို့ ကျေးဇူးပြုခဲ့သည်မှန်ပါ၏။ သို့သော် ပညာကို အလွန်အကျွံဖြစ်မသွားစေရန် သဒ္ဓါဖြင့် ထိန်းပေးနေစရာကား မလိုပါချေ။ ဟုတ်တိုင်းမှန်စွာသိမြင်သော ပညာဟူသည် လွန်သည်ဟူမရှိစကောင်းပါ။ အကယ်၍ လွန်သွားသည် ဆိုလျှင်လည်း ထိုအမြင်သည် ပညာမြင်မဟုတ်တော့ဘဲ မိစ္ဆာမြင်သာ ဖြစ်ရပါတော့မည်။

## ပညာဂုဏ်ထူးဆောင်၏ လျှောက်ထားချက်

ပညာဉာဏ်တကယ်တန်း ထက်မြက်ရိုးမှန်လျှင် သဒ္ဓါတရားလည်း အထူးတလှည့် ခိုင်မြဲလာပုံကို အောက်ပါ အရှင်မဟာသာရိပုတ္တရာ လျှောက်ထားချက်အရ သိနိုင်ကြပေသည်။

ဤဒေသနာတော်၌ အဓိကတင်ပြသွားသူမှာ အရှင်မဟာသာရိပုတ္တရာဖြစ်၍ ဘုရားရှင်က တရားထောက် သဘောဖြင့်သာ ပါဝင်တော်မူပေသည်။

နာလန္ဒမြို့၊ ဒုဿပါဝါရိက သူဌေး၏ ဥယျာဉ်ကျောင်းမှာ နေတော်မူစဉ် ဤဒေသနာတော် ထွက်ပေါ်၍ လာခဲ့ပါသည်။

## ခြင်္သေ့မင်းသို့ ရဲတင်းလှပါဘိ

“အရှင်ဘုရား၊ တရားသိမြင်သော ဉာဏ်အရာတွင် အရှင်ဘုရားထက်သာလွန်သော အခြင်းတပါးသော သမဏသည်လည်းကောင်း၊ ဗြဟ္မဏသည်လည်းကောင်း၊ ရှေးကလည်းမရှိခဲ့။ နောက်နောင်လည်း ပေါ်လာစရာမရှိ။ ယခုလောလောဆယ်

မှာလည်းမရှိနိုင်။ အရှင်ဘုရားအပေါ်၌ တပည့်တော်ဤသို့ပင် ယုံကြည်နေပါသည်ဘုရား”

“သာရိပုတ္တရာ။ သင်ဆိုအပ်သော စကားသည် ကြီးမြတ်လှပါဘိ။ ခိုင်ခန့်လှပါဘိ။ တိကျလှပါဘိ၊ ကေသရာဇာခြင်္သေ့မင်းဟောက်သံကဲ့သို့ ရဲရဲတင်းတင်းရှိပါဘိ”

## ဘုရားရှင်တို့စိတ်ကို သိသလော

“သာရိပုတ္တရာ၊ အတိတ်ကာလတုန်းက အရဟန္တ ဂုဏ်ထူးရသည့် ဘုရားရှင်ကိုယ်တော်မြတ်များ ပွင့်တော်မူခဲ့ကြပေပြီ။ ထိုဘုရားရှင်တို့သည် ဤသို့သော အကျင့်သီလ ရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့သောသဘော ရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့သောပညာ ရှိတော်မူကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့ပျော်ဝင်စားလေ့ ရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့လွတ်မြောက်တော် မူကြကုန်၏။ ဤသို့အားဖြင့် ထိုဘုရားရှင်အားလုံးတို့၏ စိတ်တော်ကို သင့်စိတ်ဖြင့် ပိုင်းခြား၍ သိထားပါသလော”

“မသိရပါ အရှင်ဘုရား”

“သို့ဖြစ်လျှင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်များ၏ စိတ်ကိုကော သင့်စိတ်ဖြင့်ပိုင်းခြား၍ သိထားပါသလော”

“မသိရပါ အရှင်ဘုရား”

“ယခုလက်ရှိ ငါဘုရား၏စိတ်ကိုကော”

“မသိရပါ အရှင်ဘုရား”

ဤသို့အားဖြင့် သာရိပုတ္တရာ၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ဘုရားရှင်တို့၏ စိတ်ကိုမိမိစိတ်ဖြင့် ပိုင်းခြား၍ မသိနိုင်ပါဘဲလျက် ကြီးမြတ်သောစကားကို ဆိုဘိ၏။ ခိုင်ခန့်သောစကားကို ဆိုဘိ၏။ တိကျသောစကားကိုဆိုဘိ၏။ ကေသရာဇာ ခြင်္သေ့မင်း ဟောက်သံကဲ့သို့ ရဲရဲတင်းတင်းဆိုဘိ၏။ သင့်စကား၏ အခြေအနေ မည်သို့ရှိ၍နေပါသနည်း”

## စိတ်ကိုမသိ နည်းကိုသိ

“ဘုရားတပည့်တော်တွင် အတိတ်အနာဂါတ်၊ပစ္စုပ္ပန် ဘုရားရှင်တို့၏ စိတ်တော်ကို ပိုင်းခြား၍သိနိုင်စွမ်း မရှိပါဘုရား။ သို့ရာတွင် အရှင်ဘုရားဟောကြားတော်မူခဲ့သော တရားများကို နည်းနာခံကာ အစဉ်လျှောက်၍ သိနိုင်သော ဉာဏ်စွမ်းအား ရှိနေပါသည်”

## မြို့ပတ်လမ်းမှ တံခါးစောင့်

“ဥပမာတခု လျှောက်ထားပါရစေဘုရား။ ပြည့်ရှင်မင်းတို့၏ နယ်ခြားစောင့်မြို့တမြို့ရှိပါသည်။ ခိုင်ခန့်သောတံတိုင်းခြေ၊ ခိုင်မာသောတံတိုင်း၊ မြဲမြံသောတံခါးတိုင် တံခါးရွက်ရှိသော ထိုမြို့၌ တံခါးပေါက် တပေါက်သာရှိပါသည်။ မသိသူကို တားမြစ်၍ သိသူကိုမှဝင်ခွင့်ပြုခြင်းသည် တံခါးစောင့်တို့၏ တာဝန်ဖြစ်ပါသည်။ ထိုမြို့၏ ကျွမ်းကျင်လိမ္မာသော တံခါးစောင့်သည် မြို့ပတ်လမ်းမှ လျှောက်သွားသော အခါ တံတိုင်း အက်ရာ

ကိုလည်းမမြင်။ တံတိုင်းအပေါက်ကိုလည်း ရှာမတွေ့ ဤတွင် ထိုတံခါးစောင့်က ဤသို့ စဉ်းစားမိပါတော့သည်။

"ဤမြို့ထဲကိုဝင်လေသမျှ ဤမြို့ထဲကထွက်လေသမျှ သတ္တဝါတို့သည် တခုတည်းသော ဤတံခါးပေါက်မှသာ ဝင်ကြ ထွက်ကြကုန်၏"

"နည်းနာခံကာ အစည်လျှောက်၍ သိနိုင်သော တပည့်တော်၏ ဉာဏ်စွမ်းကား ဤဥပမာအတိုင်းသာ ဖြစ်ပါသည် ဘုရား"

"အတိတ်ကာလက ဘုရားရှင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာစွမ်းအားကို လျော့ပါးစေတတ်ကုန်သော နီဝရဏ တရားငါးပါးကိုပယ်ကြကုန်၍၊ သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကိုကောင်းစွာထားကြကုန်၍ ဗောဇ္ဈင်တရားနည်းပါးတို့ကို နည်းမှန်လမ်းကျ ကျင့်သုံးကြကုန်၍ အတုမရှိ၊ သမ္မာသမ္ဗောဓိဆုကြီးကို ဆွတ်ခူးနိုင်ကြကုန်၏။ အနာဂတ်မှာ ပွင့်တော် မူလတံ့သော ဘုရားရှင်တို့သည်လည်း ဤနည်းအတိုင်းသာ ဖြစ်တော်မူကြပါလိမ့်မည်။ ယခုဘုရားရှင်ကိုယ်တော်မြတ်သည်လည်း ရှေးရှေးက ဘုရားရှင်ကိုယ်တော်မြတ်များ အတိုင်းသာ ဖြစ်တော်မူပါသည်"

## အသိပိုင်လျှင် သဒ္ဓါခိုင်

"အရှင်တော် မြတ်ဘုရား၊ ဘုရားတပည့်တော်က အရှင်ဘုရားထံ ချဉ်းကပ်လာသောအခါ ရှင်တော်မြတ်ဘုရားက မြတ်သည်ထက် မြတ်အောင်၊ ထူးသည်ထက် ထူးအောင်၊ ဖွံ့မည်း

အဖြူ ကွဲပြားအောင်ပြု၍ ဟောကြားတော်မူပါသည်။ အရှင်တော် ဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရား တပည့်တော် ပိုင်ပိုင်နိုင်နိုင် သိရပါသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးတို့၌ ယုံကြည်မှုခိုင်မြဲလာပါသည်ဘုရား”

## ကုသိုလ်မှ အရဟတ္တဖိုလ်သို့

“ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ကုသိုလ်တရားနှင့်ပတ်သက်၍ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်သည် အမြတ်ဆုံးဖြစ်ပါသည်။ ကုသိုလ်တရားဟူသည်မှာ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး တို့ ဖြစ်ပါသည်။ ဤသာသနာတော်၌ ရဟန်းသည် အရဟတ္တဖိုလ်ကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြု၍နေ၏။ အရဟတ္တဖိုလ်ရောက်အောင် ပို့ဆောင်နိုင်သော ကုသိုလ်တရားတို့ကို ဟောကြားတော်မူသောကြောင့် အရှင်ဘုရား၏ တရားဒေသနာတော်သည် အမြင့်မြတ်ဆုံး ဖြစ်ပါသည်။ ထိုတရားဒေသနာတော်ကို အရှင်ဘုရားသည် ကြွင်းမဲ့ဥဿုံ သိတော်မူပြီးဖြစ်ပါသည်။ ထို့ထက်ပို၍ သိစရာမရှိတော့ပါ၊ အရှင်ဘုရားသိတော်မူသည်ထက် ပို၍သိနိုင်သော အခြားတပါးသော သမဏ၊ ဗြာဟ္မဏဟူ၍ မရှိနိုင်တော့ပါဘုရား”

## အသာမရှိ၊ အတူရှိ

“အကယ်၍ တစုံတယောက်သော ပုဂ္ဂိုလ်က အတိတ် အနာဂတ်က ဘုရားရှင်ကိုယ်တော်မြတ်များသည် အရှင်ဘုရား

ထက် သာလွန်ပါသလောဟု မေးလျှင် 'မသာလွန်ပါ' ဟူ၍ တပည့်တော်ဖြေပါမည်။ ယခုလောလောဆယ်တွင် အရှင်ဘုရား ထက် သာလွန်သော အခြားတပါးက သမဏ၊ ဗြဟ္မဏများ ရှိပါသလောဟုမေးလျှင်လည်း ဤသို့ဖြေပါမည်ဘုရား။

"အကယ်၍ တစုံတယောက်သောသူက 'အတိတ် အနာဂတ် ဘုရားရှင် ကိုယ်တော်မြတ် များ သည် အရှင်ဘုရားနှင့် တူပါသလောဟု မေးလျှင် 'တူပါ၏' ဟု တပည့်တော် ဖြေပါမည်။ ယခု လောလောဆယ်တွင် အရှင်ဘုရားနှင့် တူမျှသော အခြား တပါးက 'သာမဏ၊ ဗြဟ္မဏများ ရှိပါသော' ဟု မေးပါလျှင် ကား မရှိပါဟု ဖြေကြားပါမည်ဘုရား။"

## ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်

"ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဤနေရာတွင် တပည့်တော်ကို မေးမြန်းစရာ ရှိလာပြန်ပါသည်။ 'အရှင်သာရိပုတ္တရာ သည် အချို့ကိုသာဝန်ခံ၍ အဘယ့်ကြောင့် အချို့ကို ငြင်းဆိုရပါသနည်း' ဤသို့ မေးလာကြလျှင် တပည့်တော်က ဤသို့ ဖြေရပါမည်။ 'ငါ့ရှင်တို့! အတိတ် အနာဂတ် ဘုရားရှင် ကိုယ်တော်မြတ်တို့သည် တရားသိမြင်ရာတွင် ငါဘုရားနှင့်ထပ်တူထပ်မျှ ဖြစ်တော်မူကြကုန်၏။ ဤကမ္ဘာမြေပြင်ပေါ်ဝယ်သမ္မာသမ္ဗုဒ္ဓ နှစ်ဆူသော ဘုရားရှင်တို့သည် မရှေးမနှောင်းမပွင့်ကောင်းပေ။ ဤသို့ အရှင်ဘုရား ဟောကြားတော်မူထားသည့် တရားတော်ကို ဘုရားတပည့်တော်ကိုယ်တိုင်ကြားနာရသောကြောင့် ဤသို့ ဖြေရခြင်းဖြစ်ပါသည်"

"ဘုရားတပည့်တော်အား သနားသဖြင့် ဖြေကြားတော်မူပါ အရှင်ဘုရား။ ဤကဲ့သို့ တပည့်တော် ဖြေကြားပါလျှင် အရှင်ဘုရား ဟောထားသည်နှင့် ညီညွတ်ပါသလား ဘုရား"

"ညီညွတ်၏သာရိပုတ္တရာ ငါဘုရားဟောကြားတော်မူခဲ့သည့် အတိုင်းပင် ဖြစ်ပေသည်"

ဉာဏ်ပညာနှင့်အတူတကွ ပါလာခဲ့သော သဒ္ဓါတရားကို ဘုရားရှင်က အသိအမှတ်ပြုတော်မူလိုက်ပါသတည်း။

(ပါထိကဝဂ်၊ သမ္ပသာဒနီယသုတ်)

*  *  *

## ပြော၍မကုန် ဆို၍မခန်း

ကံသုံးပါးတွင် ပညာယှဉ်

"အာနန္ဒာ၊ သာရိပုတ္တရာကို သင်လည်းနှစ်သက်ပါ၏လော"

သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် တနေ့သ၌ ဘုရားရှင်က ဤသို့ ထုတ်၍ မေးတော်မူလိုက်၏။ အမှန်မှာ ဘုရားရှင်၏ ညာလက်ရုံးတဆူအဖြစ် အားကိုး အားထား ပြုနေရသော ပုဂ္ဂိုလ်မြတ်ကြီးအပေါ် မနှစ်သက်သူဟူ၍ မရှိနိုင်ပါ။ မကြည်ညိုဟူ၍ ရှိနိုင်ပါ။ ဘုရားရှင်ကို နှစ်သက်

သူ ကြည်ညိုသူမှန်လျှင် သည်အရှင်မြတ်ကြီးကိုလည်း နှစ်သက်ပြီး ကြည်ညိုပြီးသား ဖြစ်ကြရပါသည်။

သို့ပါလျက် တမင် ကလာ ထုတ်ဟ၍ မေးတော်မူ ချေပြီ။ ဘုရားရှင်တို့၏ အပြုအမူ ဟူသမျှသည် ဉာဏ်ပညာ ရှေ့သွား ရှိကြသည်သာဖြစ်၏။ တစုံတခုသော အမှုကိုစပြုလျှင် တစုံတရာသော အကြောင်းအရာကို မေးမြန်း ပြောကြားလျှင် သက်ရောက်လာနိုင်မည့် အကျိုးဆက်များကိုထက်သန်လှသော ဉာဏ်ပညာဖြင့် နှိုင်းချိန်ဝေဘန်၍သာ ပြုတော်မူ၏၊ ဉာဏ်ပညာနှင့် တကွ ဆက်စပ်လျက်ရှိသော စကားများကိုသာ မေးမြန်းခြင်း ပြောကြားခြင်း ပြုတော်မူ၏၊

## အသံနောက်က အလိုတော်

ရှင်တော်မြတ်၏ အရိပ် အာဝါသအောက် ခိုကိုးလာသည့် နှစ် လ ရာသီ အလီလီပြောင်းလာသည်နှင့်အမျှ ထုတ်ဟ လိုက်သော စကားသံများနောက်ကွယ်မှ အသံမထွက်သော လိုအင်ဆန္ဒများကို ကျွန်ုပ်ကြားသိ၍ လာနိုင်ပါပြီ။ ယခု ရွှေနှုတ်တော်မှ ထုတ်ဟလိုက်သော မေးခွန်း၏ နောက်ကွယ်မှာလည်း အလိုတော်တခု တွယ်ကပ်လျက် ရှိနေပါသည်။

## တူညီသော အလိုဆန္ဒများ

သို့ရာတွင် ကျွန်ုပ် လျှောက်ထားရမည့် စကားများမှာ ထို အလိုတော်နှင့် လိုက်လျောရုံမျှသာ မဟုတ်ပါ။ ကျွန်ုပ်၏ စိတ်နှလုံး အလိုနှင့်လည်း လုံးဝဥဿုံ ညီညွတ်ပြီး ဖြစ်နေပါသည်။

"အရှင်ဘုရား၊ မိုက်မဲသူ၊ ပြစ်မှားသူ၊ တွေဝေသူ၊ ဖောက်

လှဲ ဖောက်ပြန် စိတ်မမှန်သူများမှလွဲ၍ အရှင်သာရိပုတ္တရာကို မနှစ်သက်သူဟူ၍ မရှိပါဘုရား”

## ပညာဂုဏ်

“အရှင်သာရိပုတ္တရာသည် ရှေ့နောက်မြော်မြင် ဉာဏ်အမြင်နှင့် ပြည့်စုံပါသည်။ မြင့်မြတ်သောပညာ၊ ကြီးမားသောပညာ၊ ရွှင်လန်းသောပညာ၊ လျင်မြန်သော ပညာ၊ ထက်မြက်သော ပညာ၊ မိစ္ဆာအယူ ဟူသမျှကို ဖောက်ခွဲနိုင်သော ပညာနှင့် ပြည့်စုံပါသည်။

## သီလဂုဏ် သမာဓိဂုဏ်

အရှင် သာရိပုတ္တရာ သည် အလိုဆိုး မရှိသူ ဖြစ်ပါသည်။ ကောင်း ဆိုး ယုတ် မြတ် ရတ တ် သမျှဖြင့် ရောင့် ရဲ တတ်ပါ သည်။ ကာမဂုဏ်ဘို့မှ ကင်းဝေးပါသည်။ လူဘောက်သောက် တို့နှင့် ရောနှောခြင်း မရှိပါ။ မဆုတ် မနစ် အားသစ်သော စိတ်ဓာတ်ရှိပါသည်။

## သီတင်းသုံးဖော်တို့၏ မိတ်ဆွေကောင်း

“အရှင်သာရိပုတ္တရာသည် သီတင်း သုံးဖော်များအား ပြော ဆိုဆုံးမသော စကားကိုလည်း လေးစားစွာ ခံယူပါသည်။ မကောင်းသောအယူအစွဲ၊ အကျင့် ဒုစရိုက်ကို စစ်ကြောမောမြန်း တတ်ပါသည်။ မကောင်းမှု ဟူသမျှ ကို ရှုတ်ချတတ်ပါသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တဦးကို မည်သူမနှစ်သက်ပဲ ရှိနိုင်ပါမည် နည်း အရှင်ဘုရား”

## ဂုဏ်ကိုယ်စီ ကျေးဇူးကိုယ်စီ

အလိုဆန္ဒ နှစ်ရပ်တို့တကွနက်ဆက်စင်လျှက် ထွက်ပေါ်လာသော ဂုဏ်ကျေးဇူးများ ဖြစ်ကြပါသည်။ အရှင်မဟာသာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို အကြောင်းပြုလျက် ဤသို့သော ဂုဏ်များထွက်ပေါ်လာသကဲ့သို့ပင် အရှင်မဟာမောဂ္ဂလာန်စသော မထေရ်မြတ်ကြီးနှင့်ပတ်သက်၍ မေးမြန်းတော်မူလျှင်လည်း၊ လျှောက်ထားစရာ ဂုဏ်ကျေးဇူးများက အစီအရီရှိနေကြသည်သာ ဖြစ်ပါသည်။

(သဂါထာဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သုသီမသုတ်)

*　　*　　*

## အရှင်မဟာမောဂ္ဂလာန်၏တန်ခိုးပြာဋိဟာ

### ဝါးလုံးဖျားက စန္ဒကူးသပိတ်

ဘိညာဉ်စိုးသည့် တန်ခိုးသခင် အရှင်မဟာမောဂ္ဂလာန်အကြောင်း တင်ပြမည်အပြုတွင် ကျုနုပ်၏စိတ်အာရုံထဲ၌ အရှင်ပိဏ္ဍောလဘာရဒွါဇနှင့် စန္ဒကူးသပိတ်တို့ ဝင်ရောက်၍ လာကြပါသည်။

ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတော်မှာ နေတော်မူစဉ်က ဖြစ်ပါသည်။ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့သည် ရာဇဂြိုဟ်တွင်းသို့ တတူတကွ ဆွမ်းခံဝင်လာကြရာ သူဌေးတဦး၏အိမ်ရှေ့တွင် လူအများ ရှုတ်ရှက်သဲသဲ ဖြစ်နေသည်ကို တွေ့ကြရ၏။ အိမ်ရှေ့က ကွက်လပ်မှာလည်း ဝါးအဆင့်ဆင့် စိုက်ထောင်ကာ အထက်ဆုံး ဝါးလုံးဖျားတွင် စန္ဒကူးသပိတ်ကို ချိတ်ဆွဲထား၏၊ နီးစပ်ရာ တကာတယောက်ကို မေးကြည့်ရာတွင် "ရဟန္တာများအတွက် သူဌေးကြီးက လှူဒါန်းထားပါသည်၊ တန်ခိုးကြီးသောရဟန္တာအရှင်မြတ်များ ကောင်းကင်ခရီးဖြင့် ကြွချီ၍အလှူခံတော်မူကြရန် ဖြစ်ပါသည်ဘုရား" ဟု လျှောက်၏။

"အခြားပုဂ္ဂိုလ်များကော ကြိုးစားကြည့်ကြ ပါသလော"

စန္ဒကူးသပိတ်ကို စိတ်ပါဝင်စားနေပြီ ဖြစ်သော အရှင်ပိဏ္ဍောလက ဆက်၍မေးလိုက်၏

## ဉာဏ်များသော ပုဂ္ဂိုလ်ကြီး

"ကိုယ့်ကိုယ်ကို ရဟန္တာဆိုသူတွေလည်း မရှားပါဘုရား တန်ခိုးကြီးပါသည်ဆိုသော ပုဂ္ဂိုလ်ကြီးတွေလည်း ရှိကြပါသည်၊ တကယ့်လက်တွေ့နှင့် စစ်ကြည့်လိုက်တော့ ဘယ်ပုဂ္ဂိုလ်မှ မယူနိုင်သေးပါ။ သည်အထဲမှာ အင်မတန် ဉာဏ်များလှသည့် ပုဂ္ဂိုလ်ကြီးတပါး ကြွလာပါသေးသည်၊ နောက်လိုက်နောက်ပါ ချေရိသင်းပင်းများနှင့်တကွ သူဌေးကြီးဆီကြွလာပြီး သပိတ်ကို အလှူခံပါသည်။ သူဌေးကလည်း စောစောက စီစဉ်ထားသည့်

အတိုင်း ဈာန်တန်ခိုးနှင့် မိုးပျံနိုင်လျှင်ယူပါတော့” ဟုလျှောက်ထားလိုက်၏။

“ဂုဏ်း ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးက ‘‘သည်လိုဆိုလျှင် ကောင်းပြီ။ သည်ကနေ့ ငါ၏ဘန်ခိုးကူဒ်ပါဒ်ကို ဖူးမြင်ခွင့် ရကြပြီ” ဟု ခပ်တည်တည်ဆိုကာ ဟန်နှင့်ပန်နှင့် လှမ်းကြွလာ ပါသည်။ ဝါးတိုင်နား ရောက်သောအခါ လက်နှစ်ဘက်ကို မြှောက်၍ထက်ကောင်းကင်ပျံမည်အပြုလိုက်မှာ သူ့တပည့်များ က ဝိုင်း၍ ဆွဲထားလိုက်ကြပါသည်။ ‘‘ဘာမဟုတ်သည့် သပိတ် ကလေးတလုံးအတွက် လူတို့နှင့်မထိုက်တန်အောင် မြင့်မြတ်လှ သော ဈာန်ဘန်ခိုးတွေ မပြတော်မူပါနှင့်ဘုရား” ဟု တားမြစ် ကြပါသည်။ သူတို့လုပ်ဇာတ်ကြီးက ပေါလော ဖြစ်နေသဖြင့် လူပုံအလယ် အရှက်ကွဲခံရခြင်းသာ အဖတ်တင်သွားရပါသည်။ လောကမှာ ရဟန္တာတွေ၊ တန်ခိုးရှင်တွေဟု ပါးစပ်ဖျားက အပြောများနေကြသော်လည်း လက်တွေ့နှင့် စပ်ကြည့်လိုက် တော့ အင်မတန်မှ ရှားလှပါဘုရား”

## ရာဇဂြိုဟ်မြို့ပေါ်က အရှင်ပိဏ္ဍောလ

“ဘကာ၊ သင်ပြောသလိုမဟုတ်ပါ။ တန်ခိုးကြီးသည့်ရဟန္တာ ပုဂ္ဂိုလ်များ ရှိကြပါသည်၊ ယခုငါ့ရှေ့က ပုဂ္ဂိုလ်ကြီးကိုရှုပါ။ သင့်မျက်စေ့ ရှေ့မှာပင် ဈာန်အဘိညာဉ်တန်ခိုးဖြင့် အလှူခံ ပြပါလိမ့်မည်”

တကာ၏စကားကို ချေပရင်း အရှင်မဟာ မောဂ္ဂလာန်ကိုပါ ရေလာမြောင်းပေးပြုလိုက်၏။ အရှင်မဟာ မောဂ္ဂလာန်က သူ့

စကားကိုလက်မခံပဲ "သည်သပိတ်က ငါ့ရှင်အတွက်သာ ဖြစ်သည်။ ငါ့ရှင်လည်း ဧျာန်အဘိညာဉ်တန်ခိုးရှင်တပါးပင် မဟုတ်ပါလော"

စောစောကပင် စန္ဒကူးသပိတ်ကို စိတ်ဝင်စားပြီး ဖြစ်နေသော အရှင်ပိဏ္ဍောလသည် အရှင်မဟာမောဂ္ဂလာန်က နှစ်ခါထပ်၍မတိုက်တွန်းရပဲ တန်ခိုးပြလိုက်ပေတော့သည်။ ရာဇဂြိုဟ်မြို့ကြီးပေါ်တွင် သပိတ်နှင့်တကွ သုံးပတ်တိတိပျံဝဲ၍ ပြလိုက်ပေသည်။ သူဌေးနှင့်တကွမြို့သူမြို့သားတို့၏ဩဘာသံ... ...ကျက်ပွက်ညံ၍ သွားပါ၏။

## ကျောင်းတံခါးမှာ သောသောညံ

အရှင်ပိဏ္ဍောလသည် ကောင်းကင်မှ သက်၍ သူဌေးရှေ့ရပ်လာ၏။ သူဌေးကသပိတ်ကိုလှမ်းယူကာ အဖိုးထိုက်စွာသော ခဲဘွယ်ဘောဇဉ်တို့ကို လောင်းလျက် အရှင့်မြတ်ထံ ဆက်ကပ်လိုက်၏။ ကောင်းချီးဩဘာပေး၍ အားမရနိုင်သော ပရိသတ်များက ကျောင်းတော်တံခါးဝထိအောင် လိုက်ပါ၍ လာကြပေသည်။

တစုံတခုသော စကားပြောစရာရှိလျှင် အကျိုးရှိမှ ပြောကြရမည်။ အကျိုးမရှိသောစကားကိုပြောနေမည့်အစား ဆိတ်ဆိတ်နေကြရမည်။ ဤကားဘုရားရှင်၏ ဩဝါဒဖြစ်၏၊ ဘုရားရှင်၏ စံနမူနာလည်းဖြစ်၏။ တရားဟောစရာ၊ ဆွေးနွေးစရာ၊ ဝိနည်းပညတ်စရာမရှိလျှင် ဘုရားရှင်သည် ဆိတ်ဆိတ် နေခြင်းကိုသာ နှစ်သက်တော်မူ၏။ တိတ်တိတ် ဆိတ်ဆိတ် နေတော်မူသော

ဘုရားရှင်သည် ထိုအသဲဗလ ံများကိုကြားလိုက်ရသည်နှင့် ကျနုပ်ကို ခေါ်တော်မူလိုက်ပေသည်။

"အာနန္ဒာ၊ ကျောင်းတံခါးဝမှ ဆူညံလှသော အသံကား အဘယ်နည်း"

အရှင်မဟာမောဂ္ဂလာန်ထံမှ သည်အကြောင်းခြင်းကို ကြားရခါစဖြစ်၍ ကျနုပ်က ဟုတ်တိုင်းမှန်ရာကို ချက်ချင်းလက်ငင်း လျှောက်ထားနိုင်ပေသည်။

## စန္ဒကူးသပိတ်၏ ဇာတ်သိမ်း

"အာနန္ဒာ။ ရဟန်းအားလုံးကို အစည်းအဝေးခေါ်လိုက်"

ဤအမိန့်လိုထုတ်ပြန်လိုက်သည်နှင့် ယနေ့အဖို့ ဝိနည်းပညတ်ချက်တခု ထုတ်ပြန်စရာရှိပြီဖြစ်ကြောင်း ကျနုပ်တို့အားလုံး သတိပြုမိကြပါသည်။ သည်ကိစ္စ၏ အရင်းခံပုဂ္ဂိုလ် မည်သူဖြစ်သည်ဟု အထူးတင်ပြရန် လိုတော့မည်မထင်ပါ။

"ဘာရဒွါဇ၊ ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ဈာန်တန်ခိုးဖြင့် ပျံတက်၍ယူသည် မှန်သလော"

မျိုးရိုးနာမည်ငယ်နာမည်နှစ်မျိုးရှိရာတွင် ဘုရားရှင်ကမျိုးရိုးနာမည်ကို ခေါ်တော်မူလေ့ရှိ၏။ လောကဓမ္မတာ ယဉ်ကျေးမှုစကားထုံးအရလည်း ဖြစ်ပါသည်။

"မှန်ပါသည် အရှင်ဘုရား"

အိုးမထိုက်လှသော သပိတ်ကလေးကလုံးအတွက် တန်ခိုးပြာဋိဟာပြခဲ့သည့်အတွက် အရှင်ပိဏ္ဍောလအား အမျိုးမျိုးအဖုံဖုံ ရှုတ်ချတော်မူကာ....

“ရဟန်းတို့အား လူတို့အား တန်ခိုးပြာဋိဟာကို မပြအပ်။ ပြသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ”

“ရဟန်းတို့၊ ထိုသပိတ်ကိုခွဲလိုက်ကြ။ အစိတ်စိတ် အမွှာမွှာ ခွဲ၍ မျက်စဉ်းကျိတ်စရာအဖြစ်ဖြင့် ရဟန်းတို့အား ပေးလိုက်ကြ”

“ရဟန်းတို့ သစ်သားသပိတ်ကိုမဆောင်အပ်။ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ”

ဝိနည်းပညတ်ချက်နှစ်ခုနှင့် အမိန့်တော်အရပ်က တပြိုင်နက် ထွက်ပေါ်လာတော့၏။ ကောင်းချီးသြဘာသံ တညံညံဖြင့် ယူဆောင်လာခဲ့ရသော စန္ဒကူး သပိတ်သည် ထိုနေရာမှာပင် အစိတ်စိတ် ဖြစ်သွားရရှာပေသည်။

(စူဠဝဂ်၊ ခုဒ္ဒကဝတ္ထု ခန္ဓက)

## အဘယ့်ကြောင့်နည်း၊ အဘယ့်ကြောင့်နည်း

အမှန်အတိုင်းဆိုရသော် ထိုစဉ်ကသပိတ်ကလေးကို နှမြောလှပါသည်။ ပရိသတ်အလယ် ကဲ့ရယ်ရှုတ်ချခံရရှာသော အရှင်ပိဏ္ဍောလကိုလည်း သနားမိပါသည်။ ရာဇဂြိုဟ်မြို့က ထင်ရှားသော သူဌေးတဦးသည် သည်တန်းခိုးပြာဋိဟာကို အကြောင်းပြု၍သာလျှင် သာသနာတော်ကြီးနှင့် အဆက်အသွယ် ဖြစ်၍ လာ၏။ ဘယ်နည်းနှင့်ပင် ရောက်ချောက်၊ သာသနာတော်ကြီး ထဲသို့ တယောက်ရောက်လာလျှင် တယောက်တိုးတက်လာသည် မဟုတ်ပါလော။ သို့ပါလျက် ဤသို့သောစည်းရုံးမှုကို အဘယ့် ကြောင့် သက်မခံရပါသနည်း။

ပယ်လှန်၍ မဖြစ်နိုင်သောအမိန့်တော်ကြီးမို့ သာ နာခံလိုက်ရ၏။ စိတ်ထဲမှာတော့ ရှင်းရှင်းလင်းလင်းမရှိပေ။ ထိုအချိန် ထိုကာလမှာ သာသနာတော် ရှေ့ဦးပိုင်းဖြစ်ရာ သီတင်းငယ်ဖြစ်သောကျွန်ုပ်တို့ဘဝတွေမှာ အရှင်မဟာမောဂ္ဂလာန်၏ လျှမ်းလျှမ်းတောက် တန်ခိုးပြာဋိဟာများကို အားကျနေဆဲသာ မဟုတ်ပါလော။

## တန်ခိုးအရာ ဂုဏ်ထူးဆောင်

အရှင်မဟာသာရိပုတ္တရာသည် ပညာအရာဧတဒဂ်ရရှိသကဲ့သို့ အရှင်မဟာမောဂ္ဂလာန်မှာလည်း တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော အရာတွင် ဧတဒဂ်ရသည်ကို အားလုံးအသိပင် ဖြစ်ပါလည်း အများတကာတို့ထက် ထူးကဲသာလွန်သော တန်ခိုးဣဒ္ဓိပါဒ်ရသည်အားလျော်စွာ ဘုရားရှင်ကိုယ်တော်မြတ် ဤဘွဲ့ထူးဂုဏ်ထူးဖြင့် ထိုက်ထိုက်တန်တန် ချီးကြူးဂုဏ်ပြုခဲ့ခြင်းလည်း ဖြစ်ပါ၏။

တရားမင်းကိုယ်တော်တိုင် ချီးကျူးခဲ့သည့်အတိုင်း တန်ခိုးပြာဋိဟာအမျိုးမျိုးတို့ဖြင့် အရှင်မဟာသာရိပုတ္တရာနှင့် ထပ်တူထပ်မျှ ထင်ပေါ်ခဲ့ပါ၏။ ကျော်ကြားခဲ့ပါ၏။ လေးစားကော်ရော်ပူဇော်ခြင်း အမျိုးမျိုးကို ခံယူခဲ့ရ၏။ သည်အရှင်မြတ်ကြီး၏ တန်ခိုးဣဒ္ဓိပါဒ်များကို သည်အရှေ့ ကျွန်ုပ်တို့ မည်သို့ရှုမြင်ရတော့မည်နည်း။

သိက္ခာပုဒ် ပညတ်တော်မူတုန်းက လူများကိုသာ မပြုရဟုပါရှိ၏။ ရဟန်းအချင်းချင်းမပြုရဟုမပါရှိပါ။ သို့သော်ကျွန်ုပ်တို့

ရဟန်းများ အချင်းချင်းမှာဆိုလျှင် တန်ခိုးပြာဋိဟာ ပြခြင်းလောက်အောင်အကြောင်းကိစ္စပေါ်ပေါက်ဖို့ ခဲယဉ်းလှပါသည်။

တန်ခိုးပြာဋိဟာများကို အားကျ မက်မောသော စိတ်ဖြင့် ထိုစဉ်က မရှင်းမလင်းဖြစ်ခဲ့ရသော စိတ်အစဉ်မှာ လစတစ်နှင့် ရှင်းလင်း၍လာရ၏။ သို့ရှင်းလင်းလာသည့် အချပ်ဌာနကား နာဠန္ဒမြို့ပင် ဖြစ်ပေသည်။

## တန်ခိုးပြာဋိဟာ ပြပါစေ

နာဠန္ဒမြို့အနီးပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ နေတော်မူစဉ် ကေဝဋ္ဋအမည်ရှိသော သူဌေးသားတယောက်က ဤသို့ လာ၍လျှောက်ထား၏။

"အရှင်ဘုရား၊ ဤနာဠန္ဒမြို့သည် ပစ္စည်းဥစ္စာကြွယ်ဝပါသည်။ အစာရေစာ ပေါများပါသည်။ လူမျိုးပေါင်းစုံ စုပြုံနေထိုင်ရာ ဖြစ်ပါသည်။ ဘုရားရှင့်ကိုယ်တော်မြတ်အပေါ် ကြည်ညိုသဒ္ဓါ ပွားများသူတို့ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ဘုရားတပည့်တော် အခွင့်အရေးတခု တောင်းပါရစေ။ နာဠန္ဒ မြို့သူမြို့သားများ ဘုရားရှင်အပေါ် အတိုင်းထက်အလွန် ကြည်ညိုသဒ္ဓါ ပွားလာကြစေရန် တန်ခိုးပြာဋိဟာပြမည့် ရဟန်းတပါးကို ရွေးချယ် ခန့်ထားတော်မူပါဘုရား"

"ကေဝဋ္ဋ၊ လူတို့အားတန်ခိုးပြာဋိဟာပြရန် ရဟန်းတို့အား ငါဘုရား မဟောကြားတော်မမူပေ"

သူဌေးသား၏လျှောက်ထားချက်ကို ဘုရားရှင်က ချက်ချင်း ပင် ငြင်းဆိုတော်မူလိုက်၏။ သူဌေးသားကလည်း ဇွဲတောင်း

ကောင်းဖြင့် သုံးကြိမ်တိတိ လျှောက်ထား၏။ ဘုရားရှင်ကလည်း သုံးကြိမ်စလုံးကို ပယ်တော်မူကာ တန်ခိုးပြာဋိဟာ ပြခြင်း၏ အပြစ်များကို ဟောပြတော်မူရပေသည်။

## တန်ခိုးပြာဋိဟာ၏ အပြစ်များ

၁။ ဣဒ္ဓိပါဒပါဋိဟာရိယ။ မြေလျှိုး မိုးပျံ စသဖြင့် အမျိုးမျိုးဖုံဖုံ တန်ခိုးဖန်ဆင်းခြင်း။

၂။ အာဒေသနာပါဋိဟာရိယ။ သူတပါးစိတ်ကို အတတ် ဟောခြင်း။

၃။ အနုသာသနီပါဋိဟာရိယ။ သူတပါးစိတ်ကို မိမိစိတ်ဖြင့် ဆုံးမသွန်သင်ခြင်း ဟူ၍တန်ခိုးပြာဋိဟာ သုံးမျိုး ရှိပေသည်။

"ဤသို့သော တန်ခိုးပြခြင်းတို့ဖြင့် သာသနာတော်၌ သက်ဝင်ယုံကြည်ပြီးသားပုဂ္ဂိုလ်များ ပို၍ကြည်ညိုလာဘွယ်ရာရှိသည် မှန်သော်လည်းမသက်ဝင်မယုံကြည်သူတို့မှာကား လောကီဂန္ဓာရီ အတတ်များဟု စွပ်စွဲစရာမရှိပါလော"

"ရှိပါသည်အရှင်ဘုရား"

တဖက်ဿတ်အမြင်ဖြင့်တင်လျှောက်ခဲ့သော သူဌေးသားသည် နှစ်ဖက်မြင်ဖြင့်ရှင်းလိုက်မှသာ သဘောပေါက်၍ သွားပေသည်။

(ဒီဃနိကာယ်။ သီလက္ခန္ဓဝဂ် ကေဝဋ္ဋသုတ်)

တန်ခိုးပြာဋိဟာများအပေါ် အာသာမပြေနိုင်သေးသော ကျွန်ုပ်မှာထိုဒေသနာတော်ကိုကြားရခါမှ အာသာပြေသလောက်

ဖြစ်သွားရ၏။ နောက်ပိုင်းကာလများတွင် လောကီချောန် အဘိ ညာဉ်ရှိသော အရှင်ဒေဝဒတ်၏ အဖြစ်အပျက်များ။ ဘိညာဉ် စိုးသည့် တန်ခိုးသခင် အရှင်မဟာမောဂ္ဂလာန် မရှုမလှပရိနိဗ္ဗာန် စံပုံများကို တွေ့မြင်ရသောအခါ ငယ်စဉ်ကာလပိုင်းက စိတ်ခံတိ မျှဲးအတွက် ကြက်သီးဖြန်းဖြန်း ထခဲ့ရပေသည်။

ထို့ကြောင့် မိမိ၏နောက်ဆုံးနေ့ကိုလက်ချိုးရေတွက်၍ ရနေ ပြီဖြစ်သော ယခုလိုအခါမျိုး၌ ငယ်စဉ်ကာလက အားကျခဲ့ရ သောတန်ခိုးပြခန်းများကို တင်ပြမနေလိုတော့ပါ။ အသက်တန်း နှင့်အမျှ ကျနုပ်၏ကြည်ညိုသဒ္ဓါစိတ်ကို ပွားစေခဲ့သော ဒေသနာ တော်တပုဒ်ကိုသာ တင်ပြလိုပါသည်။

### အရှင်သီဝလိ မွေးဖွားစဉ်က

ဒေသနာတော်တပုဒ်ဟူ၍ ကျနုပ်က အလေးအမြတ် နာမည် တပ်ခဲ့သော်လည်း အရှင်မြတ်ကြီးကတော့ ဒေသနာတပုဒ်အဖြစ် ဖြင့် တမင်တကာစီစဉ်၍ ဟောခဲ့သည်မဟုတ်ပါ။ ရှင်သီဝလိ၏ မယ်တော် ခမည်းတော်များ ခုနစ်ရက်တိုင် ဆွမ်းလုပ်ကျွေးလို သဖြင့် ယခင်ပင့်ထားပြီးဖြစ်သော မိမိပစ္စည်းလေးပါး ဒါယကာ ကြီးထံ ခွင့်ပန်ရင်းပြောကြားခဲ့ခြင်းသာ ဖြစ်ပါသည်။

ကျနုပ်တို့ သီတင်းသုံးဖေါ်များထဲက ထင်ရှားကျော်ကြား သော ပုဂ္ဂိုလ်များတွင် အရှင်သီဝလိလည်း တပါးအပါအဝင် ဖြစ်ပေသည်။ လပ်သပ်ပကာ ပေါများခြင်းအရာတွင် ဧတဒဂ် ဂုဏ်ထူးဆွတ်ခူးနိုင်ခဲ့သည်။ ဤအရှင်မြတ်သည် မွေးဖွားစဉ်ကပင် ထူးခြားခဲ့သူဖြစ်ပါ၏။ သူများတကာ ဆယ်လပတ်ဝန်းကျင်သာ

နေခဲ့ရသော အမိဝမ်းတိုက်တွင်ခုနှစ်နှစ်တိုင်တိုင် နေခဲ့ရသူပင်ဖြစ်ပေသည်။

## ဘုရားအမိန့်တော်ဖြင့် မွေးဖွားလာသူ

သူ၏မိခင် ကောလယအမျိုးသမီး သုပ္ပဝါသာသည် မမွေးဖွားနိုင်သော ဝေဒနာဖြင့် ခုနစ်ရက်တိုင်တိုင် မိန်းမော၍ သွားခဲ့ရ၏။ သတိပြန်လည်လာချိန်တွင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များအောက်မေ့ခြင်းဖြင့် သက်သာခွင့်ရခဲ့၏။ သုပ္ပဝါသာသည် ရတနာသုံးပါး၏ လက်ငင်းလက်တွေ့ အကျိုးကျေးဇူးကို ခံစားရသဖြင့် လင်ဖြစ်သူအား ဘုရားရှင်ထံ စေလွှတ်၏။ ဘုရားရှင်၏ ခြေတော်အစုံ ကြာပဒုမ္မာကို သူ့ကိုယ်စား ဦးခိုက်စေကာ ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားခိုင်း၏။

လင်ဖြစ်သူ ကောလိယအမျိုးသားက ဘုရားရှင် ခြေတော်ရင်း ဝပ်စင်းလျှောက်ထားလိုက်သည်တွင်....

"ကောလိယ အမျိုးသမီး သုပ္ပဝါသာသည် ချမ်းသာစေ၊ ရောဂါမရှိ ပကတိကျန်းမာစေ၊ ရောဂါမရှိ ပကတိကျန်းမာသော သားကို ဖွားမြင်စေ"

ဘုရားရှင်ကဆုပေးတော်မူလိုက်၏။ ထိုအချိန်မှာပင် အိမ်မှာရှိနေသောသုပ္ပဝါသာ အောင်မြင်စွာမီးဖွားခဲ့ပေသည်။ သီဝလီ၏ မိဘဆွေမျိုးများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပိုမို၍ အားကိုးကြပေသည်။

## လတ်တလော စေတနာ

သုပ္ပဝါသာတို့ သားအမိ၏ ကျန်းမာချမ်းသာ ကြောင်းကို လျှောက်ထားရင်း သီဝလိ၏ဖခင်သည် ကျောင်းတော်သို့ရောက် ပြန်ကာ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိသော သံဃာတော်များ အား ဆွမ်းလုပ်ကျွေးလိုကြောင်း လျှောက်ထား၏။

## စေတနာသစ်ကို ဦးစားပေးနိုင်ရန်

ထိုခုနစ်ရက်မှာ အခြားဒါယကာကြီးတဦးကလည်း စောစော လျှောက်ထားပြီးဖြစ်နေ၏။ ထိုသူမှာ အရှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေး ပစ္စည်းလေးပါးတကာ သူဌေးကြီး တဦးပင် ဖြစ်၏။ အရှင်မဟာမောဂ္ဂလာန်ကိုအကြောင်းပြု၍ ထိုသူဌေးကြီး ဆွမ်းကျွေးခဲ့ရပေါင်း များလှပေပြီ။ သုပ္ပဝါသာတို့က ယခုမှ ကျွေးခွင့်ရကြ၏။ စိတ်စေတနာ အလွန်တရာထက်သန်နေကြ၏။ အလွန်တရာထက်သန်နေဆဲတွင် အပယခံလိုက်ရလျှင် ရပ်တည် ရာ မရနိုင်လောက်အောင် ရှိနေကြ၏။ ထို့ကြောင့် ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်အားဆွမ်းဒါယကာကြီးထံလွှတ်လိုက်၏။ တကာကြီးဘို့ ပေးထားသော ရက်များကို သုပ္ပဝါသာတို့ထံ လွှဲပြောင်းပေးရန် ပန်ကြားခိုင်းလိုက်ရ၏။

## သည်သုံးခုကို အာမခံပါ

ဆွမ်းတကာကြီးကလည်း အရှင်မြတ်ကြီး၏ ပန်ကြားချက်ကို မငြင်းဆန်ပါ။ သို့သော် အာမခံချက်သုံးခုကိုတော့ တောင်းဆို ပေသည်။

"အရှင်ဘုရား၊ အကယ်၍အရှင်ဘုရားသည် ဘုရားတပည့်တော်၏ စည်းစိမ်ဥစ္စာ၊ အသက်နှင့်သဒ္ဓါတရား၊ ကျသုံးပါးသော တရားတို့ကို မပျက်စီးစေရပါဟု အာမခံနိုင်လျှင် တပည့်တော်၏ ရက်များကို သုပ္ပါသာတို့ကို လှူပေးပါမည်။ တပည့်တော်တာ သူတို့ပြီးမှ ဆွမ်းလုပ်ကျွေးပါမည်ဘုရား"

## အသက်နှင့်စည်းစိမ် ပျက်ကိန်းမရှိ

"တကာကြီး၏ တောင်းဆိုချက်မှာ တရားနှင့်အညီ ဖြစ်နေသဖြင့် အရှင်မြတ်ကြီးမှာ ဈာန်အဘိညာဉ်တန်ခိုးများကို နှုံးဆော်လိုက်ရ၏။ အနာဂတ်ကာလကို လှမ်းမြော်ကြည့်မြင်နိုင်သော အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်လိုက်သောအခါ ထိုကာလများအတွင်း၌ တကာကြီး၏စည်းစိမ်ဥစ္စာများ ပျက်စီးစရာမရှိ။ အသက်အန္တရာယ် တစုံတရာကိုလည်း မတွေ့မြင်။ ထို့ကြောင့် တကာကြီးထံ ဝမ်းမြောက်စွာ စကားပြန်ရပေသည်။

"တကာကြီး၊ တကာကြီး၏ စည်းစိမ်ဥစ္စာနှင့် အသက်တို့ကို အာမခံပါ၏။ လောလောဆယ် ကာလများအတွင်း၌ ပျက်စီးစရာ အကြောင်းမရှိသေးပါ"

"သဒ္ဓါတရား မပျက်စီးဘို့ကိုလည်း အရှင်ဘုရားတန်ခိုးတော်ဖြင့် စောင့်ရှောက်ပေးတော်မူပါဦး ဘုရား"

## 'ကိုယ့်သဒ္ဓါ ကိုယ်သာစောင့်

"တကာကြီး။ ဈာန်အဘိညာဉ်တန်ခိုးဖြင့် စည်းစိမ်ဥစ္စာကို အာမခံနိုင်ပါ၏။ အသက်ကို အာမခံနိုင်ပါ၏။ သဒ္ဓါတရား

မပျက်စီးသို့ကိုကား အာမမခံနိုင်ပါ။ မိမိသာ ဒါတရားကို မိမိကိုယ်တိုင်က စောင့်ရှောက်ရန်သာရှိပေသည် ဘကာကြီး"

"ကောင်းပါပြီဘုရား။ ကျန်နှစ်ပါးကို အရှင်ဘုရား အာမခံလျှင် သည်တပါးကိုတပည့်တော်က စောင့်ရှောက်ပါတော့မည်"

ဘကာကြီးက ကျေနပ်စွာခွင့်ပြုလိုက်သဖြင့် သုပ္ပဝါသာတို့ ဆွမ်းကုသိုလ်ယူနိုင်ခွင့် ရကြပေလည်း။

အရှင်မဟာမောဂ္ဂလာန် ပြခဲ့ဘူးသော တန်ခိုးပြာဋိဟာများတွင် သာသနာတော်ကြီး တည်နေသမျှ ဥဒါန်းတွင်၍ နေမည်ဖြစ်သော ဤစကားတခွန်းကိုလည်း စာရင်း သွင်းလိုက်ချင်ပါ၏။

(ဥဒါန်း၊ သုပ္ပဝါသာသုတ်)

* * *

## ဗုဒ္ဓမြတ်စွာ၏ ကိုယ်စားလှယ်

### တတိယ ကြွယ်ပြောင်ကြီး

ရဟန်းတို့။ ကဿပသည် ကောင်းဆိုးယုတ်မြတ် ရတတ်သမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်၏။ ရောင့်ရဲလွယ်ခြင်း၏ ကျေးဇူးကိုလည်း ဆိုလေ့ရှိ၏။ ပစ္စည်း လေးပါးကို အကြောင်းပြု၍ မသင့်လျော်သော အမှုအကျင့် များကိုလည်း

မကျင့်ပေ။ မရသေးသောပစ္စည်းလေးပါးကို တောင့်တခြင်းမရှိ။ ရရှိပြီးသော ပစ္စည်းလေးပါးတို့ကိုလည်း မက်မောခြင်း၊ စွဲလန်းခြင်းမရှိ။ ပစ္စည်းလေးပါးတို့ကို လက်ခံသုံးစွဲ နေရခြင်းကိုပင် ဘေးဟု မြင်တတ်၏။ လွတ်မြောက်ရာသို့ ရှုရှုသော ဥ က်ပညာဖြင့် ဆင်ခြင်၍သော သုံးဆောင်တတ်၏။

(ကဿပသံယုတ်၊ သန္တုဋ္ဌသုတ်)

ငွေစန္ဒာ လမင်းကြီး၏ အခြေအရံ ကြယ်တာရာများထဲမှ တတိယကြယ်ပြောင်ကြီး၏ အခန်းကို ဤမိန့်ခွန်းတော်ကြီးဖြင့် ဖွင့်လိုက်ပါ၏။

## ပစ္စည်းလေးပါးနှင့် တကာ့တကာမ

သာသနာတော်သင်း ရဟန်းများအတွက် အနည်းဆုံးသော လိုအပ်ချက်မှာ ဆွမ်း သင်္ကန်း၊ ကျောင်း အိပ်နေရာနှင့် ဆေးဤလေးပါးသော ပစ္စည်းများပင်ဖြစ်၏။ သာသနာကို စိတ်အေးချမ်းသာထမ်းဆောင်နိုင်စေရန် ခွင့်ပြုတော်မူခဲ့သော ဤပစ္စည်းလေးပါးနှင့်ပတ်သက်၍ ရဟန်းအများတို့ သဘောထား မှန်ကန်ကြစေရန် တတိယသာဝကကြီး၏ စံနမူနာကို ထုတ်ပြတော်မူပြီးနောက် ဆက်လက်၍...

"ရဟန်းတို့၊ လူတို့၏စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော ငွေလမင်းကြီးသည် ထက်ကောင်းကင်ဝယ် လွတ်လွတ်လပ်လပ် သွားလာ၍နေသကဲ့သို့ ကဿပသည်ကိုယ်ရောစိတ်ပါ လွတ်လွတ်ကြီး ခွါလျက် တကာတကာမများထံ ချဉ်းကပ်၏။ နေ့စဉ်နှင့်

အမျှ ဆွမ်းခံရောက်သော်လည်း သူ့အဖို့အားလုံး တကာတကာမ အသစ်တို့ချည်းသာဖြစ်၏၊ အကျွမ်းတဝင် ခင်မင်ရင်းနှီးထား သော တကာတကာမ မရှိပေ၊ ငါ့တကာငါ့တကာမဟု၍ စွဲလန်း ထားခြင်းလည်း မရှိပေ”

တကာ တကာမ ဆက်ဆံရေးမှာလည်း ငွေလမင်းကြီးနှင့် စံပြုတော်မူခဲ့ပေသည်။

(ကဿပသံယုတ်၊ စန္ဒူပမာသုတ်)

## ကြယ်ပြောင်ကြီး၏ ဘဝခရီး

ရဟန်းပရိသတ်အားလုံးအတွက် စံနမူနာအဖြစ်ဖြင့် ဘုရား ရှင်ကိုယ်တော်တိုင်က ထုတ်ဆောင်တော်မူရသော အရှင်မြတ် ကြီးသည်ကား အဂ္ဂသာဝက နှစ်ပါးနောက် မျှားမကြာမီ ဝေဠုဝန်ကျောင်းတော်သို့ ရောက်လာသူဖြစ်ပါ၏။ ဘုရားရှင်ကို ကိုယ်တိုင်ကိုယ်ကျ မဖူးရမမြင်ရခင်ကပင် လောကမှာ ထင်ရှား ရှိသော ရဟန္တာသခင်အရှင်မြတ်မျှားကို ရည်စူး၍ ရဟန်းပြုလာ ခဲ့သည်ဟု ဆိုပါ၏။

အရှင်မြတ်ကြီး၏ ဘဝခရီးစဉ်တွင် ထူးခြားသော အတွေ့ သုံးခုရှိခဲ့သည်ကို ကျနုပ်တို့ ကြားသိထားရ၏။ နှစ်ခုမှာအိမ် ထောင်ရေးဖြစ်၍ ကျန်တခုကား ရဟန်းပြုပြီးချိန်၌ ဖြစ်ပေ သည်။

## သူ့အမျိုး သူ့အနွယ်

အရှင်မဟာကဿပ ဟူသည်မှာ အရှင်မြတ်ကြီး၏ မျိုးရိုး နာမည်ဖြစ်၏။ သုံးမကုန်ဖြုန်းမကုန်နိုင်အောင် ကြွယ်ဝချမ်းသာ

ကြသော ဗြဟ္မဏမဟာသာလမျိုးရိုးပင်ဖြစ်ပေသည်။ မဂဓတိုင်းမဟာတိတ္ထရွာကြီးက ကပိလဗြဟ္မဏသည်သူ၏ဖခင်ဖြစ်ပေသည်။ အရှင်မြတ်ကြီး၏ ငယ်နာမည် ရှိပါသော်လည်း ကျနုပ်သည်နာမည်ကိုမခေါ်ဝံ့ပါ။ အရှင်မြတ်ကြီးအပေါ် ရှိသေလေးမြတ်သောစိတ်များက သည်စကားလုံးများကို ဟန့်တား၍ ထားကြပေသည်။

## စိတ်မပါသူ၏ ရွှေစင်ရုပ်

ဗြဟ္မဏနွယ်ဘွား သတိုးသား အသက်နှစ်ဆယ် ပြည့်ချိန်တွင် မိဘနှစ်ပါးတို့က အိမ်ထောင်ပြုရန် နားချကြ၏။ မျိုးနွယ်မပျက် စဉ်ဆက်ပွါးများရေးကို တိုက်တွန်းကြ၏။ သို့သော်သူဌေးသားကလုံးဝစိတ်မပါ၊ သူစိတ်ပါသည်မှာ တောထွက်၍ ရဟန်းပြုရေးပင်ဖြစ်၏။

သားဖြစ်သူက မိမိစိတ်သဘောရင်းကို အတိအလင်းပြောပြပါသော်လည်း မိဘများကလက်မခံကြပေ။ အခွင့်သာတိုင်း အိမ်ထောင်ပြုရေးကိုသာ တိုက်တွန်းကြ၏။ သို့နှင့် သူဌေးသားသည် နားမှုအေးစေတော့ဟု ရွှေစင်ရုပ်တခုကိုပြကာ ဤသို့ဤပုံ လှမျိုးစုံသော မိန်းကလေးကိုမှ ယူနိုင်မည်ဖြစ်ကြောင်း ပြောပြလိုက်ရ၏။

သူဌေးသားအနေနှင့် သည်လိုမိန်းကလေးမျိုး လုံးဝမရှိနိုင်ဟု ရဲဝံ့စွာပြောလိုက်ခြင်းဖြစ်၏၊ သို့သော် သူ့အထင်နှင့်အမြင်တက်တက်စင် လွဲခဲ့ရပေသည်။

## ရွှေစင်ရုပ်ထက် ချောနေပြီ

ရွှေစင်ရုပ်ကိုထမ်း၍ သတိုးသမီးလောင်း အရှာထွက်သွားကြသော ပြဟ္မဏရှစ်ယောက်တို့သည် အောင်မြင်သောမျက်နှာဖြင့်မဟာတိတ္ထရွာကြီးသို့ ပြန်လာကြ၏၊ မဒ္ဒရာဇ်တိုင်း၊ ကောသိယမျိုးနွယ် သူဌေးကြီးသမီးပျို ဘဒ္ဒါသည် ရွှေစင်ရုပ်ထက်ပင်ချောမောလှပသည်ဖြစ်၍ ရွှေစင်ရုပ်ပေးအပ်ကာ စကားကမ်းလှမ်းထားခဲ့ကြောင်း ပြောပြကြ၏။

သူဌေးသား မည်သို့ပြုမည်နည်း။ မိမိပြောပြထားသောစကားအရ ရွှေစင်ရုပ်ထက်ချောမောသူလည်းတွေ့နေပြီ။ မျိုးရိုးနှင့်စည်းစိမ်ဥစ္စာတို့တွင်လည်း မိမိတို့နှင့်ထပ်တူထပ်မျှ ဖြစ်နေကြသဖြင့် ငြင်းပယ်ရန်မလွယ်ကူ။ ဘဝခရီးစဉ်၌ မမြော်လင့်သောအကွေ့တခုကိုတော့ ရောက်လာချေပြီ။ သို့သော် သူ့စိတ်ကမလျှော့ချင်သေးပါ။ လူကြီးမိဘများကို ငြင်းဆန်၍မရနိုင်သော်လည်း မိမိတို့အချင်းချင်း ကိုဘင်အကြောင်းကြားလိုက်လျှင်သည်ကိစ္စကြီး ပျက်ပြယ်၍ သွားနိုင်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် သူ့ခန်းဆောင်ကိုအလုံပိတ်ကာ သူ့အကြံအစီကိုအကောင်အထည် ဖေါ်လိုက်၏။

## ဖြတ်စာနှင့်စောင် ဆက်စာနှစ်စောင်

“နှမဘဒ္ဒါ၊ မောင်ကြီးက ကြိုတင်သတိပေးလိုက်ပါသည်။ မောင်ကြီးသည် မကြာမီ ရဟန်းပြုတော့မည်ဖြစ်ပါ၏။ သို့ဖြစ်၍ နှမဘဒ္ဒါသည် မိမိနှင့်အမျိုးအနွယ်စည်းစိမ်ဥစ္စာတူမျှသူ အခြား

တယောက်နှင့် အိမ်ထောင်ပြုစေချင်ပါသည်၊ နောက်မှနောင်တ ရမနေစေရန် ဖြစ်ပါသည်''

ဤအမှာစကားကိုရေးကာ အလုံအခြုံပိတ်လျက် မဒ္ဒရာဇ် သမီးပျိုထံ အပို့လွှတ်လိုက်၏။ သို့သော်ဤအခါတွင်လည်း သူ မမြော်လင့်သော ဘဝတကွေ့သို့ လျှောက်လာမိခြင်းသာ ဖြစ် ပေသည်။

သည်ကလွှတ်လိုက်သော စာပို့သမားသည် ဟိုကပို့လိုက် သော စာပို့သမားနှင့် လမ်းမှာဆုံမိ၏။ စာပို့ပုံထူးခြားသဖြင့် ပါလာသော စာလွှာနှစ်ခုလုံးကို ဖေါက်၍ဖတ်ကြ၏။ ဤတွင် မဒ္ဒရာဇ်သမီးပျို ဘဒ္ဒါထံမှလည်း သဘောသွားထပ်တူပင် ဖြစ် သောစာကိုဖတ်ကြရပေသည်။

စာပို့သူနှစ်ဦးတို့သည် မူရင်းစာ နှစ်စောင်လုံးကို ဖျောက် ဖျက်ပစ်ကာ မိမိတို့ဘာသာ မေတ္တာစာလွှာများရေး၍ ပို့ကြ၏။ သို့နှင့် သတိုးသားသတိုးသမီး နှစ်ယောက်လုံး တအိုးသအိမ်တည်း မှာ ဆုံလာရတော့သည်။

တအိပ်ရာထဲက မောင်နှမ

တအိမ်ထဲ၊ တခန်းထဲ၊ တအိပ်ရာထဲမှာ အတူနေခဲ့ကြ သော်လည်း သူတို့နှစ်ယောက်ကား မောင်နှမအဖြစ်ထက် ပို မလာပါပေ။ ညအိပ်ရာဝင်ရာတွင် အလယ်က ပန်းကုံးများချ၍ အိပ်ကြပေသည်။

မိဘများအလိုကျ ဟန်ဆောင်လင်မယားအဖြစ် နေလာခဲ့

၂၀ ကြရာ တချိန်တွင် မိဘများကွယ်လွန်သွားကြ၏။ ဤတွင်သတိုး

သားရော သတိုးသမီးပါ မိဘများထားခဲ့သော လုပ်ငန်းဆောင်တာများကို ကြီးကြပ်ရတော့သည်။

လယ်ထွန်ရာမှ သံဝေဂ

တနေ့သ၌ သတိုးသားသည် လယ်ပွဲသို့ သွားကြည့်ရာတွင် ထွန်ကြောင်းသွားမှ ပေါ်လာကြသော ပိုးကောင်များကို ကျီးငှက်များထိုးသုတ်၍စားနေပုံကို မြင်လိုက်ရ၏။ "သူ့အသက်ကို ရက်စက်မညှာ သတ်ဖြတ်စားသောက်သော ဤအရာတွင် မည်သူ့အား တာဝန်ရှိပါသနည်း" ဟု မေးကြည့်သောအခါ အရှင်သားအတွက် လုပ်ဆောင်ရသော ကိစ္စဖြစ်၍ အရှင့်သားမှာသာ တာဝန်ရှိပါသည် ဟုလယ်လုပ်သားများက အဖြေပေးကြ၏။

အမှန်မှာ ကျူးစားသောအမှုသည် ကျူး၏အကုသိုလ်သာ ဖြစ်၏။ သူတို့ကိုကျူးစားပါစေဟု တမင်တကာ ပြုရသည် မဟုတ်၍ လယ်လုပ်သားရော လယ်ပိုင်ရှင်ပါ အကုသိုလ်မဖြစ်နိုင်ပါ။ သို့သော်ဤသို့ပြောလိုက်ခြင်းဖြင့်ပင် မြန်မြန်ကြီး ရဟန်းပြုဖြစ်အောင် တွန်းပို့ပေးရာ ရောက်သဖြင့် သူတို့အားအပြစ်တင်ရန်မရှိပါ။

ဆန်စပါးလှမ်းရာ ပိုးများပါ၍

လယ်လုပ်သားတို့၏ စကားဖြင့် သံဝေဂကြီးစွာ ရလာသော သတိုးသားသည် ရှိရှိသမျှသော ပစ္စည်းများကို သတိုးသမီးထံ အပ်နှံကာ သူကားရဟန်းပြုတော့မည်ဟု ဆို၏။ သတိုးသမီးက

ပစ္စည်းများကို လက်မခံပါလေ။ ဆန်စပါးများ လှမ်းရာတွင် သူ့မှာလည်း သံဝေဂရပြီးပင် ဖြစ်ပေသည်။

အခြားသော အရှင်များသည် မိမိရဟန်း ပြုလာပြီးနောက် ကျန်ရစ်သော သားမယားတို့၏ ဖျားယောင်း သွေးဆောင်မှုကို ခံကြရ၏။ ကဿပနှယ်ဖွား အရှင်မြတ်ကြီးမှာကား ဤသို့ဖျား ယောင်းခံရစရာ မရှိတော့ပါ။ နှစ်ယောက်လုံး ရဟန်းပြုကာ တောမြိုင်လမ်းဝယ် အတူတကွ လှမ်းလာခဲ့ကြပေသည်။

## သည်နေရာက လမ်းခွဲကြစို့

လမ်းဆုံလမ်းခွတခုသို့ ဆောက်သောအခါ ရွှေစာသွားနှင့် သော အရှင်မဟာကဿပသည် အသာရပ်၍နေလိုက်၏။ အရှင်မ ဘဒ္ဒါ အနားသို့ ရောက်လာသည်နှင့်....

"အရှင်မဘဒ္ဒါ၊ ငါတို့များ ရဟန်းဘဝရောက်လာကြပေပြီ။ ရေးယခင်ကဲ့သို့အတူတကွသွားနေကြရန်မသင့်ပြီ။ လမ်းကြောင်း နှစ်ခုအနက် ကြိုက်ရာလမ်းကို ယူပေတော့" ဟု မိန့်ဆိုလိုက်၏။

"အရှင်ဘုရားတို့သည်ယောကျ်ားသားဖြစ်၍ လက်ျာလမ်းကို ယူတော်မူပါ။ တပည့်တော်မှာ မိန်းမသားဖြစ်၍ လက်ဝဲလမ်းကို ယူပါမည်ဘုရား"

အရှင်မဘဒ္ဒါက လက်အုပ်ချီလျှက်လျှောက်ထား၏။ ယခင် အခါများကရည်ရွယ်ချက်မရှိသောဘဝအကွေ့များသို့ ရောက်ခဲ့ ကြရ၏။ ယခုတကွေ့မှာကား နှစ်ဦးစလုံးက ကိုယ်ပိုင်အသိ ဉာဏ်ဖြင့်ဆုံးဖြတ်ကာ လျှောက်ခဲ့ကြခြင်းဖြစ်ပေသည်။ ရည်ရွယ် ချက် ကိုယ်စီဖြင့် တခြားစီလျှောက်လာကြခြင်း ဖြစ်ပေသည်။

(နိဒါနဝဂ်၊ ကဿပသံယုတ်အဋ္ဌကထာ၊ စီဝရသုတ်)

ရဟန်းပြုလာသည်မှစ၍ တုရားရှင်နှင့် တွေ့ရပုံ ဇာတ်လမ်းစုံကို အရှင်မြတ်ကြီးကိုယ်တော်တိုင်က ကျနုပ်အား ဤသို့ဆက်လက်၍ မိန့်ကြားခဲ့ပေသည်။

ဘုရားသာလျှင် ကိုးကွယ်ရာ

"ငါ့ရှင်အာနန္ဒာ၊ ဆံမုတ်ဆိတ်ကိုရိတ်ပယ်လျက် ဖန်ရေဆိုးသောအဝတ်သင်္ကန်းကိုဝတ်ဆင်ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကူးပြောင်းလာချိန်မှစ၍ ငါသည် သမ္မာသမ္ဗုဒ္ဓ မြတ်လှစွာသော ဘုရားရှင်ကိုသာဆရာတင်ခဲ့၏။ ဘုရားရှင်မှတပါး အခြားဆရာတဦးဦးကိုမျှ ငါမဆည်းကပ်ခဲ့ဘူးချေ"

"ငါ့ရှင် လူ့ဘောင်မှာရှိနေစဉ်တုန်းကငါဤသို့ကြံစီမိခဲ့၏။ လူ့ဘောင်မှာနေရခြင်းသည် ကျဉ်းမြောင်လှ၏။ ကိလေသာ မြူမှုံမြူခိုးတို့ ယှက်သန်းရာဖြစ်၏။ ရဟန်းဘောင်ကား မြူမှုံမြူခိုး မပျက်သန်းပဲ ကျယ်ဝန်းလှစွာသော ဤသာသနာတော်သည် အလုံးစုံပြီးပြည့်စုံ၏။ ထက်ဝန်းကျင်မှ စင်ကြယ်၏။ ပွတ်သစ်စခရုသင်းကဲ့သို့ ဖြူစင်လှ၏။ အိမ်မှုကိစ္စများကို ဦးစီးဦးကိုင်ပြုလျက်နေသောသူသည် ထိုသာသနာတော်တို့၏ အဆုံးအမကို ကျင့်သုံးရန် မလွယ်လှချေ။ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်လျက် ဖန်ရေဆိုးသော အဝတ်သင်္ကန်းများကို ဝတ်ဆင်ကာ လူ့ဘောင်မှ ရဟန်းဘောင်ဝင်ရောက်ရသော် ကောင်းလေစွတကား"

## မှန်းဆရှယ်ရည် လှမ်းခဲ့သည်

"အာနန္ဒာ၊ ငါသည်ဤကဲ့သို့ကြံစည်ပြီးနောက် နူးညံ့လှသော အဝတ်ပုဆိုးများကို နှစ်ထပ်သင်္ကန်းကြီးပြုလျက် ရဟန်းပြုလာခဲ့၏။ လောကမှာ ထင်ရှားရှိတော်မူကြသော ရဟန္တာသခင်အရှင်မြတ်များကို စိတ်ကူးဖြင့် ဦးတင်၍လာခဲ့၏"

"ဤသို့ရဟန်းပြုလျက် ခရီးရှည်ထွက်လာခဲ့ရာတွင် ရာဇဂြိုဟ်မြို့တော်နှင့် နာဠန္ဒမြို့တို့၏ အကြားသို့ရောက်ခဲ့၏။ ဗဟုပုတ္တအမည်ရှိသော ညောင်ပင်ကြီးနားသို့ လှမ်းလာခဲ့၏။ ထိုညောင်ပင်ကြီးအောက်ဝယ်ငါလှမ်းရာခရီးဆီသို့ လှမ်းလင့်၍ကြည့်တော်မူသော ဘုရားရှင်ကို ဖူးမြင်လိုက်ရပေတော့သည်"

## လှမ်းခဲ့သူနှင့် ကြိုလင့်သူ

"ငါက ဆရာသခင်ဘုရားရှင်ကို ဖူးမြင်ရအောင် လာခဲ့၏။ ယခုဘုရားရှင်ကို ဖူးမြင်ရပေပြီကတား။ ငါကလာခြင်းကောင်းသော ဘုရားရှင်ကို ဖူးမြင်ရအောင်လာခဲ့၏။ ယခုဘုရားရှင်ကို ဖူးမြင်ရပေပြီတကား။ ငါက သစ္စာလေးတန်တရားမှန်ကို ကိုယ်တိုင် ထိုးထွင်း၍ သိတော်မူသော ဘုရားရှင်ကို ဖူးမြင်လို၏။ ယခုဘုရားရှင်ကို ဖူးမြင်ရပေပြီတကား"

"ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်ကိုဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက် စိတ်ကူးဖြင့်ဦးတင်၍လာခဲ့ရသော ဆရာတဆူဖြစ်မှန်း သိလိုက်ရ၏။ ထို့ကြောင့် ငါသည် ဘုရားရှင်၏ ခြေတော်အစုံကြာပဒုမ္မာတို့၌ ဦးခေါင်းဆိုက်ကာ ဤသို့ တင်လျှောက်ခဲ့ပေသည်"

## သဒ္ဓါကြည်ညို သူ့ထက်ပို

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်ဘုရား၏တပည့်ဖြစ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အရှင်ဘုရားသည် တပည့်တော်၏ဆရာဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့်ဖြစ်ပါ၏"

"အာနန္ဒာ၊ ဤသို့ငါလျှောက်ထားလိုက်သောအခါ ဘုရားရှင်အား ပြန်၍မိန့်တော်မူပေသည်။ "ကဿပ သင်ကဲ့သို့သော ယုံကြည်သဒ္ဓါ စိတ်စေတနာတို့ဖြင့် အလုံးစုံ ပြည့်ဝ၍နေသော သာဝကတဦး၏ဖူးမျှော်ကန်တော့ခြင်းကို သိယောင်မြင်ယောင် ဆောင်သော ဆရာတဦးဦးက လက်ခံသာယာငြားအံ့၊ ထိုဆရာ၏ ဦးခေါင်းသည် ထောင်းထောင်းပြတ်ကြွေ မြေသို့ကျလေရာ၏။ ကဿပ သင်၏ဆရာငါ့အမူကား မသိပဲ့မမြင်ပဲလျက် သိယောင် မြင်ယောင် ဆောင်သူမဟုတ်။ အမှန်တကယ် သိသည်ဖြစ်၍ အမှန်တကယ် မြင်သည်ဖြစ်၍ သိသည်မြင်သည်ဟု ဝန်ခံ၏။ အသိအမြင်ဖြင့် ဆင်ခြင်၍ သင်၏ဖူးမျှော်ကန်တော့ခြင်းကို ခံယူ၏။ ထိုသို့ခံယူသောကြောင့် ဇ[illegible]မွေးညှင်း တမင်သော်မျှ တုန်လှုပ်ခြင်း မရှိချေတကား"

## သိသူမြင်သူ၏ ဩဝါဒများ

"ငါ့ရှင်အာနန္ဒါ၊ ဤသို့မိန့်တော်မူပြီးနောက် ဘုရားရှင်အား ငါ့ကို ဩဝါဒစကားများ မိန့်ကြားတော်မူပေသည်"

"ကဿပ၊ သင်သည် မြင့်မြတ်သောအမျိုးဇာတ်ကြောင့်မာန်မာနကြီးခဲ့သူဖြစ်၏။ ထိုကြောင့် အကြီးအငယ်၊ အရွယ်အလတ်ဖြစ်သော သီတင်းသုံးဖေါ်တို့၌ ပြင်းပြသော ရှက်ကြောက်ခြင်းရှိစေရန် ကျင့်သုံးအပ်၏"

"ကဿပ၊ သင်သည်အကြားအမြင် ဗဟုသုတ ပေါများလှသူဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာရသောအခါ၊ ကြားရ နာရသမျှကို တလုံးမကျန်နားစိုက်၍ နှစ်နှစ်ခြိုက်ခြိုက် နာကြားနိုင်ရန် ကျင့်သုံးအပ်၏"

"ကဿပ၊ သင်သည်ရုပ်ရေရှုပကာယ လှပတင့်တယ်သူဖြစ်၍ မိမိကိုယ်ကို ပြန်၍သာယာတတ်၏။ ထို့ကြောင့် သုခနှင့်တကွဖြစ်သော ကာယဂတာသတိကို မစွန့်မခွာနေနိုင်ရန် ကျင့်သုံးသင့်၏"

## ဩဝါဒဖြင့် ရဟန်းခံရသူ

"အာနန္ဒါ၊ ဤသို့ဩဝါဒ ပေးတော်မူခြင်းဖြင့်ပင် ငါ၏ရဟန်းပြုခြင်းကိစ္စ ပြီးပြည့်စုံစေ၏။ ရဟန်းပြုပြီးနောက် ခုနစ်ရက်မျှသာ ကိလေသာတွေ မပယ်ရ မစွန့်ရသေးပါကလား ဟူသော အယူအစွဲတန်းလန်းဖြင့် တိုင်းသူပြည်သားတို့၏ ဆွမ်းဘောဇဉ်ကိုစားခဲ့ရ၏။ ရှစ်ရက်မြောက်သော နေ့မှာကား အယူအစွဲဟူသမျှ ကင်းလွတ်ရာ အရဟတ္တဖိုလ် ထင်ရှားဖြစ်ပေါ်ခဲ့ပေပြီ"

"ထိုသို့ ဩဝါဒပေးတော်မူပြီးနောက် ဘုရားရှင်သည် နေရာထ၍ လှမ်းကြွတော်မူလေရာ၊ ငါလည်းထက်ကြပ်မကွာ လိုက်

ပါလာခဲ့၏။ တနေရာသို့ရောက်၍ခက်လက်ဝေဆာသော သစ်ပင် တပင်အောက်သို့ ချဉ်းကပ်တော်မူသောအခါ ငါသည် ငါ၏ နှစ်ထပ်သင်္ကန်းကြီးကိုလေးခေါက်ခေါက်၍ ခင်းပေးခါ "အရှင် ဘုရား၊ တပည့်တော်အား ရက်ရှည်လများ အကျိုးစီးပွားများ စိမ့်သောငှာ ဤသင်္ကန်းပေါ် ထိုင်တော်မူပါဘုရား" ဟုလျှောက် ထားပေသည်။

## သင်္ကန်းခြင်း လဲလှယ်ကြခြင်း

"ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်သည် ငါ၏ နှစ်ထပ်သင်္ကန်း ကြီးပေါ်မှာ ထိုင်တော်မူလျှက် သင်္ကန်းစတဖက်ကို လက်တော် ဖြင့် သုံးသပ်တော်မူလျှက် "ကဿပ၊ သင်၏နှစ်ထပ်သင်္ကန်း ကြီးက နူးညံ့လှပါတကား" ဟုမိန့်တော်မူလေရာ ငါကဤသို့ ချက်ချင်း လျှောက်ထားပေသည်"

"အရှင်ဘုရား၊ တပည့်တော်အား သနားသောအားဖြင့် သည်နှစ်ထပ်သင်္ကန်းကို အလှူခံတော်မူပါဘုရား"

"ကဿပ၊ သင်၏ နှစ်ထပ်သင်္ကန်းကို အလှူခံသောအခါ ပိုက်ဆံလျှော်ဖြင့် ရက်လုပ်ထားသော ငါ၏ နှစ်ထပ်သင်္ကန်း ဟောင်းကို သင်ဝတ်ရုံနိုင်ပါမည်လော"

"အရှင်ဘုရား၏ နှစ်ထပ်သင်္ကန်းဟောင်းကို တပည့်တော် ဝတ်ရုံနိုင်ပါသည် ဘုရား"

"အာနန္ဒာ၊ ဤသို့လျှောက်ထားပြီးနောက် ငါ၏အဝတ်ပုဆိုး ကို ချုပ်ထားသောနှစ်ထပ်သင်္ကန်းကြီးကို ဘုရားရှင်ထံ လှူဒါန်း

ကာ ငါမူထား ဘုရားရှင်၏ နှစ်ထပ်သင်္ကန်းဟောင်းကို ဝတ်ရုံလာခဲ့ပေသည်”

ဘုရားရှင်၏ သားကြီး သြရသ

“ငါ့ရှင်အာနန္ဒာ၊ ဤသာသနာတော်ကြီး တခုလုံးဝယ် ဘုရားရှင်၏ နှစ်ထပ်သင်္ကန်းကြီးကို ဝတ်ရုံခွင့်ရသော သြရသ သားကြီးတပါးကို ဟုတ်တိုင်းမှန်စွာ ညွှန်ပြလိုပါလျှင် ငါ့ကိုသာ ညွှန်ပြရပေလိမ့်မည်”

ဤသို့အားဖြင့် သာသနာတော်တွင်းသို့ ဝင်ရောက်လာခဲ့ပုံ အတ္တုပ္ပတ္တိအလုံးစုံကို အရှင်မဟာကဿပက ကျနုပ်အားမိန့်ကြား တော်မူပေသည်။

(နိဒါနဝဂ်၊ ကဿပသံယုတ်၊ စီဝရသုတ်)

ဓုတင်ပဋိပတ်အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ သီတင်းသုံးဖေါ်များကိုလည်း ဟောကြားတိုက်တွန်းဘတ်သဖြင့် ထိုအရာဌာနတွင် 'ဧတဒဂ်' ဂုဏ်ထူးဆောင်ဘွဲ့ ဆွတ်ခူးနိုင်သော ထိုအရှင်မြတ်ကြီးအား....

“ကဿပ၊ ရဟန်းတို့ကိုဆုံးမလော့။ ရဟန်းတို့အား တရား ဟောကြားလော့။ ရဟန်းတို့ကိုငါဘုရားဆုံးမသကဲ့သို့ သင်လည်း ဆုံးမလော့။ ရဟန်းတို့အား ငါဘုရားတရားဟောကြားသကဲ့သို့ သင်လည်း ဟောကြားလော့”

ဤသို့လျှင် ဘုရားရှင်က မကြာမကြာမိန့်ကြားတော်မူတတ် ပါ၏။

အကယ်၍ အနာဂါတ်သာသနာတော်ကြီးကို အဆောက်အဦးကြီးတခုအဖြစ် ရှုမြင်တတ်မည်ဆိုပါလျှင် ဤသို့ မိန့်ကြားတော်မူသောနေ့၊ သက်နှင်းခြင်းလဲလှယ်တော် မူသောနေ့များကပင် ထိုအဆောက်ဦးကြီးအတွက်စိုက်ထူထားသော ပန္နက်တိုင်များကို တွေ့နိုင်ကြမည်ဖြစ်ပါသတည်း။

(နိဒါနဝဂ်၊ ဆာသာပသံယုတ်၊ ဩဝါဒသုတ်)

*        *        *

## ညီတော်နန္ဒနှင့် နတ်သမီးများ

အသွင်တူ အမူခြားပါဘို

"ဘယ်အခါ၌ ငါသည် တောရဆောက်တည်သော နန္ဒကို ရှုမြင်ရပါမည်နည်း"

"ဘယ်အခါ၌ ငါသည်ပံ့သူကူသက်နှင်းဆင်မြန်းသော နန္ဒကို ရှုမြင်ရပါမည်နည်း"

"ဘယ်အခါ၌ ငါသည် မျက်နှာကြီးငယ် မရှယ်မထောက် အိမ်ပေါက်စေ့ ဆွမ်းခံသောနန္ဒကို ရှုမြင်ရပါမည်နည်း"

"ဘယ်သောအခါ၌ ငါသည် ကာမဂုဏ်အာရုံ ခုံမင်ခြင်းမရှိသော နန္ဒကို ရှုမြင်ရပါမည်နည်း"

မိကွဲဖတူ ညီတော်ရင်းဖြစ်သော အရှင်နန္ဒအတွက် နောင်တော်ကြီးဘုရား၏ ငြိုးတွားသံများပင် ဖြစ်ဂေသည်။

သာသနာတော်ကြီး၏ နောင်ရေးကို မြော်တွေးလျှက် သည်ညီဘွားကို ဘုရားရှင်၏အမိန့်အာဏာတော်ဖြင့် ရဟန်းဘောင်သို့ သိမ်းသွင်း၍ထားရခဲ့ပါ၏။ စိတ်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ရဟန်းအသွင်အပြင်ကိုကား ယူခဲ့ပါ၏။ သို့သော်အသွင်သာတူ၍ အမူကား ကွဲလှပါဘိသည်။

## အကောင်းကြိုက်သောညီတော်

သူနှင့်သက်တူရွယ်တူ ရဟန်းများစွာတို့သည် တောကျောင်းမှာ စံပျော်ကြ၍ တရားဘာဝနာပွားများ၍နေကြ၏။ ညီတော်နန္ဒကား ရွာနားကျောင်းမှ တဖဝါးမျှ မခွာနိုင်ပါလေ။

ပံ့သုကူသင်္ကန်းဟူသည် လူတို့အသုံးမကျ၍ စွန့်ပစ်ထားသော တဝတ်စုတ် အဝတ်ဟောင်းများပင်ဖြစ်၏။ လူသေကောင်မှာ ပတ်လျှက် သုသာန်၌ပစ်ထားသော အဝတ်များ၊ လမ်းဆုံလမ်းခွ အမှိုက်ပုံတို့၌ စွန့်ပစ်ထားသော အဝတ်စုတ် အဝတ်ဟောင်းများကို တထွာရရ၊ တတောင်ရရ၊ ရသမျှစုဆောင်း၍ သင်္ကန်းဖြစ်အောင် ချုပ်ကြရ၏။ အဝတ်သင်္ကန်းအတွက် မှာန်မတက်ကြစေရန် စီမံတားတော်မူခြင်း ဖြစ်ပါသည်။

ဤပံ့သုကူသင်္ကန်းထိုကို ဝတ်ဆင်လျှက် တရားကျင့်သုံးသော ရဟန်း အများအပြား ရှိခဲ့ပါ၏။ သို့သော် ညီတော်နန္ဒကား နှလုံးမသတိစရာ ကောင်းလှသော သည်သင်္ကန်းများကို ဿက်

ဖျားနှင့်မျှမတို့ပါ။ သူ့မယ်တော်ကြီး ပို့ပေးလေသမျှ ဆောင်းပေ့ ညွန့်ပေ့ နုပေ့ လှပေ့ ဆိုသော သင်္ကန်းများကိုသာ ဝတ်ဆင်တတ်ပါသည်။

အဝတ်သင်္ကန်း၌ အကောင်းဆုံးကိုသာ ရွေးချယ်ဝတ်ဆင်ခဲ့သော ညီတော်နန္ဒသည် အစားဘက်မှာကော မည်သို့ရှိမည်နည်း။ ဤမေးခွန်းအတွက် ခက်ခက်ခဲခဲ အဖြေရှာနေစရာပင် မလိုပါ။ သူဆွမ်းခံကြွသော အိမ်များကို ကြည့်ရုံမျှဖြင့်သိနိုင်ပါ၏။ မင်းအိမ်စိုးအိမ် သူဌေးသူကြွယ်များ၏အိမ်။ ဆွမ်းကောင်းယင်းကောင်း လောင်းနိုင်သော အိမ်များကိုမှ ဆွမ်းခံကြွ၏။ ပဲ့ဟင်း၊ချဉ်ရေ၊ငရုတ်သီးထောင်းကိုလောင်းနိုင်သည့်အိမ်များကို ခြေဦးမျှမလှည့်ပေ။

## လူချော လူလှ ရဟန်းလှ

အကြောင်းဆိုက်လာသည့် အခိုက် ကိုယ့်ငါးချဉ်ကို ကိုယ့်ဘာသာ ချဉ်လိုက်ရပါဦးမည်။ ကျွန်ုပ်၏ညီတော်နန္ဒမှာ မျက်နှာမြင်ချစ်ခင်ပါစေ ဟူသောဆုနှင့် ပြည့်စုံသူပင်ဖြစ်ပါ၏။ ကိုယ်နေလက်ထား ယောကျ်ားချော ချောသူဖြစ်ပါသည်။ လူ့ဘဝတုန်းက လူ့အဆင်လူ့အသွင်ဖြင့် ရှုချင်စဖွယ်ရှိခဲ့သော နန္ဒသည် သင်္ကန်းဝါဝါနှင့် ကျတော့လည်း ကြည့်၍ ကောင်းသည်သာဖြစ်ပါ၏။ သက်တူရွယ်တူအမျိုးသမီးများဆိုလျှင် သူ့မျက်နှာကို တခါကြည့်မိလျှင် နောက်တခါထပ်မကြည့်ဘဲ မနေနိုင်။ မနေနိုင်၍ ကြည့်မိပြန်တော့လည်း အထပ်ထပ်အခါခါ၊ ဘယ်နှစ်ခါကြည့်ကြည့် ဖြေကြည့်ခံနိုင်သော ရဟန်းပျိုအပါးပါ ပေဘည်း။

သာသနာ့ဝန်ထမ်း ရဟန်းတပါးအပေါ် တိမ်းနိုင်ညွတ်နိုင်ရန်ကောဟု ထိုအမျိုးသမီးများအားအပြစ်တင်စရာတော့မရှိပါ။ တင်ခြင်းတင်လျှင် ကျနုပ်တို့ညီတော် နန္ဒကိုသာ တင်ထိုက်၏။ ပင်ကိုယ်ရုပ်ရည် ချောမောရသည့်အထဲတွင် သူ့ကိုယ်သူ ပြုပြင်ထားပုံများက စိတ်ကစားစရာပင် မဟုတ်ပါလော။

ဦးခေါင်းကစိမ်းစိမ်း သင်္ကန်းကဝါဝါ

ရဟန်းတို့မည်သည် ကြောင့်ကျဗျာပါရများလှသော ဆံပင်များကို ရိပ်ပယ်ထားကြရ၏။ တခါရိပ်၍ ရှည်လာပြန်သော ဆံပင်များကို လက်နှစ်သစ်အလိုသာ ထားခွင့်ရှိ၏။ လက်နှစ်သစ်မရှိသည်ပင်ဖြစ်စေဦး အချိန်ကာလအားဖြင့် နှစ်လတာမျှသာ မရိပ်ပဲ ထားခွင့်ရှိပေသည်။

ကျနုပ်တို့၏ ညီတော် နန္ဒသည် ဤဝိနည်းတော်ကိုကား လိုလိုလားလား လိုက်နာပါ၏။ ဝိနည်းတော်ကို လိုက်နာသည့်နေရာတွင် သူများထက်ပင် သာလိုက်ပါသေး၏။ သူများတွေက တလမှ တခါနှစ်ခါ၊ သူကတော့တလထဲမှာပင် လေးခါငါးခါ။ သင်တုန်းကောင်းတိုင်း ခေါင်းရိပ်သူပင် ဖြစ်ပေသည်။

သည်တော့ စိမ်းမြမြဦးခေါင်းသည် ဝါဝင်းသော သင်္ကန်းရောင်နှင့် ပနံတင်၍နေပါ၏။ ကော့မျက်တောင်ဝယ် ညိုပြာရောင်မျက်စဉ်းများ ကွင်းထားသည်မို့ မျက်လုံးများက သောက်ရှူးကြွယ်တမျှ ထွန်းပ၍နေကြ၏။ သူကိုင်လာသည့် သပိတ်ကိုလည်းကြည့်ပါဘိ။ သူများတွေလိုသာမန်မြေသပိတ်ကိုသူမသုံး။ အရောင်တဖိတ်ဖိတ်တောက်အောင် အထူးစီမံထားသော သံသ

ပိတ်ကိုမှသူသဘောကျပေသည်။ တခါတရံသူ့မျက်နှာပေါ်ဝယ် မှုန်နံ့သာ ခပ်ရေးရေးကို တွေ့ရမြင်ရ၊ ရှုလိုက်ရပါသေးသည်။ ဤကာမဂုဏ် အာရုံများမှ ညီတော်နန္ဒသည် ဘယ်အခါမှလွတ်မြောက် လာပေလိမ့်မည်နည်း။

(နိဒါနဝဂ်၊ ဘိက္ခုသံယုတ်၊ နန္ဒသုတ်၊ နန္ဒထေရဂါထာများ)

ရသေလိုလေ အိုတစ္ဆေ

အများနည်းတူ ဖြစ်စေလိုသောဆန္ဒဖြင့် ဤသို့သာ ငြီးတွားတော်မူလိုက်၏။ သို့သော် နောင်တော်ကြီးဘုရားသည် သူ့ညီတော်အား တင်းတင်းမာမာကား မတားမြစ်သေးပေ။ နောင်တော်ကြီးဘုရားက မျက်နှာသာပေးထားသည်မို့ ညီတော်နန္ဒကလည်း သူ့မှုအတိုင်း ထင်ရာစိုင်းလျှက်သာရှိ၏။ ဤသို့စိတ်ရှိတိုင်းနေရပါလျှက် ဝတ်ရဆင်ရ၊ စားသောက်ရပါလျှက် သူ့စိတ်ထဲမှာ အားရတင်းတိမ်ခြင်းမရှိပေ။ ရွှေနန်းတော်မှာ စွန့်ခွာ၍ထားခဲ့ရသော စည်းစိမ်များကိုသာ တမ်းတမြော်ခေါ်၍ နေတော့သည်။

"အသို့နည်း ငါ့ရှင်နန္ဒ၊ သာသနာတော်ကြီးထဲမှာ ပျော်မွေ့၍ ရပါ၏လော"

ညီတော်နန္ဒသွားလေရာဘက် ဤမေးခွန်းများက ထက်ကြပ်မကွာလိုက်ပါလာကြ၏။ အတွင်းရှိက အပမဆောင်နိုင် ဟူသော ဆိုရိုးစကားအတိုင်းပင် ဖြစ်ပေသည်။

## ခတ္တိယမျိုးနွယ် စိတ်ဓာတ်

သကျတို့၏ သားကောင်းရတနာတဦးဖြစ်သော ညီတော် နန္ဒသည် သာသနာတော်ဝယ် မွေ့လျော်၍ မရသော်လည်း မဟုတ်မမှန် ဟန်ဆောင်သောစကားကိုကား ပြောလိုသူမဟုတ်ပါ။ သို့သော် ဟန်မပါဘဲ မှန်ရာကိုပြောကြစို့ ဆိုတော့လည်း သူ့စိတ်ကို သူမခိုင်ပေ။ အမှန်အတိုင်းပြောလိုက်မိ၍ ရှေ့နား တော်ထိပေါက်ကြားသွားလျှင် ရှေ့တော်ခေါ်၍ အမေးဖြေမြန်း ခံရပေတော့မည်။

ညီတော်နန္ဒ၏ ဤသို့သောအခက်အခဲကိုရိပ်မိသဖြင့် ကျနုပ်မှာ အသာကလေး နှုတ်ဆိတ်နေခဲ့ရ၏။ ကျနုပ်က နှုတ်ဆိတ်နေစဉ် မှာပင်မေးသူများကမေးလိုက်ကြပေပြီ။ ညီတော်နန္ဒသည် တခွန်း နှစ်ခွန်းကို မသိကျိုးကျွန်ပြု၍ နေပါသေး၏။ သုံးလေးခွန်းကို ရှောင်၍တိမ်း၍ နေပါသေး၏။ ထို့ထက်လွန်ကဲ၍ လာသော အခါ၌ကား ခတ္တိယမျိုးနွယ်တို့၏စိတ်ဓာတ်ဖြင့် ဟုတ်တိုင်းမှန်စွာ ဝန်ခံလိုက်ပေတော့သည်။

## ရှေ့တော်မှောက်သို့ ရောက်ရပြီ

"နန္ဒ၊ သာသနာတော်ကြီး၌ ငြီးငွေ့၏ဆိုသည်မှာ မှန်၏ လော"

စောစောက ထင်ထားခဲ့သည့်အတိုင်းပင် ရှေ့နားတော်သို ပေါက်ကြားသွားပြီဖြစ်၍ ရှေ့တော်မှောက်သို့ အရောက်ခေါ်၍ မေးတော်မူချေပြီ။ ဤသို့သောမေးခွန်းများကို ကြောက်လွန်း

လှသဖြင့် အကြိမ်ကြိမ်အခါခါ ရှောင်ခဲ့ရ၊ တိမ်းရှောင်၍ ရှောင်၍ မရနိုင်တော့သော ယခုအခြေအနေမှာအား ကြောက်နေရုံမျှဖြင့်မပြီးနိုင်တော့ပါ။ မှန်ရာကန်ရာကိုသာ လျှောက်ထားရပါတော့မည်။

"မှန်ပါအရှင်ဘုရား။ တပည့်တော် သာသနာတော်ကြီးထဲမှာနေရတာ ငြီးငွေ့လှပါပြီ။ သာသနာ့တာဝန်ကြီးကို ထမ်းဆောင်ရန်မစွမ်းနိုင်တော့ပါ၊ သိက္ခာချပြီးလူထွက်ပါရစေတော့ဘုရား"

"အဘယ့်ကြောင့် လူထွက်ချင်ရပါသနည်း နန္ဒ"

ဖြစ်ကြောင်းကုန်စင် သိမြင်ပြီးဖြစ်သော်လည်း အကြောင်းရှိ၍ မေးတော်မူရခြင်းဖြစ်ပေသည်။

မောင်မောင်ဘုရာ့၊ မောင်မောင်ဘုရာ့

"တပည့်တော်နန်းတော်ကထွက်လာခဲ့စဉ်က သကျမင်းသမီးဇနပဒကလျာဏီသည် ခေါင်းဖြီးနေဆဲဖြစ်ပါသည်။ တဝက်မျှဖြီးထားပြီးသော ဆံပင်များကို လက်တဖက်ဖြင့် သိမ်းဖယ်ကာ "မောင်မောင်ဘုရာ့၊ မြန်မြန်ကြီးသာပြန်ခဲ့ပါတော့" ဟုကာပျာကယာမှာခဲ့သည်။ သည်အသံကို တပည့်တော် အချိန်ရှိသမျှကြားယောင်နေသဖြင့် လူထွက်ချင်ပါသည်ဘုရား"

"အင်း....ဟုတ်ပေလိမ့်မည်။ ဟုတ်ပေလိမ့်မည်"

မိမိနှင့် အသွင်တူပါသော်လည်း အမူကွဲလျှက်သာရှိနေသေးသောညီတော်အား ဂရုဏာစိမ့်သောမျက်လုံးတော်ဖြင့် ရွှန်းရွှန်းစားစား ကြည့်တော်မူကာ....

"ကောင်းပြီနန္ဒ၊ သာသနာတော်ကြီးထဲမှာ ငြိုးငွေ့နေလျှင် ငါတို့များ ဒေသစာရီ လှည့်လည်ကြစို့။ သက်နိုင်းပရိက္ခရာများကိုသာ အရံသင့် ပြင်ဆင်ထားပေတော့"

ဟိုဘကွေ့မှ သည်တကွေ့သို့

ရယ်မလိုငိုမလိုမျက်နှာဖြင့် ညီတော်နန္ဒသည် ထံတော်ပါးမှ ထွက်ခွာသွား၏။ ညီတော်နန္ဒ၏ ဘဝခရီးတကွေ့ကား ရောက်လာနေချေပြီ။ ကျောင်းပဆဲ့ခင်လာအခန်းအနားမှ ကျောင်းတော်သို့ သပိတ်ထမ်းလျက် လိုက်ပါခဲ့ရတုန်းကလည်း ဤသို့သော မျက်နှာကို တွေ့မြင်ခဲ့ရ၏။ ဤသို့သောမျက်နှာဖြင့် မမြော်လင့်သော ဘဝတကွေ့သို့ ရောက်လာခဲ့ရ၏။ ယခုတဖန် ကြုံလာရ ပြန်ပြီ၊

သာသနာ့တော်ကြီးထဲမှာ မပျော်မွေ့တော့ကြောင်း ထုတ်ဖေါ်လျှောက်ထားလိုက်လျှင် ကေန္တလူထွက်ခွင့် ရတော့မည်ဟု မြော်လင့်၍ နေခဲ့၏။ သို့သော် ဟိုစဉ်တုန်းကမှ သူ့မြော်လင့်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ရသည်ကို သူမေ့နေမိ၍လာ ဖြစ်ပေသည်။

အမှန်ဆိုသော် ညီတော်နန္ဒာကို ဘဝတသက်တာသည် သူ့မြော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် လုံးဝမဟုတ်ပေ။ နောင်တော်ကြီးဘုရား၏ အလိုကျ သာသနာ့ အဆောက်အဦကြီး၏ အုတ်မြစ်တချပ်အဖြစ်သာ ရပ်တည်သွားရမည်ဖြစ်၏။

မပူသောထိုမီးရှိန်

မီးမကျလ်သေး၍ ကျိုးချင်ပဲ့ချင်ဖြစ်သော ထိုအုတ်မြစ် တချပ်ကို ယခုမီးရှိန်ပြင်းပြင်းနှင့် တိုက်တော်မူချေပြီ။ သို့သော်

ကျွမ်းကျင်လိမ္မာလှစွာသော နည်းပရိယာယ်ဖြင့် စီမံထားသော ထိုမီးရှိန်ကား သက်တောင့်သက်သာရှိလှပါပေသည်။

အတွေးစ တဝေဝေဖြင့် ကျွန်ုပ်သည် ဘုရားရှင်၏ သပိတ်ပရိက္ခရာများကို ပြင်ဆင်၍နေမိ၏။ ညီတော်နန္ဒာသည် မကြာမီ သပိတ်ပရိက္ခရာအစုံအလင်ဖြင့် ဂန္ဓကုဋိတိုက်ထဲ ဝင်ရောက်လာ၏။ ဘုရားရှင်နှင့်အတူတကွ လိုက်ပါမည်ဆိုတော့လည်း သူ့ခမြာ သိုသိုသိပ်သိပ်ရှိပါတိ။ မွှန်နံ့သာ အချယ်အမွှမ်းများကို အသုံးမပြုဘဲ သင်္ကန်းများကို သပ်သပ်ယပ်ယပ်ဆင်မြန်း၍ လာ၏။ မိမိစိတ်အလိုကျသော ကိစ္စပင် မဟုတ်စေကာမူ နောင်တော်ကြီးဘုရား၏အမိန့်တော်ကိုကား ရိုသေလေးမြတ်စွာ လိုက်နာမြဲလိုက်နာ၍ နေပါပေသည်။

## အရှင်မဟာကဿပနှင့် ကျွန်ုပ်

ထိုစဉ်ခိုက်မှာပင် ကျွန်ုပ်၏အခက်အခဲတခုကို သတိရလိုက်မိ၍ ကံကောင်းသည်ဟု ဆိုရမည်။ အရှင်မဟာကဿပ၏ တပည့်တပါး ရဟန်းခံရာတွင် ရဟန်းလောင်းဆုံးမသူအဖြစ် တာဝန်ယူရန် အမှာစကားရောက်ရှိခဲ့၏။ ရဟန်းခံအစီအစဉ်အရ ရဟန်းလောင်းဆုံးမသောပုဂ္ဂိုလ်သည် သံဃာ့ပရိသတ်တွင် ကမ္မဝါစာ ရွတ်ဖတ်၍ ခွင့်တောင်းရ၏။ ဝိနည်းသုံး ဝေါဟာရဖြင့် ဉတ်ထားသည်ဟုဆိုရ၏။ ဤဉတ်မှစ၍ ရွတ်ရဖတ်ရလေသမျှ ကမ္မဝါစာများတွင် ဥပဇ္ဈာယ်ဆရာ၏ အမည်ရင်းကလည်း ထပ်ကာထပ်ကာပါနေ၏။ ကျွန်ုပ်အဖို့ အခက်ကြုံရသည်မှာ ထိုဥပဇ္ဈာယ်ဆရာ၏ အမည်ရင်းကို ထုတ်ဖော်ရွတ်ဖတ်ရေးပင် ဖြစ်ပါ၏။

ဘဝတသက်တာအတွေ့အကြုံများကို ပြန်လည် တင်ပြသော ယခုလိုအချိန်မျိုးမှာပါ၊ ထိုအရှင်မြတ်ကြီး၏ အမည်ရင်းကို တခါမျှမထုတ်ဖော် ခေါ်ဝေါ်ခြင်းမပြုခဲ့ဘူးပါ။ အရှင်မြတ်ကြီး အပေါ်တွင် အစဉ်ထာဝရ ထားရှိခဲ့သော ရိုသေလေးမြတ်မှု များကြောင့် ထိုအမည်ရင်းကို ထုတ်ဖော်ခေါ်ဝေါ်ရန် နှုတ်မရဲနိုင်အောင်ဖြစ်နေရ၏။

ဒေသစာရီလှည့်လည်မည့်ဆဲဆဲဖြစ်သော ဘုရားရှင်ထံ ဤအခက်အခဲကို တင်ပြရာတွင်....

"ရဟန်းတို့၊ ရဟန်းလောင်းဆုံးမရာတွင် အမျိုးအနွယ်၏ အမည်ဖြင့်လည်း ဆုံးမရန် ငါဘုရားခွင့်ပြုတော်မူ၏"

ဝိနည်းဆိုင်ရာ ပညတ်ချက်တခုကို ရဟန်းအားလုံးအတွက်ပါ ထုတ်ဆင့်တော်မူပေသည်။ ဤပညတ်ချက်အရ အမျိုးအနွယ်အမည်ဖြင့် အရှင်မဟာကဿပဟု ခေါ်ဝေါ်ရသော ထိုအရှင်မြတ်ကြီး၏အမည်ရင်းမှာ ပိပ္ပလိမာင် ဖြစ်ပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓကာ၊ ဥပသမ္ပဒကမှ)

သို့နှင့် ညီတော်နှောင်တော် နှေးနှစ်ဖော်တို့သည် ဇေတဝန်ကျောင်းတော်မှ ထွက်ခွါသွားကြ၏။ ကျနုပ်လည်း အရှင်မဟာကဿပ ရှိရာသို့ ထွက်ခွါလာခဲ့၏။ ရဟန်းခံကိစ္စများပြီးစီး၍ ဇေတဝန်ကျောင်းတော် ပြန်ရောက်ချိန်တွင်ကား သတင်းထူးကြီးတခုကို ကြားလိုက်ရပေတော့သည်။

"အာနန္ဒာ၊ ညီတော်နန္ဒသည် နတ်သမီးများရလိုမှုကြောင့် ရဟန်းဘောင်မှာနေပါတဲ့၊ ဘုရားရှင်ကလည်း ခိုခြေအဆင်း ရှိသော နတ်သမီးငါးရာရစေမည်ဟု အာမခံလိုက်ပါသတဲ့"

ကြားရသည့်သတင်းကတော့ မကြုံစဖူးအောင်ပင် ထူးခြားလှပါဘိ၏။

သာသနာ့ဝန်ထမ်း ရဟန်းဟူသည်မှာ သံသရာ ဝဋ္ဋဒုက္ခအပေါင်းမှ လွတ်မြောက်ရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်သာ ဖြစ်၏။ ယခုတော့ ညီတော်နန္ဒသည် လူမင်းသမီးအာရုံကို စွန့်လွှတ်ကာ နတ်သမီးအာရုံကို တမ်းတစွဲ၍နေပြန်ချေပြီ။ ဒယ်အိုးထဲမှာ ပူလှသည်ဟု မီးကျီးခဲပေါ်ခုံချသည့် ငါးပမာပင်ဖြစ်ချေသည်။

ဘုရားရှင်တို့၏စကားဟူသည်

ထားပါတော့။ နန္ဒလိုရဟန်းပျိုတပါးအဖို့ ကာမဂုဏ်ကို ကာမဂုဏ်တမျိုးနှင့် လဲလှယ်၍ ရတာအဆန်းမဟုတ်ပါ။ မယုံနိုင်လောက်အောင် ဆန်းနေတာကတော့ ဘုရားရှင်၏အာမခံချက်ပင်ဖြစ်၏။ ဘုရားရှင်တို့၏စကားမည်သည် ခုတမျိုး တော်တော်ကြာတမျိုး ပြောင်းလဲ၍ရစကောင်းသည် မဟုတ်ချေ။ တံခါးတိုင်ကဲ့သို့ မြဲမြဲခိုင်ခိုင်ဆိုရသော စကားများသာဖြစ်ဘိ၏။ အကယ်၍ သာသနာတော်ကြီးထဲမှာ ဆက်လက်နေထိုင်ရသည် အဖို့ အခအပြစ်ဖြင့် ညီတော်ကတောင်းခံလာလျှင် ကောန်ပေးတော်မူရပေတော့မည်။ ဩော်ညီတော်နန္ဒနှင့် နတ်သမီးငါးရာ ဇေတဝန်ကျောင်းတော်နှင့် နတ်သမီးငါးရာဘုရားရှင်ပေးတော်မူမည့် နတ်သမီးငါးရာ။ တွေးကြည့်ရုံဖြင့်ပင် ကြက်သီးထစရာ ကောင်းလိုက်ပါဘိ။

## အခစားကြီး အဝယ်တော်ကြီး

သို့သော် ကျွန်ုပ်၏အံ့ဩစိတ်များ မကြာခင်ပြေပျောက်၍ သွားရပါတော့သည်။ အဘယ်ဆိုတော့ သာသနာတော်ကြီး၏ အုတ်မြစ်တချပ်ကို နည်းပရိယာယ်တမျိုးဖြင့် မီးဖုတ်ပေးတော်မူလိုက်ခြင်းသာတကား။

"ညီတော်နန္ဒသည် အခစားကြီးပါတကား၊ ညီတော်နန္ဒသည် အမြတ်များများရအောင် ဝယ်နိုင်သည့် အဝယ်တော်ကြီး တပါးတကား"

ညီတော်နန္ဒသွားလေရာတွင် ဤစကားများ ထပ်ကြပ်မကွာ ပါလာကြ၏။ သီတင်းသုံးဖော်များက ဤသို့ ခနိုးခနဲ့ ပြောကြလေလေ ညီတော်နန္ဒမှာ အနေရအထိုင်ရ ကျဉ်းကြပ်လာလေ၊ တခါတခါ အကာအကွယ်ရလိုရငြားဟု ကျွန်ုပ်ထံ ချဉ်းကပ်လာပါ၏။ သို့သော် ကျွန်ုပ်ကလည်း သူ့ကိုချမ်းသာမပေးနိုင်ပါ။ ဘုရားရှင်၏ရည်ရွယ်ချက်ကို ရိပ်စားမိပြီမို့ သူချဉ်းကပ်လာသည်နှင့်တပြိုင်နက် အများတူဆိုလိုက်ရပေသည်။

## လောပါလ တရားနှစ်ပါး

သို့နှင့် ညီတော်နန္ဒမှာ ရဟန်းများအလယ် ထယ်ထယ်ဝါဝါ မနေနိုင်တော့ဘဲ လွတ်ရာကျွတ်ရာ ရှောင်ခွါ၍ သွားရတော့၏။ အခစားကြီး၊ အဝယ်တော်ကြီးဟူသော ခနဲ့သံများက သူ့ အတွင်းသန္တာန် အရှက်အကြောက်တရားများကို နှိုးဆွ၍ ပေးလိုက်ပြီးမဟုတ်ပါလား။ လောကကြီးတခုလုံးကို စောင့်ရှောက်

၍ထားသော တရားဟူသည် ဤအရှက်အကြောက်တရား နှစ်ပါးပင် ဖြစ်ပေသည်။

လောကကြီးတခုလုံးကို စောင့်ရှောက်ထားကြသော တရားနှစ်ပါးက လောကသားတဦးဖြစ်သော ညီတော်နန္ဒကိုလည်း အပြည့်အဝ စောင့်ရှောက်၍ ထားကြပြီဖြစ်၏။ ထို့ကြောင့် အရှက်ကြီးစွာ ထွက်ခွာသွားခဲ့သော ညီတော်နန္ဒသည် နံနက်လင်းသည်နှင့် ရဟန်းပင် သတ်ထံသို့ ရဲရဲဝံ့ဝံ့ ပြန်လာပေသည်၊ အခစားကြီး၊ အဝယ်တော်ကြီးဟူသော စကားများကို ပြုံးပြုံးကြီး ရင်ဆိုင်ကာ ဘုရားရှင်ရှေ့တော်ဆီသို့ တန်းတန်းမတ်မတ် ဝင်၍ လာပေသည်။

## လွှတ်သူနှင့်လွှတ်သူ

"အရှင်ဘုရား၊ တပည့်တော်အား ခိုခြေအဆင်းရှိသော နတ်သမီး ငါးရာရမည်ဟု ဝန်ခံတော်မူခဲ့ပါသည်။ တပည့်တော်သည် ထိုဝန်ခံချက်မှ ဘုရားရှင်ကို လွှတ်လိုက်ပါပြီဘုရား"

မနိုင်းယှဉ်အပ်သော အမြိုက်ချမ်းသာကို ကိုယ်တိုင်ခံစားရပြီမို့ နတ်သမီးများရမည့် အခွင့်အရေးကို စွန့်လွှတ်နိုင်ပေပြီ။ ဆည်ညီတော်နှင့်ပတ်သက်၍ နောင်တော်ကြီးဘုရား၏ တောင့်တချက်များလည်း ပြည့်စုံကြပါတော့မည်။

"နန္ဒ၊ သင့်စိတ်သည် တစုံတခုသော အာရုံကိုမျှမစွဲလန်းမူ၍ အာသဝတို့မှလွှတ်၍နေ၏။ ထိုစဉ်ကပင် ငါသည် ထိုဝန်ခံချက်မှလွတ်ပြီး ဖြစ်နေပေပြီ"

ညီတော်နောင်တော် ဒွေးနှစ်ပေါ်တို့သည် လွှတ်သူနှင့် လွှတ်သူအဖြစ်ဖြင့် ဆုံဆည်းမိကြသော ထိုတော၌ အောက်ပါ ဥဒါန်းစကားတော် ကျနုပ်တို့ ကြားနာကြရပါသတည်း။

"အကြင်ရဟန်းသည် ရုန်းထွက်ကျော်လွှားရန် ခက်ခဲလှသော ကာမဂုဏ်ရွှံ့ညွှန်တောကြီးကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့၏"

"အကြင်ရဟန်းသည် နှလုံးပူဆာမခံသာအောင်ထိုးဆွတတ်သော ကာမဂုဏ်ဆူးငြောင့်များကို အကုန်အစင် ချိုးဖဲ့ဖျက်ဆီးနိုင်ခဲ့၏"

"မောဟကုန်ရာ နိဗ္ဗာန်သို့ အသိဉာဏ်ဖြင့် ကပ်ရောက်လေပြီးသော ထိုရဟန်းသည် ဆင်းရဲချမ်းသာ အဖြာဖြာသော လောကဓံတို့ကြောင့် တုန်လှုပ်ခြင်း မရှိလေပြီတည်း"

(ဥဒါန်း၊ နန္ဒသုတ်)

## အောင်နိုင်သူ အရှင်သင်္ကိစ္စ

### မယားလာပြီ သားလာပြီ

တောရကျောင်းပျော် အရှင်သင်္ကိစ္စသည် ထိုနေ့အား ပထမ အကြိမ်အဖြစ် ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့၏။ ဘုရားရှင်ထံ ဦးတင်ဝတ်ချ၍ ကျနုပ်တို့ကို အတန်အသင့်နှုတ်ဆက်ပြီးနောက် လူသူကင်းဆိတ်ရာသို့ ထွက်သွားခဲ့၏။

အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ရိပ်၌ အရှင်သင်္ကိစ္စထိုင်နေစဉ်တွင် သူ့မယားဟောင်းသည် သားငယ်ကို ရင်ဝယ်ပိုက်လျက် ရောက်ရှိလာ၏။ အရှင်သင်္ကိစ္စ လူ့ဘဝ တုန်းက ကြိုက်နှစ်သက်တတ်သော အဝတ်အဆင်များကိုလည်း ဝတ်ဆင်ပြုပြင်၍လာ၏။

"အရှင်ရဟန်းသားသည် မအေဖြစ်သော တပည့်တော်မကို ပြုစုလုပ်ကျွေးပါလော့"

အရှင်သင်္ကိစ္စအနားသို့ ကပ်ကာ သနားစဖွယ် လျှောက်ထား၏။

### မြင်ကာမတ္တ ကြားကာမတ္တ

အရှင်သင်္ကိစ္စသည် မိမိမယားဟောင်း အဝေးမှလာနေစဉ် တုန်းက လှမ်းမြော်၍မကြည့်ခဲ့၊ မိမိရှေ့မှောက်နီးကပ်စွာရောက်

နေသည့်တွင်ကား မမြင်ဘဲမနေနိုင်။ မယားဟောင်းကလျှောက်ထားသော စကားတို့ကိုလည်း မကြားဘဲ မနေနိုင်။ သို့သော် ထိုအဆင်း ထိုအသံတို့သည် အရှင်သဂင်္ါမဇိအဖို့ အဆင်းနှင့် အသံမျှသာဖြစ်၏။ ထိုအဆင်း ထိုအသံတို့မှဆက်စပ်၍ ငါ့မယား၊ ငါ့သားဟူသော အယူအစွဲတို့ မပေါ်လာကြပြီ။ မြင်လျှင် မြင်တာမတ္တ၊ ကြားလျှင် ကြားတာမတ္တသာ နေတော့၏။ မယားဟောင်း လျှောက်ထားသော စကားတို့ကို ဝန်ခံစရာမလို၍ ဝန်ခံခြင်းလည်းမပြု။ ငြင်းပယ်စရာ မရှိ၍လည်း ငြင်းပယ်သောစကားကိုမဆို။ မတုန်မတ္တလျှပ် ငုတ်တုတ်ထိုင်လျက်သာရှိဘိ၏။

## တဖိုလ်ကျတဖိုလ်တက်

မယားဟောင်းမလာခင်ကလည်း မိဘဆွေမျိုးများ ရောက်လာခဲ့ကြပြီဖြစ်၏။ မိဘတို့၏ စည်းစိမ်ဥစ္စာများ ထိန်းသိမ်းရန် လူ့ဘောင်ပြန်ဆင်းခဲ့ပါဦးဟု လျှောက်ထားကြ၏။ 'ငါ့သား၊ ငါ့ဥစ္စာ'ဟူ၍ အယူအစွဲတွေ ပြင်းထန်လွန်းနေကြသူတို့အား တရားဟောလျှင် ဓမ္မာရုံသာရှိမည်မို့ ခပ်မဆိတ်နေခဲ့ရ၏။ သူတို့တုန်းက ဟန်မရခဲ့၍ နောက်တချီ စစ်ဆင်သဘောဖြင့် မယားဟောင်းကို သားငယ်နှင့်တကွ လွှတ်လိုက်ကြခြင်းပင်ဖြစ်ပေသည်။

"အရှင်ရဟန်းသားသည် မအေဖြစ်သော တပည့်တော်မကို ပြုစုလုပ်ကျွေးပါလော့"

တကြိမ်လျှောက်သည်ကို မကြားဘူးထင်၍ ထပ်မံလျှောက်ထား၏။ သည်တကြိမ်ကို အားမရသေး၍ နောက်တကြိမ် ထင်၍ လျှောက်ပြန်၏။

## စစ်ဆင်ရေးအသစ်

ဘယ်နှစ်ခါလျှောက်လျှောက် အရှင်သင်္ဂါမဇိကတော့ မတုန်မလှုပ်သာလျှင်ဖြစ်တော်၏၊ ဤတွင် မယားဟောင်းသည် သားငယ်ကို အရှင်သင်္ဂါမဇိ၏ရှေ့မှာချကာ–

"အရှင်ရဟန်း၊ ဤကလေးသည် အရှင်ရဟန်း၏ သားဖြစ်၏။ မိမိသားကို မိမိဘာသာကျွေးမွေးပြုစုပါတော့"

ပြောပြောဆိုဆို ထွက်ခွာ၍သွား၏။ သို့သော် တခါတည်းထွက်ခွာလာခဲ့ခြင်းကားမဟုတ်ပါ။ သားသည် အဖေဖြစ်သော ထိုရဟန်း မည်သို့ရှိမည်ကို မလှမ်းမကမ်းမှ အကဲခတ်လျက်သာ ရှိပေသည်။ 'မယား' စစ်ဆင်ရေးဖြင့် အခြေအနေမလှသည်ကို သားစစ်ဆင်ရေးကို တနည်းစမ်းလိုက်ခြင်းသာ ဖြစ်ပေသည်။

## မယားမကြင် သားမခင်

"မာယား" စစ်ဆင်ရေး၌ အောင်ပွဲရခဲ့သော အရှင်သင်္ဂါမဇိသည် "သား" စစ်ဆင်ရေးမှာလည်း အလွယ်တကူ အောင်ပွဲဆင်ခဲ့သည်သာ ဖြစ်ပါ၏။ သားသည်ဖခင်အများ၏ နှလုံးအိမ်ကို ဆွတ်ပျံ့ကြည်နူးစေတတ်သော သားငယ်ရွှေသွေး ပုလုံကွေးသည် သည်ဖခင်၏ နှလုံးအိမ်ကိုကား ဆွတ်ပျံ့ကြည်နူးအောင် မစွမ်းဆောင်နိုင်ချေ။ သားသည်ဖအေတို့၏နှလုံးအိမ်ကို နာကျင်စေတတ်သော ကလေးငိုသံသည် သည်ဖခင်၏ နှလုံးအိမ်ကိုကား နာကျင်အောင် မတတ်နိုင်ပြီ။

"ဪ....သည်ရဟန်းသည် သားကိုလည်း မခင်တွယ်ပါတလား"

စစ်ဆင်ရေးအားလုံး ရှုံးနိမ့်ခဲ့သော မယားဟောင်းသည် သားငယ်ကို အသာချီကာ လာလမ်းအတိုင်း ပြန်သွားရပေတော့သည်။

လာစဉ်တုန်းက မြှော်လင့်တမ်းတခြင်းမရှိသော အရှင်သဂ်ါမဇိသည် မယားဟောင်း ပြန်သွားသောအခါမှာလည်း လွမ်းဆွတ်ကျေကွဲမှု မရှိတော့ပါပြီတည်း။

အရှင်သင်္ဂါမဇိ၏ အောင်ပွဲကို ကြားနာရသည့် အဆုံးဝယ်သည်အရှင်မြတ်သည် မိမိဘွဲ့မည်နှင့် လိုက်လျောလေစွတကား ဟု ကျနုပ်တို့ မှတ်ချက်ချကြရပါ၏။

(ဥဒါန်းသင်္ဂါမဇိသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## အရှင်ရဋ္ဌပါလ၏ တရားလေးပုဒ်

### တရားနာစဉ် သဒ္ဓါဝင်

မြေဆီဩဇာနှင့် ရာသီဥတုကောင်းလှသဖြင့် အမြဲတမ်းပင် ပြည့်လျှံသော ကျီများရှိနေသဖြင့် ထုလ္လကောဋ္ဌိကဟု အမည်ရသောရွာကြီးသည် ကုရုတိုင်းအတွင်း၌ဆင်ရွှားစွာ တည်ရှိ၏။ ကုရုတိုင်း၏ အရှင်ကောရဗျမင်းကြီး၏ ဥယျာဉ်တော်လည်း ထိုရွာအနီးမှာပင်ရှိပေသည်။ ထိုရွာကြီးသည် ကျွန်ုပ်တို့သိတင်းသုံးဖော် အရှင်ရဋ္ဌပါလ၏ မွေးရပ်မြေလည်း ဖြစ်ပါပေသည်။

ရဟန်းလောင်း ရဋ္ဌပါလသည် ထိုရွာကြီး၏ တန်ခိုးဩဇာအကြီးမားဆုံး သူဌေးကြီးအိမ်တွင် ချမ်းသာစွာ နေခဲ့ရ၏။ ရဋ္ဌပါလလူလားမြောက်၍ အိမ်ထောင်ကျပြီးခါစတွင် ဘုရားရှင်အမှူးရှိသော ကျွန်ုပ်တို့တတွေ ထိုရွာကြီးသို့ ရောက်ခဲ့ကြ၏။ ဘုရားရှင် ဟောကြားသော တရားတော်ကို နာကြားရင်း ကျွန်ုပ်တို့နှင့်အတူ ရဟန်းပြုလာလိုက်ပါလိုသဖြင့် ရဋ္ဌပါလသည် ဘုရားရှင်ထံ ဝင်ခွင့်တောင်း၏။ သို့ရာတွင်မိဘများထံ ခွင့်မပန်ရသေးဟုဆိုသဖြင့် ရဟန်းပြုခွင့်မရဘဲ အိမ်ပြန်သွားရပေသည်။

## သဒ္ဓါ ပဗ္ဗဇိတာဧတဒဂ်

ရဋ္ဌပါလမှာ တဦးတည်းသော သားဖြစ်၍ မိဘများထံမှ ရဟန်းပြုခွင့်မရနိုင်ပါ။ တဦးတည်းသောသားကို မခွာရက်နိုင်သကဲ့သို့ ပေါကြွယ်လှသော ပစ္စည်းဥစ္စာတို့ကိုလည်း မင်းဘဏ္ဍာ အဖြစ်မခံနိုင်ကြပါ။ ထို့ကြောင့် ရဟန်းမပြုဘဲ လူအဖြစ်နှင့် ကုသိုလ် ကောင်းမှုများပြုရန် ချော့မော့ တောင်းပန်ကြ၏။ ရဋ္ဌပါလကား မိဘစကားကိုလက်မခံနိုင်ပြီ။ သည်နေရာမှ ရဟန်း ပြုခွင့်ရချင်ရစေ၊ သို့မဟုတ်ခဲ့ လျှင်သေပေ့စေတော့ဟု မြေကြီး ပေါ်မှာ လှဲအိပ်လိုက်၏။ အစာမစားဘဲ ဆန္ဒပြနေခဲ့၏။ ဤသို့ ခုနစ်ရက်တိတိ ဇွဲကောင်းကောင်းနှင့် တောင်းဆိုခဲ့၍ အရှင် ရဋ္ဌပါလဟူ၍ ဘွဲ့နာမံခံယူခွင့် ရလာပေပြီ။ အသွင်အပြင်သာမက သတွင်းသန္တာန်ပါ ပြောင်းလဲ၍ လာခဲ့ပေပြီ။ ခိုင်မာထက်သန် သော သဒ္ဓါတရားဖြင့် ရဟန်းဘဝကို အရယူခဲ့သောကြောင့် သဒ္ဓါပဗ္ဗဇိတာ ဧတဒဂ်ဂုဏ်ထူးဆောင် ဟူ၍လည်း ထင်ရှားကျော် ကြား၍ လာပေပြီ။

## ဖျားယောင်းခံရသူနှစ်ဦး

အရှင်သင်္ဂါမဇိနှင့် အရှင်ရဋ္ဌပါလတို့မှာ အာသဝကုန်ခန်းတာ ချင်းတူပါ၏။ မိဘဆွေမျိုးများ နှင့် မယားတို့၏ ဖျားယောင်း ခံရတာချင်းလည်း တူပါ၏။ သို့သော် တရားပေါက်သောနေရာ ချင်းမတူပေ။ ဖျားယောင်းခံရသော နေရာချင်းလည်း မတူပေ။

အရှင်သင်္ဂါမဇိမှာ တောကျောင်းတနေရာမှာ တရားပေါက် ကာ ဇေတဝန်ကျောင်းတော် ပြန်လာခါမှ ဖျားယောင်းခြင်း

ခံရ၏။ အရှင်ရဋ္ဌပါလကား ဇေတဝန်ကျောင်းတော်မှာ တရားပေါက်ကာ ထုလ္လကောဋ္ဌိက ရွာကြီးသို့ရောက်ခါမှ ဖျားယောင်းခြင်း ခံလိုက်ရပေသည်။

## မေးရပ်မြေသို့ တခေါက်

ထိုရွာကြီးသို့ တခါတခေါက် ပြန်ရောက်သွားခါမှ ရရှိလာသောအတွေ့အကြုံများကို ကျနုပ်တို့မေ့သဘာင်၌ ထိုအရှင်တင်ပြခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဤရဟန်းသည် လူ့ဘောင်သို့ ပြန်မဆင်းတော့ပြီ" ဟု စိတ်ချတော်မူသဖြင့် အရှင်ရဋ္ဌပါလအား ဘုရားရှင်က မိဘရပ်ထံ ပြန်ခွင့်ပြုတော်မူလိုက်ပြီ။ ခရီးအဆင့်ဆင့် လှမ်းလာခဲ့၍ ညနေချမ်း နေချိုချိုတွင် ထိုရွာကြီးသို့ ဆိုက်ရောက်ခဲ့ပေသည်။

ဇာတိချပ်ရွာ ပြန်ရောက်လာသော်လည်း အရှင်ရဋ္ဌပါခသည် မိဘအိမ်သို့ တခါတည်း တန်းဝင်မသွားခဲ့ပါ၊ ရွာနှင့်မလှမ်းမကမ်းမှာရှိသော ကောရဗျမင်း၏ ဥယျာဉ်တော်သို့သာ ဝင်လာခဲ့၏။ ရဟန်းတို့နှင့် လျှောက်ပတ်ရာတွင် တညကျိန်းစက်ပြီးမှ ဇာတိရွာသို့ ဆွမ်းခံဝင်ခဲ့ပေသည်။

## မျက်မြင်မှာ ဥာဏ်မယှဉ်၍

အိမ်တွင် ခမည်းတော်ကြီးကိုယ်တိုင်ရှိနေပါ၏။ အလယ်ထပ်တံခါးဆောင်တွင် သူ့ဆံပင်များကို ဆတ္တာသည်က ရှင်းပေးလျှက်ရှိပါ၏၊ အပြင်တံခါးဝကရဟန်း အရိပ်ကိုမြင်လိုက်သည်နှင့်

သူ့နှုတ်ဖျားမှ ရှန်ရင်းစွာသော စကားများ ထွက်ပေါ်လာ ပေသည်။

"ကျက်သရေမရှိသော ကတုံး တိုတိုနှင့် ရဟန်းယုတ် ရောက် လာပြန်ပြီ။ ဤရဟန်းယုတ်ဘို့ပင် ငါတို့၏ချစ်လှစွာသော တဦး တည်းသောသားကို ရဟန်းပြုကာ ခေါ်ဆောင်သွားကြသည် တကား"

သားအတွက်ရတက်ပူနေသော သူဌေးကြီးသည် သားကိုယ် တိုင်ကိုမြင်နေရပါလျက် မမှတ်မိနိုင်အောင်ဖြစ်နေရ၏။ အရှင် ရဋ္ဌပါလမှာမိဘအိမ်တံခါးဝမှ ဆွမ်းနှင့်ဟင်းများအစား ဆဲရေး ကြိမ်းမောင်းသော စကားများကိုသာ ရရှိခဲ့ပေသည်။

## တရက်စာ အာဟာရ

ကောင်းဆိုးနှစ်တန် လောကဓံကို အပြည့်အဝ ခံနိုင်ရည် ရှိနေပြီဖြစ်သော အရှင်ရဋ္ဌပါလသည် အိမ်တံခါးဝမှ ပြန်မည်ဟု လှည့်လိုက်၏။ ထိုစဉ်ခိုက်မှာပင် အစေခံမတယောက် ထွက်လာ ကာ တည်ခင်းလွန်၍ သိုးစော်နံနေသော မုယောမုန့်ကို စွန့်ပစ်မည် ပြု၏၊ ဆွမ်းတဇွန်းမျှ မရရှိသေးသော အရှင်ရဋ္ဌပါလသည် ဤယနေ့အဖို့ ဤမုန့်သိုးမျှသာ အလားအလာ ရှိတော့သဖြင့်....

"နှမ၊ ဤမုယောမုန့်ကို စွန့်ပစ်မည်ဖြစ်လျှင် ငါ့သပိတ်ထဲမှာ လောင်းလိုက်ပါလော့"

သာသနာ့ဝေါဟာရဖြင့် ယဉ်ကျေးစွာခေါ်လျက် သပိတ်ကို ခေါင်းငုံ့ပေးလိုက်၏။

ရဟန်းဟူသည်မှာ သလုံးမြင်းခေါင်းဖြင့် ရင်းနှီးကာ ဆွမ်းခံ၍စားရ၏။ ဆွမ်းခံခြင်းဟူသော စကားအရာ ယဉ်ကျေးစွာ သုံးကြရသော်လည်း အမှန်စင်စစ်အားဖြင့် တောင်းစားခြင်းသာဖြစ်၏။ ဝိနည်းတော်နှင့် လျော်ပတ်စွာ ဣန္ဒြေသိက္ခာရှိရှိ အသက်မွေးဝမ်းကြောင်း မှုပင်ဖြစ်၏။ ဆွမ်းခံသူရော ဆွမ်းလောင်းသူအတွက်ပါ သက်သာလွယ်ကူစေသော အစီအမံ တရပ်ပင် ဖြစ်ပါ၏။

ဤသို့ ဆွမ်းခံရာ၌ ကိုယ်ဖြင့်ရပ်၍ ဆွမ်းခံခြင်းကိုသာ ခွင့်ပြုထား၏။ နှုတ်ဖြင့်ဖွင့်ဟ၍ တောင်းခံခြင်းကို ခွင့်ပြုမထားပါ။ သို့ပါလျက် အရှင်ရဋ္ဌပါလက အဘယ့်ကြောင့်နှုတ်ဟ၍ တောင်းရပါကနည်း။ တစုံတယောက် သိမ်းဆည်းထားသော ပစ္စည်း မဟုတ်သောကြောင့် ဖြစ်ပေသည်။

## ဝမ်းမီးကို အစာကျွေးခြင်း

အစေခံမသည် မုယောမုန့်ကို သပိတ်ထဲသို့ လောင်းထဲ့ရင်း သူ့သခင်ဟောင်းကို ကောင်းကောင်းကြီး မှတ်မိသိလိုက်၏။ မှတ်မိသည့်အတိုင်း မိဘများထံ အလျင်အမြန် ပြေးပြောခြင်းဖြင့် အိမ်ကြီးကျွန်အဖြစ်မှ လွတ်လပ်ခွင့် ရသွားပေသည်။

အရှင်ရဋ္ဌပါလသည် ဤတနေ့တာအတွက် ရရှိလာသော သော အစာအာဟာရကို ဆွမ်းစားဇရပ်တခုတွင် ထိုင်၍ ဘုဉ်းပေး၏။ ဟိုစဉ်က သူဌေးသားတယောက် အဖြစ်ဖြင့် အမြိန်အရသာများကို စားသောက်ခဲ့ရ၏။ ယခု ဘုရားသားတော် ဘဝတွင်လား မုယောမုန့်သိုးကို စားနေရပေပြီ။ သို့သော်အရှင်

ရဋ္ဌပါလအဖို့ကား ထိုအစာအာဟာရနှစ်မျိုးအတွက် တစုံတရာ ထူးခြားလာခြင်းမရှိပါ။ အစာအိမ်ထဲက ပါစကဝမ်းမီးကို အစာကျေးလိုက်ခြင်းသာ ဖြစ်ပေသည်။ မည်သည့် အစာပင် စားရစားရ၊ ပါစကဝမ်းမီးဒါဏ် သက်သာခြင်းသာ အဓိက ဖြစ်ပေသည်။

## သားအတွက် ရတက်ပေ

တရားမြင်ပြီးသူက တရားနှင့်ယှဉ်၍စားသုံးနေရာတွင် တရား မမြင်ရှာသေးသော ခမည်းတော်ကြီးမှာကား ရင်ပတ်စည်တီး ဖြစ်ရပေသည်။

"အို.... ငါ့သား၊ ဖြစ်မှုဖြစ်ရလေစွတကား ဖခင်တို့မှာပစ္စည်း ဥစ္စာ ကြွယ်ပေါလျှက် အဘယ့်ကြောင့် မုယောမုန့်သိုးကို စားနေရပါသနည်း။ ထမင်းစားချိန်တွင် မိမိအိမ်သို့ သွားသင့် သည် မဟုတ်ပါလော"

"တကာကြီး၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ခွာရှောင် ၍ ရဟန်းပြုလာသူတို့အား အဘယ်မှာ အိမ်ရှိပါမည်နည်း။ ရဟန်းတို့မည်လည်း အိုးအိမ်မရှိသူများပင်ဖြစ်၏။ တကာကြီးတို့ အိမ်သို့ရောက်ခဲ့သော်လည်း ကန်တော့ဆွမ်းကလေးမျှ မရခဲ့ပါ။ ဆဲရေးကြိမ်းမောင်းခြင်းကိုသာ ရခဲ့ပါသည်"

ခမည်းတော်ကြီးက အမောတကော လျှောက်ထားအပြီး တွင် သားရဟန်းကတော့ အေးဆေးစွာပင် ပြန်ပြောလိုက်ပေ သည်။

"ပြီးခဲ့သည့်ကိစ္စ ပြီးပါစေတော့ငါ့သား။ ယခုအိမ်သို့ သွား ကြစို့"

"မသွားလိုတော့ပြီတကာကြီး။ ယနေ့အဖို့ ဆွမ်းကိစ္စ ပြည့်စုံသွားပေပြီ"

"သို့ဖြစ်လျှင် နက်ဖြန်နံနက် ဖခင်တို့အိမ်သို့ ဆွမ်းစားလာခဲ့ပါ"

အရှင်ရဋ္ဌပါလက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ပေသည်။

## ပစ္စည်းဆိုတာ ပစ်စရာ

"ဆွမ်းများ ပြင်ဆင်ပြီးပါပြီ" ဟု အကြောင်းကြားလာသည်တွင် အရှင်ရဋ္ဌပါလသည် သပိတ်သင်္ကန်းများ ပြင်ဆင်ဝတ်ရုံလျက် ခမည်းတော်ကြီးအိမ်သို့ လိုက်ပါသွား၏။ ခင်းထားသောနေရာ၌ ထိုင်မိလျှင် ခမည်းတော်ကြီးက အရံသင့်ပြင်ဆင်ထားသော ရွှေပုံငွေပုံများကို ဖွင့်လှစ်ပြကာ....

"ငါ့သား၊ သည်ပစ္စည်းမှာ သင့်အမေဘက်က ပစ္စည်းမျှသာရှိသေးသည်။ အဖေ့ဘက်ကပစ္စည်းတွေ အခြားမှာရှိသေးသည်။ ထို့အပြင် အဖိုးဆီက အမွေရသည့် ပစ္စည်းများလည်း တသီးတခြားရှိလေသေးသည်။ ဤပစ္စည်းများဖြင့် လူ့ဘောင်မှာ မကြောင့်မကျ၊ မတောင့်မတနေနိုင်ပါသည်။ ကုသိုလ်ကောင်းမှုပြုလိုရာ ပြုနိုင်ပါသည်"

ခမည်းတော်ကြီးက မြှော်လင့်ချက်ကြီးစွာဖြင့် လျှောက်ထား၏။ ဤတွင်အရှင်ရဋ္ဌပါလက....

"တကာကြီး စကားတခွန်း ကို လက်ခံနိုင်ပါမည်လော"

"လက်ခံနိုင်ပါသည်"

ခမည်းတော်ကြီး ဝမ်းသာအားရဖြစ်ဟာ ချက်ချင်းပင်ဝန်ခံလိုက်၏။

"သို့ဖြစ်လျှင် သည်ရွှေငွေများကို လှည်းများနှင့် တင်လိုက်ပါလော့"

"လှည်းနှင့်တင်ပြီးနောက် မည်သို့ ပြုရပါမည်နည်း"

"လှည်းနှင့်တင်ပြီးနောက် ဂင်္ဂါမြစ်ရေကြော မျှောလိုက်ပါတော့ တကာကြီး"

## မိန်းမဟူသမျှ သူ၏နှမ

ခမည်းတော်ကြီး လက်လျှော့သွားချိန်တွင် မယားဟောင်းများက တစခန်းထသာကြပေသည်။ အရှင်ရဋ္ဌပါလမှာ အရှင်သင်္ဂါမဇိလို မယားတယောက်ထဲ မဟုတ်ပေ။ မြဲသည်ထက်မြဲခိုင်သည်ထက်ခိုင်စေရန်ဟု မိဘများကမယားနှစ်ယောက်ရှာပေးထား၏၊ မယားဟောင်းနှစ်ယောက်တို့သည် ရဋ္ဌပါလသတိုးသားဘဝက နှစ်သက်ခဲ့ဘူးသော အဝတ်အဆင်များကို ဝတ်စားဆင်ယင်၍ အရှင်ရဋ္ဌပါလ၏ ခြေဘဖက်စီကိုပွေ့ဖက်ကာ အရေးတဝင် ပြုသောအားဖြင့်....

"အိုအရှင့်သား။ အရှင့်သားသည် နတ်သမီးများကို ရလိုသဖြင့် ရဟန်းပြုသည်ဟု ဆိုကြပါသည်။ ထိုနတ်ကမီးများ၏ အဆင်းအရောင် မည်သို့ရှိကြပါသလဲ"

"နှမတို့၊ ငါသည် နတ်သမီးများကိုရလိုသဖြင့် ရဟန်းပြုခြင်း မဟုတ်ပါ"

လင်မယားဘဝတုန်းက 'ရှင်မတို့' ဟု ခေါ်ခဲ့ရာ ယခုတော့ နှမတို့ဟု ခေါ်လိုက်ပေပြီ။ ဤစကား တခွန်းတည်းနှင့်ပင် သူတို့၏မြူဆွယ်မှု နိဂုံးချုပ်ရပေတော့သည်။ ဤတွင် အရှင်ရဋ္ဌပါလက....

"တကာကြီး။ ဆွမ်းကပ်စရာရှိလျှင် ဆက်ပါလော့။ ငွေ ငွေ ဥစ္စာ၊ မာတုဂါမတို့ကိုပြ၍ မနှိပ်စက်ပါနှင့်တော့"

"ချစ်သောရဋ္ဌပါလ၊ ဆွမ်းများ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။ စားပါလော့ချစ်သား။ စားပါလော့"

နောက်ထပ် နှိပ်စက်စရာလည်း မရှိတော့ပြီမို့ အရံသင့် ပြင်ဆင်ထားသော ဆွမ်းများကို ကပ်ကြရပေတော့သည်။

## ဖမ်းသူငို၍ လွတ်သူပြုံး

ဆွမ်းကိစ္စများပြီးစီးသောအခါ အရှင်ရဋ္ဌပါလသည်နေရာမှ ထ၍ ခန္ဓာကိုယ်ကြီး၏ အသုဘကထာ ဂါထာများကိုရွတ်ဆိုကာ ဆက်လက်၍....

"မုဆိုးသည် ကျော့ကွင်းကိုထောင်ခဲ့၏။ သားသမင်သည် ကျော့ကွင်းကို မထိမူ၍ အစာရေစာစားသောက်ကာ သမင်ဖမ်းသူတို့ ငိုယိုနေကြစဉ်မှာပင်တောခြုံကြားသို့ ဝင်သွားဘိသကဲ့သို့ ငါတို့လည်း ဘေးလွတ်ရာသို့ ရောက်ခဲ့ကြလေကုန်၏"

ဤသို့အဓိပ္ပါယ်ရှိသော ဂါထာကိုရွတ်ဆိုကာ ဥယျာဉ်တော်သို့ ပြန်လာခဲ့ပေသည်။

## ငယ်ချစ်ဟောင်းမို့ အောက်မေ့သည်

ကောရဗျ မင်းကြီးသည် အရှင်ရဋ္ဌပါလကို ငယ်ရွယ်စဉ်ဆံတည်းက တူလိုသားလို ချစ်ခင်လာခဲ့၏။ ဖခင့်ကခင်မင်ရင်းစွဲရှိခဲ့သည်တွင် ယခုလိုအိုမင်းမစွမ်း ဖြစ်လာသောအခါ သားချစ်ပုံတွေချင်နေ၏။ ရဟန်းဝတ်နှင့် အသွင်ပြောင်းနေသည့် သူ့ရုပ်ပုံကို ရှုချင်မြင်ချင်စမ်းဘိ၏။ ထို့ထက်ပို၍ ဆန္ဒစောနေသည်မှာ ကား ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုသွားရခြင်း၏ အကြောင်းများ ဖြစ်ပေသည်။

## ကိုယ့်နေရာနှင့်ကိုယ်

ယခုတော့ ကောရဗျမင်းကြီး၏ စိတ်ဆန္ဒများ ပြည့်ဝပါတော့မည်။ သူတွေ့ချင် မြင်ချင်နေသော အရှင်မြတ်ကာ သူ့ဥယျာဉ်ထဲမှာ အရှိသင့် ရောက်နေပါပြီ။ ဥယျာဉ်စောင့်ထံမှ ဤသတင်းကိုကြားရသည်နှင့် အရှင်ရဋ္ဌပါလ ရှိရာသို့ အဆောတလျင်လာခဲ့၏။ တူအရွယ်သားအရွယ်အရှင်မြတ်အားနှုတ်ဆက်စကားဆို၍ ရှိသေစွာထိုင်ပြီးလျှင် ဆင်တင် ကော်ဇောကြီးကို ဖြန့်ခင်းစေကာ....

"အရှင်ဘုရား။ ဤနေရာမှာထိုင်တော်မူပါ" ဟုလျှောက်၏။

"ပြည့်စုံပြီ တကာတော်မင်းကြီး။ ဆင်မင်းကြီးသာ ထိုင်ပါတော့"

ကိုယ့်နေရာနှင့်ကိုယ် ရှိနေပြီ ဖြစ်သော အရှင်ရဋ္ဌပါလက ကောရဗျမင်းကြီး၏ ဖိတ်ကြားချက်ကို ငြင်းပယ်လိုက်၏။ ဆစ်ရှက်ခြောက် မြက်ခြောက်များကို ညီညာစွာ စုပုံထားခြင်းဖြင့် ရဟန်းတိုင်းအတွက် သွားလေရာ ထိုင်စရာ အခင်းရှိပြီး ဖြစ်ပေသည်။

## ဘယာပဗ္ဗဇ္ဇိတများ

ကောရဗျမင်းကြီးသည် မိမိခင်းပေးထားသော ဆင်တင်ကော်ဇောကြီးပေါ်မှာ မိမိဘာသာ ထိုင်လျက်....

"အရှင်ဘုရား။ အိုခြင်း၊ နာခြင်း၊ ပစ္စည်းဥစ္စာဆုံးပါးခြင်း၊ ဆွေမျိုးဉာတကာပျက်စီးခြင်းဟူ၍ ဤလေးမျိုးသော ဆုတ်ယုတ်ခြင်းတို့ကြောင့် လူများစွာတို့ ရဟန်းပြုခဲ့ကြပါသည်။ အရှင်ဘုရားမှာမူကား အရွယ်အားဖြင့်လည်း နုပျိုပါသေး၏။ အနာကင်းစွာ ကျန်းမာလျှက်ရှိပါသေး၏။ ပစ္စည်းဥစ္စာ ဆုံးပါးခြင်းလည်းမရှိပါ။ ဆွေမျိုးဉာတကာ ပျက်စီးခြင်းလည်း မရှိပါ။ ဤသို့ အဖက်ဖက်က ပြည့်စုံနေပါလျှက် အရှင်ရဋ္ဌပါလသည် မည်သို့သော တရားသဘောကို ရှုမြင်သုံးသပ်မိ၍ ရဟန်းပြုတော်မူခဲ့ပါသနည်း"

## တရားလေးပုဒ် အကျဉ်းချုပ်

"တကာတော်မင်းကြီး။ ပူဇော်အထူးကို ခံယူတော်မူလိုက်သော ဘုရားရှင်သည် တရားလေးပုဒ်ကို ဟောကြားတော်မူခဲ့ပါသည်။ တရားလေးပုဒ်၏ အကျဉ်းချုပ်မှာ ဤသို့ဖြစ်ပါသည်။

၁။ လူ့ဘောင်လောကသည် အိုဘက် သေဘက်သို့သာ တရက်ပြီးတရက် ချဉ်းကပ်၍လာ၏။ မြဲမြဲခိုင်မာသော သဘောမရှိ။

၂။ လူ့ဘောင်လောကသည် ဘေးရန်လုံရန် စောင့်ရှောက်နိုင်စွမ်းမရှိ။ စိတ်အလိုကျ စေစားနိုင်သော သဘောမရှိ။

၃။ လူ့ဘောင် လောကသည် ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိ။ သေလျှင် အားလုံးပစ်ထားခဲ့ကြရမည်သာ ဖြစ်၏။

၄။ လူ့ဘောင်လောကသည် အမြဲတမ်း 'လို' နေလျှက်သာ ရှိ၏။ မြင့်မိုတောင်လောက် ပုံပေးသော်လည်း ရောင့်ရဲနိုင်ခြင်းမရှိ တဏှာ၏ကျေးကျွန်များသာ ဖြစ်ကြ၏။

ဤသို့သော တရားလေးပုဒ်ကို နှုမြင်သဖြင့် အသက်အရွယ်ငယ်စဉ်ခိုက်မှာပင် ရဟန်းဘောင် ဝင်လာခဲ့ပါသည် တကာတော်မင်းကြီး။

တရားလေးပုဒ်ကို အကျဉ်းချုပ် အဟောကြားပြီးလျှင် အရှင်ရဋ္ဌပါလက လောကဥပမာ အဖြာဖြာဖြင့် အကျယ်ဖွင့်၍ ပြပေသည်။

ထုလ္လကောဋ္ဌိတရွာအနီး၊ ဥယျာဉ်တော် အတွင်းမှာတုန်းက ကဲ့သို့ပင် ကျနုပ်တို့၏ ဓမ္မသဘင်မှာလည်း သာဝသ တညံညံ ပေးကြရပါပေသည်။

(မဇ္ဈိမနိကာယ်၊ ရဋ္ဌပါလသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

## အညဇာနည်အရှင်ပုဏ္ဏ

### မှတ်သားလောက်သော သြဝါဒ

ကျနုပ်တို့ မဇ္ဈိမဒေသ၌ အစဉ်အလာ ပြောကြားသော စကားတခုရှိ၏။ ဂင်္ဂါမြစ်၏ မြောက်ဘက်သားများသည် လိမ္မာယဉ်ကျေးကြ၏။ ဒါန၊ သီလ၊ စသည်ပေါင်းစု မြတ်ကောင်းမှုကိုပြုကြ၏။ တောင်ဘက်သားတို့ကား သူတို့၏ ဆန့်ကျင်ဘက်ဟုဆိုကြပေသည်။

ပူရာဏကဿပ ဆရာကြီးသည် ဤအစဉ်အလာ စကားကိုအခြေခံပြုကာ မှတ်သားလောက်သော သြဝါဒတခုကို တီထွင်၍ထား၏။ သူတပါးကို သတ်ဖြတ် ညှဉ်းဆဲမိသောသူသည် ထိုအကုသိုလ် ပျောက်ရေးအတွက် အထူးတလည် ကြောင့်ကျနေရန်မလို။ ဂင်္ဂါမြစ်၏ တောင်ဘက်သို့ ကူးလိုက်လျှင်ပင် ထိုအကုသိုလ်ကံမှ ကင်းလုံးကျွတ်လွတ်၏။ ဟူသတည်း။

မည်သည့် အရပ်ဒေသမှာမဆို လူဆိုးရော လူကောင်းပါရှိစမြဲဖြစ်သော်လည်း ထိုတောင်ဘက်မှာတော့ ရိုင်းစိုင်းသူတို့ဘက်က တော်တော်ပင် အားကောင်းနေပါသည် ။ ထို့ကြောင့်

ပင် ပူရာဏာတာသပဆရာကြီးက အခြေအနေနှင့်လိုက်လျောသော ဩဝါဒကို တင်ထားခဲ့ခြင်း ဖြစ်ပါ၏။
(သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## ဇာတိရပ်ဌာန် ပြန်လိုသူ

မည်မျှပင် ရိုင်းစိုင်းသော စရိုက်ကြမ်းတမ်းသော အရပ်ပင် ဖြစ်ပါစေ ထိုဒေသမှ ဖွားမြင်သူများကတော့ မိမိတို့ဇာတိနယ်မြေကိုခင်တွယ်ကြသည်သာ သို့ခင်တွယ်ကြသည့်အထဲ၌ အကျွန်ုပ်တရားပြဆိုရာနှင့် နာမည်တူအရှင်ပုဏ္ဏမထေရ်လည်း အပါအဝင်ဖြစ်ပါသည်။

ဇေတဝန် ကျောင်းတော်ကြီးတွင် ကျွန်ုပ်တို့နှင့် အတူမကြောင့်မကျ၊ မတောင့်မတနေရသော်လည်း အရှင်ပုဏ္ဏမပျော်မွေ့ပါ။ သူ၏ဇာတိရပ်ရွာကိုသာ တမ်းတနေ၏။ ဂင်္ဂါမြစ်၏တောင်ဘက်နယ် အပါအဝင် သုနာပရန္တတိုင်းသို့သာ ပြန်ချင်နေ၏။ ဘုရားရှင်ထံမှတရားတပုဒ် လက်ဆုတ်လက်ကိုင်မရသေး၍သာ သူကျိတ်မှိတ်၍နေရ၏။ လက်ဆုတ်လက်ကိုင် တရားတပုဒ်ရသည်နှင့် ဇာတိရပ်ဌာန်ပြန်နိုင်မည့်အရေးကိုသာ သူတွေးတော၍နေ၏။

ဘိုနေ့မှာတော့ အရှင်ပုဏ္ဏ ဆုတောင်းပြည့်မည့် နေ့ပင်ဖြစ်ပါ၏။ နေ့လည်နေ့ခင်း ကျိန်းစက်အပြီးတွင် ဂန္ဓကုဋီတိုက်အတွင်းဝင်၍ ဘုရားရှင်ကို ဖူးမြော်ခွင့်ရခဲ့၏။ ရရှိသည့်အခွင့်အရေးကို အရှင်ပုဏ္ဏက လက်မလွှတ်တမ်း ဖမ်းဆုတ်လိုက်ပေသည်။

"တောင်းပန်ပါသည် အရှင်ဘုရား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်တရားတပုဒ်ကို အကျဉ်းချုပ်၍ ဟောကြားတော်မူပါဘုရား"

## သစ္စာလေးပါး တရားအချုပ်

အရှင်ပုဏ္ဏ၏တောင်းပန်ချက်အရ ဘုရားရှင်က သစ္စာလေးပါး တရားအချုပ်ကို ဟောတော်မူလိုက်ပေသည်။

"ပုဏ္ဏ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် စိတ်ဖြင့် ကြံစီအပ်သော အထွေထွေအာရုံများကို သာယာစရာ နှစ်သက်စရာအဖြစ်ဖြင့် တွေးတောကြံစီသောသူအား သာယာနှစ်သက်ခြင်းဖြစ်ပေါ်လာ၏။ ပုဏ္ဏ၊ သာယာနှစ်သက်ခြင်းဖြစ်လာလျှင် ဆင်းရဲဒုက္ခပေါ်၏ဟု ငါဘုရားဟောကြား၏"

"ပုဏ္ဏ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် စိတ်ဖြင့် ကြံစီအပ်သော အထွေထွေအာရုံများကို သာယာစရာ၊ နှစ်သက်စရာအဖြစ်ဖြင့် မတွေးတော မကြံစီသောသူအား သာယာနှစ်သက်ခြင်းသည် ချုပ်၏။ ပုဏ္ဏ၊ သာယာနှစ်သက်ခြင်းချုပ်လျှင် ဆင်းရဲဒုက္ခချုပ်၏ဟု ငါဘုရားဟောတော်မူ၏"

## ခံနိုင်ရည်စမ်းသပ်ခြင်း

သစ္စာလေးပါးတရားအချုပ်ကို ဤသို့ဟောကြားတော်မူပြီးနောက်၌ ဘုရားရှင်က ဆက်လက်၍-

"ပုဏ္ဏ၊ ငါဘုရားထံမှ ဤအကျဉ်းချုပ် ဩဝါဒတရားကို နာကြားပြီး နောက်ဘယ်ဇနပုဒ်မှာသွား၍ နေမည်နည်း"

ဇာတိချပ်ရှာကို ခင်တွယ်တတ်သော စိတ်သဘောကိုသိပြီး ထားသဖြင့် မေးတော်မူလိုက်ရာ-

"သုနာပရန္တအမည်ရသော ဇနပုဒ်သို့သွား၍ နေပါမည် ဘုရား"

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ် သားတို့သည် ရိုင်းစိုင်းကုန်၏၊ စရိုက်ကြမ်းကုန်၏။ အကယ်၍ သုနာပရန္တဇနပုဒ်သားတို့က သင့်ကိုဆဲရေးကြ၊ ရေရွတ်ကြလျှင် သင်မည်သို့ သဘောထားမည်နည်း"

## တော်ပါသေးသည် တော်သေးသည်

"အရှင်ဘုရား၊ အကယ်၍ သုနာပရန္တ ဇနပုဒ်သားတို့က တပည့်တော်ကို ဆဲရေးကြ၊ ရေရွတ်ကြလျှင် 'ဪ ဤသုနာပရန္တဇနပုဒ်သားတို့တော်လေစွ၊ သူတို့ ဪ ဤသုနာပရန္တဇနပုဒ်သားတို့ အလွန်တော်လေစွ။ သူတို့သည် ငါ့ကိုလက်နှင့် မရိုက်ကြသေးပါကလား"ဟု ဘသောထားပါမည်ဘုရား"

"ပုဏ္ဏ၊ အကယ်၍ သုနာပရန္တဇနပုဒ်သားတို့က လက်နှင့် ရိုက်တော့ကော...."

"အရှင်ဘုရား၊ ဤ အခါတွင်လည်း 'ဪ ဤ သုနာပရန္တဇနပုဒ်သားတို့သည် ငါ့ကို ခဲနှင့် မပေါက်ကြသေးပါကလား' ဟု သဘောထားပါမည် ဘုရား"

"ပုဏ္ဏ၊ အကယ်၍ခဲနှင့်ပေါက်တော့ကော...."

"အရှင်ဘုရား၊ ဤအခါတွင်လည်း ဪ— ဤသုနာပရန္တဇနပုဒ်သားတို့သည် ငါ့ကိုတုတ်နှင့်မရိုက်ကြသေးပါကလား"ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ အကယ်၍တုတ်နှင့် ရိုက်တော့ကော...."

"ဇာရှင်ဘုရား၊ ဤအခါတွင်လည်း ပြောင်....ဤသုနာပရန္တ ဇနပုဒ်သားတို့သည် ငါ့ကိုခေါ်နှင့် မခုတ်ကြသေးပါကလား"ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ အကယ်၍ ခေါ်နှင့်ခုတ်တော့...."

"အရှင်ဘုရား ၊ဤအခါတွင်လည်း ပြောင်.... ဤသုနာပရန္တ ဇနပုဒ်သားတို့သည် ဓားထက်ထက်နှင့် ငါ့အသက်ကို အသေ မသတ်ကြသေးပါကလား"

မတော်တာရှာ၍မတွေ့

"ပုဏ္ဏ၊ အကယ်၍ ဓားထက်ထက်နှင့် အသေသတ်တော့ ရော...."

"အရှင်ဘုရား၊ ဤအခါတွင်လည်း ဘုရားရှင်၏ တပည့် သားအချို့သည် ကိုယ်နှင့်အသက်ကို စက်ဆုတ် ရွံရှာကြသဖြင့် မိမိတို့ကိုယ်တိုင် ဓားဖြင့်အဆုံးစီရင်ကြရကုန်၏။ ငါ့မှာတော့ ကိုယ်တိုင်မစီရင်ရပါကလား"ဟု သဘောထားပါမည်ဘုရား။

အရှင်ပုဏ္ဏ၏ အာဇာနည်စိတ်ဓာတ်ကို ဘုရားရှင်သာဓုခေါ် တော်မူကာ သုနာပရန္တဇနပုဒ်သို့ သွားခွင့် ပြုတော်မူလိုက်ပေ သည်။

အာဇာနည်အရှင် ပုဏ္ဏသည် ဇာတိချပ်ရွာရောက်ပြီးနောက် တထောင်မျှသော တဏှာတဏ္ဍာမများကို ကျွတ်တမ်းဝင်စေကာ ထိုဝါတွင်းမှာပင် ပရိနိဗ္ဗာန်ပြုသည်ဟု ကြားသိရပေသည်။

(သာဠာယတနသံယုတ်၊ ပုဏ္ဏသုတ်ပါဠိတော်နှင့် အဌကထာ)

* * *

## အရှင်တိဿနှင့်ပတ္တမြားခိုးမှု

### ကံကောင်းရျက်ဆိုးသူ

ကျွန်ုပ်တို့တစ်တွေမှာ သမုဒ္ဒရာဝမ်းတထွာအတွက် နေ့စဉ်နှင့်အမျှဆိုသလို ဆွမ်းခံထွက်ရ၏။ တိဿအမည်ရသော မထေရ်တပါးမှာမူကား ကျွန်ုပ်တို့ကို ဆွမ်းခံထွက်စရာ မလိုပါ။ ကျောက်သွေးသမားဇနီးမောင်နှံက သူ့ကိုဖခင်အရာထားကာ နေ့စဉ်နှင့်အမျှ ဆွမ်းကပ်ခဲ့ပါသည်။ ယခုဆိုလျှင် ဆယ့်နှစ်နှစ်ပြည့်ခါနီးခဲ့ပါပြီ။

ဤသို့ဆွမ်းခံမထွက်ပဲ သက်တောင့်သက်သာ စားသောက်ရသဖြင့် သူ့ကိုကံကောင်းလေစွဟု အချို့ရဟန်းများက အားကျကြ၏။ သူ့လို နေ့စဉ်ဆွမ်းတကာတယောက်ယောက် ပေါ်လာလေမလားဟု မျှော်တလင့် ရှိကြ၏။ သို့သော် ထိုတနေ့က အဖြစ်ကို ကြားသိရချိန်မှာကား ကျွန်ုပ်တို့အားလုံး သတိသံဝေဂရမိကြပါသည်။

### ကြမ္မာငင်သောထိုတနေ့

အရှင်တိဿမထေရ်ကြီးသည် နေ့ဥကြွနေကျ အတိုင်းပင် ဆွမ်းတကာအိမ်သို့ ကြွသွား၏။ ဆွမ်းတကာမက အရံသင့်ပြင်ဆင်ပြီးသော ဆွမ်းများကို လက်ဝေ့ရောက် ဆပ်ကပ်၏။

ကျောက်သွေးသမားက အမဲသားများကို ချက်ပြုတ်ရန် ခုတ်ထစ်နေဆဲဖြစ်၏။ ထိုစဥ်ခိုက်မှာပင် ပသေနဒီ ကောသလမင်းကြီး၏ နန်းတော်မှ ပတ္တမြားတလုံးကို အလုပ်အပ်လာ၏။ ပတ္တမြားကို ဒသရောင်အသွေးတောက်ပလာအောင်သွေး၍ ကြိုးဘပ်စရာအပေါက်ဖောက်ပေးရန် ဖြစ်ပေသည်။

ကျောက်သွေးသမားသည် မင်းချင်းထံမှ ပတ္တမြားကို သွေးစွန်းသောလက်များဖြင့် ခံယူကာ အနားက သေတ္တာပေါ်မှာ တင်ထားလိုက်၏။ ခုတ်လက်စ အမဲသားများကို အပြီးအပိုင် ခုတ်ထစ်ကာ ဟင်းအိုးပြင်ဆင်ပြီး လက်ဆေးရန် ထွက်ခွာခဲ့၏။ ရေအိုးမှပြန်လာချိန်မှာကား ကောသလမင်းကြီး၏ အဖိုးတန် ပတ္တမြားရတနာမရှိတော့ပေ။

## တရားခံမည်သူနည်း

အိမ်ထဲမှာ သေသေချာချာကြည့်လိုက်တော့ သူနှင့် အရှင်တိဿတို့ကလွဲ၍ မည်သူမျှမရှိပေ။ ဇနီးသည်သည် ထိုတခဏ၌ ကိစ္စတခုနှင့် တခြားအိမ် ထွက်သွား၏။ ပတ္တမြားလာပို့သော မင်းချင်းလည်း ပို့ပြီးပြီးချင်း ထွက်ခွာသွား၏။ သူတို့နှစ်ဦးကလွဲ၍ သက်ရှိသတ္တဝါဆို၍ အိမ်မှာ အလှမွေးထားသော ကြိုးကြာတကောင်သာရှိပေသည်။ ကြိုးကြာသည် စဥ်းတီတုံးမှ အမဲသား အစအနများနှင့် သွေးစများကို ခြစ်ချုပ်စားသောက်၍ နေပေသည်။

ကျောက်သွေးသမား၏ နဖူးပြင်၌ ဇောချွေးများသီး၍ လာ၏။ ကောသလမင်းကြီးကိုယ်တော်တိုင်က ယုံမှတ်၍ အပ်နှံလာသော သည်ပတ္တမြားရတနာ ပျောက်ခြင်းမလှ ပျောက်ခဲ့ရ

ခပြီ။ သည့်အတွက် မည်သို့သော မင်းပြစ်မင်းဒဏ်များ သင့်လာလေမည်နည်း။ ဒဏ်မတတ်ပဲ အလျှော်ပေးရလျှင်လည်း တသက်လုံး ကျွန်ခံ၍ ပေးဆပ်သော်လည်း ကျေလိမ့်မည်မဟုတ်ပေ။

## ကြံရာမရစိတ်သောက

ဘယ်ဘက်ကမျှ သက်သာလမ်းမမြင်သော ကျောက်သွေးသမားသည် ဆွမ်းဘုဉ်းပေးပြီးစ အရှင်တိဿဆီသို့ လှမ်းကြည့်လိုက်၏။ တဆယ့်နှစ်နှစ်ဘိုင်ဘိုင် ဖခင်အရာထား၍ ကိုးကွယ်လာခဲ့သော ပုဂ္ဂိုလ်ကြီး။ မိမိတို့အား မကောင်းမြစ်တာကောင်းရာညွှန်တတ်သည့် ဆရာမြတ်ကြီး၊ သည်လိုပုဂ္ဂိုလ်မျိုးက သည်လိုအမှုမျိုးကိုတော့ မပြုဘန်ရာဟု သူဝေဘန်ကြည့်မိ၏။ သို့ဖြစ်လျှင် ပတ္တမြားဘယ်ရောက်သွားသနည်း။

အရှင်တိဿအပေါ် လေးစားစိတ်၊ ကြည်ညိုစိတ်၊ ပတ္တမြားအတွက် သောကဗျာပါဒ ကောင်းစိတ်နှင့် မကောင်းစိတ်တို့အပြန်အလှန်ဆွဲနေသည်ကို ရဟန်းကြီးကားမသိရှာ။

"အရှင်ဘုရား၊ ပတ္တမြားကို ယူမိပါသလား"

အကျဉ်းအကြပ် ကျလာတော့လည်း မဘတ်နိုင်ချေပြီ၊ တလျှောက်လုံးက လေးစားစွာ ကိုးကွယ်လာခဲ့ရသော ပုဂ္ဂိုလ်ကြီးပင် ပြောင်ဖွင့်၍ မေးရတော့သည်၊

"တကာ၊ ပတ္တမြားကို ငါမယူပါ"

အရှင်တိဿကလည်း တိုဘိုတုတ်တုတ်သာ ဖြေလိုက်၏၊

## သောကမှ ဒေါသသို့

"အရှင်ဘုရား၊ သည်အိမ်ထဲမှာ တပည့်တော်မှလွဲ၍ အရှင်ဘုရားတပါးသာရှိပါသည်။ ယူချင်းယူလျှင် အရှင်ဘုရားသာ ယူနိုင်ပါမည်။ တပည့်တော်ကို ပတ္တမြား ပြန်ပေးပါဘုရား"
"တကာ၊ ပတ္တမြားကို ငါမယူပါ"
"ပတ္တမြားကို သင်မယူလျှင် မည်သူက လာယူရမည်နည်း"
သောကမှ ဒေါသသို့ ကူးလာကြပြီဖြစ်၏။ ကောင်းစိတ်များအပေါ်ဝယ် မကောင်းစိတ်များက ဖိစီးလာကြပြီဖြစ်၏။

## ဒေါသရှေ့ထား မှားတတ်သည်

"ကဲ-သည့်လောက် ဖုံးကွယ်နေလျှင် မဖုံးနိုင် မကွယ်နိုင်အောင် မေးရပေတော့မည်"
ငြိမ်သက်သော ဂုဏ်ခြေဖြင့် ထိုင်မြဲထိုင်လျက်ရှိသော မထေရ်အား အကြမ်းပတမ်းဆွဲယူကာ ကြိုးကောင်းကောင်းဖြင့် အိမ်တိုင်မှာ ချည်နှောင်လိုက်၏၊ တခြားအိမ်မှပြန်လာသော ဇနီးသည်က တားသော်လည်း မရနိုင်တော့ပြီ။
"ကဲ-ပတ္တမြားကိုပေးမည်လော၊ ဟောသည်တုတ်နှင့် အရိုက်ခံမည်လော"
မာကျောလှသောတုတ်ကိုပြ၍ မေး၏။
"တကာ၊ ပတ္တမြားကိုငါမယူ"
အရှင်တိဿကတော့ ယခင်အတိုင်းပင် ဖြေကြား၏။ မကြားချင်သော ဖြေကြားချက်ကို တခါထပ်ပြီး ကြားရသည်နှင့်တပြိုင်

နှလ် ကျောက်သွေးသမား၏ လက်ထဲကတုတ်သည် အရှင်တိဿ ဦးခေါင်းပေါ်သို့ ကျလာပေတော့သည်။ အရှင်တိဿဦးခေါင်းမှ သွေးဖြိုင်ဖြိုင်ယိုစီးလာတော့သည်။

## သူ့တရားသူ့ဘာသာစီရင်ခြင်း

အမဲသားအစအနများကို ကောက်စားနေသော ကြိုးကြာသည် အရှင်တိဿထံမှ သွေးများကိုလာ၍သောက်၏။ ဤတွင် ဒေါသဖြင့် မွန်ထူနေသော ကျောက်သွေးသမားက "သည်သတ္တဝါလာရှုပ်ရန်ကော"ဟု ခြေနှင့်တအားကုန်ခတ်ပစ်လိုက်၏၊ ကြိုးကြာထိုနေရာမှာပင် သေလေသည်။

"တကာ၊ ကြိုးကြာကို သေသေချာချာကြည့်ဦးလော"

ဒဏ်ချက်ပေါင်းများစွာဖြင့် မူးချင်မေ့ချင် ဖြစ်နေသော အရှင်တိဿက သူ့တတာကိုအားယူ၍ တောင်းပန်၏။ကျောက်သွေးသမားသည် ကြိုးကြာကို သေသေချာချာကြည့်ကာ....

"ရဟန်းကြီး၊ သည်ကြိုးကြာသေသကဲ့သို့ သင်သည်း သေရလွမ့်မည်"

"ငါ့ကိစ္စကိုအသာထားပါ။ ကြိုးကြာ၏ ဗလုပ်ကိုသာ ခွဲ၍ကြည့်ပါဘို့"

အရှင်တိဿ မိန့်ကြားသည့်အတိုင်း ကြိုးကြာ၏ဇလုပ်ကို ခွဲကြည့်ရာတွင် ပျောက်သွားသော ပတ္တမြားကို တွေ့ရပါတော့၏။ သေးလူးသောလက်ဖြင့် ကိုင်တွယ်ထားသောပတ္တမြားကို သားတစ်အမှတ်ဖြင့် ကြိုးကြာမျိုထားခြင်းပင်တည်း။

အမှန်သိလျက် မပြောရက်

ဤအဖြစ်မှန်ကို အရှင်တိဿသေသေချာချာမြင်လိုက်ပါ၏။ သို့သော် ထုတ်ဖော်ပြောကြား၍ကားမဖြစ်နိုင်။ ပြောကြားလိုက်သည်နှင့်တပြိုင်နက် သည်ကြိုးကြား အသတ်ခံရမည်ဖြစ်၏။ ယခုတော့ သေပြီးတူတူ မထူးတော့၍ ဖွင့်ပြော လိုက်ရပေသည်။

မိမိအသက်အတွက် သူ့ဘပါးအသက်သေမည့်ဘေးကို ရှောင်ရှားတော်မူခဲ့သော မထေရ်မြတ်ကြီးအား ကျောက်သွေးသမားက ဝန်ချတောင်းပန်ပါ၏။ မထေရ်မြတ်ကြီးကလည်း ခွင့်လွှတ်ပါ၏။ သို့သော် ခါတိုင်းလို ဆွမ်းစားစား မကြွတော့ပါပြီ။

"ရဟန်းများကို တဖွဲ့မ်းတဒယာက်မကောင်းလှူရန် အိမ်ဟိုင်းအိမ်တိုင်းမှာ ဆွမ်းများချက်ပါသည်။ ငါ့မှာ သွားနိုင်လာနိုင်ရှိနေသေးသမျှ ဆွမ်းခံ၍သာ စာ တော့အံ့သတည်း"

ဤသို့ပြောဆိုကာ တကာဒအိမ်မှထွက်ခဲ့၏။ ရဟန္တာဖြစ်သော တိဿမထေရ်သည် ထိုဒဏ်ရာများဖြင့်ပင် မကြာမီ ပရိနိဗ္ဗာန်ပြု ရပေသည်။

ဒုဋ္ဌထင်လွဲ၍ အစွပ်စွဲခံရသော မထေရ်ကြီးအတွက် သံဝေဂ ဖြစ်ကြရသည်နှင့်အမျှ ခိုင်မာတည့်မတ်လှသော သူ၏စိတ်ဓာတ် ကို ကျွန်ုပ်တို့အလေးဂရုပြုလိုက်ကြရပါတည်း။

(ဓမ္မပဒအဋ္ဌကထာပါပဝဂ်၊ မဏိကာရကု လူပကတိဿထေရ ဝတ္ထု)

## ရတနာစစ် ရတနာမှန်

### လိစ္ဆဝီတို့၏ ဝဇ္ဇီတိုင်း

ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံ၍ ထားပြီးပြီ ဖြစ်သော်လည်း ဘုရားရှင်သည် တနေရာထဲ၌ အစွဲအမြဲ သီတင်းသုံးခြင်းမပြုသေးပါ။ သာသနာ့အဖွဲ့အစည်းကြီး စတင်ဖွဲ့စည်းစဉ်က ထုတ်ပြန်တော်မူခဲ့သော သာသနာပြု မိန့်ခွန်းတော်ကြီးအတိုင်းပင် ကိုယ်တော်တိုင်လည်း သာသနာပြုခရီးများကို မပြတ်မကြွချီ၍ နေပေသည်။

ဘုရားရှင် ကြွချီတော်မူရာ သာသနာ့ နယ်မြေများထဲ၌ ဝေသာလီမြို့တော်လည်း အပါအဝင်ဖြစ်ပေသည်။ ဝေသာလီ၏ အာဏာစိုးပိုင်ရာ ဝဇ္ဇီတိုင်းသည် မဂဓ၊ ကောသလတိုင်းနိုင်ငံကြီးများအနီးရှိ တိုင်းငယ် ပြည်ငယ် ကလေးမျှသာ ဖြစ်၏။ သို့သော်လည်း တိုင်းပြည်ကလေးကို နိုင်ငံကြီးများက ချီးနှိမ်၍

မရနိုင်ပါ။ တိုင်းပြည်၏ အချုပ်အချာအာဏာကို စုပေါင်းပိုင် ဆိုင်လာခဲ့ကြသော လိစ္ဆဝီ အမျိုးသားများစာ အညီအညွတ် လက်တွဲ၍ သူတို့နိုင်ငံကို ကာကွယ်ထားနိုင်ကြပေသည်။

### အမျိုးသားတို့ ကြီးပွားကြောင်း ၇-ပါး

၁။ လိစ္ဆဝီ အမျိုးသားတို့သည် နိုင်ငံတော် အာဏာကို စုပေါင်း ပိုင်ဆိုင်ကြသည့်အတိုင်း နိုင်ငံတော်နှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများ အတွက် မကြာခဏ စည်းဝေးကြ၏။

၂။ လိစ္ဆဝီတို့သည် အစည်းအဝေးများကို တညီတညွတ် ပြုလုပ်စာ၊ အစည်းအဝေးက ချမှတ်ပေးလိုက်သော လုပ်ငန်းများကို ညီညာဖျဖျ ဆောင်ရွက်ကြ၏။

၃။ လိစ္ဆဝီတို့သည် ရှေးက မပြုလုပ်ခဲ့သေးသော အခွန် ကောက်ခြင်း၊ ဒဏ်ပေးခြင်းကိုမပြုလုပ်ကြ။ အမှုအခင်း တခုခု ပေါ်ပေါက်လာလျှင် ရှေးသူဟောင်း တို့၏ ထုံးတမ်းစဉ်လာ ဥပဒေအရသာ ဆုံးဖြတ်စီရင်ကုန်၏။

၄။ လိစ္ဆဝီတို့သည် လူကြီးသူမများကို လေးမြတ် ကြည်ညို ရိုသေကြကုန်၏။ လူကြီးသူမများ၏ စကားကို နာခံကြ ကုန်၏။

၅။ လိစ္ဆဝီ တို့သည် အမျိုးသမီးများကို နိုင်ထက်စာလျှ သိမ်းပိုက်ခြင်း မပြုကြကုန်။

၆။ လိစ္ဆဝီတို့သည် လူများစွာတို့ ကိုးကွယ် ဆည်းကပ်နေသော ဘာသာရေး အဆောက်အဦးများကို ရိုသေစွာ စောင့်ရှောက် ပေးကြ၏။

၇။ လိစ္ဆဝီတို့သည် မိမိနိုင်ငံသို့ ရောက်လာကြသော သာသနာပြု သူတော်စင်များကို ဝမ်းမြောက်စွာ ကြိုဆိုကြ၏။ ရောက်နှင့်ပြီးသော သူတော်စင်များကိုလည်း တရားဥပဒေနှင့် လျော်ညီသော အစောင့်အရှောက်ကို ပေးကြကုန်၏။

ဝေသာလီသို့ရောက်ခိုက် ကျနုပ် လေ့လာသုံးသပ်မိသမျှ လိစ္ဆဝီတို့၏ အလေ့အလာများပင် ဖြစ်ပါ၏။ ဤလိုအလေ့အလာဖြင့် ညီညာဖျဖျဆောင်ရွက်လာကြသူများသည် ပတ်ဝန်းကျင် နိုင်ငံကြီးများ၏ ကျူးကျော်ရန်စမှုများကို မခံရစေရန် စောင့်ကြည့်နိုင်ကြသည်မှာ ယုတ္တိတန်လှပါပေသည်။

(ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါဠိတော်နှင့် အဋ္ဌကထာ)

## ဝေသာလီမြို့တော်ကြီး

နိုင်ငံနယ်ပယ် မကျယ်ဝန်းလှသော်လည်း သူတို့၏မြို့တော်ကား ကြီးကျယ်ခန်းနားလှပါ၏။ မြို့တော်အမည် ဝေသာလီဟူသည်ကပင် ပြန့်ပြောသော၊ ကျယ်ဝန်းသော မြို့တော်ကြီးဟု အဓိပ္ပါယ်ရပေသည်။ လူနေအိမ်ခြေများ တစတစ များလာ

သဖြင့် မူလတံတိုင်းပြင်ဘက်တွင် မြို့ကွက်များ အသစ်တိုးချဲ့ ရ၏။ မြို့ကွက်များကို တံတိုင်းခတ်ပြီးခါမှ မနေလောက်၍ချဲ့ရ ပြန်၏။ ဤသို့ဖြင့်ဝေသာလီသည် တံတိုင်းသုံးဆင့်ဖြင့် ခန်းနား သောမြို့ကြီး ဖြစ်လာပေသည်။

(ပါရာဇိကဏ်အဋ္ဌကထာ၊ မနုဿဝဂ္ဂဟ သိက္ခာပုဒ်)

## ဂိုဏ်းပေါင်းစုံ ဘုရားပေါင်းစုံ

ဝေသာလီသည် အိမ်ခြေတိုက်တာ စည်ကားသကဲ့သို့ အယူ ဝါဒအမျိုးမျိုးရှိသော ဂိုဏ်းဆရာကြီးများလည်း ပေါများလှ ၏။ အနည်းနှင့် အများဆိုသလို ကိုယ်ပိုင် ပရိသတ်များလည်း ရှိကြ၏။ ထိုပရိသတ်များက သူတို့ဆရာကြီးများကို ဘုရား ဟူ၍ အမွန်းတင်ကြပေသည်။ နိဂဏ္ဌနာနပုတ္တ ဆရာကြီးကား ထိုမြို့၏ မျက်နှာဖုံးကြီးပင် ဖြစ်ပါ၏။

ဤသို့အယူဝါဒအမျိုးမျိုး၊ ဘုရားအမျိုးမျိုးရှိသော မြို့တော် ကြီးသို့ ကျွန်ုပ်တို့ရောက်လာရခြင်းမှာ လိစ္ဆဝီအမျိုးသား မဟာလိ ၏ပင့်လျှောက်ချက်ကြောင့် ဖြစ်ပေသည်။ မဟာလိသည်ကျွန်ုပ် တို့ကျောင်းတကာမင်းကြီး ဗိမ္ဗိသာရနှင့်အတူ တရားမြင်ခဲ့သူ ဖြစ်၏။ မိမိမြင်ထားသောတရားကို မိမိသားချင်းများထံပြန့်နှံ့ စေလိုသည်မှာ သဘာဝအတိုင်းပင် ဖြစ်ပေသည်။

## ရတနာများ ဖြန့်ဝေခြင်း

ဘုရားရှင်၏အမိန့်တော်ဖြင့် ဝေသာလီမြို့ရိုး သုံးထပ်အတွင်း၌ ကျနုပ်သည် ရတနာသုတ်တရားတော်ကို လှည့်လည် ဟောကြားရ၏။ အယုဝါဒအမျိုးမျိုး ဘုရားအမျိုးမျိုးဖြင့် အုတ်အရောရော ကျောက်အရောရော ဖြစ်နေသော မြို့တော်ကြီးတွင် ကျနုပ်က ရတနာအစစ်အမှန်ကို ထုတ်ဖော် ပြလိုက်ရခြင်းပင် ဖြစ်ပေသည်။

(ဓမ္မပဒအဋ္ဌကထာ၊ ပကိဏ္ဏကဝဂ်၊ ကိုယ်တော်မြတ်၏ ရှေးကံဝတ္ထု)

## ခမည်းတော်ကြီးအားနှုတ်ဆက်ခြင်း

### သား၏ရုပ်ရည်သီတာမည်တည့်

ဘုရားရှင်ကြွလာတော်မူကြောင်း၊ သတင်းကောင်းကိုကြားရချိန်မှစ၍ မဟာပဇာပတိဂေါတမီသည် သူ့သားတော်ဘုရားကို အမျိုးမျိုးပုံဖော်၍ ကြည့်နေခဲ့၏။ သားတော်မင်းသားဘဝတုန်းက ပြိုင်တိုင်းယှဉ်၍ ဆင်တိုင်းလှခဲ့သည်။ ယခုရဟန်းဝတ်နှင့်ကျတော့ လှမှလှပါဦးမည်လောဟု တွေးတောနေခဲ့၏။

သို့နှင့်ဘုရားရှင်သည် ကပိလဝတ်မြို့တော်သို့ ဆိုက်ရောက်တော်မူခဲ့၏။ နိဂြောဓ ဥယျာဉ်တွင် ကျိန်းစက်တော်မူပြီးနောက်တနေ့နံနက်တွင် ကပိလဝတ်မြို့တော်တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏၊ ထိုမှ ခမည်းတော်ကြီး ပင့်ဆောင်သဖြင့် နန်းတော်တွင်းသို့ ကြွဝင်တော်မူပေသည်။

သံဃာတော်အတန်းကြီးကို ဦးဆောင်ကာ မနှိုင်းယှဉ်အပ်သော ဗုဒ္ဓ၏အသရေတော်ဖြင့် ကြွချီတော်မူလာသော သားတော်ဘုရားကိုဖူးတွေ့ရခါမှ မယ်တော်ကြီး၏ သို့လော သို့လော တွေးတောမှုများ ပြေပျောက်၍သွားရပေသည်။ ဟိုယခင် လူ့အသွင်တုန်းက ချစ်စရာခင်စရာ၊ ယခု ရဟန်းဝတ်နှင့်ကျတော့ ကြည်ညိုစရာ၊ လေးစားစရာ။

## ဖိတ်စဉ်ခဲ့သောသီတာရေ

တကျော်ဆုဂ မာန်မာနတို့မဖက်၊ တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် နန်းပလ္လင်ထက်တွင် ထိုင်နေတော်မူသော သားတော်ဘုရားကို ဖူးမျှော်ရင်း သက်န်းတစုံလှူလိုက်ချင်သောစိတ်စေတနာများ တဖွားဖွားဖြစ်ပေါ်ခဲ့၏။

သို့သော် သားတော်နန္ဒနှင့်မြေးတော်ရာဟုလာတို့ကို မရှေးမနှောင်း ဆွဲဆောင်သိမ်းသွင်းခံလိုက်ရသောကိစ္စကြောင့် အထမမြောက်ခဲ့ပါချေ။ ခမည်းတော်ကြီးကဲ့သို့ ဘုရားရှင်ထံ ကိုယ်တိုင်သွား၍ မလျှောက်ခဲ့သော်လည်း သူ့ရင်ထဲက ခံစားချက်မှာလည်း ခမည်းတော်အောက် မလျော့နိုင်ပါ။ နောက်ပြီး ဘုရားရှင်ကလည်း ကပိလဝတ်မှာ ကြာကြာမနေပါ။ သူလာစဉ်က ရည်ရွယ်ထားခဲ့သည့်အတိုင်း သားတော်နှင့် ညီတော်ကို အမါခေါ်တော ကြွသွားတော်မူခဲ့၏။ ထို့ကြောင့် ထိုစဉ်က အထမမြောက်နိုင်ခဲ့ပါ။

## သီတာရေစဉ်ဖြန်းလိုက်ပြီ

ယခုအခေါက်မှာတော့ ရည်မှန်းရင်းရှိသော သင်္ကန်းအလှူကို လှူဖြစ်ပါတော့မည်။ သားတော်နန္ဒနှင့် မြေးတော် ရာဟုလာအတွက် ခံစားရလေသမျှ သောကပရိဒေဝ ဝေဒနာများသည် ခံစားရစဉ်က ပြင်းထန်ခဲ့သည်မှန်ပါ၏။ သို့သော် သည်ဝေဒနာများကို ကြာရှည်သဖြင့် ခံစား၍မနေရပါ။ ကိုယ်တိုင်နို့တိုက်၍ ထွေးပိုက် မွေးမြူလာခဲ့ရသော သားတော်ဘုရားအပေါ် ချစ်ခင်ကြည်ညိုမှုတို့က ထိုဝေဒနာတို့ကို မကြာမီမှာပင် တိုက်ထုတ်ပစ်လိုက်ကြပေသည်။

## တမင်ချန်ရှ်ထားခဲ့လေသလား

ခမည်းတော်နှင့် မယ်တော်ကြီးတို့က ကိုယ်ခံဘုရားကိုယ်စီနှင့် ဖြေသိမ့်၍ရကြသော်လည်း ယသော်ဓရာမှာတော့ ထောက်ရာတည်ရာမရနိုင်သေးပါ။ သူ၏မေတ္တာစေတနာကို အသိအမှတ်ပြုတော်မူသောအားဖြင့် ရှင်တော်မြတ်ဘုရားသည် သူ့တိုက်ခန်းဆောင်သို့ကြွရောက်တော်မူခဲ့ပါ၏။ သည့်အတွက် ဝမ်းနည်းကျေကွဲမျက်ရေရွဲရွဲချင်းက နှစ်သိမ့်ကြည်နူးသည့် ဝေဒနာကိုပါ ပူးတွဲလျက်ခံစားရ၏။ ယခုတော့ နှစ်သိမ့်မှု၊ ကြည်နူးမှုဆိုတာတွေမရှိကြတော့ပြီ။ နောက်ဆုံးအားထားစရာ သားတော်လေးပါ မရှိကြတော့ပြီမို့ ဝမ်းနည်းကြေကွဲမှုဘိုသာ ရှိရစ်ကြတော့သည်။

မောင်တော် သိဒ္ဓတ္ထတောထွက်စဉ်တုန်းက သားတော်လေး မျက်နှာကြည့်ကာ ဖြေသိမ့်၍ရပါသေး၏။ ယခုတော့ သည်သားတော်လေးကို မပိုင်ရုံမက ဆိုင်ရုံမျှပင် မဆိုင်ရတော့ပြီ။ သည်တခေါက် ဘုရားရှင်ကြွအလာတွင် သားတော် ရာဟုလာ မပါလာပါ။ ဝေသာလီမြို့တော်အနီးက မဟာဝုန်တောတွင် သူ့ဘထွေးတော်နှင့်အတူ နေရစ်ခဲ့ပေသည်။ ဤသည်မှာ မိမိနှင့်တွေ့ပြီး သံယောဇဉ် အမြှင်တန်းလာမည်စိုး၍ သူ့ခမည်းတော်က တမင်ချန်ထားခဲ့ခြင်း ဖြစ်သည်ဟု ယသော်ဓရာက အတပ်စွဲ၏။ မင်္ဂလာဆောင်နေဆဲ အခွဲခံသူကရသော ဇနပဒ ကလျာဏီမှာလည်း သူ့မောင်တော်အကြောင်းမေး၍ မြန်း၍ မပြီးနိုင်ပါချေ။

## မောင်နှမများဆုံဆည်းချိန်

ကျနုပ်မှာ နှမသည်၏စကားများကို နားထောင်ရင်း သနား ကရုဏာဖြစ်ရ၏။ ထို့ထက်ပို၍ကား မည်သို့မျှ မတတ်နိုင်ပါ။ သူတို့စိတ်သန္တာန်ဝယ် သောကပရိဒေဝမီးများက အရှိန်ကောင်း နေဆဲ။ ကျနုပ်မှာလည်း ဟောရေးပြောရေး မကျွမ်းကျင်လှ သေးသဖြင့် ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ထံတွင် နည်းနာ ခံနေရဆဲဖြစ်၏။ သို့ဖြစ်၍ အေးရာငြိမ်းရာတရားကို မဟော ရဲသေးဘဲ မောင်နှမချင်းသဘောဖြင့် စိတ်သက်သာရုံမျှ ပြော ပြရပေသည်။ ဤသို့ပြောပြရင်းက ကျနုပ်တို့မောင်နှမတတွေ သာသနာ့အေးရိပ်အောက်မှာ ဆုံလာရလျှင် ကောင်းလေစွဟု တောင့်တမိပါ၏။

## မယ်တော်ကြီး၏ယက္ကန်းစင်

ဆွေတော်မျိုးတော်များထံသို့ ကျနုပ်မကြာခဏရောက်နေ ရခြင်းမှာ ဘုရားရှင်အတွက် ယက်နေဆဲ သင်္ကန်းအတွက်ဖြစ်ပေ သည်။ သားတော်ဘုရား ဝတ်ရုံရန်အတွက် မဟာပဇာပတိ ဂေါတမီသည် အသင့်ရှိပြီးသား အထည်ချောများကို မလှူချင် ပေ။ ဤသို့လှူလျှင် အလွယ်တကူလုပ်ရာရောက်မည်ဟု တွက်ဆ ၏။ ထို့ပြင်တစ မိမိကိုယ်တိုင် ကျွေးမွေးသုတ်သင်၍ လာခဲ့ရ သော သားတော်ဘုရားကို မိမိကိုယ်တိုင်ယက်လုပ်သောသင်္ကန်း ဖြင့် ဆင်မြန်းပေးလိုက်ချင်သောဆန္ဒလည်း ရှိနေပေသည်။

ဤသို့သောဆန္ဒဖြင့်အမျိုးကောင်းဝါများကိုယက်ဆော ကိုယ် တိုင် ဝါကြိတ်၏၊ ကိုယ်တိုင်ဂွမ်းဖတ်၏၊ သေးမြှင် ချောမွတ်

သော ချည်များကို ကိုယ်တိုင်ငင်၍ယူ၏။ ငင်၍ရလာသော ချည်များကို အဆင့်ဆင့်ပြုပြင်ကာ ကိုယ်တိုင်ယက်ကန်းယက်ခဲ့၏။ မဟာလှေကားပန်းကဲ့သို့ ငင်းဝါထိန်လျှမ်းသော သင်္ကန်းဖြစ်အောင် ဆေးဆိုးခဲ့၏။

## လမ်းတလျှောက်မှပန်းမျိုးစုံ

သင်္ကန်းဖြစ်အောင် ယက်လုပ်စဉ်က တပင်တပန်းယက်လုပ်လာသကဲ့သို့ သင်္ကန်းလှူလာချိန်မှာလည်း တခန်းတနားရှိပါသိ၏။ မြို့တော်တွင်းမှ နိဂြောဓာရုံ ကျောင်းတော်သို့ အရောက် လမ်းတလျှောက်လုံး အမှိုက်တလင်း လှဲကျင်းထားရ၏။ လမ်းဘေးမှာ ရေပြည့်အိုးများအစီအရီထား၏။ တန်ခွန်ကုက္ကကားမုလေးဖွားများဖြင့် တန်းဆာရ၏။ လမ်းတလျှောက်လုံး ပန်းမျိုးစုံ၊ အရောင်မျိုးစုံဖြင့် ထုံထုံသင်း၍ နေတော့၏။

## ခမည်းတော်ကြီး၏ကိုးကွယ်ရာ

မယ်တော်ကြီးက ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်မွှေး၍နေဆဲတွင် ခမည်းတော်ကြီးမှာတော့ ရာဇပလ္လင်ထက်မှာပင် ရှိနေပေသည်။ အသက်အရွယ် ရှစ်ဆယ်ကျော် ကိုးဆယ်တွင်း ရောက်နေပြီမို့ ဇရာဒဏ်ချက်ကို ကောင်းကောင်းကြီး ခံနေရပေပြီ။ သို့သော် ဇရာတရားသည် သူ၏ရုပ်ခန္ဓာကြီးကိုသာ နှိပ်စက်နိုင်၏။ စိတ်သန္တာန်ကိုကား နှိပ်စက်၍မရတော့ပါ။

ခန္ဓာကိုယ်ကြီးက အိုလမ်း၊ နာလမ်းများမှတဆင့် သေလမ်းသို့ တန်းတန်းမတ်မတ်သွားနေဆဲတွင် သူ့စိတ်ကတော့ အိုနာ

သေ လွတ်မြောက်ရာတရားကြီးကို မျက်မှောက် ပြုထားပြီးဖြစ်၏။ သားတော်ဘုရားနှင့် သံဃာတော်များအား ဆွမ်းကျွေးခြင်းကိစ္စမှလွဲ၍ ကျန်သမျှ လူမှုကိစ္စအဝဝကို လျစ်လျူရှုကာ ကိုယ့်ဘုရားနှင့်ကိုယ်သာ နေတော့၏။

## ဆည်းဆာရောင်ခြည်များ

ကျနုပ်တသက်တာတွင် အိုကံကောင်းသောပုဂ္ဂိုလ်အမျိုးမျိုးကို လေ့လာသုံးသပ်ခဲ့ဘူး၏။ အိုကံကောင်းသူတို့၏ မျက်နှာတွင် အသားအရေများ တစတစလျော့ပါးသွားသော်လည်း မိမိဘဝကို ကျေနပ်နှစ်သိမ့်သော အရိပ်အရောင်များကား သေသည့်တိုင်အောင် ယှက်သန်း၍နေကြ၏။ ဝင်ခါနီး နေ၏ဆည်းဆာရောင်များဟုပင် ဆိုရပေတော့မည်။

ကျနုပ်တို့ ဘကြီးတော်မှာလည်း အိုကံကောင်းသူတဦးပင် ဖြစ်ပေသည်။ ဓမ္မဘာသဘာဝအတိုင်း သူ့လမ်း သူသွားနေသော ရုပ်ခန္ဓာကြီးအတွက် စိတ်ပျက်ခြင်း ငြီးငြူခြင်းဟူ၍ လုံးဝမပြု။ သားတော်ဘုရား ပေးအပ်ထားသည့် နိဗ္ဗာန်တရားကိုသာ အချိန်ရှိသမျှ အာရုံပြု၍နေ၏။

အစည်းအဝေး ခန်းမဆောင်ထဲသို့ ကျနုပ်ဝင်သွားသောအခါ ဘကြီးတော်သည် ရာဇပလ္လင်ယက်မှာ ငြိမ်သက်စွာထိုင်နေတတ်၏။ တရားတော်ကို နှလုံးသွင်းလျက် လက်ငင်း လက်တွေ့ချမ်းသာကို ခံစား၍နေတတ်၏။ ဤတွင် ကျနုပ်က သူ့ကို အနှောင့်အယှက်မပြုတော့ဘဲ လွှတ်ရာကျွတ်ရာ လှည့်လာခဲ့ရပေသည်။

## ဥဒါန်းတွင်သောသက်န်းလှူပွဲကြီး

ယခု သူတို့သားတော်ဘုရားအတွက်သင်္ကန်းလှူပွဲကြီးကျင်းပကြရပါတော့မည်။ လှူစရာသင်္ကန်းနှင့် သွားစရာလမ်းတို့က အရံသင့်ရှိနေကြပါပြီ။ သို့ဖြစ်လျှင် မည်သူတွေသွား၍ လှူကြရမည်နည်း။

ဖြစ်များ ဖြစ်နိုင်မည်ဆိုလျှင် မဟာပဇာပတိဂေါတမီသည် ခမည်းတော်ကြီးကိုပါ ခေါ်ခဲ့ချင်လှ၏။ သို့သော် သူကိုယ်တိုင် မခေါ်ရက်၊ မခေါ်ရဲသကဲ့သို့ ကျနုပ်ကလည်း အနှောင့်အယှက် မပြုလိုပါ။ အချိန်နှင့်အမျှ ဇရာတရား၏ ထောင်းထုနှိပ်စက်မှုကို ခံနေရသော ဘုကြီးတော်အား ရရှိထားသော တရားနှင့်သာ နေမြဲတိုင်းနေစေချင်ပါသည်။

ဤသို့ဖြင့် သာသနာ့သမိုင်းဥဒါန်းတွင်ရစ်မည့် သင်္ကန်းလှူပွဲကြီး၌ အမျိုးသမီးများချည်းသာပါဝင်ရ၏။ ရှေ့ဆုံးက မဟာပဇာပတိဂေါတမီသည် သင်္ကန်းသေတ္တာကို ရွက်လျက် သကျမင်းသမီးများနှင့် အခြွေအရံများက ဆင်တန်းဆာအပြည့်အစုံဆင်ယင်ကြလျက် မြို့သူမြို့သားအပေါင်းတို့၏ ကောင်းချီး ဩဘာကိုခံယူလျက် သူတို့ဘတွေ ကျောင်းတော်သို့ ရောက်လာကြပေသည်။

## လက်တော်ရောက်ဆက်ကပ်ရန်

သင်္ကန်း အမကြီး မဟာပဇာပတိဂေါတမီသည် သားတော်ဘုရားကို ရိုသေစွာရှိခိုးဦးချလျက်....

"အရှင်ဘုရား အရှင်ဘုရားကိုရည်စူး၍ ဤသင်္ကန်းအသစ်ကို တပည့်တော်မကိုယ်တိုင် ချည်ငင်ခဲ့ပါသည်။ တပည့်တော်မကိုယ်တိုင်ယက်ကန်းယက်ခဲ့ပါသည်။ တပည့်တော်မအားသနားသောအားဖြင့် အလှူခံတော်မူပါဘုရား"

ရက်ပေါင်းများစွာ ကြိုးစား ပန်းစား လုပ်ဆောင်လာခဲ့ရသော သင်္ကန်းကိုလက်နှစ်ဘက်နှင့်မြှောက်ချီလိုက်၏။ မြှောက်ချီပြီးနောက်သားတော်ဘုရား၏ လက်တော်ထက်သို့ အားပါးတရဆက်ကပ် လိုက်ရန်ဖြစ်၏။ သို့သော် ထိုလက်တော် များကအလှူခံရန်ဖြန့်၍ လှမ်းလာခြင်း မရှိပါ။ ဒူးနှစ်ဘက်ပေါ်တွင်ပိပိရိရိ မှောက်လျက် အနေအထားအတိုင်းသာ ရှိကြ၏။

မဟာပဇာပတိဂေါတမီက ဇွဲကောင်းကောင်းဖြင့် မြှောက်ချီ ထားစဉ်တွင်....

## အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်

"ဂေါတမီ သံဃာကိုလှူလေတော့၊ သံဃာကိုလှူပြီးလျှင် ငါဘုရားကိုလည်း လှူပြီးပင် ဖြစ်တော့သည်"

လူ့လောကမြေမဟီဝယ် အကြီးဆုံး အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ဖြစ်တော်မူသော ဘုရားရှင်က မိန့်မြွက်တော်မူလိုက်ပေသည်။

ဤမိန့်ခွန်းသံကိုကြားရသည်နှင့် သင်္ကန်းအမ မယ်တော်ကြီးကို မဆိုထားနှင့် ကျနုပ်ကိုယ်တိုင်ပင် ခေါင်းနပမ်း ကြီးသွားရပါ၏။ မိန့်ခွန်းသံ၏ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်သေး၍မျက်နှာတော်ကို အငေးသား ကြည့်နေမိ၏။

## အနန္တဂုဏ်ရှင် ကျေးမိခင်

“အရှင်ဘုရား။ ဘုရားရှင်သည် မဟာပဇာပတိ ဂေါတမီ၏ သင်္ကန်းအသစ်ကို အလှူခံတော်မူပါ။ မဟာပဇာပတိ ဂေါတမီ သည် ဘုရားရှင်အပေါ် အလွန်ကျေးဇူးများခဲ့ပါသည်။ ဖဝါး လက်နှစ်လုံး ပုခုံးလက်နှစ်သစ်က လူဖြစ်အောင် ကျွေးမွေးပြုစု လာခဲ့ပါသည်။ ကိုယ်တိုင် နို့ချိုတိုက်ကျွေးခဲ့ပါသည်။

## မိခင်ကျေးဇူး ဆပ်ခဲ့ပြီ

“အရှင်ဘုရား။ မဟာပဇာပတိ ဂေါတမီသည် ဘုရားရှင် အပေါ် ကျေးဇူးများသကဲ့သို့ ဘုရားရှင်သည်လည်း မဟာပဇာ ပတိ ဂေါတမီအပေါ် ကျေးဇူးများခဲ့ပါသည်။ ဘုရားရှင်ကို အကြောင်းပြု၍ မဟာပဇာပတိဂေါတမီသည် ရတနာသုံးပါး တွင် သက်ဝင် ဆည်းကပ်လာခဲ့၏။ အရှင်ဘုရားကို အကြောင်း ပြု၍ ကံငါးပါးကို စောင့်စည်းလုံခြုံစေခဲ့၏။ အရိယာတို့ ချစ် မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံခဲ့၏”

“အရှင်ဘုရား။ ဘုရားရှင်ကိုအကြောင်းပြု၍ မဟာပဇာပတိ ဂေါတမီသည် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသောသစ္စာ လေးပါးတွင် ယုံမှားခြင်းကင်း၍ ဉာဏ်မြင်ရှင်းခဲ့၏။ ဤသို့ပင် ဘုရားရှင်သည် မဟာပဇာပတိဂေါတမီအပေါ် ကျေးဇူးများခဲ့ ပါသည် ဘုရား”

"ဟုတ်ပေသည်အာနန္ဒာ"ဟူ၍ဘုရားရှင်ကကျနုပ်၏လျှောက်တင်ချက်ကိုလက်ခံပါ၏။သို့သော်ဤသို့လက်ခံခြင်းမှာမယ်တော်ကြီးကို သင်္ကန်းကိုလက်ခံရန် အကြောင်းများမဟုတ်ပေ၊ ရတနာသုံးပါးသို့ သက်ဝင်လာအောင် အကျိုးဆောင် ပေးသော ကျေးဇူးရှင်အား ကျေးဇူး တုန့်ပြန်နိုင်ရေးနှင့်သာ ပတ်သက်ပေသည်။ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပေးခြင်း၊ ဆွမ်း သင်္ကန်း ကျောင်း ဆေးလေးပါးသော ပစ္စည်းလေးလှူခြင်းဖြင့် ကျေးဇူးရှင်တို့အား ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ရန် မလွယ်ကူလှကြောင်း မိန့်တော်မူလိုက်ခြင်းသာဖြစ်ပေသည်။

သုံးကြိမ်တိုင်အောင် အပယ်ခံရပြီးမို့ မယ်တော်ကြီးသည်သားတော်ဘုရားထံ လှူဒါန်းခွင့်မရဘော့ဘဲ သံဃာတော်များကိုသာလှူ၍ ပြန်သွားရ၏။

## သံဃာသည် ဘုရားရှင်ထက် မြင့်သလော

မယ်တော်ကြီး ပြန်သွားပြီးနောက် ကျနုပ်သည် ဘုရားရှင့်မိန့်ခွန်းတော်နှင့်ပတ်သက်၍ စဉ်းစားခန်းဝင်၍ နေမိ၏။ ကမ္ဘာမြေပြင်ပေါ်ရှိ အလှူခံပုဂ္ဂိုလ်ဘို့ာင် ဘုရားရှင်သည်သာအမြတ်ဆုံး အလှူပုဂ္ဂိုလ်ဖြစ်၏။ ပုဆော်အထူးကို ခံယူတော်မူထိုက်သဖြင့် အ ဟာ ဟူသော ဘွဲ့နာမံဖြင့် ထင်ရှားတော်မူသည်

လည်း ဖြစ်၏။ သို့ပါလျှက် သည်အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်က မိမိထံ လှူဒါန်းလာသော အလှူဝတ္ထုကို သံဃာသို့လွှဲပြောင်း ပေးလိုက်၏။ ကိုယ်တော်မြတ်၏ ရည်ရွယ်ချက် မည်သို့များ ဖြစ်ပါလိမ့်မည်နည်း။

သည်တုန်းက ကျွန်ုပ်မှာ အမြဲတမ်း အလုပ်အကျွေးနေရာကို မရသေးပေ။ သို့ဖြင့်ပယ်လည်းလေးတန် ပန်လည်းလေးစု ဆုရှစ်ခု ထဲက ယုံမှားသက်ာတခုဖြစ်လာလျှင် အချိန်မရွေးဘုရားရှင်ထံ ချဉ်းကပ်ခွင့်ကို တောင်းယူ မထားရသေးပါ။ ထို့ကြောင့် ရှေ့ကြောင်း နောက်ကြောင်းများနှင့် နှိုင်းစာဆာ မိမိဘာသာ အဖြေရှာယူရပေသည်။

## သာသနာ့သံဃာ ပြုလိမ့်မည်

စေ့စေ့တွေးတော့ ရေးရေး ပေါ်လာပါပြီ။ ဇေတဝန် ကျောင်းတော်ကြီးကို ရေစက်ချစဉ်ကလည်း မိမိ ကိုယ်ပိုင် အဖြစ်ဖြင့် ဘုရားရှင်လက်ခံတော်မမူခဲ့ပါ။ သံဃာကိုလှူဒါန်း ရန်သာ ညွှန်ကြားတော်မူခဲ့သည်။ ဤသို့ ညွှန်ကြားခြင်းမှာ သံဃာကမိမိထက်မြင့်မြတ်သော အလှူခံဖြစ်ခြင်းကြောင့်မဟုတ် နိုင်ပါ။ မိမိတပါးတည်းထက် အဒွန့်ရှည်စွာ တည်နေရစ်မည့် သံဃာ့အဖွဲ့အစည်းဖြစ်၍သာ ညွှန်ကြားတော်မူခြင်း ဖြစ်ပေ လိမ့်မည်။

မှန်လှ၏။ ဘုရားရှင်သည် အသက်တန်းအတိုင်းသာ နေတော်မူ၍ အချိန်တန်လျှင် ပရိနိဗ္ဗာန် ပြုတော်မူပေလိမ့်မည်။ ဘုရားရှင်၏သာသနာတော်သည် သံဃာမှာ တည်နေရစ်ပေလိမ့်မည်။ မိမိလှူဒါန်းလာသော လှူဘွယ်ပစ္စည်းကို သံဃာထံလွှဲပြောင်းလိုက်ခြင်းအားဖြင့်သံဃာဟူသည် ဘုရားနှင့်ထပ်တူလှူစကောင်းဟု နောင်လာနောက်သားတို့ သဘောပေါက်ကြ ပေလိမ့်မည်။ ဤသို့ သဘောပေါက်ကာ ပစ္စည်းလေးပါး လှူဒါန်းကြသဖြင့် သံဃာများသည် ပင်ပန်းဆင်းရဲခြင်းမရှိဘဲ သာသနာတော်ကြီး အဓွန့်ရှည်စွာ ထမ်းဆောင်သွားကြ ပေလိမ့်မည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ပယ်မြစ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

(ဥပရိပဏ္ဏာသ ဒက္ခိဏ ဝိဘင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## နောက်ဆုံး နှုတ်ဆက်ရခြင်း

သက်နီးအလှူနှင့် ပတ်သက်၍ ကျွန်ုပ်၏အဖြေမှန်ကို ကိုယ့်ဘာသာ ရှာကြံ၍ရခဲ့ပါ၏။ သို့သော်သည်တခါက် ကပိလဝတ်မြို့တော်သို့ ကြွတော်မူလာရခြင်း၏ရည်ရွယ်ချက်ကိုကား ကျွန်ုပ် တွေးရုံမျှမတွေးခဲ့မိပါ။ ကပိလဝတ်မှာ တုန်းက မတွေးခဲ့မိသော ထိုရည်ရွယ်ချက်ကို ဝေသာလီမြို့၊ ကူဋာဂါရကျောင်းတော်သို့ ရောက်၍ အတန်ကြာခါမှ ကြားသိရပေတော့သည်။

ဘုရားရှင်၏ ခမည်းတော်၊ ကျွန်ုပ်၏ဘကြီးတော် သုဒ္ဓေါဒန မဟာရာဇာသည် ထီးဖြူတော် အောက်ဝယ် ဘဝဇာတ်သိမ်း ဒုက္ခငြိမ်း၍ သွားချေပြီတဲ့။ တကယ်တော့ဖြင့် ယခုတခေါက် ကပိလဝတ်သို့ ကျွန်ုပ်တို့ရောက်လာရခြင်းမှာ ခမည်းတော်ကြီးအား နောက်ဆုံးအကြိမ် အဖြစ်ဖြင့် နှုတ်ဆက်ရန်သာ ဖြစ်ပေသည်တကား။

(ထေရီဂါထာ အဋ္ဌကထာ၊ မဟာပဇာပတိဂေါတမီ ဝတ္ထု)

# ညီတော် အာနန္ဒာ
# ၏
# တသက်တာ မှတ်တမ်း — ၂

## အရှင်ဝဏ္ဏသီရိ

ဤစာအုပ်တွင်

* သားတော်ရာဟုလာ * သံဃာချင်းဆက်ဆံရေး
* ဆွေမျိုးရင်းချာ ဆေးဆရာ
* သံဃာ့ အကျိုးတော်ဆောင်
* သကျတို့၏ ညနေခင်း
* မယ်တော်ကြီးဂေါတမီ သမီးဂေါတမီ
* ပုဂ္ဂိုလ်မြင်၍ တရားမြင်သည်
* အလ်တွင် အယဉ်ဆင့်လေပြီ
* မညှိုးနွမ်းသော ကြာညိုပန်း

* တရားအလှူပေးဝေသူ
* ဘုရားပေးသော မသေဆေး
* ကံဆိုးမလေး သွားလေရာ
* ဂျမ်းဇာတ်သိမ်းပြီ မိုးလင်းပြီ

စသော စသော အခန်းများဖြင့် အမှတ်(၁) စံချိန်အတိုင်း ရသမြောက်စွာဖတ်ရှုကြရပါဦးမည်။ အလူးသဖြင့်အမျိုးသမီးတို့ ဂုဏ်ကျက်သရေဆောင် ဘိက္ခုနီ အရှင်မများ အကြောင်းကို အားပါးတရ ဖတ်ရှုကြရပါမည်။

ငွေနှင်းမှုံများနှင့်အတူ ထွက်ပြူလာမည်။

# အမှား ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၈ | ၂၂ | ကျနူပ် | ကျွနုပ် |
| ၂၁ | ၂ | ခုနစ်စေ့ | ခုနစ်ရက်စေ့ |
| ၂၅ | ၁၅ | သဘာဝပတိဝန် | သဘာဝပတိဘာဝန် |
| ၂၈ | ၁၇ | သဒ္ဒါ | သဒ္ဓါ |
| ၃၀ | ၁၃ | ဤအကြောင်း အရာပေါ်တွင် | ဤအကြောင်း အရာပေါ်လွင် |
| ၃၃ | ၁၅ | လိုအပ်သမှု | လိုအပ်သမျှ |
| ၃၄ | ၆ | တာဝန်ဘခု | တာဝန်တခု |
| ၃၂ | ၁၇ | ရှင်ပြုံးလာလေ မည်လား | ရှင်ပြုံးလာလေ မည်လားဟု |
| ၄၂ | ၅ | မင်းမျိုးမင်းလွင် | မင်းပျိုမင်းလွင် |
| ၄၄ | ၁၅ | အခြားအချေ့ အရံများ | အခြားအချေ့ အရံများမှာ |
| ၄၇ | ၅ | မုနည်းစေ့ မှရသော | မုန့်ညှင်းစေ့ရှာ မရသော |
| ၄၈ | ၁ | ငြင်းပယ်ရှာ၍လည်း | ငြင်းပယ်ရာ၌လည်း |
| ၄၈ | ၁၂ | သန္ထရသ | သန္တရသ |
| ၃၄၄ | ခေါင်းစဉ် | အညဇာနည် အရှင်ပုဏ္ဏ | အာဇာနည် အရှင်ပုဏ္ဏ |